ကောင်းသန့် စိစစ်သည်

# လူငယ် YOUTH

MAGAZINE

Vol:12, No:3, March 2017



## March


| SUN | M | T | W | TH | F | SAT |
|---|---|---|---|---|---|---|
| | | | 01 | 02 | 03 | 04 |
| 05 | 06 | 07 | 08 | 09 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

အတွေးနက်နက် ရွှေဂီးကွက်

အိပ်မက်လှလှ မက်ပါစေ။

လူငယ် YOUTH magazine

vol:12, no.3, March 2017



ဆက်သွယ်ရန်လိပ်စာ

**Youth magazine**

အမှတ်(၂၀၉)၊ ပ-ထပ်(ယာ)၊

၃၀ လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်။ ဖုန်း - ၃၀၃၄၂၃

youthmagazin2014@gmail.com

facebook : YOUTH Magazine



# BOARD OF EDITOR

**အယ်ဒီတာချုပ်**

ကောင်းသန့်

**ဒု-အယ်ဒီတာချုပ်**

သဲအောင်

**တာဝန်ခံအယ်ဒီတာ**

ကိုလေးသန့်

**အုပ်ချုပ်မှုအယ်ဒီတာ**

မေသဇင်

**ထုတ်လုပ်မှုအယ်ဒီတာ**

ဦးနီ

**အယ်ဒီတာအဖွဲ့**

ကျော်မြင့်၊ မေသဇင်

**ဒီဇိုင်နာ**

နန်းစိုးဝင်း

**ကွန်ပျူတာ**

မမိုး

**ဖြန့်ချိရေး**

ဆွေဆွေမြင့်၊ ထွန်းမြင့်ဦး

**အတွင်းသရုပ်ဖော်**

ကိုဆန်း၊ နောင်ဝင်းထွန်း

ဘုံးထက်အောင်၊ နော်လ်ဒါဗ်ခန့်

လူငယ် Youth magazine vol: 12, no. 3, March 2017

# CONTENTS


## လူငယ်နှင့်အောင်မြင်ကြီးပွားရေး

ဒေါက်တာခင်မောင်ညို
လူ့ရေးရာတွင်ဆင်ခြင်ဖို့ အမြင်တစ်ခု ၁၈

မောင်သာချို
စိတ်သတ္တိနှင့်ဟင့်အင်းသမား ၂၂

ကောင်းသန့်
အလုပ်သေချာတဲ့ သင်တန်း/ကျောင်း
တက်ချင်တယ် ၃၁

နိုင်းနိုင်းစနေ
အလှဆုံးမိန်းကလေး ၆၄

ဦးဘုန်း (ဓာတု-မန္တလေး)
နောက်ဆုံးမဟောင်းတိုင် ၇၉

ချမ်းဝင်း
အသိပညာစီးပွားရေးခေတ်ပေါ်ပေါက်လာမည် ၁၀၆

ခက်ဆစ်လင်း (မြည်)
အောင်မြင်ကျော်ကြားမှုဆီသို့ ၁၀၇

## လူငယ်နှင့်ကျန်းမာရေး

ဟန်နိုင် (ဆေး-မန်း)
အဖျားရောဂါနဲ့ အစားအစာ ၂၆

ဦးလှမြင့်(ဂန္ဓမာ)
ရှေးဦးသူနာပြုစုနည်း ၆၈

## လူငယ်နှင့်သုတ

ဝေယံသိမ်း
ရေမျက်နှာပြင်အမြင့်ဆုံးနေရာများ ၃၈

ချိုမြှင့်
လောကကြီးထဲအကြီးမားဆုံးအရာကို
မြင်ခဲ့သော ထိုမျက်ဝန်း ၅၃

နီနှင်းဝေ
လောကတစ်ခွင် ခြုံကြည့်ရာတွင် ၅၆

ကျော်မြင့် (မြေနိမ့်)
ပထဝီအလှတောင် ၁၂၃

ဒေါက်တာညိုမိုးညိမ်း
မြန်မာ့စာတတ်ကားမဲ့လူငယ်တွေရဲ့အနာဂတ် ၁၃၀

ကျော်မြင့်အေး
အင်တိုနီဂရင်မန်း ၁၃၄


**လူငယ်ထုရဲ့ ထာဝရလမ်းပြကြယ်**





ရာဇဝင်နှင့်ရသ
ဆောင်းပါး
အမှန်လေပြင်း ၇
မြင့်ဦးစိုးမြင့်
ငြိတွယ်မိ ၈
ပျဉ်းမနားအောင်နိုင်သင်း
စကားမယ်လိုလှုပါစေ ၉
ထွန်းဆက် (ဥက္ကံ)
ပွဲမဝင်သီအလွမ်း ၁၁
နေခင်ဝင်းထွန်း
အမိုက် ၁၁
ဇင်နှင်းသစ် (ရွှေတောင်မြို့)
မြည်မြိုင်နေတဲ့ ချစ်ခြင်းလေတွေကလေး ၁၂

CMM ၃၇
မင်းထက်လူ ၅၅
ချမ်း ၁၂
မိုးလွင် ၁၉
မိုးစွဲ (အောင်ပင်လယ်)
ရယ်ရွှင်မြူး ၅၇
ဥက္ကာမင်းဆက်
သူငနုရာနဲ့သူ ၁၈
ကဏ္ဍီပါရမီ
မယ်နုဥ ၅၇
အာကာ
စိတ်မပျက်လက်မလျှော့ ၉
မစုစု
သငှေမပြောက်ရှန်သူ ၁၇











Youth လူငယ် magazine vol:12, no.3, March 2017

# CONTENTS




**လူငယ်နှင့်ဗေဒင်**

စံ - ဇာတိဘို
ဟောကိန်း ၁၅

**လူငယ်နှင့် အတွေးအရေး**

ရင်ခွင့်စာ
ဆောင်းနိုင်ရှင် (မော်လမြိုင်) ၁၆
ချစ်သူတမ်းချင်း
စိုးဇေမိုး (သမြှ) ၅၃
ရသပွင့်သစ်ကဗျာများ ၈၀
ကံစမ်းလက်ဆောင် ၁၃၃



ထုတ်ဝေသူ
ဦးခင်မောင်ကြွယ်(၀၀၈၃၈)၊ မြေအမှတ် ၂၇ အခန်း ၁၁ ရေပြည်တော်၊ ယောမင်းကြီးလမ်းသွယ်၊ အုံမြို့နယ်။
ပုံနှိပ်သူ
ဦးဝင်းအောင် (၀၁၁၁၉)၊ Main ပုံနှိပ်တိုက်၊ အမှတ် (၁၉၁)၊ ၃၃-လမ်း (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
စာစဉ်/တန်ဖိုး - ၅၀၀/၁၅၀၀ ကျပ်

E-mail : youthmagazin2014@gmail.com

## အယ်ဒီတာ့စကား

# လူငယ်နှင့်ခရီးသွားခြင်း



ခရီးသွားခြင်းသည် စာဖတ်ခြင်းတစ်မျိုးဖြစ်ပါသည်။

ခရီးသွားခြင်းကြောင့် မရောက်ဖူးသော နေရာရောက်သွားသည်။ မမြင်ဖူးတာတွေ မြင်ရသည်။ မစားဖူးသော အစားအစာတွေ စားရသည်။ မကြားဖူးသော စကားတွေလည်း ကြားရတတ်သည်။

ဖွံ့ဖြိုးပြီးတိုင်းပြည်များရှိ လူငယ်များသည် သိချင်စိတ်အားကြီး၏။ စူးစမ်းချင်စိတ်တွေရှိသည်။

စာအုပ်တွေဖတ်ကြသည်။ စာအုပ်ထဲတွင် သူတို့မရောက်ဖူးသော နေရာတွေအကြောင်းသိပါက ထိုနေရာဒေသများသို့ စွန့်စားသွားလာကြသည်။

သွားတော့လည်း သူများအားမကိုး။ ကိုယ့်အားကိုယ်ကိုးသွားကြသည်။ သူတို့လက်ထဲတွင် လမ်းညွှန်စာအုပ်ပါတတ်ပြီး ထိုလမ်းညွှန်စာအုပ်အတိုင်းလည်းပတ်သွားခဲ့ကြ၏။

သိချင်စိတ် စူးစမ်းချင်စိတ်ကြောင့် သူတို့ကမ္ဘာ့နေရာအနှံ့အပြားသို့ ခရီးသွားခဲ့ကြသည်။

ထိုသို့သွားသဖြင့် သူတို့ခါတိုင်းထက် ပိုပိုသိလာကြသည်။ ပိုပိုရင့်ကျက်လာကြသည်။

ခရီးသွားခြင်းကို နှစ်သက်ပျော်မွေ့ကြသည်။

သူတို့ အလုပ်ကို ကြိုးစားပမ်းစားလုပ်ကိုင်ကြပြီး ပိုက်ဆံစုကြသည်။

သူတို့ပိုက်ဆံစုခြင်းသည် ရွှေဝယ်ရန်မဟုတ် ကား၊ အိမ်တိုက်တာတွေ ဝယ်ရန်မဟုတ်၊ အသိဉာဏ်ရင့်ကျက်ဖွံ့ဖြိုးတိုးတက်ရန် ခရီးသွားဖို့ပဲ ဖြစ်သည်။

ခရီးသွားသည့်နေရာတွင်လည်း အသက်သာဆုံးနှင့် အဝေးဆုံးသွားနိုင်အောင်ကြိုးစားကြ၏။ ဈေးပေါသောတည်းခိုခန်းတွင်တည်းသည်။ ဈေးပေါသောစားသောက်ဆိုင်တွင် စားသည်။

အပေါ်ယံပကာသနတွေ မဖက်ဘဲ ဖြစ်သလိုနေထိုင်ဝတ်စားသွားလာကြသည်။

သူတို့သွားမည့်နိုင်ငံ၊ နေရာဒေသကို မသွားခင်ကတည်းက သေသေချာချာ

လှေ့လာကြသည်။ စာအုပ်ရေးထားတာရှိလျှင် စာအုပ်ဖတ်သည်။ မရှိလျှင် အင်တာနက်ထဲဝင်ပြီးရှာသည်။

မြန်မာပြည်ကို တစ်ခါမှမရောက်ဖူးဘဲ အောင်သုခထမင်းဆိုင်ကို တွေ့အောင်ရှာပြီး ထမင်းစားသွားကြသည်။

ရွှေတိဂုံဘုရားကို ကောက်တို့နှင့်မတက်ရဖူးသိ၍ လုံချည်ပုဆိုးတွေဝတ်ပြီး တက်ကြသည်။ ရောက်သည့်နေရာတွင် လမ်းများများ လျှောက်ကြသည်။ ပါလာသည့် ပစ္စည်းတွေကိုလည်း တည်းခိုခန်းမထားခဲ့ဘဲ ကိုယ်နှင့်တပါတည်း လွယ်ပိုးသွားကြသည်။

ဘယ်သူ့ကိုမှ မကြောက်၊ သွားချင်သည့် နေရာကိုမရောက်ရောက်အောင် သွားကြသည်။

ထို့ကြောင့် သူတို့တွေ လူနှင့်လူ့လောကအကြောင်း ကမ္ဘာကြီးအကြောင်း အရွယ်အသက်မကြီးခင်မှာ အများကြီးသိခဲ့ကြသည်။

တချို့က တစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်ကြသည်။ ခရီးသွားသမျှ မှတ်သားပြီး စာအုပ်ပြန်ရေးသည်။

ဘယ်သွားသွား၊ သူတို့ကျောပိုးအိတ်ထဲတွင် စာတစ်အုပ်အမြဲတမ်းပါသည်။

စာလည်းဖတ်၊ ခရီးလည်းသွားပြီး စူးစမ်းချင်သောစိတ်ဖြင့် ကြီးရင့်လာသောအခါ သူတို့ဦးနှောက်သည် ဖွံ့ဖြိုးတိုးတက်ပြီး တခြားနိုင်ငံက လူငယ်များထက်ပိုတော်လာကြသည်။

ကျွန်တော်တို့လူငယ်တွေကိုလည်း သူတို့လို စာဖတ်ခရီးသွားပြီး တိုးတက်ထက်မြက်စေချင်ပါသည်။

ထို့ကြောင့် အခွင့်အရေးရလျှင် ခရီးများများထွက်ပေးရန် တိုက်တွန်းလိုပါ၏။ ထိုသို့ခရီးမထွက်မီ ထိုဒေသနှင့်ပတ်သက်သော စာအုပ်များကိုလည်း ဖတ်ရှုသွားဖို့ရန် သတိပေးပါရစေ။

ကောင်းသန့်
အယ်ဒီတာချုပ်




YOUTH POEM

## အမုန်းလေပြင်း

ပင့်သက်အပူဟူသမျှကို
တစ်ပွင့်တစ်ခက်တောင် မယူချင်။
မယူချင် ဂူဝင်လို့ပုန်းပေမယ့်
လူခင် လူယဉ်တွေရဲ့ မုန်းလေပြင်းဟာ
ပြူးနေရင် စစ်ဆင်..။

တီးတိုး တီးတိုး သဖန်းပိုးတွေကလည်း
နှိုးတိုးနှိပ်တိပ် ရှောင်တခင်
ဘောင်ဘင်ခတ်နိုင်လွန်းပါဘီ။
ဆုံးရှုံးမှု အမှောင်တစ်ကွက်ဟာ
အောင်မြင်မှု တစ်ထောင်ထက်မက
အောင်ချက်လှသနဲ့
တောင်တက်သမျှ ပင်ပန်းစရာမရှိ
ဆောင်ရွက်သမျှ ရွှင်လန်းစရာအတိပါ့ကွယ်
ရှင်မရေ.. သင်ခန်းစာတွေအပြည့်..။

မောင်နိုင်မာ




# ငြိတွယ်မိုး

တစ်ရက်တစ်ခါ ဖုန်းမဆက်ရင်
'ထမင်းမစားဘူး' တဲ့။
ကောင်မလေး၊
ငါ့အပေါ် ရှာတယ်။

တစ်ပတ်တစ်ခါမလာရင်
'ညညမအိပ်ဘူး' တဲ့။
ကောင်မလေး၊
ငါ့အပေါ် ရှာတယ်။
ရှာပါ ကောင်မလေးရယ်
သည်းသည်းလှုပ်လှုပ် ရှာလိုက်စမ်းပါ။
မင်းက ယမင်းရုပ်ကလေးလို လှတပတ
မင်းရဲ့အကြည့် ပင့်ကူမျှင်တွေမှာ
မင်းရဲ့အပြုံးကွန်ရက်မှာ
မင်းရဲ့အနမ်းနွံမှာ
နစ်ကျွံရုန်းထွက်လို့မရတော့
မင်းရှာသမျှ စကားလုံးမိုးတွေ
ငါ့နှလုံးသားတစ်ခုလုံး ရွှဲရွှဲစိုပါစေ
ငါကတော့
မင်းရှာတာလေးကိုပဲ . . . ချစ်တယ်။

**မြင့်ဦးဦးမြင့်**



## ကေားပန်းလိုမွှေးပါစေ

အမေ့မျက်နှာ၊ ဓာတ်ပုံမှာကား
မိုးရွာသလို ခပ်အေးအေး။
ကေားပန်းလို ခပ်မွှေးမွှေး။

အမေ့စကား၊ ကျွန်တော်ကြားသည်
"သား ဆင်းရဲတာ မရှက်ရ။
မရိုးသားတာ သားရှက်ရ။
နေတတ်ပါမှ လူအလှ"။

အမေမရှိပါ။ အတော်ကြာပြီ
ဘယ်ရွာကိုများ သွားသနည်း။

အမေ့စကား။ ကျွန်တော်ကြားဆဲ
မျက်ရည်ထဲမှာ ကန်တော့ပါသည်
မိုးရွာသလို ရွာပါစေ။
ကေားပန်းလို မွှေးပါစေ။

**ပျဉ်းမနားမောင်နီသင်း**




YOUTH POEM

## ပွဲမဝင်အလွမ်း

လေးတော်ကို တင်နိုင်ပါလျက်နဲ့
ယှဉ်ပြိုင်ဘက်မဟုတ်တော့ သိပ်ခက်တယ်ခင်
မောင့်စိတ်ထဲထားဝစ္ဆ ခင့်ကိုပင် မျှော်မှန်း
မလွမ်းဝံ့သော်မှ လှမ်းလင့်မချူသာလို့
တူမကွာ တိတ်တခိုးအချစ်ရယ်နဲ့
ကြိတ်ပိုးကာ မနှင်ရက်လေတော့
အလွမ်းသစ်စာမျက်နှာရဲ့ အခန်းစဉ်
မောင့်ရင်မှာ ဝေဒနာဖြစ်
စိတ်မညစ်သာ
သိပ်ချစ်တာ သူမသိသော်လည်း
ပူဇော်တာ ကိုယ့်အပြစ်ပေမို့
သူ့အချစ်ကို ယှဉ်မနေတော့ပါဘု
စိတ်အခြေမှာ ကြိတ်မပြေသာ ရင်မှာတစစ်စစ်ရယ်နဲ့
(သီတာရေ) လောကဓာအဖြစ်က
အလွမ်းနွံမှာ နစ်..။

လွန်းဆက်(ဥက္ကံ)



## အမှိုက်

ကြယ်မဖြစ်ရလည်း
အပြစ်တင်ယောင်
ချိုမထောင်ဘူး

တိမ်မဖြစ်ရလည်း
စိတ်ညစ်ညှိုးနွမ်း
ဝမ်းမနည်းဘူး

အမှိုက်တစ်စ
ဖြစ်ခဲ့ရလည်း
ထောက်မစွာဖြင့်
လွင့်ခဲ့အမှိုက် ရွှေဖြစ်ထိုက်စေ
လေတိုက်ရာမှိုစီး
ပြာသာဒ်မီးမြိုက်မဲ့
အမှိုက်တော့မဖြစ်ချင်။


**နောင်ဝင်းထွန်း**



YOUTH POEM

## ပြည့်ဝိုင်းနေတဲ့ ချစ်ခြင်းမေတ္တာကလေး

လိပ်နေတဲ့ တိမ်တွေပေါ် ကဲကြည့်မိတော့
ချစ်ခြင်းမေတ္တာဟာ တွဲလက်ကလေးမှာ
အတူလျှောက်ဆဲ လမ်းကလေးဖြစ်သော်လည်း
သူ့လမ်းဟာ ကိုယ့်ခရီးနဲ့ ဝေးနေသလိုပဲ။



ပရကြိုးတန်းကလေးပေါ် ကဲကြည့်မိပြန်တော့
သစ်ပင်ထိပ်က တိမ်တွေလက်ပြလာတယ်
ငါနဲ့လက်ချင်းယှက်ထားကြသူတွေထဲ
သွေးနွေးမှုဓာတ်ဝင်ခန်းတွေထဲ
အရယ်အပြုံးလေးတွေရှိတယ်
အမှန်တရားတွေရှိတယ်
တစ်စတစ်စလေအမှားတွေအပေါ် တောင်ပန်ရိုးကျိုးမှုက
ယှက်ထားတဲ့လက်တွေထဲ နွေးနေတာပဲ။

နွေလယ်ခင်းထဲ ကဲကြည့်မိပြန်တော့
တာဝန်ပေါ်စိတ်လိုလက်ရ မေးကလေးတင်
ဒီနေ့ဟာ လပြည့်နေ့ဖြစ်ကြောင်း ချစ်ခြင်းတရားကလှပ်ပြတယ်
တကယ်တော့ ချစ်ခြင်းနဲ့တွဲမယ့်လက်မှာ
ငါကိုယ်တိုင် နင့်ကိုထားရစ်ခဲ့တာပါ
မပူပန်ပါနဲ့နော်။

လုံးဝိုင်းနေတဲ့ နေ့ရက်တွေထဲ ၅၂၈ ထက် တစ်ဆပိုတဲ့ကြိုးကလေးတွေ
ငါ့လက်ထဲ တင်းမာချည်ရစ်ဖို့မလို
ပုံမှန်လျှောက်နှုန်းနဲ့ သိပ်ချစ်ဖို့ကောင်းတဲ့ နှလုံးသားလေးတွေ
နှလုံးသားချင်း ထုတ်ချင်းဖောက်ဖို့မလို
စိတ်နဲ့အနာတရကင်းတဲ့ လက်ချောင်းတွေနှစ္စာ ယှက်နွယ်ရင်း
ရှာတွေ့တဲ့ ချစ်ခြင်းမေတ္တာဟာ အပြစ်ကင်းစင်နေသလိုပဲ။

**ခင်နှင်းသစ် (ရွှေတောင်မြေ)**

အခြေခံပညာ မြန်မာစာသင်ရိုး အစည်းအဝေးများကို သင်ရိုးညွှန်း မြန်မာစာပါမောက္ခရှိရာ ရန်ကုန်တက္ကသိုလ် တောင်ဝှေဆောင် မြန်မာစာဌာနအစည်းအဝေးခန်းမတွင် ပြုလုပ်လေ့ရှိပါသည်။ ကျွန်တော်သည် မြန်မာစာသင်ရိုး အဖွဲ့ဝင်တစ်ဦးဖြစ်၍ အစည်းအဝေးမစမီ အစည်းအဝေးခန်းနံရံတွင် ချိတ်ဆွဲထားသော မြန်မာစာပါမောက္ခများ၏ ဓာတ်ပုံများကို ကြည့်မိပါသည်။

မြန်မာစာဌာနဟူ၍ စတင်ပေါ်ပေါက်လာအောင် ကြိုးပမ်းခဲ့သူ ဆရာကြီး ဦးဖေမောင်တင်၏ပုံကို တွေ့ရသည်။ ဆရာကြီးသည် ရန်ကုန်တက္ကသိုလ်

# မြန်မာစာပါမောက္ခဆရာကြီး ဦးဖေမောင်

ဦးသန်းထွတ်
(ပါမောက္ခ-ငြိမ်း)



ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ ဆရာကြီး ဦးဖေမောင်တင် စတင်ပျိုးထောင်ခဲ့သော မြန်မာစာဌာနတွင် ပါမောက္ခအဖြစ် ဆရာကြီး ဦးဖေမောင်က ၁၉၃၅ ခုနှစ်မှ ၁၉၆၀ ခုနှစ်ထိ တာဝန်ယူခဲ့ပါသည်။

ဆရာကြီး ဦးဖေမောင်တင်သည် ၁၉၃၆ ခုနှစ်တွင် ခေတ်စမ်းပုံပြင်များ ပဌမတွဲကို တည်းဖြတ်အုပ်ချုပ်သူအဖြစ် ထုတ်ဝေခဲ့ပါသည်။ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းက ခေတ်စမ်းစာပေကျမ်းစဉ် (၂) အဖြစ် ထုတ်ဝေခဲ့ပါသည်။

ထိုခေတ်စမ်းပုံပြင်နိဒါန်းတွင် ဆရာကြီး ဦးဖေမောင်တင်က ဆရာကြီး ဦးဖေမောင်အကြောင်းကို ဤသို့ရေးသားခဲ့ပါသည်။

"မောင်ဖေမောင်သည် မြန်မာစာဂုဏ်ထူးဝိဇ္ဇာတန်းကို ၁၉၂၉ ခုနှစ်တွင် အောင်မြင်၍ မဟာဝိဇ္ဇာ ဂုဏ်ထူးတန်းကို ဆရာတစ်ဝက် တပည့်တစ်ဝက်အဖြစ်ဖြင့် သင်ယူရာ ၁၉၃၁ ခုနှစ်တွင် ပဌမတန်း ဂုဏ်ထူးကို ထူးချွန်ရရှိအောင်မြင်ပြီးနောက် ယခုအခါ တက္ကသိုလ်ကျောင်းတွင်ပင် နည်းပြဆရာအဖြစ်ဖြင့် ထမ်းဆောင်လျက်ရှိသည်"ဟူ၍ ဖော်ပြခဲ့ပါသည်။ ဆရာကြီး ဦးဖေမောင်သည် ခေတ်စမ်းပုံပြင်စာအုပ်တွင် 'ကျူပ်မှားတာပေါ့'၊ 'ချစ်သက်လှယ်' ပုံပြင်နှစ်ပုဒ်ရေးခဲ့သည်။ ခေတ်စမ်းကဗျာများ ပဌမတွဲ (၁၉၃၄)တွင်လည်း 'ပန်းသစေ၊ ကံနည်းသူနတ်ရှင်နောင်၊ မှုံပြာနီ ယဉ်ပျိုဖြူ၊ ချစ်သက်ဝေ၊ ဘိုးခေါင်ငှက်၊ လောကစာတစ်ခု' စသည့်ခေတ်စမ်းကဗျာ (၇) ပုဒ်ရေးခဲ့သည်။ တက္ကသိုလ်မောင်သန့်စင် ကလောင်အမည်ဖြင့် 'ပဏ္ဏမြားကျောက်စီဓား' ဝတ္ထုတိုကို ၁၂၈၉ ခုနှစ်ထုတ် တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်းတွင် ရေးသားခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင်လည်း ပုဂံသက်သီးလက်ရေးစာစောင်၊ သထုံသန့်လျက်လက်ရေးစာစောင်များတွင် စာတည်းအဖြစ်ဆောင်ရွက်ခဲ့သည်။ တက္ကသိုလ်ဆရာဘဝတွင်လည်း အင်္ဂလိပ်ရာဇဝင်၏မူလအစနှင့် 'အထက်တန်းမြို့တီသျှရာဇဝင်' စာအုပ်များကို မြန်မာဘာသာသို့ပြန်ဆိုခဲ့သည်။ အထက်တန်းမြို့တီသျှရာဇဝင်ကို ဘာသာပြန်သည့်အတွက် ၁၉၃၉ ခုနှစ်တွင် ဝေလမင်းသားဆုရခဲ့သည်။

ဆရာကြီးသည် မြန်မာနိုင်ငံ သုတေသနအတွက် မွေ့နှံ့ရကန်ကို တည်းဖြတ်ပေးခဲ့သည်။ ပုဂံကျောက်စာလက်ရွေးစင်၊ မြန်မာသတ်ပုံသမိုင်းအကျဉ်းချုပ်နှင့် စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံကျမ်းကိုသုံးသပ်ချက် ပြုစုခဲ့သည်။

ကျောင်းသုံးစာအုပ်များဖြစ်သော ကဗျာ့ပန်းကုံး၊ အနုစာပေ ကောက်နုတ်ချက်၊ အလယ်တန်းကျောင်းသုံး စကားပြေနှင့် ကဗျာကောက်နုတ်ချက်၊ အထက်တန်းကျောင်းသုံးစကားပြေနှင့် ကဗျာကောက်နုတ်ချက်၊ စစ်တက္ကသိုလ်သုံးတက္ကသိုလ် စကားပြေလက်ရွေးစင်စာအုပ်များကို ရွေးချယ်တည်းဖြတ်ခဲ့သည်။

ပညာရေးဝန်ကြီးဌာန၊ မြန်မာစာပေ

ပြုစုရေးနှင့် ဘာသာပြန်ကော်မရှင် ဒုတိယ ဥက္ကဋ္ဌအဖြစ်ဖြင့် ၁၉၆၄ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ထမ်းဆောင်စဉ် မြန်မာသဒ္ဒါနှင့် လက်တွေ့မြန်မာစာစီစာကုံးကျမ်းတို့ကို ရေးသားခဲ့သည်။

မြန်မာစာပါမောက္ခကြီး ဦးဧမောင်သည် ၁၉၃၆ ခုနှစ်၊ ဧပြီလထုတ် အတွဲ (၄)၊ အမှတ် (၂)၊ ယဉ်ကျေးမှုစာစောင်တွင် 'မိုးနှင့်စာဆို' ဆောင်းပါးကို ရေးသားခဲ့သည်။ ထိုဆောင်းပါးတွင် စာပေတွင်တွေ့ရသော 'မိုး'ကို ရှုထောင့်အမျိုးမျိုးမှ ဝေဖန်သုံးသပ်ပြခဲ့သည်မှာ ပညာလည်းရေ စိတ်ဝင်စားဖို့လည်း အလွန်ကောင်းပါသည်။ ပျို့ထောင်မိုး။ ကန့်ဆင်မိုး။ ဆင်ရာတိမ်မိုး။ ဖက်ခွတ်မိုး။ ရှောက်ရှာမိုး အကြောင်းတို့ကို စာပေအကိုးအကားတို့ဖြင့် ဝေဖန်သုံးသပ်ပြထားပါသည်။

မြန်မာစာ ပါမောက္ခဆရာကြီး ဦးဧမောင်သည် တက္ကသိုလ်မြန်မာစာပေ ပို့ချရာတွင်လည်း ဤကဲ့သို့ 'မိုး'ကို အကြောင်းပြု၍ စာဆိုတို့ဖွဲ့နွဲ့ပြောဆိုပုံများကို ဟောပြောပို့ချခဲ့သည်ကို ကိုယ်တွေ့ဆည်းပူးခွင့်ရခဲ့ပါသည်။ မြန်မာကဗျာများကို ဝေဖန်သုံးသပ်ပြရာတွင်လည်း ရှုထောင့်အသွယ်သွယ်မှ ဝေဖန်တတ်အောင် သင်ပြပို့ချခဲ့ပါသည်။

ဝိဇ္ဇာတန်း မြန်မာစာပေပို့ချရာတွင် ကဗျာဝေဖန်ချက်၊ ကဗျာဝေဖန်နည်းအကြောင်းကို စိတ်ဝင်စားဖွယ်ကောင်းအောင် ပို့ချဟောပြောခဲ့သည်ကို ယနေ့တိုင်မှတ်မိပါသည်။ ကဗျာရည်ရှုနည်း သုံးနည်းရှိပါသည်။

ယင်းတို့မှာ–

(၁) ပင်ကိုယ်ကောင်း။ ပင်ကိုယ်လှ (Pure Beauty)

(၂) တန်ဆာဆင်ကောင်း။ တန်ဆာဆင်အလှ၊ (Ornate Beauty)

(၃) အကြမ်းကောင်း။ အကြမ်းလှ (Ghrotesque Beauty)

ဟူ၍ ဖြစ်ပါသည်။ ဆရာကြီးက ကဗျာရည်ရှုနည်းကို ရှင်းလင်းဝေဖန် သင်ပြခဲ့ပါသည်။ နောင်အခါ 'ကဗျာရည်ရှုနည်း' ခေါင်းစဉ်ဖြင့် မြန်မာပြန်စာစဉ် (၂) အနုပညာလောကစာစောင်တွင် ဆောင်းပါးရေးခဲ့ပါသည်။

မြန်မာစာ ပါမောက္ခဆရာကြီး ဦးဧမောင်၏ဘဝအတ္ထုပ္ပတ္တိကို လေ့လာကြည့်မိပါသည်။ ဆရာကြီးသည် ကျုံပျော်မြို့ဇာတိဖြစ်ပါသည်။ ဖခင်ဖြစ်သူမှာ ဝိုးကုန်သည် ဦးဘိုးညွန့်ဖြစ်ပါသည်။ အမိမှာ ဒေါ်လပုံဖြစ်သည်။ ၁၉၂၀– ပြည့်နှစ်တွင် ကျုံပျော်မြို့ အစိုးရစစ် မြန်မာကိုးတန်းအောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ စိန့်ဂျွန်းကောလိပ်တွင် ပညာသင်ခဲ့သည်။

၁၉၂၂ ခုနှစ်တွင် ခုနှစ်တန်းစာမေးပွဲအောင်သည်။ ၁၉၂၄ ခုနှစ်တွင် ရန်ကုန်အစိုးရ အထက်တန်းကျောင်းတွင်ကိုးတန်းပညာဆက်လက်သင်ယူဆည်းပူးခဲ့သည်။

၁၉၂၅ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲအောင်သည်။ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှင့် ပထဝီဝင်ဘာသာတို့တွင် ဂုဏ်ထူးရခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ဥပစာ


တန်း။ ၁၉၂၉ ခုနှစ်တွင် မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်း။ ၁၉၃၁ ခုနှစ်တွင် မဟာဝိဇ္ဇာတန်းများကို အောင်မြင်ခဲ့သည်။

၁၉၃၄ ခုနှစ်တွင် အထက်တန်းနည်းပြဆရာ၊ ၁၉၃၆ ခုနှစ်တွင် လက်ထောက်ကထိက၊ ၁၉၄၁ ခုနှစ်တွင် အရှေ့တိုင်းစာပေဌာနလက်အောက်မှ မြန်မာစာပေ ဌာနခွဲထွက်၍ သီးခြားဌာနဖြစ်လာသောအခါ မြန်မာစာဌာနမှူး။ ထိုနှစ်အောက်တိုဘာလမှစ၍ ၁၉၆၂ ခုနှစ်အထိ မြန်မာစာပါမောက္ခအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၆၂ ခုနှစ်၊ မေလတွင် အငြိမ်းစားယူခဲ့ပါသည်။ ဆရာကြီးအငြိမ်းစားမယူမီ ဝဏ္ဏကျော်ထင်ဘွဲ့နှင့် သီရိပျံချီဘွဲ့ကို ရခဲ့ပါသည်။

ဆရာကြီး နာမကျန်းဖြစ်နေစဉ် သူ့ဇနီး ဒေါ်မြမှုမှာ နေကောင်းနေပါသည်။ ဒေါ်မြမှုသည် ရုတ်တရက် နာမကျန်းဖြစ်ကာ ဦးစွာကွယ်လွန်သွားပါသည်။ ၁၉၈၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် ဆရာကြီးကွယ်လွန်သောအခါ သူနေထိုင်ရာ ရန်ကုန်မြို့အင်းလျားမြိုင်နှင့် တက္ကသိုလ်လမ်းဆုံရှိ ခြံ၊ တိုက်နှင့်တကွ အိမ်ရှိပစ္စည်းအားလုံး (စာအုပ်စာတမ်းမှစ၍ ဖွန်းခက်ရင်းအဆုံး)ကို သာသနာရေးအတွက် လှူဒါန်းသွားပါသည်။ ထို့အပြင် ပြည်လမ်းရှိ (သီရိဆောင်ရှေ့နားရှိ) နှစ်ထပ်တိုက်ကိုလည်း သာသနာရေးအတွက် လှူဒါန်းသွားပါသည်။ ဆရာဝန်ကြီး ဦးသာလှအမှူးထား၍ လှူဒါန်းသွားခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် တက္ကသိုလ်ဆရာကြီးများ၏ ဘဝအတ္ထုပ္ပတ္တိများကို ရံဖန်ရံခါ စာနယ်ဇင်းများကို ရေးသားတင်ပြလေ့ရှိပါသည်။ ထိုကဲ့သို့ ရေးသားတင်ပြခြင်း ရည်ရွယ်ချက်မှာ ဤသို့ဖြစ်ပါသည်။ ဆရာကြီးတို့၏ ပညာဉာဏ် ဂုဏ်ကျေးဇူး၊ စာပေဂုဏ်ကျေးဇူးတို့ကို အထူးဆင်ခြင်အောက်မေ့လျက် တပည့်သားမြေးတို့အပေါ် စေတနာမေတ္တာကြီးမားစွာထားလျက် သင်ပြလမ်းညွှန်ပို့ချပေးခဲ့သောကျေးဇူးတရားတို့ကိုလည်း သိရှိခံစားလျက် ကျွန်တော်တို့ တပည့်တွေ ယခုအခါ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပညာရည်ပြည့်ဝအောင် သင်ပြလမ်းညွှန်ခဲ့ပုံများကို သတိတရဖြစ်လျက် ဆရာတို့၏ ကျေးဇူးဂုဏ်ကို ဖော်ပြလိုသဖြင့် ဤကဲ့သို့ ဆောင်းပါးရေးသား ဂုဏ်ပြုလိုက်ခြင်း ဖြစ်ပါတော့သတည်း။။

**ဦးသန်းထွတ် (ပါမောက္ခ–ငြိမ်း)**




# Cartoon



ကျွန်တော်တို့နိုင်ငံ ဆင်းရဲတွင်းမှလွတ်လိုလျှင် "အတွေး" ကြီး နေ၍မရပေ။ လူငယ်များသည် လူကြီးများကို ကြည့်နေကြပါသည်။ လူကြီးများ စိတ်ကောင်းစေတနာကောင်းမရှိလျှင် လူငယ်များလည်း လူကြီးများကိုအတုယူကာ စေတနာကောင်းတွေ စိတ်ကောင်းတွေကွယ် ပျောက်ကုန်မည် ဖြစ်သည်။

# လူမှုရေးတွင်ဆင်ခြင်ဖို့ အမြင်တစ်ခု

ဒေါက်တာခင်မောင်ညို



တစ်နေ့တွင် ကျွန်တော့်တို့မိသားစုသည် သူငယ်ချင်းတစ်ယောက်အိမ်သို့ ရောက်သွားပါသည်။ သူ၏သားသည် တက္ကသိုလ်မှ ဘွဲ့ရပြီး အလုပ်တစ်ခုတွင် အရာရှိ ဖြစ်နေပါသည်။ ပြင်ပကုမ္ပဏီဖြစ်သောကြောင့် လစာလည်းအတော်အသင့် ကောင်းမွန်ဟန် တူပါသည်။ မိခင်ဖခင်ကို လုပ်ကျွေးနေသော သားကောင်းရတနာ ဖြစ်၍ သူကိုချီးကျူးကြပါသည်။

သူငယ်ချင်းအိမ်မှအပြန် အတော်လေးနောက်ကျနေ၍ ကျွန်တော်တို့ကားငှားဖို့ပြင်တော့ သူငယ်ချင်းရဲ့သားက သူလိုက်ပို့ပေးမည်ဟုဆိုကာ သူ့ရဲ့ဟွန်ဒါဖစ်ကားလေးနှင့် လိုက်ပို့ပါသည်။ သူငယ်ချင်းရဲ့သား အမည်မှာ ဘိုဘိုဖြစ်သည်။ ဘိုဘိုသည် အင်မတန်မှစမတ် Smart ကျသူဖြစ်ကြောင်း ကျွန်တော်သတိပြုမိသည်။

သူကလမ်းတွင် ကားတွေကိုကျော်တက်သည်။ သူ၏ကားကို ကျော်တက်လျှင် ပြန်လိုက်ကာ နိုင်အောင်ကြိုးစားသည်။ ဘေးဘီလမ်းကြားမှထွက်လာသောကားများကို ဘယ်တော့မှသူ့ကားရှေ့က အဝင်မခံပါ။ ခေါင်းဝင်ထိုးကာ သူများကားကြားထဲဝင်မောင်းသည်။
ကျွန်တော်ကတော့ ဘိုဘိုရဲ့စွမ်းရည်ကို သဘောကျသည်။
ဇနီးကတော့ သဲထိတ်ရင်ဖို



စီးရသည်ဟုဆိုသည်။ ဘိုဘိုကို ကျေးဇူးတင်ကြောင်းပြောကာ နှုတ်ဆက်ခဲ့ပါသည်။ ကျွန်တော်တို့မိသားစု ချောမောစွာ အိမ်ပြန်ရောက်သွားပါသည်။

အမှန်တော့ 'ဘိုဘို'ကို ကျွန်တော်ပြောချင်တာတွေ အများကြီးရှိသည်။ ဘိုဘိုလို ကားမောင်းသူတွေကို ကျွန်တော်ပြောချင်ပါသည်။ သူများကို ကျော်တက်လိုက်တာကို ဘာလို့ဂုဏ်ယူရတာလဲ။ သူများကို ကျော်တက်ခွင့်ဘာလို့ မပေးချင်ရတာလဲ။ သူများကျော်တက်သွားတာ ဘာလို့ မခံချင်ဖြစ်ရတာလဲ။ လမ်းကြိုလမ်းကြားက ထွက်လာသူတွေကို အမြဲတမ်းမဟုတ်တောင် အဆင်ပြေရင် ပြေသလို ဘာလို့ဦးစားမပေးချင်ရတာလဲ။

ကိုယ်အမြန်ရောက်ချင်သလို သူလည်း အမြန်ရောက်ချင်မှာပဲ။

သူက တုံ့နှေးတုံ့နှေးဖြစ်ပြီး မမောင်းတတ်တာကို စိတ်ထဲဘယ်လိုမှ မထားဘဲ မောင်းလို့မရဘူးလား။ အချို့ကဆိုး ဖြတ်ချက်ချတာနှေးပါတယ်။

လူတွေမတူပါဘူး။ အားလုံးကို လက်တွဲခေါ်ပါ။

ငါကတော်တယ်၊ တတ်တယ်ဆိုပြီး မတော်မတတ်သူတွေကို ဘာကြောင့် အနိုင်ကျင့်ရမှာလဲဟု တွေးနေမိပါသည်။

+++++

ကျွန်တော်တို့ကားလမ်းတွေ ယနေ့ ကျပ်နေတာကို ခုမှစာယူမိတာပါ။ ယနေ့ ကမ္ဘာ့လူဦးရေ တိုးပွားလာပါသည်။ သို့သော် တချို့ကတော်ကြသည်။ တတ်ကြသည်။ စမတ်ကျသည်။ သူတို့သည် မတော်မတတ်သော သူတွေကို အနိုင်ရကြပါသည်။ ထို့ကြောင့် သူတို့ ချမ်းသာကြသည်။ ဒါနဲ့ပဲ လောကကြီးတွင် မမျှတမှုတွေ ဖြစ်နေပါသည်။

တချို့ချမ်းသာသည်၊ တချို့ဆင်းရဲသည်။

ဆင်းရဲသူအများစုကို ကံသိပ်မကောင်းသူ (Less Fortunute) ဖြစ်သူများဟုခေါ်သည်။

မှန်တာပေါ့။ လူတော်များ။ စမတ်ကျသူများသည် ကံအကြောင်းမလှသည့်အခါ ဆင်းရဲသွားကြပါသည်။ ဒီအတွက် ငါတော်တယ်၊ ငါတတ်တယ်၊ ငါချမ်းသာတယ်ဆိုပြီး ဆင်းရဲဒုက္ခရောက်နေသူများကို အနိုင်မကျင့်သင့်ပါဘူး။ သူတို့ကို လက်တွဲပြီး ဆင်းရဲတွင်းမှ ကူညီဆွဲထုတ်သင့်သည် မဟုတ်ပါလား။ အနည်းဆုံးခရီးသွားဟန်လွှဲ ကူညီဖို့တော့ သင့်တယ် မဟုတ်ပါလား။

ကျွန်တော်တို့နိုင်ငံ ဆင်းရဲတွင်းမှ လွတ်လိုလျှင် 'အတ္တ' ကြီးနေ၍မရပေ။ လူငယ်များသည် လူကြီးများကို ကြည့်နေကြပါသည်။ လူကြီးများ စိတ်ကောင်းစေတနာကောင်းမရှိလျှင် လူငယ်များလည်း လူကြီးများကို အတုယူကာ စေတနာကောင်းတွေ စိတ်ကောင်းတွေ ကွယ်ပျောက်ကုန်မည် ဖြစ်သည်။

သင် မော်တော်ကားကျော်တက်




မည်။ ပြိုင်မောင်းမည်၊ သူတစ်ပါးကို ဦးစားမပေးဘူး။

ဒါဟာ သင့်ရဲ့လုပ်ပိုင်ခွင့်ပါပဲ။ အန္တရာယ် မဖြစ်သေးသမျှ အဆင်ပြေနေပါတယ်။ ဒါပေမဲ့ ဒီလိုလုပ်တာဟာ လိုအပ်ရဲ့လား။

မိမိတော်တယ်ဆိုတာ သူများကို ဦးစားပေးတာမျိုးဆိုရင်တော့ ပိုမကောင်းဘူးလား။ မိမိ၏အတ္တကိုလျှော့ပြီး သည်းခံတာဟာ နမူနာတစ်ခုအနေနဲ့ ကျန်ရစ်နေပါက ပို၍မကောင်းပြီလော။

စဉ်းစားစရာ အများကြီးရှိပါသည်။

ကားလမ်းတစ်လျှောက် အောင်မြင်မှုသည် မော်တော်ကားများ ပုံမှန်သွားလာနိုင်ခြင်းသာ ဖြစ်သည်။ ဒီအတိုင်းပါပဲ ဘဝမှာလည်း ပုံမှန်လည်ပတ်သွားလာနိုင်ဖို့ တစ်ယောက်ကိုတစ်ယောက် အနိုင်မယူဖို့ အနိုင်မကျင့်ဖို့ လိုပါသည်။

လူ့မှုအသိုက်အဝန်းထဲမှာ လူတော်တွေအများကြီးပါ။

ထိုလူတော်များသည် သူများကို အနိုင်ယူနိုင်သည့်အတွက် တော်သည်ဟု ဘေးပတ်ဝန်းကျင်က မချီးမွမ်းပါ။ ချီးမွမ်းတာတွေရှိရင်လည်း တကယ်တော့ ရေရှည်အသုံးကျသောသူ ဖြစ်မလာပါ။

လူတော်များသည် ပတ်ဝန်းကျင်ကို နားလည်မှုရှိရမည်။ သည်းခံသူများသာ ဖြစ်သင့်ပါသည်။ တကယ်တော့ တရားမျှတသော လူ့မှုအသိုက်အဝန်းတွင် အနိုင်ရသူသည် အကုန်ယူနိုင်ပါသည်။ ယူခွင့်ရှိပါသည်။ ဥပမာ ပိုက်ဆံရှိသူသည် လယ်တွေမြေတွေ အားလုံးကိုသိမ်းကြုံးဝယ်ယူပိုင်ခွင့်ရှိပါသည်။ သို့သော် သူ၏လုပ်ရပ်သည် တရားမျှတမှုရှိပါ၏လော။

စဉ်းစားကြပါ။

ဒါကြောင့် မျှဝေမှုကို လိုအပ်ပါသည်။ တစ်ယောက်ကိုတစ်ယောက် ဖေးမဖို့လိုပါသည်။

ဒီမိုကရေစီခရီးကို သွားနေကြပါပြီ။ တရားမျှတမှုများကို အကောင်အထည်ဖော်နေကြပါပြီ။ ဝိုင်းဝန်းကူညီကြပါ။

ချမ်းသာသူများ အားလုံးကြလည်း ဝေမျှဖို့ ဆင်းရဲသူများကလည်း ကြိုးစားကာ ဒီမိုကရေစီ၏ခရီးကို ဆက်မှ အောင်မြင်ကြမှာပါ။

နောက်ဆုံးမှာမှာချင်တာက တစ်ယောက်ကိုတစ်ယောက် လေးစားပြီး ချစ်ခင်ကြဖို့ပါပဲ။ အားလုံးအဆင်ပြေမှသာ မိမိလည်း အဆင်ပြေမှာပါ။

မိမိတော်ကြောင်း တတ်ကြောင်း ပြဖို့အတွက် ကားတွေကို ကျော်တက်စရာမလိုပါဘူး။ ဦးစားပေးပြီး အောင်မြင်မှုကိုရယူနိုင်ပါစေ။

**Dr ခင်မောင်ညို**

# စိတ်သတ္တိရှင် "ဟင့်အင်း" သမား

မောင် သာ ချို

"မင်းသမီး ကျုပ်ကိုဆွဲလားရမ်းလားလုပ်ဖို့တော့ မကြိုးစားနဲ့ ကျုပ်မှာကာမပိုင်ရှိတယ်။ မခင်ကြည် ကြားရင် စိတ်ဆိုးသွားလိမ့်မယ်"



(တစ်)

ငယ်တုန်းရွယ်တုန်း သွေးကြွတုန်း အရွယ်ဟု ဆိုကြပါစို့။ ဆေးမင်ကြောင် ခေါ် တက်တူး (Tattoo) ထိုးဖို့လည်း စိတ်ကူးပေါ်သည်ဟု ဆိုကြပါစို့။ အရုပ်ကြီး ကြီးမားမားကြီးတွေကို မထိုးဘဲ စာလုံး ကလေး တစ်လုံး၊ နှစ်လုံးစလောက်သာ ထိုးမည်ဟု ရည်ရွယ်ထားသည် လည်း ဆိုပါစို့။ ချာတိတ်အရွယ် လူငယ် အများစုအရွေးများသည့် စကားလုံးမှာ 'သတ္တိ' ဆိုတာပဲ ဖြစ်ပါသည်။ လက်မောင်းပေါ်မှာ 'သတ္တိ'၊ လက်ခုံပေါ်မှာ 'သတ္တိ'၊ လက်ဖျံပေါ်မှာ 'သတ္တိ'။ ရင်ဘတ်ပေါ်မှာ 'သတ္တိ'။ သေရာပါ 'သတ္တိ' တွေကို ဘယ်လိုမှ ဖျက်မရနိုင်ပါလေတော့။ မည်သူ့ကိုမဆို ရင်ဆိုင်မယ်၊ ထိုးနှက်မယ်၊ တိုက်ခိုက်မယ်။ ချေမှုန်းမယ်ဆိုသည့် အနက်အဓိပ္ပာယ်ဖျူပွတ်များဖြင့် သတ္တိကို နားလည်ခဲ့သည့် အရွယ်မတိုင်မီ နေ့ရက်များ။

နောက်တော့ ဟိုနားစပ်စပ် သည်နားစပ်စပ်ဖြင့် စာအုပ်တွေ ဖတ်ဖြစ်လာသောအခါ မြန်မာစကားလုံး သတ္တိနှင့် ညီညွတ်သည့် ကားရေ့ဂျ် (Courage) ဟူသော စကားလုံးကို သွားတွေ့ပါသည်။ သူတစ်လုံးတည်းတောင်မဟုတ်။ Intellectual Courage တဲ့။ Moral courage က တဲ့။ ပထမစကားလုံးကို ဉာဏသတ္တိ၊ ဉာဏ်သတ္တိဟုပဲဆိုကြပါစို့။ ဒုတိယ စကားလုံးကိုလည်း ကိုယ်ကျင့်တရား သတ္တိ၊ စရိတ္တသတ္တိဟု ဆိုကြပါစို့။

ထိုသတ္တိနှစ်မျိုးအနက် လူတစ်ယောက်ကို သမိုင်းက အဆုံးအဖြတ် ပေးသွားသည်က Moral Courage ခေါ် ကိုယ်ကျင့်တရားသတ္တိ၊ စရိတ္တသတ္တိ၊ စိတ်သတ္တိဆိုပါလား။ ကိုယ်ခန္ဓာအရေပြားပေါ်မှာ ရေးထိုးထားမိတာတွေက ဘယ်လိုသတ္တိအမျိုးအစားများပါလိမ့်။

(နှစ်)

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းတွေကို အခုနှစ်တွေထဲ ပလူပျံအောင် ဖတ်ရတော့ ရွှေဘိုကအငြိမ်းမင်းသမီး ညိုညိုစိန်နှင့်ကိစ္စကိုပါ သိခွင့်ရပါသည်။ ၁၉၄၇ ရွေးကောက်ပွဲအကြိုကာလ ဖဆပလအဖွဲ့ချုပ် မဲဆွယ်ရေးအတွက် ဗိုလ်ချုပ်တို့ ရွှေဘိုမြို့သို့ ရောက်သွားစဉ် ဦးစံထွန်းဓါတ်ပုံတိုက်၌ ရွှေဘိုညိုညိုစိန်အငြိမ့်အဖွဲ့ဖြင့် ဧည့်ခံခဲ့သည်ဟု ဆိုပါသည်။ ၎င်းတွင် အငြိမ့်ပွဲစီစဉ်သူတို့က အငြိမ့်မင်းသမီးအား ချဉ်း




ကပ်ကာ ဗိုလ်ချုပ်အောင်ဆန်း၏ လက်ကို ရအောင်ဆွဲနိုင်လျှင် ဆုငွေ (၅၀) ကျပ် ချီးမြှင့်မည်ဖြစ်ကြောင်း ညှိနှိုင်းပါသည်။ မင်းသမီးကလည်း ဆွဲဖို့ကြိုးစားပါသည်။ ယင်းကို ရိပ်မိသွားသူ ဗိုလ်ချုပ်အောင်ဆန်းက–

''မင်းသမီး ကျုပ်ကိုဆွဲလားရမ်းလားလုပ်ဖို့တော့မကြိုးစားနဲ့ ကျုပ်မှာ ကာမပိုင်ရှိတယ်။ မခင်ကြည်ကြားရင် စိတ်ဆိုးသွားလိမ့်မယ်'' ဟုသည်ဖြင့် ပြောခဲ့ကြောင်း စာမျက်နှာများပေါ်၌ ကျွန်တော်တို့ ဖတ်ရှုကြရပြီးဖြစ်ပါသည်။ သည်လိုစိတ်သတ္တိမျိုးကိုပင် Moral Courage ဟု ခေါ်နေကြခြင်း ဖြစ်ပါသည်။

အများသိပြီးဖြစ်သည့် သာဓကတစ်ခုကို ထပ်ဆင့်တင်ပြလိုပါသေးသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ Moral Courage ပင်ဖြစ်ပါ၏။ ၁၉၂၁ ခုနှစ်၌ ဝတ်လုံတော်ရ ဦးမေအောင်က ဆရာကြီးထံသို့ ချဉ်းကပ်ကာ ဘုန်းတော်ဘွဲ့ ရတုတစ်ပုဒ် ရေးဖွဲ့ပေးဖို့ မေတ္တာရပ်ခံပါသည်။ အင်္ဂလန်နိုင်ငံရှိ ဂျော့ဘုရင်၏ သားကြီး ဝေလမင်းသားကို ချီးကျူးဖွဲ့ဆိုရမည့် ဘုန်းတော်ဘွဲ့ရတု။ ဆုငွေက အသပြာ ကျပ် ၁၀၀၀။ သို့သော် ဆရာကြီးသခင် ကိုယ်တော်မှိုင်း 'ဟင့်အင်း' လုပ်ခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါသည်။

၂၀ ရာစု၏ အထူးချွန်ဆုံးလူသား (Man of The Century) အိုင်းစတိုင်း ရူပဗေဒဆိုင်ရာ နိုဘယ်ဆုရှင် အိုင်းစတိုင်း။ ထိုAlbert Einstein ဟူသည်က ကမ္ဘာသိဖြစ်ပါသည်။ အစ္စရေး နိုင်ငံတည်ထောင်ခါစက နိုင်ငံရေးခေါင်းဆောင် ဒေးဗစ်ဘင်ဂူရီယန် (David Ben Gurian) က အစ္စရေးသမ္မတလုပ်ပေးဖို့အတွက် ဂျူးလူမျိုးဖြစ်သော အိုင်းစတိုင်းကို ကမ်းလှမ်းပါသည်။ အိုင်းစတိုင်း၏အဖြေက 'ဟင့်အင်း'ဆိုသည်သာ။ ဖိလစ်ပိုင်နိုင်ငံ၏အမျိုးသမီးသမ္မတဟောင်း ကိုရာဇွန် အကွီနို (Corazan Aquino) ဆိုလျှင်လည်း 'ဟင့်အင်း' နှင့် နာမည်ကြီးပါသည်။ သူ ဖိလစ်ပိုင်သမ္မတ ဖြစ်နေစဉ် နိုင်ငံတော်က မာစီဒီးကားပေးသည်။ အကွီနိုက 'ဟင့်အင်း'။ သမ္မတသက်တမ်းခြောက်နှစ်ပြည့်စဉ် သမ္မတသက်တမ်းတစ်ကြိမ်သာဟု ရှိထားသည့်ဥပဒေကိုပြင်ဆင်ကာ နောက်ထပ်သက်တမ်း တစ်ကြိမ် ဆက်လက်အုပ်ချုပ်ဖို့ ဝိုင်းဝန်းအကြံပေးကြတော့လည်း 'ဟင့်အင်း'။





ဟိန္ဒူကြီးစိုးသည့် အိန္ဒိယနိုင်ငံ၌ ရှားရှားပါးပါး အစ္စလာမ်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ အဗ္ဗဒူကာလမ် (Abdul Kalam) ဆိုလျှင်လည်း ဒုံးပျံအင်ဂျင်နီယာ၊ ဒုံးပျံလက်နက် စီမံကိန်းဦးဆောင်သူ။ သုတေသနဌာနအကြီးအမှူး။ Ph.D သင်တန်းဆရာ စသည် စသည်။ ငယ်ငယ်ကလေးတည်းက သူ၏ဖခင်ကုတို့မှူးကြီးက 'ဘာလက်ဆောင်မှ လက်မခံ'နဲ့ဟု ဆုံးမခဲ့သည့်အတွက် မည်သည့်လက်ဆောင်ကိုမှ လက်မခံသူ။ သူ့သမ္မတသက်တမ်းက ၂၀၀၂ ခုနှစ်၊ ဇူလိုင် ၂၄ မှ စတင်ရာ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၄ ၌ ငါးနှစ်သက် တမ်းကုန်ဆုံးပါသည်။ သို့ဖြစ်ရာ အိန္ဒိယ သမ္မတ အဗ္ဗဒူကာလမ် သမ္မတနန်းတော်ပေါ်က ဆင်းသည့်နေ့က ၂၀၀၇ ခုနှစ် ဇူလိုင် ၂၅။ တစ်ရက်ကလေးမှ ပိုမနေ။ 'ဟင့်အင်း'။

(သုံး)

တကယ်တော့ အမျိုးမျိုးသော ဖြားယောင်းသွေးဆောင်မှုတို့ကို 'ဟင့်အင်း' လုပ်ရသည်က တော်ရုံတန်ရုံစိတ်သတ္တိ ကိုယ်ကျင့်တရားသတ္တိနှင့် မလွယ်ကူလှပါ။ ဗိုလ်ချုပ်အောင်ဆန်းက သူကာမပိုင်မဟုတ်သည်ကို 'ဟင့်အင်း'၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သူ မယုံကြည်ရာကို ကချေသွဲ့ဆိုပေးဖို့ 'ဟင့်အင်း'၊ အိုင်းစတိုင်းက သူ့အလုပ်မဟုတ်သည့် သမ္မတရာထူးကို 'ဟင့်အင်း'၊ ဖိလစ်ပိုင်သမ္မတကိုရာဇနီအကွီနိုက အဆောင်အယောင်အခမ်းအနား မာစီဒီးကားကို 'ဟင့်အင်း'၊ အိန္ဒိယသမ္မတ အဗ္ဗဒူကာလမ်က လက်ဆောင်ပစ္စည်းကို 'ဟင့်အင်း'၊ သမ္မတအိမ်မှာ နောက်တစ်ရက်ထပ်နေဖို့ 'ဟင့်အင်း'။

ထိုသို့ ဟင့်အင်းလုပ်ရဲသည့် စိတ်သတ္တိကိုပင် Moral Courage ဟု အမည်ပေးခဲ့ကြခြင်း ဖြစ်ပါသည်။ ကမ္ဘာကလည်း သည်လို 'ဟင့်အင်း'လုပ်ရဲသူတွေကိုသာ ခေတ်အဆက်ဆက်သတိတရ လွမ်းဆွတ်နေခဲ့ကြခြင်း ဖြစ်ပါသည်။ အရေးကြီးပေါ်မှာသာ 'သတ္တိ'လို့ ခေါ်မင်ကြောင့် ထိုးထားတာမျိုးမဟုတ်ဘဲ စိတ်ဝိညာဉ်လိပ်ပြာပေါ်မှာပါ အဲသည့်သတ္တိကို ခေါ်မင်ကြောင် ထိုးထားလိုက်ချင်စမ်းပါဘိ။

မောင်သာချို
7 Day News Journal
Vol.10, No. 26
SEPTEMBER 15.2011






ခန္ဓာကိုယ်သာမန်အပူချိန်က 37 C (98.6'F) ရှိပါတယ်။ ၄င်းအထက်ပိုနေရင် အဖျားလို့သတ်မှတ်ပါတယ်။ ငှေ့ငှေ့ဖျား၊ အပြင်းဖျား၊ ရက်တိုဖျား၊ ရက်ရှည်ဖျားဟူ၍ အဖျားမျိုးစုံရှိပါတယ်။ ဖျားနာတာဟာ အကြောင်းအရာအမျိုးမျိုးကြောင့် ဖြစ်နိုင်ပါတယ်။ ဥပမာ– သာမန် အအေးမိတာ၊ ဗိုင်းရပ်စ်ပိုး၊ ဘက်တီးရီးယားပိုးတွေ ခန္ဓာကိုယ်ထဲဝင်လို့ ဖျားနာတာတွေဖြစ်နိုင်သလို နိုးဆက်ရောင်ရမ်းနာတွေနဲ့ ဓာတ်မတည့်တာတွေကြောင့်လည်း ဖျားတတ်ပါတယ်။ ခန္ဓာကိုယ်ထဲဝင်ရောက်လာတဲ့ ရောဂါပိုးတွေက သွေးဖြူဥထဲကနေ ဖျားစေနိုင်တဲ့ပစ္စည်းတစ် မျိုးထွက်လာအောင် လှုံ့ဆော်ပေးပါတယ်။ ဦးနှောက်ရဲ့ဟိုက်ပိုသဲလမတ်အပိုင်းက ဖျားစေတဲ့ပစ္စည်းကိုတုံ့ပြန်တာမို့ ကိုယ်အပူချိန်က မြင့်တက်လာရခြင်း ဖြစ်ပါတယ်။

# အဖျားရောဂါနဲ့ အစားအစာ

ဟမ်စိုင်း(ဆေး-မန်း)



ဖျားနာလာတဲ့အခါ အထူးသတိထားရမှာက အဝတ်ထူထူ မဝတ်ဖို့ (အဝတ်တွေ၊ စောင်တွေအထပ်ထပ် မခြုံဖို့၊ အလုံခန်းထဲ မနေဖို့) လေဝင်လေထွက်ကောင်းတဲ့နေရာမှာ နေဖို့အစာဆက်စားဖို့ အရည်များများသောက်ဖို့ အဖျားတက်လာပါက ရေပက်တိုက်ဖို့ (ရေချိုးနိုင်ပါတယ်)။ ပါရာစီတမောဆေးကို ပမာဏမှန်စွာသောက်ဖို့နဲ့ ဆရာဝန်ညွှန်ကြားတဲ့ဆေးတွေ ဝင်အောင်သောက်ဖို့တွေ လိုအပ်ပါတယ်။ ရက်ရှည်အဖျားတွေကတော့ နီးစပ်ရာ ဆရာဝန်နဲ့ပြသကာ အဖျားတက်ခြင်းရဲ့ အကြောင်းရင်းကို ရှာဖွေကုသဖို့လိုအပ်ပါတယ်။

ဖျားလာတဲ့အခါ အများစုဝေဝေဝါ ဖြစ်ကြတာက အစားဆက်စားသင့်၊ မစားသင့်နဲ့ ဘယ်လိုအစားအစာတွေ စားသောက်သင့်သလဲဆိုတာကိုပါ။ တချို့လူတွေက ဖျားလာတဲ့အခါ အစားမစားဘဲ ဖြတ်တောက်တာတွေ၊ အရည်ပဲသီးသန့်သောက်တာတွေလုပ်တတ်ကြပါတယ်။ ဖျားတဲ့အချိန်မှာ အဖတ်မစားရဘူးဆိုတဲ့ အယူအဆဟာ မှားယွင်းနေပါတယ်။ အဲဒီလို လုံးဝမလုပ်ရပါဘူး။ အစာအိမ်ရောင်တာနဲ့ အူရောင်ငန်းဖျားရောဂါသမားတွေကလွဲပြီး တခြားဖျားနာနေတဲ့ ရောဂါသမားတွေက အစားအစာကို ဆက်စားရပါမယ်။ အစာရောင်တာနဲ့ အူရောင်ငန်းဖျားရောဂါသမားတွေကတော့ ဆရာဝန်ညွှန်ကြားတဲ့ အစားအစာတွေသာ စားသုံးသင့်ပါတယ်။ ဖျားတိုင်းအရည်သီးသန့်ပဲ သောက်တဲ့အထိ အစားအစာရှောင်ရန်မလိုပါ။ အဖျားကြောင့် အစားအသောက်ပျက်တတ်ပါတယ်။ ပျို့ချင်၊ အန်ချင်စိတ်ဖြစ်ကာ တချို့က အန်ကြပါတယ်။ ဖျားလာတဲ့အခါ ခန္ဓာကိုယ်က ကယ်လိုရီပိုပြီး လိုအပ်တာမို့ ထမင်း၊ ဆန်ပြုတ်၊ ဂျုံခေါက်ဆွဲ၊ ကြာဆန်၊ မြူစွမ်စတာတွေကို နည်းနည်းနဲ့မကြာခဏ စားရပါမယ်။ အစာမာတွေကို မစားချင်သေးရင်တောင် သစ်သီးနဲ့ ဟင်းသီးဟင်းရွက် ဖျော်ရည်တွေကို သောက်သုံးရပါမယ်။ အန်နေရင်တော့ အစာပျော့ပျော့ပဲ စားပါ။

ဖျားနာတဲ့အခါ ချွေးထွက်များလို့ အသက်ရှူမြန်လို့ ခန္ဓာကိုယ်ကပူနေလို့ ခန္ဓာကိုယ်မှ ရေနဲ့ဆားဓာတ်တို့ သာမန်ထက်များစွာ ဆုံးရှုံးပါတယ်။ ဒါကြောင့် အရည်လည်း မကြာခဏသောက်ပါ။ ရေ

**ဖျားနာနေတဲ့အခါ အမြန်ဆုံးမြန်ပြီး နာလန်ထူနိုင်စေဖို့ ဘီတာကာရိုတင်း၊ ဗီတာမင်စီနဲ့ ဗီတာမင်အီးတွေပါဝင်တဲ့ အသီးအနှံတွေများများစားပါ။ ဥပမာ ပန်းဂေါ်ဖီ၊ ကန်စွန်းဥ၊ ကန်စွန်းရွက်၊ သံပရာသီး၊ ရောက်သီး၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်များကို စားသုံးသင့်ပါတယ်။**

ဓာတ်နဲ့ ဆားဓာတ်ပြန်လည်ဖြည့်တင်းဖို့ ဓာတ်ဆားရည်ကို သောက်နိုင်ပါတယ် (တစ်နေ့ နှစ်လီတာကျော်ခန့်အထိ သောက်နိုင်ပါတယ်) ကျောက်ကပ်ရောဂါ၊ နှလုံးရောဂါနဲ့ ခန္ဓာကိုယ်ဖောရောင်လူနာများကတော့ ဆရာဝန်သတ်မှတ်ပေးထားတဲ့ အရည်ပမာဏအတိုင်း သောက်သင့်ပါတယ်။ ဖျားနေတုန်း အစာမစားမိပါက အဟာရပြတ်၊ ရေဓာတ်ခမ်းခြောက်ပြီး တခြားရောဂါတွေပါ ထပ်ပြီး ဝင်လာနိုင်ပါတယ်။ အဟာရချို့တဲ့ပါက ခန္ဓာကိုယ်ရဲ့ ခုခံစွမ်းအားကျဆင်းကာ အဖျားတာရှည်တတ်ပါတယ်။ ဖျားနေတဲ့အချိန်မှာ သာမန်အချိန်ထက် အာဟာရပိုလိုအပ်တာမို့ အစားအစာတွေကို နည်းနည်းနဲ့မကြာခဏ စားရပါမယ်။




ဖျားနာနေတဲ့အခါ အမြန်ဆုံးမြန်ပြီး နာလန်ထူနိုင်စေဖို့ ဘီတာကာရိုတင်း။ ဗီတာမင်စီနဲ့ ဗီတာမင်အီးတွေပါဝင်တဲ့ အသီးအနှံတွေ များများစားပါ။ ဥပမာ ပန်းဂေါ်ဖီ၊ ကန်စွန်းဥ၊ ကန်စွန်းရွက်၊ သံပရာသီး။ ရှောက်သီး။ အစိမ်းရောင် ဟင်းသီးဟင်းရွက်များကို စားသုံးသင့်ပါတယ်။ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူတွေ စားသုံးခြင်းကလည်း ရောဂါပိုးတွေကို တိုက်ထုတ်ပေးနိုင်ပါတယ်။ ဖျားနာနေတဲ့အခါ အဆီများတဲ့ အစားအစာတွေ၊ ကြော်လှော်ထားတဲ့ အစားအစာတွေ၊ ပြုပြင်စီမံထားတဲ့ အစားအစာတွေ၊ ကော်ဖီ၊ ကိုလာ၊ ချိုပြီး အမြှုပ်ထတဲ့ ဖျော်ရည်တွေကို ရှောင်သင့်ပါတယ်။

အဖျားရောဂါများအနက် အစားအစာ ဆင်ခြင်သင့်တဲ့ရောဂါတွေကတော့ အစာအိမ် အူလမ်းကြောင်းနဲ့ဆိုင်တဲ့ ရောဂါတွေပဲ ဖြစ်ပါတယ်။ ဝမ်းပျက်၊ ဝမ်းလျှော အဖျားလူနာတွေက ဓာတ်ဆားရည်ကို အားပြုသောက်သင့်ပြီး နို့၊ နို့ထွက်ပစ္စည်းတွေကို ရှောင်ရပါမယ်။ အူလမ်းကြောင်းမှာရှိတဲ့ နို့ကိုချေဖျက်တဲ့ အင်ဇိုင်းတစ်မျိုးဟာ ဝမ်းလျှောလူနာတွေမှာ ခန်းခြောက်နေတာမို့ နို့သောက်မိပါက နို့ကို မချေဖျက်နိုင်ဘဲ ဝမ်းပြန်လျှောလာတတ်ပါတယ်။ နို့နဲ့ နို့ပစ္စည်းတွေကို ဝမ်းလျှောတာသက်သာပြီး တစ်ပတ်ကျော်မှသာ စားသုံးသင့်ပါတယ်။ အစာအိမ်ရောင်နေချိန်မှာ မာတဲ့အစားအစာတွေ လုံးဝမစားသင့်ပါဘူး။

အစာအိမ်ရောင်တဲ့အခါမှာ အဓိက ရှောင်ရမှာက ကောက်ညှင်း၊ ထမင်းကြော်၊ ကော်ဖီ၊ လက်ဖက်ရည်၊ အချိုရည်တွေကို ရှောင်ရပါမယ်။ ငရုတ်သီးနဲ့ အပူအစပ်စာတွေ၊ လက်လုပ်ချဉ်၊ မုန်ညင်းချဉ်၊ လက်ဖက်၊ ကင်မ်ချီ၊ ပဲမြစ်စတာတွေကို အနည်းဆုံးတစ်လ ရှောင်ရပါမယ်။ ကွေကာအုတ်၊ ဆန်ပြုတ်၊ စွပ်ပြုတ်စတဲ့ အစားအစာ ပျော့ပျော့တွေကိုပဲ အဓိကစားသောက်သင့်ပါတယ်။

အူရောင်ငန်းဖျား ရောဂါသည်တွေဟာ ဖျားနေစဉ်မှာ ပျော့ပါးပြီး ကြေညက်လွယ်တဲ့ အစားအစာတွေကိုသာ စားသင့်ပါတယ်။ အူရောင်ငန်းဖျားရောဂါ ပျောက်ကင်းဖို့ ဆေးဝါးအပြင် အစားအသောက်ပုံစံကလည်းအရေးကြီးတဲ့ အခန်းကဏ္ဍမှာပါဝင်နေပါတယ်။ ဖျားနေစဉ်မှာ အထူးသဖြင့် အဖျားဒုတိယနဲ့ တတိယအပတ်တို့မှာ အရည်အမျိုးမျိုး (ဥပမာ- သစ်သီးဖျော်ရည်၊ ဘာလီရည်၊ ဓာတ်ဆားရည်တွေ)သောက်သင့်ပြီး ရောဂါလက္ခဏာတွေ သက်သာလာတာနဲ့ ဆန်ပြုတ် စွပ်ပြုတ်၊ ကြက်ဥနို့ပေါင်း၊ နူးအောင်ပြုတ်ထားတဲ့ ဟင်းသီးဟင်းရွက်များ၊ ဥနှင့်နို့ထွက်ပစ္စည်းများ၊ အသီးအနှံများကို စားသင့်ပါတယ်။ ရောဂါဖြစ်နေစဉ် အူလမ်းကြောင်းမှာရှိတဲ့အနာတွေဟာ မိုနေပြီး ပေါက်ပြဲလွယ်တာမို့ အစာဟာများ၊ မကြေလွယ်သော အစာအစားများ၊ အဆီများသော အစားအစာများ၊ Ready Made အစားအစာများ၊ သစ်သီးအခွံနှင့် သစ်သီးအစေ့အဆံများ၊ အပူအစပ်များ၊ လက်လုပ်ချဉ်များ၊ အသားများကိုရှောင်ရှားရမှာ ဖြစ်ပါတယ်။ အစာအိမ်လမ်းကြောင်းကို အနားပေးခြင်းအားဖြင့် ရောင်ရမ်းမှုနဲ့ အနာတွေကို လျင်မြန်စွာ သက်သာစေနိုင်ပါတယ်။

**ဟမ်စိုင်း (ဆေး-မန်း)**





# ၁၀ တန်းအောင်ပြီး အလုပ်သေချာတဲ့ သင်တန်း/ကျောင်းတက်ချင်တယ်

ကောင်းသန့်

- ဆရာကောင်းသန့်နဲ့ စကားပြောချင်လို့ပါ။
- **အစည်းအဝေးသွားပါတယ်။ ညနေ (၅)နာရီလောက် ပြန်ဆက်ကြည့်ပါ။**

- ဆရာကောင်းသန့် ရောက်ပြီလားခင်ဗျာ။
- **ဟုတ်ကဲ့ ခဏကိုင်ထားပါ။ ဆရာ့ကိုဖုန်းပေးလိုက်ပါမယ်။**

- ဆရာလားခင်ဗျာ။
- **ဟုတ်ကဲ့ ပြောပါခင်ဗျာ။**

- ကျွန်တော်တစ်ခုမေးချင်လို့ပါ။
- **ဟုတ်ကဲ့။**



# JOB

၁၀တန်းအောင်ပြီး တက္ကသိုလ်သွားတက်ရင် အလုပ်မရဘူး။ ဘာမှလည်း တတ်မလာဘူးလို့ ပြောပါတယ်။ ကျွန်တော်တို့ရွာမှာလည်း အဲဒီလိုပဲမြင်နေရပါတယ် ဆရာ။

**လူပေါ်မှာ မူတည်ပါတယ်။ တက္ကသိုလ်တက်နေတုန်းမှာ ကိုယ့်အတွက် အသုံးတည့်မယ့် အတတ်ပညာသင်ယူလို့ရပါတယ်။ (၃)နှစ်ဆိုတဲ့ အချိန်ဟာ အတတ်ပညာတစ်ခုခု တတ်မြောက်အောင် သင်ယူဖို့လုံလောက်ပါတယ်။**

ကျွန်တော်ကတော့ မိဘကမချမ်းသာတော့ မရေရာတဲ့တက္ကသိုလ်မတက်ချင်ဘူးဆရာ။ အလုပ်သေချာတဲ့ သင်တန်းကျောင်းတစ်ခုခု တက်ချင်တယ်။ အဲဒီအတွက် ဆရာ့ဆီက အကြံဉာဏ်လိုချင်လို့ပါ။

**ဝါသနာပါရင်တော့ မြန်မာ၊ စင်ကာပူ ပူးတွဲအသက်မွေးဝမ်းကျောင်း၊ ပညာသင်ကျောင်းကို တက်စေချင်ပါတယ်။**

အလွယ်တကူ လျှောက်လွှာတင်ပြီး သွားတက်လို့ရပါသလားဆရာ။

**မရပါ။ ၁၀တန်းအောင်ပြီးသူများ လျှောက်ထားနိုင်ပါတယ်။ အင်တာဗျူးလုပ်ပြီး သင်တန်းသားရွေးပါတယ်။ အင်္ဂလိပ်စာဖြေနိုင်တဲ့သူတွေ ကျောင်းတက်ခွင့်ရကြတယ်လို့ သိရပါတယ်။**

အဲဒီကျောင်းက ဘာတွေသင်သလဲ။ ကျွန်တော့်ဝါသနာနဲ့ ကိုက်မကိုက် ချိန်ညှိကြည့်ချင်ပါတယ်။

**အင်ဂျင်နီယာ အတတ်လိုမျိုး (၁၀) မျိုးသင်ပေးပါတယ်။ ဟိုတယ်နဲ့ခရီးသွား ဘာသာရပ်က (၅)မျိုးပါ။**

ကျောင်းသားဘယ်နှယောက် ရွေးမလဲဆရာ။

**ဘာသာရပ်တစ်ခုကို ကျောင်းသားဦးရေ (၄၀) ရွေးပါတယ်။ ဘာသာရပ် (၁၅) ခုဆိုတော့ တစ်သုတ်ကို ကျောင်းသားဦးရေ (၆၀၀) ရှိပါတယ်။ သင်တန်းကာလက (၆) လပဲ ကြာမြင့်တော့ ဒီတစ်သုတ်မပါရင် နောက်တစ်သုတ်ကို ဆက်ကြိုးစားနိုင်ပါတယ်။**

တကယ်တတ်ပြီး တကယ်အလုပ်ရရဲ့လားဆရာ။ ကျွန်တော်ကတော့ မြန်မာပြည်မှာ ဘာပဲသင်သင် တကယ်မတတ်တာပဲ တွေ့နေရလို့ပါ။

◑ **စင်ကာပူအစိုးရက လာကူညီပေးပြီး ဖွင့်တဲ့သဘောပါ။ကျောင်းရှုံက စင်ကာပူပါ။ အကြံပေးနှစ်ယောက်ကလည်း စင်ကာပူပါ။ သင်တော့ မြန်မာ ဆရာတွေက စင်ကာပူနှန်းယန်းစက်မှုလက်မှုကျောင်း၊ သင်ရိုးနဲ့ သင်တယ်လို့ သိရပါတယ်။**

◑ စင်ကာပူသင်ရိုးညွှန်းတန်းအတိုင်း သင်တယ်ဆိုရင်တော့ တတ်မှာပေါ့နော် ဆရာ။

◑ **(၆)လအတွင်းမှာ သတ်မှတ်ထားတဲ့ နာရီအပြည့်သင်ပေးပါတယ်။ သင်တန်း ပြီးတဲ့အခါ လုပ်ငန်းရှင်တွေခေါ်ပြီး အင်တာဗျူးခိုင်းပါတယ်။ လုပ်ငန်းရှင်တွေ ကြိုက်ရင် တစ်ခါတည်း အလုပ်ခန့်လိုက်တယ်လို့ သိရပါတယ်။ လစာ နှစ်သိန်းကျော်ကစပြီး ရကြတယ်လို့ ကြားပါတယ်။**

◑ တကယ်အလုပ်ရတာပေါ့နော်။

◑ **ဟုတ်ပါတယ်။ ပညာလိုလားပြီး ထူးချွန်တဲ့သူတွေကတော့ GTC ဆက် တက်ခွင့်ရကြတယ်လို့ သိရပါတယ်။ တချို့လည်း စင်ကာပူနိုင်ငံကခေါ်တဲ့ အလုပ် ရသွားကြတယ်လို့ ပြောပါတယ်။**

◑ ဒါဆို ကျွန်တော်ကြိုက်သွားပြီ။ ဘယ်လိုလျှောက်ရမလဲဆရာ။

◑ **သတင်းစာကို စောင့်ဖတ်ပါ။ သတင်းစာကနေ လျှောက်လွှာခေါ်ပါတယ်။ အသေးစိတ် သိချင်ရင်တော့ စင်ကာပူမြန်မာ အသက်မွေးဝမ်းကျောင်း သင်တန်းကို သွားမေးပါ။**

◑ ဘယ်မှာရှိတာလဲ။ ဘယ်ကိုသွားမေးရမှာလဲ။

◑ **ကန်တော်ကြီးဗိုလ်ချုပ်ပန်းခြံနဲ့ မျက်နှာချင်းဆိုင်လောက်မှာရှိတဲ့ SMVT သင် တန်းကျောင်းကို သွားစုံစမ်းလို့ရပါတယ်။**

◑ တယ်လီဖုန်းနဲ့ လှမ်းမေးကြည့်လို့မရဘူးလားခင်ဗျာ။

◑ **ကိုယ်တိုင်သွားတာ ပိုကောင်းမယ်ထင်ပါတယ်။**

◑ ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်သွားစုံစမ်းကြည့်ပါ့မယ်။ ဆရာ့ကိုအထူးကျေးဇူးတင်ပါတယ်။

◑ **ဟုတ် အဆင်ပြေအောင်မြင်ပါစေ။**

**ကောင်းသန့်**

ရင်ဖွင့်စာ

# ချည်နှောင်မိခဲ့သော ကြိုးလေးတစ်မျှင်

ဆောင်းဝိုင်ရှင် (မော်လမြိုင်)

သံယောဇဉ်ဆိုတာ စကားလေးသုံးလုံးတည်းပါ။ သံယောဇဉ်ရဲ့ နက်ရှိုင်းမှုကို ခံစားဖူးသူတိုင်း သိမှာပါ။ ချစ်တာက မုန်းလို့ရပါတယ်။ သံယောဇဉ်ဆိုတာက ဘယ်လိုမှ ဖြတ်လို့မရပါဘူး။ လူနဲ့လူကြားမှာပဲ သံယောဇဉ်ရှိတာမဟုတ်ပါဘူး။ လူနဲ့သတ္တဝါတွေကြားမှာလည်း သံယောဇဉ်ဆိုတာ ရှိတာပါပဲ။

မေတ္တာတရားနဲ့ သံယောဇဉ်ဆိုတာ ဒွန်တွဲနေတဲ့ အရာဖြစ်ပါတယ်။ လူတစ်ဦးနဲ့ တစ်ဦးကြားမှာ သံယောဇဉ်ဆိုတာ အတိမ်အနက် သဘောရှိသလို အသိဉာဏ်ကင်းမဲ့ပါတယ်ဆိုတဲ့ အဟိတ်တိရစ္ဆာန်နှင့် လူတွေကြားမှာတောင် သံယောဇဉ်နဲ့ပတ်သက်ပြီး အပြန်အလှန်လေးလေးနက်နက် ရှိတတ်ကြတယ်ဆိုတာ ကြားဖူး၊ ကြုံဖူး၊ တွေ့ခဲ့ဖူးကြမှာပါ။

မိုးတွေ သဲသဲမဲမဲရွာနေတဲ့ ဇွန်လရဲ့ ညတစ်ညမှာ ခွေးကလေး (၂)ကောင် ကျွန်မတို့ရဲ့ ခြံထဲကိုရောက်လာခဲ့ပါတယ်။ အကျားလေးတစ်ကောင်၊ အမည်းလေးတစ်ကောင်ဖြစ်ပြီး သူ့အမေက ချီလာခဲ့တာဖြစ်ပါတယ်။ ခွေးကလေးတွေရဲ့ အသံ



ကြားရော သွားကြည့်မိတော့ မျက်လုံးပြူးပြူးလေးတွေနဲ့ ကျွန်မတို့ကို ပြန်ကြည့်နေကြပါတယ်။ မည်သည့်အကုသိုလ်ကံကြောင့် အဟိတ်တိရစ္ဆာန်ဘဝ ဖြစ်လာခဲ့ရမှန်းမသိပေမဲ့ ပတ်ဝန်းကျင်အသစ်မှာ မိခင်အသစ်နဲ့ ဘဝအသစ်ဖြစ်လာခြင်းအတွက် ဘာမှမသိရှာသော ခွေးငယ်လေးများအား ငေးကြည့်ရင်း သနားသောစိတ် စတင်ဝင်မိခဲ့ပါတယ်။

ခွေးလေးတွေက သေးသေးလေးတွေပါ။ သူ့အမေကလာချင်တဲ့ အခါမှ လာပါတယ်။ မလာတာကများတော့ ခွေးလေးတွေ ဒုက္ခမဖြစ်စေရေးအတွက် ကျွန်မတို့ တစ်အိမ်သားလုံးက ခွေးကလေးတွေကို ထမင်းရည်တစ်လှည့်၊ နို့မှုန့်တစ်လှည့် တိုက်ကျွေးခဲ့ကြပါတယ်။ လူတွေနဲ့ယှဉ်ပါက လူမည်အရွယ်ဘဝ၌ မိခင်၏ဂရုစိုက်မှုနည်းခဲ့သော ကလေးငယ်တွေလို ထိုခွေးလေးတွေမှာ သနားစရာအလွန်ကောင်းပါတယ်။ လူတွေ ကျွေးမွေးမှ စားသောက်ရသော နိမ့်ကျသည့် တိရစ္ဆာန်လေးတွေဖြစ်သဖြင့် ငယ်ကလည်းငယ်သေးသော ထိုခွေးလေးတွေကို ကျွေးမွေးစောင့်ရှောက်ရင်း ပီတိလည်းဖြစ်သနားလည်း သနားရင်းသံယောဇဉ်ဖြစ်ခဲ့မိပါတယ်။

ထိုခွေးလေးတွေ နည်းနည်းကြီးပြင်းလာချိန်မှာတော့ ခြံထဲမှာမစင်စွန့်သည့်အတွက် ခြံအပြင်ကိုထုတ်ပြီး နေစေခဲ့ပါတယ်။ ဘယ်ကခွေးမှန်းလည်း မသိသဖြင့် သူ့အမေနောက် လိုက်သွားပါစေတော့ဆိုသဖြင့် ခြံအပြင်ကို ထုတ်ခဲ့တာပါ။ နောက်တစ်နေ့မနက်မှာ ခွေးအကျားလေးက သူ့အမေနောက် ကောက်ကောက်ပါအောင် လိုက်သွားပါတော့တယ်။ ခွေးအမည်းလေးကတော့ သူ့အမေနောက်လိုက်သွားခြင်းမရှိဘဲ နေပူပူမိုးရွာရွာ ခြံရှေ့မှာပဲနေနေခဲ့ပါတယ်။ (၂)ရက်(၃)ရက်လောက်အကြာမှာခွေးမည်းလေးဟာ နေမကောင်းဖြစ်ပါတော့တယ်။ အစာကျွေးနေသော သခင်အနားမှာမခွဲလိုဘဲ သံယောဇဉ်စိတ်တစ်ခုဖြင့် နေပူအောက်မိုးရေအောက် ပေနေခဲ့ခြင်းကြောင့် ဖျားနာခဲ့ခြင်းဖြစ်ပါတယ်။ ဒါနဲ့ပဲ သူ့ကိုသနားပြီး ခြံထဲကိုပြန်ခေါ်ကာ သူ့နေဖို့ နေရာလုပ်ပေး၍နေ ကောင်းသည်အထိ ဆေးကုသပေးရင်း ပြုစုကျွေးမွေးခဲ့ရပါတယ်။

တဖြည်းဖြည်းနဲ့ ခွေးလေးငမည်းဟာ ကြီးကောင်ဝင်လာပါတော့တယ်။ လူသားကလေးငယ်တစ်ဦး ကိုယ့်မျက်စိရှေ့မှာ ကြီးပြင်းလာတာမြင်လိုက်ရသလို ကျွန်မတို့ကျွေးမွေးစောင့်ရှောက်မှုအောက်မှာ ဒုက္ခတွေမဖြစ်ခဲ့ဘဲ ကြီးပြင်းလာခဲ့တဲ့ တိရစ္ဆာန်လေးအတွက် ဝမ်းသာပီတိဖြစ်နေရပါတယ်။ သူ့ရဲ့သဘာဝအရ ဖြစ်လေ့ဖြစ်ထရှိတဲ့သဘောထက်ပိုပြီး သူ့ကိုကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ သခင်တွေအပေါ်မှာ သိတတ်နားလည်ပြီး သူ့နည်းသူ့ဟန်နဲ့ ကာကွယ်စောင့်ရှောက်ကျေးဇူးသိတတ်ခဲ့ပါတယ်။ ခြံလုံအောင်စောင့်ရှောက်တတ်သလို ကျွန်မဘယ်သွားသွား နောက်ကတကောက်ကောက်လိုက်နေတတ်ပါတယ်။

အပြင်သွားတိုင်း ကျွန်မတို့ နောက်ကို အမြဲလိုက်တတ်လွန်းလို့ သူ့အလစ်ကို စောင့်ပြီးမှ အပြင်ထွက်ခဲ့ရတာလည်း ရှိပါတယ်။ ဘယ်ခွေးနဲ့မှ ရောနှောနေထိုင်ခြင်း မရှိဘဲ ကြီးပြင်းလာခဲ့ရသည့်အတွက် ခွေးငယ်လေးဟာ ကျွန်မတို့ရဲ့ မိသားစုဝင်တစ်ဦးလို ဖြစ်ခဲ့ရပါတယ်။

ကျွန်မ ဈေးကိုသွားဖို့အတွက် လိုင်းကားသွားစီးရင်တောင် သူကလိုက်ပါလာပြီး ကားပေါ်အတင်းတက်ထိုင်လို့ မောင်းချလို့လည်းမရတာနဲ့ နောက်ဆုံးကိုယ်ကပဲ အိမ်ကိုလှည့်ပြန်ခဲ့ရတာ အကြိမ်ကြိမ်ဖြစ်ခဲ့ဖူးပါတယ်။ ဒီလိုနဲ့တစ်နေ့မှာတော့ ကျွန်မတို့ မိသားစုအိမ်ပြောင်းဖို့အကြောင်း ဖန်လာပါတယ်။ သူက အိမ်မွေးခွေးလည်း မဟုတ်တော့ တကူးတကမခေါ်တော့ဘဲ အဲ့ဒီရပ်ကွက်မှာပဲ ထားဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ စိတ်ထဲမှာတော့ သူ့ကိုအမြဲသတိရနေမိပါတယ်။ အဲဒီကစပြီး သံယောဇဉ်ရဲ့ နက်ရှိုင်းခြင်းအဓိပ္ပာယ်ကို ကျွန်မပိုပိုပြီး သဘောပေါက်ခံစားလာမိပါတော့တယ်။

(၂)လ (၃)လလောက်ကြာတော့ ကျွန်မတို့မိသားစုဝင်တစ်ယောက် ယခင်နေထိုင်ရာရပ်ကွက်ကို အမှတ်မထင်ဘဲ ပြန်ရောက်သွားချိန်ခွေးငယ်လေးကိုပြန်တွေ့ခဲ့ပါတယ်။ အဲ့ဒီမှာ ခွေးငယ်လေးဟာ သခင်ကိုပြန်တွေ့ရတော့ ဆိုင်ကယ်နောက်က မရပ်မနား ပြေးလိုက်လာခဲ့တဲ့အတွက် နောက်ဆုံးသူ့ကို သနားတာနဲ့ပဲ ဆိုင်ကယ်ပေါ်တင်ပြီး ခေါ်လာခဲ့ပါတယ်။ အိမ်ကိုရောက်တဲ့အခါ အိမ်ကလူတွေကလည်း သူ့ကို ပြန်တွေ့ရလို့ဝမ်းသာ၊ သူကလည်း အိမ်ကလူတွေကိုတွေ့လို့ ဝမ်းသာနဲ့ မတွေ့ရတာကြာပြီဖြစ်သော မိသားစုဝင်တစ်ယောက်ကို ပြန်တွေ့လိုက်ရသလိုမျိုး ကျွန်မတို့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ခံစားမိကြပါတယ်။ ဒီကိုရောက်တော့လည်း အရင်ကလိုပဲ သွားလေရာ တကောက်ကောက် လျှောက်လိုက်နေတဲ့အတွက် လမ်းထဲမှာရှိတဲ့ တခြားအိမ်တွေက ခွေးတွေနဲ့ ပြဿနာတက်ပြီး သဘာဝအရ တစ်ကောင်နဲ့တစ်ကောင် ကိုက်ကြပါတော့တယ်။ ခွေးရှင်တွေရဲ့ တိုင်တောတာကို ခဏခဏခံရလည်း ကိုယ့်ကလေးနဲ့ သူများကလေးကစားပြီး ရန်ဖြစ်ကြရင် ကိုယ့်ကလေးဘက်က နာရသလို သူ့ဘက်ကရပ်တည်ပြီး ရန်လည်းဖြစ်ခဲ့ဖူးပါတယ်။ ဒါဟာလည်း သူ့အပေါ်ထားတဲ့ ကျွန်မတို့ရဲ့ ရင်ထဲကကြီးမားတဲ့ သံယောဇဉ်ကြောင့်ပါပဲ။

**အသိဉာဏ်နည်းတဲ့တိရစ္ဆာန်တွေတောင် သံယောဇဉ်ကိုသံယောဇဉ်နဲ့ ချည်နှောင်တတ်ကြပါတယ်။ အသိဉာဏ်အကြွယ်ဝဆုံးဖြစ်တဲ့ လူတွေထဲက လူတော်တော်များများကတော့ သံယောဇဉ်ကို အသိအမှတ်မပြုကြရုံတင်မကဘဲ ...**



ဒီလိုနဲ့ ကျွန်မတစ်သက် ဘယ်တော့မှ မမေ့နိုင်တဲ့ နေ့တစ်နေ့ကို ရောက်လာပါတော့တယ်။ ခွေးလေးငမည်း အသက်တစ်နှစ်ကျော်လောက်မှာပါ။ အဲဒီနေ့က မိုး တွေရွာနေခဲ့ပါတယ်။ သဲကြီးမဲကြီး မဟုတ်ပေမဲ့ မိုးအေးအေးလေးနဲ့ တစ်အိမ်သားလုံး အိပ်မောကျနေချိန် နံနက်စာဝယ်ဖို့အတွက် ကျွန်မစောစောထဖြစ်ခဲ့ပါတယ်။ ခါတိုင်း သခင်အသံကြားတာနဲ့ ရောက်လာတတ်တဲ့ ခွေးငမည်းလေးကတော့ ခြံထဲမှာ ရှိမနေခဲ့ပါဘူး။ ဟိုနား ဒီနား သွားတယ်ထင်ပြီး ကျွန်မလမ်းထိပ်ဘက် ထွက်လာခဲ့ပါတယ်။ လမ်းထိပ်နား မရောက်တရောက်မှာတော့ ကျွန်မလုံးဝ မထင်ထားတဲ့ မြင်ကွင်းမျိုးကို ရုတ်တရက် မြင်လိုက်ရပါတော့တယ်။ အဲဒါကတော့ အသက်မဲ့နေတဲ့ ကျွန်မတို့ရဲ့ခွေးငမည်းလေးပါ။ ပါးစပ်ကအမြှုပ်ထွက်နေပြီး မျက်လုံးဖွင့်လျက်နဲ့ ဝေဒနာကို မချိမဆံ့ခံစားရင်း သေဆုံးသွားခဲ့ရပုံပါ။ သူ့မျက်လုံးများဟာ ကျွန်မတို့ရဲ့အိမ်ဘက်ကို လှမ်းကြည့်နေသလိုထင်ရပြီး အဲဒီမြင်ကွင်းကို မြင်လိုက်ရတဲ့အချိန် ကျွန်မ တဒင်္ဂစိတ်နဲ့ ခန္ဓာလွင့်ထွက်သွားခဲ့ပါတယ်။ ရင်ထဲကခံစားချက်ကို နားမလည်နိုင်အောင် နက်နက်ရှိုင်းရှိုင်းခံစားလိုက်ရပါတယ်။

ကျွန်မအိမ်ကိုပြန်လှည့်ပြီး အိမ်ကလူတွေကို လာပြန်ပြောပြတဲ့အချိန်မှာတော့ ကျွန်မရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်တွေက နေရာယူနေခဲ့ပါပြီ။ အသိဉာဏ်ကင်းမဲ့တဲ့ ခွေးလေးအပေါ်မှာ ထားမိတဲ့ သံယောဇဉ်အတွက် ခုလိုလေးလေးနက်နက် ခံစားခဲ့မိပါတယ်။ သူ့ဘက်ကလည်း ကျွန်မတို့ရဲ့ သံယောဇဉ်ကို အသိအမှတ်ပြုခဲ့ပြီး ခွေးလေးငမည်းဟာ ကျွန်မတို့ကိုအချစ်နဲ့ပဲ နှုတ်ဆက်သွားခဲ့ပါတယ်။ လောကကြီးထဲမှာ အသိဉာဏ်နည်းတဲ့ တိရစ္ဆာန်တွေတောင် သံယောဇဉ်ကို သံယောဇဉ်နဲ့ ချည်နှောင်တတ်ကြပါတယ်။ အသိဉာဏ် အကြွယ်ဝဆုံးဖြစ်တဲ့ လူတွေထဲက လူတော်တော်များများကတော့ သံယောဇဉ်ကို အသိအမှတ်မပြုကြရုံတင်မကဘဲ အကျိုးမရှိတဲ့ အမုန်းတရားနဲ့သာ နှုတ်ဆက်လို့ လက်ပြနေကြပါတော့တယ်။

**ဆောင်းဝိုင်ရှင် (မော်လမြိုင်)**

ဂျူးလီးယက်(စ)ဆီဇာလုပ်ကြံခံရပြီးနောက် ရောမတွင်ပြည်တွင်းစစ် ကာလ ရှည်ကြာဖြစ်ပွားခဲ့သည်။ ပြည်တွင်းစစ် များအပြီးတွင် ဆီဇာ၏တူဖြစ်သူ အော့တေးဗီးယပ်(စ)က ရောမကို အုပ်စိုးသူဖြစ်လာခဲ့သည်။ အော့တေးဗီးယပ်(စ)သည် သူ့ကိုယ်သူ အမြင့်ဆုံးအာဏာပိုင်ဟု အဓိပ္ပာယ်ရသော 'ကေရာဇ်'ဟု ပထမဆုံးအမည်ပေးသူဖြစ်၏။ သူ၏နာမည်ကိုလည်း အကြီးမြတ်ဆုံးဟု အဓိပ္ပာယ်ရသော 'ဩဂတ်စတပ်(စ)' ဟုအမည်ပြောင်းလိုက်သည်။

ဘီစီ ၂၇ ဝန်းကျင်သို့ရောက်ရှိ သော ထိုအချိန်မှစ၍ ရောမနိုင်ငံသည် သမ္မတနိုင်ငံမဟုတ်တော့ဘဲ အာဏာရှင်တို့ အုပ်ချုပ်သော လက်နက်နိုင်ငံ (အင်ပါယာ) ဖြစ်ခဲ့သည်မှာ နှစ်ရာပေါင်းများစွာကြာခဲ့လေ၏။

ကေရာဇ်ဘုရင်ပေါင်း (၁၄၀)တို့က အဆက်ဆက် အုပ်ချုပ်ခဲ့ကြ၏။ ထိုကေရာဇ်တို့ကား ရောမတွင် ဩဇာအာဏာအကြီးဆုံး၊ ငွေကြေးအချမ်းသာအကြွယ်ဝဆုံးနှင့် စစ်တပ်ကို ချုပ်ကိုင်ထားနိုင်သူများဖြစ်ကြလေသည်။ ကေရာဇ်တစ်ပါး ကွယ်လွန်သောအခါ သူနှင့်ဆွေမျိုးတော်စပ်သူတစ်ဦးဦးက ကေရာဇ်ဖြစ်လာသည်ကများ၏။ သူတို့သည် ကေရာဇ်ရာထူးနှင့် ထိုက်တန်သည်ဖြစ်စေ မထိုက်



တန်သည်ဖြစ်စေ ကေရာဇ်ဖြစ်လာကြ၏။

အချို့ကေရာဇ်များက အမှန်တကယ်ပင် တော်ကြပါ၏။ ကောင်းကြပါ၏။ အချို့ကေရာဇ်များက ဆိုးသွမ်းသူများဖြစ်ကြပြီး အချို့ကတော့ ရူးကြောင်ကြောင်ကေရာဇ်များဖြစ်ကြသည်။ ရောမကေရာဇ်များတွင် သေဒဏ်ပေးနိုင်သည့် တစ်ချက်လွှတ်အာဏာသာ မရှိလျှင် သူတို့အဖြစ်က ရယ်စရာဖြစ်ပေလိမ့်မည်။

**ကာလီဂူလာ (AD 37 မှ 41 ထိစိုးစံ)**

ကာလီဂူလာသည် ခေတ်ဦးပိုင်း ရောမကေရာဇ်တစ်ဦးဖြစ်သည်။ အာဏာရယူပြီး လအနည်းငယ်အကြာတွင် ထူးဆန်းသော ဝေဒနာတစ်ခုကို သူခံစားရသည်။ ထိုရောဂါကြောင့် သူသည် ရူးကြောင်ကြောင် ဖြစ်လာပုံရသည်။ သူကိုယ်သူ ဘုရားသခင်ဟု ကြေညာပြီး ဘုရားကျောင်းတစ်ဆောင်ဆောက်ကာ သူ၏ပကတိအရွယ်ရွှေစင်ရုပ်ကို သွန်း

ဝေယံသိမ်း

# ရောမ၏ အရူးနှမ်းဆုံး ကေရာဇ်များ



လုပ်ပြီး ယင်းဘုရားကျောင်းတွင် ပူဇော် ဝတ်ပြုခံရန်ထား၏။ အခွန်အတုတ်များ တိုးမြှင့်ကောက်ခံသဖြင့် ရွှေပုံကြီးကို ဖင်ခု ထိုင်နိုင်လောက်အောင် ကြွယ်ဝလာ သည်။ အလျှံပယ် ထမင်းစားပွဲကြီးများ ကျင်းပ၍ ပုလဲများဖျော်ထားသည့် ရှာလ ကာရည်ကို သောက်သုံးသည်။ သူ၏ အချစ်တော်မြင်းကိုပင် အစိုးရအဖွဲ့ဝင် ဆီ နိတ်တာအဖြစ်ခန့်ထားပြီး ထိုမြင်းနေစရာ မြင်းဇောင်းကြီးကို စကျင်ကျောက်သား ဖြင့် ဆောက်လုပ်ပေးထားသည်။

ကေရာဇ် ကာလီဂူလာသည် ရက် စက်ကြမ်းတမ်း၍ ညှဉ်းပန်းနှိပ်စက်ရ သည်ကို နှစ်သက်သူဖြစ်၏။ တစ်ခါက စားပွဲတစ်ခုတွင် ရှေ့ဆုံးခုံတန်းငါးတန်းမှ ပွဲကြည့်သူများကို ကွင်းထဲရှိခြင်္သေ့များ ပေါ်သို့ ပစ်ချနိုင်းခဲ့သည်။ သူပျင်းရိနေ သဖြင့် စိတ်ပျော်ရွှင်မှုရစေရန် ပြုလုပ် ခြင်းဖြစ်၏။ သူအနှစ်သက်ဆုံးမှာ လူများ ကို ဇောက်ထိုးဆွဲထားပြီး လွှနှင့်နှစ်ပိုင်း ပြတ်အောင် ဖြတ်တောက်မှု ပြုလုပ်ခြင်း ဖြစ်၏။



## နီရိုး (54 မှ 68 AD ထိစိုးစံ)


ရောမကေရာဇ်တစ်ဦးဖြစ်သူ နီရိုး သည်ကား လူလုံးပြ၍ ကြွားဝါတတ်သူ ဖြစ်ချေ၏။ ရထားမောင်းပြိုင်ပွဲများတွင် ဝင်ပြိုင်လေ့ရှိပြီး သူရှုံးသွားသည့်တိုင် အောင် နိုင်သူအဖြစ် သရဖူဆောင်းသူဖြစ် ၏။ ရှိုးပွဲကြီးများပြုလုပ်ကာ လူအများကို အတင်းလာထိုင်နိုင်းပြီး သူက သရုပ် ဆောင်ခြင်း၊ သီချင်းဆိုခြင်းများကို နာရီ ပေါင်းများစွာ ပြုလုပ်သည်ကို ကြည့်စေ သည်။ ထိုပွဲမျိုးတွင် ပရိသတ်အချို့က သေချင်ယောင်ဆောင်ကြသည်။ သို့မှ သာ သူတို့ကို အပြင်သို့ ထုတ်သွားခြင်းခံရ မည်ဖြစ်လေ၏။ လူတိုင်းက သူ့ကိုဆန့် ကျင်ပုန်ကန်ရန် ကြံစည်နေသည်ဟု သူက ထင်နေတတ်သည်။ ထို့ကြောင့် သူမယုံ ကြည်သူဆိုလျှင် အလွတ်ပေးလေ့မရှိ။ ယုတ်စွအဆုံး သူ၏မွေးသမိခင်ကိုပင် ချမ်းသာပေးသူ မဟုတ်ပေ။ သူက မိခင် ဖြစ်သူကို အဆိပ်ခတ်ခဲ့ဖူးသည်။ သူ(မ)က အဆိပ်ဖြေဆေး သောက်နိုင်ခဲ့၍သာ မသေခဲ့ခြင်းဖြစ်သည်။ တစ်ကြိမ်တွင် မျက်နှာကျက်ပြုတ်ကျကာ အိပ်နေသော မိခင်သေအောင်လုပ်ခဲ့သည်။ ကံကောင်း

ထောက်မ၍ သူ(မ) လွတ်သွားခဲ့သည်။ နောက်တစ်ချိန်တွင် လှေကို သူ(မ) တက်စီးလျှင်ရေဝင်ပြီး နစ်သွားအောင် တမင်ဖျက်ဆီးထားသည်။ သူ(မ)က ကမ်းခြေသို့ ရေကူးသွားပြီး လွတ်မြောက်ခဲ့ပြန်သည်။ နောက်ဆုံးအကြိမ်တွင်မူ လူသတ်သမားသုံးယောက်ကို မိခင်ထံ စေလွှတ်လိုက်ပြီး ဓားနှင့်ထိုးသတ်စေကာ သတ်သေသည်ဟုထင်အောင် လုပ်ထားခဲ့သည်။ ဤအကြိမ်တွင် အထမြောက်၍ သွားလေသည်။

### ဂန္ထဝင်ခရမ်းရောင်

ရောမကေရာဇ်များသည် အထူးပြုလုပ်ထားသော ခရမ်းရောင်ဝတ်စုံများကို ဝတ်လေ့ရှိကြသည်။ ခရမ်းရောင်ဆိုးဆေးသည် အထူးရှားပါး၍ ကုန်ကျစရိတ်ကြီး၏။ ချမ်းသာသူများသည် ခရမ်းရောင်ဝတ်ဆင်ရန် တတ်နိုင်၏။ ပင်လယ်ခရုတစ်မျိုးကို အကောင်ထောင်ပေါင်းများစွာ ထုချေပြီးမှ ခရမ်းရောင်ဆိုးဆေးရည် အစက်အနည်းငယ်သာရရှိသည်။ ထိုခရမ်းရောင်သည် နန်းထိုက်တော်ဝင် ခရမ်းရောင်ဟု ကျော်ကြားလာပြီး ရောမကေရာဇ်မှအပ အခြားမည်သူမျှ ဝတ်ဆင်ခြင်းမပြုရန် ပိတ်ပင်ထားကြသည်။ ခရမ်းရောင်အဝတ်အထည် (သို့မဟုတ်) ဆိုးဆေးရောင်းချခြင်းပြုလျှင် သေဒဏ်အထိ ပြစ်ဒဏ်စီရင်နိုင်သည်။





### ကိုမိုဒေ်(စ)
### (177 မှ 192 ADထိ စိုးစံ)


ရောမကေရာဇ် ကိုမိုဒပ်(စ)ကမူ တစ်မျိုးတစ်ဖုံ ရူးနှမ်းသူဖြစ်၏။ သူက သူကိုယ်သူ တိုက်ခိုက်သတ်ပုတ်ရေးသမား (ဂလက်ဒီးယေးတား)လို ဟန်လုပ်ခြင်းကို သဘောကျသူဖြစ်၏။ သို့ရာတွင် သူ၏တိုက်ခိုက်မှုများက မျှတခြင်းမရှိပါ။ လက်မပါ၊ ခြေမပါသူများနှင့် သတ်ပုတ်တိုက်ခိုက်ချင် တိုက်ခိုက်နေတတ်၏။ တစ်ခါတစ်ရံဆိုလျှင် သူနှင့်သတ်ပုတ်ရမည့်သူများကို ကြိုတင်၍ ကြိုးနှင့်တုတ်

ထားပြီးမှ သတ်ပုတ်လေ့ရှိသည်။ တောရိုင်းတိရစ္ဆာန်များနှင့် တိုက်ခိုက်ရသည်ကိုလည်း နှစ်သက်သည်ဟု ဆို၏။ ခြသေ့အကောင်တစ်ရာကို တစ်နေ့တည်းသတ်ဖူးသည်ဟုလည်းကောင်း၊ ဆင်သုံးကောင်ကို တစ်ယောက်တည်း လက်ဗလာဖြင့် သတ်ဖြတ်ခဲ့သည်ဟုလည်းကောင်း၊ ငှက်ကုလားအုပ်တစ်ကောင်ကို ခေါင်းထိအောင် ပစ်နိုင်ခဲ့သည်ဟုလည်းကောင်း ကြွားလုံးထုတ်တတ်၏။

ရောမ ကေရာစ်အနွယ်များသည် လူတွေက သူတို့ကိုဖယ်ရှားပစ်ဖို့ ကြံစည်နေကြသည်ဟု ထင်မြင်၏။ လူတိုင်းကို သံသယနှင့်ကြည့်မြင်ကြသည်။ တော်မှန်သော ကေရာစ်များကိုပင် သူတို့၏ ဆွေမျိုးများ၊ နိုင်ငံရေးသမားများနှင့် သူတို့၏ ကိုယ်ရံတော်များက လုပ်ကြံသတ်ဖြတ်တတ်ကြသည်ဖြစ်ရာ သူတို့သည်သံသယ လွန်ကဲသူများဖြစ်နေကြသည်မှာ အံ့ဩစရာမဟုတ်ပါပေ။

## ရောမခေတ် ပျော်ပွဲရွှင်ပွဲများ

လူကြိုက်များသော ကေရာစ်များသည် သာမန်ပြည်သူများအတွက် ပျော်ဖြေမှုပေးရာ၌ ငွေအမြောက်အမြားသုံးစွဲကြသည်။ ထိုပျော်ဖြေပွဲများ ကြည့်ရှုခြင်းဖြင့် အလုပ်များနေသော သူတို့သည် အခွန်တိုးမြင့်ကောက်ခံခြင်းကဲ့သို့ လူတို့မနှစ်သက်သော ကိစ္စများပြုလုပ်သည်ကို သတိမထားမိကြခြင်း ဖြစ်ပေသည်။



## ရထားမောင်းပြိုင်ပွဲ

ရောမသား လူသာမန်တို့တွင် အနှစ်သက်ဆုံးအရာ (၂)မျိုးရှိသည်ဟုဆိုကြသည်။ ထိုအရာများမှာ အစားအသောက်ပေါခြင်းနှင့် ဆပ်ကပ်ပွဲများကြည့်ခြင်းတို့ဖြစ်သည်။

ဆပ်ကပ်ဆိုသည်မှာ ယနေ့ခေတ်လို လူပြက်များ၊ ကျွမ်းဘားသမားများ၊ ကြိုးတန်းလျှောက်သမားများ ပါဝင်ပြသသော ပျော်ဖြေပွဲမျိုးမဟုတ်။ ဆပ်ကပ် (Circus) ဆိုသည်မှာ မြင်းရထားမောင်းပြိုင်ပွဲကျင်းပရာ အားကစားရုံကို ရောမလိုခေါ်ခြင်းဖြစ်ရာ မြင်းရထားမောင်းပြိုင်ပွဲကို ဆိုလိုပါသည်။

မြင်းရထားပြိုင်ပွဲသည် ရောမသားတို့ အနှစ်သက်ဆုံး အားကစား ပြိုင်ပွဲဖြစ်သည်။ ယနေ့ခေတ်တွင် ဘောလုံးအားကစားကို လူကြိုက်အများဆုံးဖြစ်နေသလိုပင်။ ရောမတို့ မြင်းရထားပြိုင်ပွဲကျင်းပရာ'Circus Maximus' အား



ကစားရုံသည် ယနေ့ခေတ် ဝင်ဘလေ အားကစားရုံနှင့် အလားတူ၏။ ပို၍ပင် ကြီးသေးသည်။ ပွဲကြည့်ပရိသတ် ၂၅၀,၀၀၀ဆန့်သည်။ ဝင်ဘလေကွင်းတွင် ဆန့်သော ပရိသတ်၏နှစ်ဆရှိ၏။ ဝင်ကြေးမှာလည်း အခမဲ့ဖြစ်သည်။

မြင်းရထားမောင်းသမားများကို အဖွဲ့များခွဲထားသည်။ အပြာအသင်း၊ အစိမ်းအသင်း၊ အဖြူအသင်းနှင့် အနီအသင်းတို့ ဖြစ်သည်။ မြင်းရထားမောင်းသမားများက သူတို့အသင်း၏ အရောင်အတိုင်း ဝတ်ဆင်ကြသည်။ အသည်းစွဲပရိသတ်များက သူတို့ အနှစ်သက်ဆုံးအသင်းများနောက်မှ လိုက်လေ့ရှိသည်။ သူတို့က မြင်းအားလုံးနှင့် မောင်းသမားအားလုံးကို သိထားကြသည်။ အတော်ဆုံး မြင်းရထားမောင်းသမားများကို ယနေ့ခေတ် ပရီးမီးယားဘောလုံးသမားများလို ဆက်ဆံကြ ချီးမြှင့်ကြ၏။ ထိုရထားမောင်းသမားများသည် ငွေကြေးအမြောက်အမြား ရရှိပြီး သူတို့၏ ရုပ်ပုံများကို ခွက်များ၊ ရုပ်တုများ မိုဇိုက်ပန်းချီများပေါ်တွင် ရေးထိုးထားကြသည်။

အချို့ရောမ ပရိသတ်များသည် သူတို့အားပေးသော အသင်းအတွက်ဆိုလျှင် ဘာမဆိုလုပ်နိုင်ကြသူများဖြစ်၏။ အနီရောင်အသင်းမြင်းမှ ရထားမောင်းသမားတစ်ဦး၏အသုဘတွင် ထိုအသင်းချစ်သူတစ်ဦးက မီးသင်္ဂြိုဟ်နေကြချိန်တွင် မီးပုံပေါ်သို့ ခုန်ဝင်ကာ သူပါအသေခံခဲ့ဖူးသည်။

မြင်းရထားပြိုင်ပွဲ အစတွင် ပြိုင်ပွဲဝင်မြင်းရထားအားလုံးကို ဂိတ်တံခါးဝတွင် တန်းစီထားသည်။ အဝတ်စတစ်စကို မြေပေါ်သို့ ပစ်ချလိုက်ပြီး ပြိုင်ပွဲစရန် အချက်ပေးသည်။ ထိုအခါ ဂိတ်တံခါးဝုန်းခနဲ ပွင့်သွားပြီး မြင်းရထားများကလည်း တဝုန်းဝုန်း မောင်းထွက်သွားကြသည်။

မြင်းရထားကို များသောအားဖြင့် မြင်းလေးကောင်က (ဆွဲ)သည်။ မြင်းဇက်ကြိုးများကို ရထားမောင်းသမား၏ ကိုယ်တွင် ရစ်ပတ်ထားပြီး ထိန်းကျောင်းသည်။ ပြိုင်ဘက်များက မြင်းရထားမှောက်အောင် တမင်ပြုလုပ်ကြသည်။ မြင်းရထားမှောက်သောအခါ မောင်းသူသည် ဒရွတ်တိုက်ပါသွားပြီး အခြားမြင်းရထားများက တက်နင်းသွားတာကိုခံရသဖြင့် အသက်ဆုံးကြရသည်။

မြင်းရထားမောင်းသမားများသည် အသက်မရှည်ကြပါ။ စကော်ပတ်(စ) အမည်ရှိ မြင်းရထားမောင်းသမားသည်

ပြိုင်ပွဲပေါင်း (၂၀၀၀)ကျော်အနိုင်ရခဲ့ပြီး ပြိုင်ပွဲတစ်ခုတွင် ရထားမှောက်ကာ သေဆုံးခဲ့သည်။ ထိုအချိန်တွင် သူ၏ အသက်မှာ (၂၇)နှစ်သာ ရှိသေး၏။

## ဂလက်ဒီယေတာ

မြင်းရထား မောင်းသမားများထက် ပို၍အန္တရာယ်ရင်ဆိုင်ရသူများမှာ လူ/တိရစ္ဆာန်တို့နှင့် တိုက်ခိုက်သတ်ပုတ်ရသည့် ဂလက်ဒီယေတာများဖြစ်သည်။ ဂလက်ဒီယေတာများသည် လေ့ကျင့်ထားသော တိုက်ခိုက်ရေးသမားများဖြစ်၍ ရုံပြည့်ရုံလျှံအားပေးနေသော ပရိသတ်များရှေ့တွင် အသက်စွန့်တိုက်ခိုက်ရသည့် သူဖြစ်၏။

ရောမတွင် ဂလက်ဒီယေတာများ သတ် ပုတ်တိုက်ခိုက်သည်ကို ကြည့်ရှုရာ ရုံကြီးကို ကိုလိုဆီယမ် Colosseum ဟုခေါ်သည်။ အမိုးဖွင့်အားကစားရုံကြီးဖြစ်၍ အထပ်လေးထပ်ရှိသည်။ ရှေ့ဆုံးတွင်နိမ့်၍ နောက်သို့ တစ်တန်းထက် တစ်တန်းတဖြည်းဖြည်း မြင့်သွားသော ခုံပေါင်း ၅၀၀၀၀ တပ်ဆင်ထားသည်။ အားကစားရုံ၏ အလယ်ကောင်ကွင်းပြင်ကို သဲခင်းထားသည်။ တိုက်ခိုက်သတ်ပုတ်ရင်း ထွက်ကျလာသော သွေးများကို စုပ်ယူစေရန်ဖြစ်၏။ ရှေ့ပိုင်းရှိ ခုံတန်းများက အကောင်းဆုံးအတန်းများဖြစ်သည်။ ကံကောင်းလျှင် သွေးများပင် ဖြန်းခနဲစင်လာနိုင်သော နေရာဖြစ်လေ၏။

အဆိုပါ ကိုလိုဆီယမ်တွင် ပွဲအမျိုးမျိုး ကျင်းပသည်။ တိရစ္ဆာန်နှင့်တိုက်ပွဲများ၊ အမဲလိုက်ပွဲ၊ ကွပ်မျက်သည့် အခမ်းအနားများ၊ တိုက်ပွဲကို ပြန်လည်သရုပ်ပြပွဲများ စသည်တို့ဖြစ်ကြသည်။ လူကြိုက်အများဆုံးမှာ ဂလက်ဒီယေတာတို့၏ တိုက်ပွဲများသာ ဖြစ်၏။ ယောက်ျား၊ မိန်းမနှင့် ကလေးများပါမကျန် ထိုပွဲမျိုးကို ဝိုင်းအုံကြည့်ရှုကြ၏။ ထိုသို့ကြည့်ရသော နေ့သည် တစ်မိသားစုလုံးအတွက် ပျော်စရာနေ့ဖြစ်တော့သည်။

ဂလက်ဒီယေတာဟူသော စကားလုံးမှာ ရောမစကား gladius ဂလက်ဒီယပ်(စ)မှဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ ဓားရှည် Sword ဖြစ်၏။ ဓား၊ လှံ၊ ဓားမြှောင်တို့ကို ကိုင်စွဲလျက် တစ်ယောက်နှင့်တစ်ယောက် ဖြစ်စေ၊ ရက်ပေါင်းများစွာ အစာငတ်ထားခံရသဖြင့် ဒေါသမီး တောက်နေသော သားရဲတိရစ္ဆာန်များနှင့် ဖြစ်စေ တိုက်ခိုက်ကြရသည်။ တစ်ဦးဦး အသက်သေသည်ထိ တိုက်ခိုက်ရသည်။ နောက်ဆုံး အသက်ရှင်ကျန်ရစ်သည့် လူ၊ တိရစ္ဆာန်သာလျှင် အနိုင်ရသူဖြစ်သည်။

ထိုတိုက်ပွဲများတွင် အသုံးချရန် ကျားသစ်၊ ခြင်္သေ့၊ ကျား၊ သမင်နှင့် ဝက်ဝံများကို ဖမ်းဆီးစုဆောင်း၍ ဂလက်ဒီယေတာနှင့် တိုက်ပွဲများတွင် သုံးရဖန်များသောအခါ မျိုးပြုတ်မတတ် ဖြစ်လာတော့သည်။

တိုက်ခိုက်ရေးသမား ဂလက်ဒီယေတာများမှာလည်း တိရစ္ဆာန်များကဲ့သို့ပင် ရွေးချယ်စရာမရှိကြပေ။ ဂလက်ဒီယေ



တာအများစုမှာ ကျွန်များ၊ ရာဇဝတ်ကောင်များ၊ စစ်သုံ့ပန်းများ ဖြစ်ကြပြီး ဂလက်ဒီယေတာဖြစ်လာအောင် ဖိအားပေးခံရသူများဖြစ်သည်။ ဂလက်ဒီယေတာ မလုပ်ဘူးဟုငြင်းလျှင်လည်း အသတ်ခံရမည့်သူများဖြစ်၏။ သူတို့က လိုက်လျောပြီး လုပ်ဆောင်ပေးပါက ကျော်ကြားမှု၊ ချမ်းသာကြွယ်ဝမှုနှင့် လွတ်လပ်ခွင့်ကိုပင် ရနိုင်ကြသည်။ လွတ်လပ်သူအချို့ကလည်း ဂုဏ်အတွက်၊ ဆုအတွက် ဂလက်ဒီယေတာ လုပ်ကြ၏။

သူတို့ကို စနစ်တကျသင်တန်းပေး၍ လက်နက်မျိုးစုံနှင့် တိုက်ခိုက်တတ်အောင် သင်ပေးထားသည်။ ဂလက်ဒီယေတာတစ်ယောက်၏နေရာကို အစားထိုးရန်မလွယ်။ ထို့ကြောင့် ဂလက်ဒီယေတာများအား အစားအသောက်အလျှံပယ်ကျွေးမွေးထားသည်။ ကျန်းမာရေးအတွက်လည်း ဆရာဝန်ထားကာ ထိခိုက်ဒဏ်ရာရလျှင် ဂရုစိုက်ကုသပေးသည်။

**ဂလက်ဒီယေတာတို့၏ လက်နက်အမျိုးမျိုး**

ရက်ရှာရီ (Retiarii) ခေါ် ဂလက်ဒီယေတာများက ငြိုင်ဘက်ကိုဖမ်းချုပ်ရန် ပိုက်ကွန်နှင့် သုံးခွမှိန်း၊ ဓားမြှောင်တို့ကို ကိုင်ဆောင်တိုက်ခိုက်ကြသည်။

ဆက်ဂျစ်တာရီ (Sagittarii) များက မြင်းစီး၍ လေးနှင့်မြားကို စွဲကိုင်တိုက်ခိုက်သည်။

သရေ့စက်(စ) (Thraces) များကအနားကျယ်သော သံခမောက်ကိုဆောင်းပြီး ဒိုင်းအငယ်လေးများနှင့် ဓားကောက်များ အသုံးပြုတိုက်ခိုက်သည်။

အင်ဒါဘာတေး (Andabatae) များက သံနန်းကွင်းများဖြင့် ပြုလုပ်ထားသော ကိုယ်ကျပ်အင်္ကျီဝတ်၊ မျက်လုံးပေါက်နေရာ ဖောက်မထားသော ခမောက်ကိုဆောင်းပြီး ဓားကိုင်ကာ မြင်းစီး၍ တိုက်ခိုက်သည်။ မျက်စိမမြင်ရဘဲ တိုက်ခိုက်ခြင်း ဖြစ်၏။

အက်ဆီဒါရီ (Essedarii) တို့က မြင်းရထားကို မောင်းနှင်ရင်းတိုက်ခိုက်သူဖြစ်သည်။

ဘက်(စ)ရှာရီ (Bestiarii) တို့မှာမူ လှံ သို့မဟုတ် ဓားတို့ဖြင့် သားရဲတိရစ္ဆာန်ကြီးများကို သတ်ပုတ်တိုက်ခိုက်သော ဂလက်ဒီယေတာများ ဖြစ်ကြသည်။

ယောက်ျားကြီးများသာ ဂလက်ဒီယေတာအဖြစ် တိုက်ခိုက်သတ်ပုတ်ကြသည်မဟုတ်။ အမျိုးသမီးများနှင့် လူပုလေးများလည်း ဂလက်ဒီယေတာလုပ်ကာ တိုက်ခိုက်ကြသည်များ ရှိခဲ့သည်။

ဂလက်ဒီယေတာတို့၏ တိုက်ပွဲများကို ကြီးကြပ်ပေးသော ဒိုင်လူကြီးများရှိကြသည်။ သူတို့က တိုက်ပွဲတွင်မှန်ကန်မျှတမှုရှိရန် အနားတောင်းလျှင် ခွင့်ပြုရန်တို့ကို ကြီးကြပ်ပေးသည်။

ဂလက်ဒီယေတာတစ်ယောက်က ပြိုင်ဘက်ကို မြေပြင်ပေါ်သို့ လဲကျအောင်လုပ်နိုင်ပြီဆိုလျှင် လဲကျသူအား အသက်ချမ်းသာပေးမည် (သို့မဟုတ်) အဆုံးစီရင်မည်ကို ပွဲကြည့်ပရိသတ် (ဧကရာဇ်လာကြည့်လျှင်ဧကရာဇ်) ကဆုံးဖြတ်ရသည်။ ရှုံးနိမ့်သူကို အရှင်ထားစေလိုလျှင် လက်လေးချောင်းကို ဆုပ်လျက် လက်မကို မိုးပေါ်ထောင်ပြကြပြီး သေစေလိုလျှင် လက်မကို မြေကြီးသို့စိုက်၍ အချက်ပြကြ၏။ တစ်ခါတစ်ရံ သရေပွဲဖြစ်နေလျှင် နောက်နေ့တွင် ဆက်လက်တိုက်ခိုက်ကြရသည်။

**စပါးတားကပ်(စ)**

ရောမလူမျိုးတို့က ကျွန်များအား ဂလက်ဒီယေတာ သင်တန်းပေး၍ တိုက်ခိုက်ခိုင်းသည်ကို မကြိုက်ကြ။ ရောမတို့အား ပြန်တော်လှန်မည်ကို စိုးရိမ်ကြ၏။ သူတို့စိုးရိမ်ထားသလိုပင် BC 73 တွင် ဂလက်ဒီယေတာ (၇၀)ကို စစ်ပြန်တစ်ဦးဖြစ်သော စပါးတားကပ်(စ)က ခေါင်းဆောင်၍ ဂလက်ဒီယေတာသင်တန်းကျောင်းတွင် အုံကြွမှုဖြစ်ခဲ့၏။ ရောမစစ်တပ်က နှိမ်နင်းရန်ကြိုးစားသော်လည်း ရုတ်တရက် မနိုင်နိုင်ခဲ့ပေ။ စပါတားကပ်(စ)ဘက်မှကျွန်များ ပါဝင်လာကြပြီး အင်အား ၇၀၀၀၀ ထိ ရှိလာခဲ့သည်။ နောက်ဆုံးတွင် ရောမတို့ ကြောက်လန့်လာပြီး တပ်မကြီး (၈)တပ်ဖြင့် နှိမ်နင်းခဲ့ရာ ကျွန်တို့၏ လွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်မှု ရှုံးနိမ့်ခဲ့ရသည်။

**ဝေယံသိမ်း**





# ရယ်ရွှင်မြူးကာလ

ဖိုးခွံ ။အောင်ပင်လယ်။

## အလှည့်




အမေရိကန်အနောက်တောင်ပိုင်းကိုဖြတ်ပြီး အမျိုးသမီးတစ်ဦး ခရီးထွက်လာခဲ့ ပါတယ်။ သူမဟာ သဲကန္တာရ သဖွယ် ခြောက်သွေ့နေတဲ့ မြို့ကျယ်ကြီး တစ်ခုအတွင်းမှာ တစ်ညတာစခန်းချ တည်းခိုနေပါတယ်။ ခြောက်ကပ်ကပ် ဖြစ်နေတဲ့ မြို့ကျယ်ကြီးကိုကြည့်ပြီး သူမဟာ ပိုင်ရှင်တစ်ယောက် ဘယ်လိုများ စခန်း သွားနေသလဲဆိုတာ သိချင်လာ ပါတယ်။

ဒါနဲ့ သူမဟာ မြို့ထဲက အိမ်ရှင်ကို ခုလိုမေးပါတယ်။

"ရှင်တို့ဘယ်လိုများလုပ်ပြီး ဒီနေရာမှာ အသက်ရှင်ရပ်တည်ကြသလဲဟင်"

ဒီတော့ အမေးခံရသူက လှေကားခုံမှာ ထိုင်နေသူကို လက်ညှိုးထိုးပြီး–

"အဲဟိုင်နဲ့ပေါ့။ ဒီမြို့ထဲမှာအလုပ်လုပ်ဖို့ ကျုပ်ငှားခဲ့တာလေ။ ဒါပေမယ့် ကျုပ်ဟာ သူ့ကို လုပ်ခမပေးနိုင်ခဲ့ဘူး။ ဒါကြောင့် ဒီမြို့ကို သူ့လက်ထိုးအပ်လိုက်ရတာပါ။ ခု တော့ ဒီမြို့ကိုပြန်ရဖို့ သူ့ဆီမှာအလုပ်လုပ်နေရတယ်ဗျာ"



## အော်သံကြားလို့

"မေမေရေ မေမေရေ ... လာပါဦး။ သမီးကို ငွေတစ်ထောင် လောက် မြန်မြန်လေးပေးစမ်းပါ။ အိမ်ရှေ့က အော်နေတဲ့လူကြီးကို ပေးချင်လို့ပါ။"

"ဟဲ့သမီး အိမ်ရှေ့ကလူကြီး က ဘယ်လိုများအော်လို့တုန်း"


"ဦးထုပ်လှလှလေးတွေ တစ်လုံး မှ တစ်ထောင်တဲ့မေမေ"

## နို့တွေဘာကြောင့်ပျံ့သလဲ

စာသင်ခန်းတစ်ခုမှာဆရာက တပည့်တစ်ယောက်ကို ထရပ်ခိုင်းပြီး ခုလို မေးပါတယ်။

"နို့တွေ ဘာ့ကြောင့် ပျံ့တာလဲဆို တာရှင်းပြစမ်း"

"နို့တွေပျံ့တာ ကြောင်ခုတ်မှာ ကြောက်လို့ပါ ဆရာ"



## ဒါမျိုးလာလုပ်လို့ ဘယ်ရမလဲ



"ခင်ဗျားဝတ္ထု ထုတ်ဝေသူနဲ့ တွေ့လို့ အလုပ်ဖြစ်သွားပြီဆိုဗျ"

"အေး ဟုတ်သကွ"


"ဟန်ကျတာပေါ့ဗျာ။ ဒါနဲ့ စာမူခကောဘယ်လောက်ရသလဲ"

"ငါးသောင်းတည်းပါကွာ"

"ဒါတော့ လွန်တာပေါ့။ ဒါ ခင်ဗျားကို သက်သက်နှိမ်တာပဲဗျ။ ဒါနဲ့ခင်ဗျားက ကော အဲဒီငွေကိုယူခဲ့သလား"

"ဘယ်နှယ့်ကွာ ငါ့ကိုအထင်သေးအမြင်သေးနဲ့ ငါးသောင်းပဲပေးရသတဲ့။ ငါလည်း ဘယ်ရမလဲကွာ စာရေးဆရာပဲ။ အထင်အမြင်သေးတာလောက်တော့ ကောက်ပြီး အိတ်ထဲထည့်ပြလိုက်တာပေါ့"

## လာဘ်ပေးလာဘ်ယူ



စီးပွားရေးသမားတစ်ယောက်ဟာ တာဝန်ရှိ ရာထူးရနိုင်ငံရေးအရာရှိဆီသွားပြီး သူ့ရဲ့ လုပ်ငန်းတစ်ခု အကောင်အထည်ဖော်နိုင်ဖို့ ချဉ်းကပ်ခဲ့ပါတယ်။ သူက နိုင်ငံရေး အရာရှိကို ကားတစ်စီးလက်ဆောင်ပေးပါရစေလို့ ကမ်းလှမ်းခဲ့ပါတယ်။

"ခင်ဗျားပေးတဲ့ကားကို ကျုပ်လက်ခံလို့ ဘယ်ဖြစ်မလဲဗျာ။ ဒါဟာ ကျုပ်ကို လာဘ်ထိုး တဲ့ကိစ္စပဲ"

ဒီတော့ စီးပွားရေးသမားက–

"အဲဒီသဘောမျိုး မဟုတ်ရပါဘူးခင်ဗျာ။ အရောင်းအဝယ်သဘောပေါ့။ ဆရာ့ကို ကားတစ်စီးနှစ်သိန်းနဲ့ ရောင်းပါ့မယ်"လို့ ပြောတော့ တာဝန်ရှိ နိုင်ငံရေးသမားက ချက်ချင်းပဲ တုန့်ပြန်လိုက်ပါတယ်"

"ကောင်းပြီလေ ဒီလိုဆိုရင်တော့ ကျုပ်ကနှစ်စီးဝယ်ပါ့မယ်"

## ဒီလိုပြောကြတာပဲ

အလုပ်ရှင်က စာရေးမကို မှာကြားနေပါတယ်။

"နေ့လယ်ပိုင်းမှာ ဘယ်သူပဲ ဖုန်းဆက်ဆက်၊ ငါစကားမပြောချင်ဘူး။ ဒီတော့ ဖုန်းထဲကလူက အရေးကြီးလို့ပါ။ သူဘယ်သူပါလို့ ဘယ်လိုပဲပြောပြော ဒီလိုပြောကြတာပဲ"လို့သာ ပြန်ပြောလိုက်ကြား လား"



"ဟုတ်ကဲ့ ဘောစ်"

နေ့လယ်ပိုင်းရောက်တော့ အလုပ်ရှင့်ရဲ့ဇနီး ဆရာကတော်က ဖုန်းဆက်လာပါတယ်။

"ကျွန်မ သူ့မိန်းမပါရှင်"တဲ့။ သေသေချာချာရှင်းပြပါတယ်။

ဒီတော့ စာရေးမက ခုလိုပြန်ပြောလိုက်ပါတယ်။

"ဒါတော့ ဒီလိုပဲပြောကြတာပဲ"တဲ့။

## ဒါလေးများ




ခြောက်နှစ်သားအရွယ် ကျောင်းသားလေးကအတန်းထဲမှာငိုနေတော့ ဆရာမက "ဘာဖြစ်လို့ ဒါလောက်ကြီး ငိုနေတာလဲကလေးရယ်"လို့ကရုဏာသက်စွာမေးပါတယ်။

"သားသား ကျောင်းမတက်ချင် ဘူး။ ဆယ့်ခြောက်နှစ်ကြီးများတောင် ကျောင်းနေရမှာအကြာကြီးပဲဗျ။ ဟီး . . ဟီး"

"ဒါလေးများ ကလေးရယ်။ တိတ်ပါတိတ်ပါ ငိုမနေပါနဲ့။ ဆရာမဆိုရင် အသက်ခြောက်ဆယ်ထိတောင် ကျောင်းမှာနေနေရဦးမှာကွယ်"

## ကိုယ့်အပြစ်နဲ့ကိုယ်ပါကွယ်



မိန်းမအနိုင်ခံရတဲ့လူတစ်ယောက်ကို အိမ်ထောင်ကျခါစ လူငယ်တစ်ဦးက မေးမြန်းခဲ့ပါတယ်။

"ခင်ဗျား မိန်းမနဲ့ ခင်ဗျားကို ဘယ်သူက မိတ်ဆက်ပေးခဲ့တာလဲဟင်"

ဒီတော့ အိမ်ထောင်သည်က ခေါင်းကိုလေးလေးတွဲ့တွဲ့ခါရမ်းရင်း-

"ဘယ်သူကမှ မိတ်ဆက်ပေးတာမဟုတ်ပါဘူး။ တို့ဘာသာတွေ့ခဲ့ကြတာပါ။ ဒီအတွက် ဘယ်သူ့မှအပြစ်မတင်လိုပါဘူးကွာ။ ကိုယ့်အပြစ်နဲ့ကိုယ် ရှိပါစေတော့"

ရဲ မြ လွင်

# လောကကြီး၏အကြီးမားဆုံးအရာကို မြင်ခဲ့သောထိုမျက်ဝန်း

# ဝီလျံ-ဟာရှဲလ်



လောကကြီးမှာ အကြီးမားဆုံးအရာဟာ ဘာလဲလို့မေးလာခဲ့ရင် စကြဝဠာကြီးပဲလို့ဖြေရမှာပေါ့ ညီလေးရယ်။ ဂေါတမမြတ်စွာဘုရားကလည်း စကြဝဠာအနန္တလို့ ဟောကြားတော်မူခဲ့တယ် မဟုတ်လား။

ဒီလောက်တောင် အပြောကျယ်လှတဲ့ စကြဝဠာကြီးကို မြင်အောင်ကြည့်နိုင်ခဲ့တယ်ဆိုတော့ ဘယ်လောက်ထက်မြက်စူးရှတဲ့ မျက်ဝန်းလည်းဆိုတာ ညီလေးတို့ပဲ စဉ်းစားကြည့်ကြပေတော့ကွယ်။ အဲဒီပုဂ္ဂိုလ်ကြီးရဲ့အမည်က ဝီလျံ ဟာရှဲလ်လို့ ခေါ်တယ်ကွယ့်။

သူ့ကို ၁၇၃၈ ခုနှစ်တုန်းက ဂျာမနီမှာ မွေးဖွားခဲ့တယ်။ စစ်တီးဝိုင်းခေါင်းဆောင်ဖြစ်တဲ့ သူ့ဖေဖေဟာသားဖြစ်သူ့ကိုငယ်စဉ်ကတည်းက ကသီချင်းတွေ၊ဂီတတွေအကြောင်းကို သင်ကြားပြသခဲ့တယ်။



ညအခါမှာ သားအဖနှစ်ယောက် သီချင်းတကျော်ကျော်သီဆိုကြရင်း ကောင်းကင်ပေါ်မှာ စိန်မှုန်ကလေးတွေ ဖြန့်ကြဲထားသလို တဖျပ်ဖျပ်ဝင်းလဲ့နေတဲ့ ကြယ်ကလေးတွေရဲ့အကြောင်းကိုလည်း ပြောပြခဲ့တယ်။ ဖခင်ဖြစ်သူရဲ့ ပညာအမွေဟာ သားရဲ့ဘဝကို အကြီးအကျယ် ပြောင်းလဲစေခဲ့တယ်။

ဟာရှဲလ် အသက် (၁၉)နှစ်သား အရွယ်ရောက်တော့ ဖခင်ဖြစ်သူနဲ့အတူ အင်္ဂလန်ကို လိုက်သွားပြီး တယောပညာနဲ့ နဲ့မှုတ်ပညာတွေကို လိုက်စားကာဂီတနဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့တယ်။ အားလပ်တဲ့ ညချမ်းအခါမျိုးမှာ ကြယ်ကလေးတွေကို လေ့လာနေခဲ့ပြန်တယ်။ သူဟာ ဘုရားကျောင်းတစ်ကျောင်းမှာ အော်ဂင်တီးသမားအဖြစ် အလုပ်လုပ်ရင်း စက္ကူလိပ်ကြီးတွေ၊ မှန်ဘီလူးတွေနဲ့အဝေးကို မျှော်ကြည့်နိုင်တဲ့ အဝေးကြည့် တယ်လီစကုတ်ကို တီထွင်ပြန်တယ်။

သူ့ပထမဦးဆုံး တီထွင်ခဲ့တဲ့ စက္ကူလိပ်မှန်ပြောင်းနဲ့ပဲ နေစကြဝဠာထဲက အကြီးဆုံးဖြစ်တဲ့ ဂျူပီတာဂြိုဟ်(ကြာသပတေးဂြိုဟ်)ကို စတင်တွေ့ရှိနိုင်ခဲ့တယ်။ ဒါပေမဲ့ သူ့မှန်ပြောင်းက ဝေးလွန်းတဲ့ကြယ်ကလေးတွေကို မမြင်နိုင်သေးတဲ့အတွက် သည်ထက်ကောင်းတဲ့ မှန်ပြောင်းကိုလုပ်ဖို့ ကြိုးစားပြန်တယ်။

ဆိုင်က အရည်အသွေးကောင်းတဲ့ မှန်ပြောင်းတွေကျပြန်တော့ ငွေကြေးမတတ်နိုင်တဲ့အတွက် မဝယ်နိုင်ရှာဘူးကွယ့်။ ဒီတော့ လက်ရှိမှန်ပြောင်းကိုပဲ ကောင်းသည်ထက်ကောင်းအောင် မွမ်းမံရတော့တာပေါ့ကွယ်။


ဈေးသက်သာပြီး အရည်အသွေးကောင်းတဲ့ မှန်ပြောင်းကို ရဖို့အတွက် ဟာရှဲလ်ဟာ တစ်နေကုန်တစ်နေခန်း ရွှေ့တလုံးလုံးနဲ့ မှန်တွေကို ထိုင်သွေးရတယ်။ မှန်ပေါင်း အချပ်နှစ်ရာလောက်ကုန်တော့ အချင်း ၃၇ စင်တီမီတာလောက်ရှိတဲ့

အလွန်အားကောင်းတဲ့ မှန်ဘီလူးကြီးကို ရရှိတော့တယ်။


အဲဒီအချိန်မှာ ဟာရှဲလ်ရဲ့အသက်က (၃၆)နှစ်ရှိနေပြီ။ ညရောက်တဲ့အခါမှာ ညီမဖြစ်သူနဲ့အတူ ဟာရှဲလ်ဟာကောင်းကင်က ကြယ်တွေကိုမော့ကြည့်နေခဲ့ရာက ယူရေးနပ်စ်ဂြိုဟ်ကို စတင်တွေ့ရှိကြပြန်တယ်။ သူ့ရဲ့တွေ့ရှိအောင်မြင်ချက်တွေကြောင့် အင်္ဂလန်အစိုးရက ဆုငွေတွေအများကြီးပေးခဲ့ပြီး သုတေသနဆက်လက်လုပ်ဆောင်ဖို့အတွက် နှစ်စဉ်ထောက်ပံ့ကြေးတွေ ပေးခဲ့ပြန်တယ်။ ဒီတော့ ဟာရှဲလ်အဖို့ ဂီတလုပ်ငန်းကို စွန့်လွှတ်ပြီး နက္ခတ်ဗေဒကို ဖောက်ချလေ့လာနိုင်ခဲ့တာပေါ့ကွယ်။

ဟာရှဲလ်ရဲ့ တီထွင်တွေ့ရှိချက်တွေအားလုံးဟာ လောကရဲ့ အကြီးမားဆုံးအရာကို မြင်တွေ့နိုင်ဖို့ လမ်းညွှန်ပေးသလို ဖြစ်နေတယ်။ ဒီလိုနဲ့ ဘယ်သူမှ မစဉ်းစားဝံ့တဲ့ ရောမအကြံအစည်ကြီးတစ်ခုကို ဟာရှဲလ်က ကြံစည်လိုက်တယ်။ ပထမဆုံးသူက ကောင်းကင်မှာရှိတဲ့ ကြယ်တွေအားလုံးကို ရေတွက်ဖို့ကြိုးစားတယ်။

ကောင်းကင်ပြင်ကြီးတစ်ခုလုံးကို သူက အကွက်ကလေးပေါင်း (၁၀၈) ကွက် ခွဲလိုက်ပြီး တစ်ကွက်ချင်းမှာ ပါဝင်တဲ့ ကြယ်တွေရဲ့ အရေအတွက်ကို အချင်း (၅၇) စင်တီမီတာလောက်ရှိတဲ့ ရောမှန်ပြောင်းကြီးနဲ့ ကြည့်ရှုရေတွက်တယ်။ ဒီအချိန်ကစပြီး ဂဲလက်ဆီလို့ခေါ်တဲ့ နဂါးငွေ့တန်း စကြဝဠာတစ်ခုလုံးရဲ့ရုပ်သွင်ကို မြင်နိုင်ဖို့ နိဒါန်းစလာခဲ့တော့တယ်။



စကြဝဠာကြီးထဲမှာ တွေ့ရတဲ့ ကြယ်တွေဟာ နီးတဲ့ကြယ်တွေက တောက်ပပြီး ဝေးတဲ့ကြယ်တွေကတော့ မှေးမှိန်ကြတယ်ကွယ့်။ ကြယ်အမျိုး



မျိုးကို လိုက်လံရေတွက်ရင်းက ဟာရှဲလ်ရဲ့ မျက်ဝန်းအစုံမှာ စကြဝဠာကြီးရဲ့ရုပ်သွင်က အထင်းသားပေါ်လာတော့တယ်။

သူက စကြဝဠာကြီးကို အထူတစ်စင်တီမီတာနဲ့ အချင်း ၅စင်တီမီတာလောက်ရှိတဲ့ မုန့်ဘီလူးခုံးကြီးတွေနဲ့ တူတဲ့အကြောင်း စကြာဝဠာကြီးရဲ့အချင်းဟာ အလင်းနှစ် ၇၀၀ လောက်ရှိတဲ့အကြောင်း စာအုပ်တွေရေးခဲ့တယ်။

ကြယ်တွေရဲ့အကွာအဝေးကို သိပ္ပံနည်းကျကျတိုင်းတာလာပြီး တွင်းနက်ကြီးကိုတောင် ရှာဖွေတွေ့ရှိနိုင်ခဲ့တဲ့ အခုလိုခေတ်မှာ စကြဝဠာကြီးရဲ့ပုံပန်းဟာ အလင်းနှစ်တစ်သိန်းလောက်ရှိတဲ့ နှစ်ဖက်ခုံးပေါင်မုန့်အပိုင်းကြီးနဲ့ တူတဲ့အကြောင်း သိလာရတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀) ကျော် ဟာရှဲလ်ခန့်မှန်းချက်နဲ့ အရွယ်အစားကွာဟနေပေမယ့် ပုံသဏ္ဌာန်ချင်း တစ်ထပ်တည်းတူနေတာကို တအံ့တဩ တွေ့ကြရတော့တယ်။

သိပ္ပံပညာရှင် ဟာရှဲလ်ကတော့ အဲဒီဂုဏ်ပြုလက်ဆောင်တွေ၊ ဆုငွေတွေနဲ့ တင်းတိမ်မနေဘူးကွယ့်။ သူ့ဘဝတစ်လျှောက်လုံးမှာ အာကာသသိပ္ပံကို ဆက်လက်သုတေသန ပြုနေခဲ့ရှာတယ်။ ဒီလိုနဲ့ အသက် (၈၃)နှစ်အရွယ်မှာ ကွယ်လွန်ခဲ့တယ်။ သူမကွယ်လွန်မီ (၂)လလောက်အလိုမှာတောင် ကမ္ဘာ့လူသားတွေအတွက် တွေ့ရှိချက်အသစ်တစ်ခုကို နှုတ်ဆက်လက်ဆောင် ပေးခဲ့ရှာတယ်။ အဲဒါကတော့ စကြဝဠာကြီးအတွင်းက လေဟာနယ်ကို တွေ့ရှိခဲ့တာပါပဲကွယ်။

ရဲမြလွင်

# Cartoon



စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်မို့ ဒီနေ့အိမ်မှာ လူစုံစုံရှိနေကြတယ်။ နှစ်တစ်ခုတည်းမှာပဲ အတူမွေးခဲ့ကြတဲ့ သုံးလခြား၊ လေးလခြား၊ တစ်လခြား ကလေးသုံးယောက် အိမ်မှာရှိတယ်။ အိမ်နာမည်လေးတွေ ပြောပြမယ်။ ပိုးပိုး၊ ခေတ်ခေတ်နဲ့ သားတုန်လို့ ခေါ်ကြပါတယ်။ ပိုးပိုးက (၁)လပိုင်းမှာမွေး၊ ခေတ်ခေတ်က (၂)လပိုင်းမွေး၊ သားတုန်ဆိုတဲ့ အငယ်ဆုံးယောက်ျားလေးကတော့ (၅)လပိုင်းမှာမွေး။ သူတို့လေးတွေ မတိမ်းမယိမ်းနဲ့၊ မိသားစုတစ်စုတည်းမှ အဖေ၊ အမေ မောင်နှမရင်းတွေက မွေးခဲ့ကြလို့ သူတို့ လေးတွေဟာ အိမ်တစ်အိမ်တည်းမှာ အတူနေခွင့်ရကြတယ် (သဘာဝက ပေးတဲ့ အဖော်မွန်လေးတွေအဖြစ်)။ မိဘတွေရဲ့ လုပ်ငန်းဆောင်တာတွေ မတူညီကြတာရယ်ကြောင့် ကိုယ့်အလုပ်နဲ့ကိုယ် အလျှင်းသင့်သလို ကလေးတွေကိုလည်း တစ်နေ့ရာစီ မတူမညီထားကြရတယ်။

# လောကတစ်ခွင် ခြုံကြည့်ရာတွင်



မိုး နှင်း ဝေ

သားသားကကြီးရင် ဖယ်ရီကားမောင်းတဲ့ဦးလေးကြီးလုပ်မှာတဲ့။ ဟင် ဟာနဲ့ အောက်ကလူကြီးပရိသတ်တွေ ဖြစ်ကုန်ပြီပေါ့။ သားငယ်လေးက ဆက်ပြောတယ်။ ဖယ်ရီကားမောင်းရင် သားသားပိုက်ဆံတွေအများကြီးရမှာလေ။ အဲဒါ မေမေ့ကို သားသားကပိုက်ဆံတွေပေးမှာတဲ့။



မိန်းကလေးနှစ်ယောက်နဲ့ ယောကျ်ားလေး တစ်ယောက်ဖြစ်တဲ့ သူတို့ ဝမ်းကွဲမောင်နှမတွေ ဒီလိုကျောင်းပိတ်ရက် ဆို အိမ်မှာ ဆူညံစည်ကားစွာဆော့ကစား ဆဲ့ဖြစ်ကြတယ်ပေါ့။

ကျောင်းပိတ်ရက်ဆိုတော့ အဘွား ဖြစ်သူရဲ့အခန်းမှာ လူစုမိကြတယ်။ လူကြီးတွေကလည်း တီဗီကြည့်တဲ့သူကကြည့်ရင်း စကားပြောတဲ့သူကလည်း ပြောရင်းပေါ့။ သူတို့ကလေး (ခုတ်လိုက်)သုံးယောက်ကလည်း အဘွားရဲ့ခုတင်ပေါ် ခုတင်အောက် ခုတင်ဘေးပါမကျန် ခြောင်းဆန်အောင် ဆော့ကစားနေကြတယ်ပေါ့။

သားသားတို့ ကျောင်းသွားတမ်း ဆော့ရအောင် မယိုးနဲ့ မမခေတ်ရေ။ အေးဆော့မယ်လေ။ သားသား လာ ကျောင်းသွားကြမယ်တဲ့။ ကားပေါ်ကိုတက် သားသားကားမောင်းမယ်။ အေးအေး တက်ပြီ သားသားရေ မမတို့တက်ပြီ။ (သူတို့အချင်းချင်း အသက်မကွာပေမဲ့ မောင်လေးလို့မခေါ်ဘဲ လူကြီးတွေခေါ်တဲ့အတိုင်းပဲ သားသားဟု တစ်အိမ်လုံးနှုတ်ကျိုးနေကြ)။ ခဏနေတော့ ကျောင်းရောက်ပြီ မယိုးတို့ မမခေတ်တို့ရေ။ ဆင်းတော့။ အေး ဆင်းပြီးနော်။ ကျောင်းရောက်ပြီလာ စာသင်ကြမယ်တဲ့။ ညီအစ်မနှစ်ယောက်က စာသင်ခန်းဝင်တဲ့စတိုင်လ်နဲ့ပေါ့။ ကျွန်မရဲ့ သားတော်မောင်က ဖက်လုံးကြီးကို ကားမောင်းတယ်ဆိုပြီး လုပ်နေရာကနေ စာသင်ခန်းထဲ ဝင်စာသင်မယ့်ထဲမှာ သူမပါဘူး။ ဒါနဲ့လူကြီးဝိုင်းက သူတို့ထက်ကြီးတဲ့ တက္ကသိုလ်ကျောင်းသူအစ်မက သားသား နင်ရောဆင်းလေ။ ကျောင်းရောက်ပြီ၊ စာသင်ရမှာပါဆိုလို့ ပြောတဲ့အခါ ကျွန်မရဲ့သားလေးက ဘာပြန်ပြောလဲဆို ဟင့်အင်း။ သားသားက ကားမောင်းလိုက်ပို့တာ အောက်မဆင်းဘူးလေတဲ့။ လူကြီးတွေရဲ့ အာရုံက ကလေးသုံးယောက်ဆီ ရောက်ကြပါပြီ။

လူကြီးဝိုင်းထဲက တစ်ယောက်က လှမ်းမေးပါတယ်။ မိုးမိုးကြီးရင် ဘာလုပ်မှာလဲဟင်ဆိုတော့ မိုးမိုးက အင်ဂျင်နီယာကြီးလုပ်မှာပါတဲ့။ ခေတ်ခေတ်ကြီးရင် ဘာလုပ်မှာလဲဟင်ဆိုတော့ ခေတ်ခေတ်က ဆရာဝန်မကြီးလုပ်မှာပါတဲ့။ အင်း သားသားကြီးရင်ရော ဘာလုပ်မှာလဲဆိုတော့ ကျွန်မသားလေးရဲ့ အဖြေကို ရှုစားတော်မူကြပါနော်။

သားသားကကြီးရင် ဖယ်ရီကားမောင်းတဲ့ ဦးလေးကြီးလုပ်မှာတဲ့။ ဟင်ဟာနဲ့ အောက်က လူကြီးပရိသတ်တွေဖြစ်ကုန်ပြီပေါ့။ သားငယ်လေးက ဆက်ပြောတယ်။ ဖယ်ရီကားမောင်းရင် သားသား ပိုက်ဆံတွေအများကြီးရမှာလေ။ အဲဒါမေမေ့ကို သားသားက ပိုက်ဆံတွေ ပေးမှာတဲ့။ လူအများက ဩဘာပေးကြပါပြီ။ နင်က လူလည်ပဲတဲ့။ နင် စာမသင်ချင်ဘူးလား။ နင့်အမေက နင့်ကိုသေနတ်ဝယ်ပေးတုန်းက နင်စစ်ဗိုလ်ကြီး လုပ်မှာဆိုနဲ့ တစ်ယောက်တစ်ပေါက်တွေ ပြောကြပြီပေါ့။

ကျွန်မကတော့ ကျေနပ်ပါရဲ့။ လေး

နှစ်အရွယ် သားငယ်လေးဟာ လတ်တလောသူ့အမြင်မှာ မြင်နေရတဲ့ အရာတွေ အပေါ်မှာပဲ သူ့ခံစားတွေးတောတတ်သူပါ။ ဆရာဝန်တွေကို သူအများကြီးမမြင်ဖူးသေးဘူး။ သူနေမကောင်းလို့ ဆေးခန်းသွားပြရတဲ့ အခါမှာပဲ ဆရာဝန်ဆိုတာ သူသိသေးတာ။ အင်ဂျင်နီယာ၊ အင်ဂျင်နီယာဆိုတာ တိုက်တွေဆောက်တယ်လို့ လူကြီးမိဘတွေပြောတဲ့ အပြောပဲ သူကြားဖူးသေးတာ။ အင်ဂျင်နီယာရဲ့ လုပ်ဆောင်ချက်နဲ့ ဘဝဆိုတာကို သူမသိမမြင်ဖူးသေးပါ။ ထို့နည်းအတူ တခြားသောအရာများကို မကျွမ်းဝင်သေးတဲ့ ဒီအရွယ်ကလေးတစ်ယောက်ရဲ့ ထင်မြင်ယူဆချက်ကို အတည်လို့မှတ်ယူသူဟာ ဦးနှောက် Level တိုးရဦးမယ်ထင်ပါတယ်။

တခြားကလေးလေးတွေ သူတို့စိတ်ကူး။ သူတို့ဆန္ဒပေါ်တဲ့အတိုင်းလေးတွေ ပြောကြပါစေ။ သူတို့လေးတွေမှာလည်း သူတို့လွတ်လပ်မှုနဲ့သူတို့ ရှင်သန်ဖူးမွှင့်ကြပါစေ။ ဆရာဝန်ဖြစ်တာ သိပ်ကောင်းတာပေါ့။ ကျွန်မတို့လူသားတွေ့ရဲ့နာမကျန်းမှုများအတွက် ဒီလောကမှာဆရာဝန်ဆိုတာ မဖြစ်မနေ ရှိကိုရှိရမှာပေါ့လေ။ အင်ဂျင်နီယာရှိရမှာပေါ့။ တိုက်တာနေ အိမ်အဆောက်အအုံတွေ ဖြစ်လာဖို့ရာ အင်ဂျင်နီယာဆိုတဲ့ ပညာရှင်တွေ ရှိကိုရှိမှဖြစ်မှာ။ အင်ဂျင်နီယာများစွာ ဖြစ်ထွန်းပေါ်ပေါက်ပါစေ။ အဆောက်အအုံတစ်ခုလုံးပြီးမြောက်ဖို့ အင်ဂျင်နီယာတစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူး။ စ လယ်ဆုံး သူ့တာဝန်နဲ့သူ လိုအပ်ခြင်းမှာ ပန်းရံ၊ အုတ်သယ်၊ ဆေးသုတ်သမား။ ဒီလူတွေရော မရှိလို့ဖြစ်ပါ့ရဲ့လား။

လမ်းခင်းတဲ့ လုပ်သားတွေ မရှိခဲ့ရင် ကျွန်မတို့ဒီလမ်းတွေကို ဘယ်လိုများ သွားလို့ဖြစ်မလဲလေ။ လမ်းမပေါ်မှာ တံမြက်စည်းလှည်း။ အမှိုက်သိမ်းပေးတဲ့သူတွေ မရှိရင်ရော ကျွန်မတို့ကမ္ဘာမြေ အမှိုက်ပုံတွေချည်းသာ ဖြစ်ရော့မယ်။ ရေပိုက်ပြင်သမား။ အိမ်သာကျင်းတူးသမားများကရော မလိုအပ်တော့ဘူးလားဟင်။



သူတို့မရှိရင် ကိုယ်ပါမယ့်အိမ်သာ ကိုယ့်ဘာသာ တူးရတော့မှာပါလား။ ပျက်နေတဲ့ပိုက် ဘယ်သူ့များခေါ်ပြီး ဆက်ရမှာပါလိမ့်နော်။ ကျွန်မတွေးမိတာကို ပြောတာပါ။ ဆိုက်ကားဆရာ Taxi ဆရာတွေ ဒီလောကမှာ တစ်ယောက်မှမရှိတော့ဘူး ဆိုရင်ရောဟင်။ ကျွန်မတို့ သွားရေးလာရေး ဘယ်လိုများ အဆင်ချောနိုင်ပါ့မလဲ နော်။ ကျွန်မတို့လည်း လက်ရှိအိမ်မှာ ကားတွေ တစ်စီးမက ကိုယ်ပိုင်ရှိကြပေမယ့် နေရာတိုင်းကို ဒီကားတွေ ကိုယ်တိုင်မောင်းပြီး လမ်းတိုင်းကို ခရီးမရောက်နိုင်ပါဘူး။ ဆိုင်ဖွင့်တဲ့သူ၊ ဈေးသွားတဲ့သူ၊ ခရီးထွက်ရသူ၊ အလုပ်အတွက် အသုံးချသူ၊ ကိုယ်ရေးကိုယ်တာများအတွက် အလှူအတန်းသာရေးနာရေး ပွဲတွေသွားရတာမျိုး ကိစ္စအမျိုးမျိုးနဲ့ လည်ပတ်နေရတဲ့ ကျွန်မတို့ လူ့ဘဝအထွေထွေမှာ တစ်ကြောင်းတည်းမကသော အကြောင်းကြောင်းများနဲ့ အဆင်ပြေသလို စီးရတဲ့ ကိစ္စများမြောင် ဤလူ့ဘောင်ဝယ်။ သားငယ်လေးကို ကျောင်းအသွားမှာတော့ ကျွန်မကိုယ်တိုင်လိုက်ပို့နိုင်ပေမယ့် ကြိုချိန်မှာတော့ သမီးကြီးကိုကြိုရတာနဲ့ ကျောင်းချင်းကမတူ၊ နေရာချင်းက တစ်နေရာစီမှာ။ ကျောင်းဆင်းချိန်က တစ်ချိန်တည်းဖြစ်နေတဲ့အခါ နှစ်ယောက်လုံးကို တစ်ပြိုင်နက်တည်းကြိုဖို့က ဘယ်လိုမှ မဖြစ်နိုင်တာမို့ မူကြိုသားငယ်လေးကို ဖယ်ရီနဲ့ပြန်ဖို့ စီစဉ်ပေးထားရပါတယ်။ ဖယ်ရီနဲ့ပြန်နေကျဖြစ်နေပြီဖြစ်တဲ့ သားငယ်လေးဟာ မနက်မိုးလင်း အမေကျွေးမွေးပြင်ဆင်ပေးတာ စားသောက်ပြီး ကျောင်းကို အမေနဲ့သွား။ ကျောင်းမှာ တစ်နေကုန်ဆရာမများနှင့်။ ကျောင်းဆင်းချိန် နေ့တိုင်းကတော့ ဖယ်ရီကား/ဖယ်ရီဆရာနဲ့ နှစ်ပါးသွား။ အခုတော့ သားငယ်လေးက ဖယ်ရီကိုပျော်ပျော်ကြီး စီးတတ်နေပြီ။ လမ်းတွေ တော်တော်များများကိုလည်း သူ မှတ်မိနေခဲ့ပြီ။ (မူကြိုတက်နေစဉ် အရွယ်မှာတင် သူလူရည်လည်နေပြီ)။ လကုန်ရက်တွေမှာ သူ့ရဲ့ဖယ်ရီကားဆရာကို သူကြီးရင်ဘာလုပ်မလဲဆိုတဲ့ မေးခွန်း



အတွက် လက်ရှိမှာသူအားကျတာ၊ သူ့စိတ်ထဲမှာ ရှိတဲ့အတိုင်းပြောတာ ကျွန်မဘာမှစောဒကတက်စရာမလိုပါရှင်။ ထို့ထက်ပိုစွာ ပိုက်ဆံတွေကို မေမေ့ကို ပေးမှာဆိုတဲ့ သိတတ်မှုကလေးဟာ ကျွန်မအတွက် ချစ်စရာ။

အမေအပေါ်မှာ သူစေတနာမေတ္တာတွေ ထားတတ်နေခြင်းကိုသာ ကျွန်မအတွက် ပီတိဖြစ်စရာပါ။ တကယ်ဟုတ်တာ မဟုတ်တာအပထားလို့ သူဟာ ဘဝတစ်လျှောက်လုံးကို တွေ့ကြုံဖြတ်သန်းရဦးမယ်။ သူဖြတ်သန်းသွားမယ့် လူ့ဘဝတစ်လျှောက်လုံးမှာ နောက်ထပ်အရာများစွာသူမြင်သိခံစားရဦးမယ်။ သူ့ရဲ့အမြင်ခံစားမှု၊ ခံယူချက်နဲ့ အတွေ့အကြုံတို့ဟာ အရွယ်နဲ့အမျှ ပြောင်းလဲလာပြီးတစ်နေ့ သူဘာဖြစ်လာမလဲဆိုတာကတော့ ကျွန်မ မမှန်းဆတတ်ပေမယ့် ...

မိဘဆိုတာ ကိုယ့်သားသမီးကို အောင်မြင်ဖြစ်ထွန်းစေချင်သူချည်းပဲလေ။ ဘယ်မိဘမှ ကိုယ့်သားသမီးကို နိမ့်။ ဆိုး။ လု၊ နိုက်၊ သူခိုး။ ဓားပြ၊ ဖွန်ကြောင်၊ လူဆိုး ဖြစ်စေချင်ပါ့မလဲ။ မိဘတိုင်းက ကိုယ့်သားသမီးတွေကို ထွန်းတောက်စေချင်သူ၊ အောင်မြင်ပျော်ရွှင် ကြီးပွားချမ်းသာ ရာထူးအာဏာပါဝါဆိုတာတွေကို ရစေချင်၊ ပိုင်ဆိုင်စေချင်သူချည်းပါ။ သားသမီးတွေအတွက် ဖြစ်ထွန်းစေချင်တဲ့ စေတနာနဲ့ မေတ္တာတွေဟာ မိဘတိုင်းမှာ ရှိကြတာ မြေကြီးလက်ခတ်တာမှ လွဲချင်လွဲနေဦးမယ်။ အဲဒီအမှန်တရားကတော့

> ဘာပဲဖြစ်ဖြစ် ဒီလောကမှာလူဆိုတာ အပျက်သမားမဖြစ်ဖို့ အပြုသဘောဆောင်သူဖြစ်စေဖို့ အရေးကြီးလွန်းလှပါတယ်။ ငါကဘယ်နေရာမှာ ဘာကောင်ဆိုတာတွေထက် ဒုက္ခဆင်းရဲများကို မျှဝေခံစားကူညီ ကယ်ဆယ်စာနာနားလည်ပေးတတ်တဲ့

ဘယ်တော့မှ လွဲလိမ့်မယ်မဟုတ်ပါ။

ကျွန်မငယ်စဉ်ကလေးဘဝတုန်းက အိပ်ရာဝင်မိဘနှစ်ပါးကို ကန်တော့စဉ်မှာ ဖေဖေနဲ့ မေမေက အမြဲပေးတဲ့ဆုရှိပါတယ်။ သမီးလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဆရာဝန်မကြီး ဖြစ်ပါစေ၊ ပညာတတ်ကြီးဖြစ်ပါစေ။ သူတော်ကောင်းမလေးဖြစ်ပါစေဆိုတာ။ ကောင်းတဲ့ဆုတိုင်းမပြည့်ခဲ့ပါ။ ကျွန်မ ဆရာဝန်လည်း မဖြစ်ခဲ့ပါဘူး။ ဆုတောင်းတိုင်းပြည့်တာ မဟုတ်ရသလို ကိုယ့်ရဲ့ကြိုးစားအားထုတ်မှုနဲ့ ဘဝပေးအခြေအနေတွေဟာ ပြောင်းလဲခဲ့ပါတယ်။ ကျွန်မကိုဆုတောင်း ပေးတဲ့ မိဘနှစ်ပါးဟာ ကျွန်မဆယ်တန်း တက်မယ့်နှစ်မှာပဲ အသက်ဆုံးသွားကြသလို အခုကျွန်မလည်း ဆရာဝန်တစ်ယောက် ဖြစ်မနေခဲ့ပါဘူး။ ကျွန်မရဲ့ ဝါသနာ၊ ကျွန်မရဲ့ဉာဏ်အရတော့ လက်ရှိမှာ ဒီလိုစာ

တွေကို ရေးသားတဲ့သူတော့ ဖြစ်ခဲ့တယ်။ ရှေ့က ကျေးဇူးကြီးမားလှပါသော ဆရာဆရာကြီးများထားခဲ့သော စာပေအသိပညာအမွေအနှစ်များနှင့် ကိုယ့်ရှေ့က သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ ကျေးဇူးများကြောင့် ဒီနေ့မှာ ကျွန်မတို့ ဒီလိုစာပေတွေကို ဖတ်ရှုရေးသား။ လေ့လာဖော်ထုတ်ခွင့်တွေ ရခဲ့ကြတယ်။ ဒီလို သိမြင်ထွန်းကားစေမှုများကို အမွေပေးခဲ့တဲ့ ကျေးဇူးရှင်စာရေးဆရာတွေသာ မရှိခဲ့ရင်ရော။

ဒီလောကကို တစ်ချက်လောက်မြင်အောင် ကြည့်မိစဉ်မှာ သူနေရာနဲ့သူ၊ အောင်မြင်သူတွေ ထိပ်ဆုံးရောက်သူတွေ ရှိကြသလို ဘဝပေးအခြေအနေတွေကြောင့်ရော၊ ကြိုးစားအားထုတ်မှု မရှိကြသူများအဖြစ်ကြောင့်ရော မြှုမှုက်တရားတွေအလိုက် ကွဲပြားခြားနားသွားကြခြင်းမှာ မြင့်သူက မြင့်သူနေရာမှာ နိမ့်သူက နိမ့်သူရဲ့နေရာမှာ သူနေရာနဲ့သူပေါ့။ အံဝင်ခွင်ကျ ရှိနေခြင်းကိုက လောကမှာ မွေ့တာပါနော်။

အလုပ်ရှင်တွေချည်းပဲ ရှိနေရင် တံမြက်စည်းလှည်း။ အောက်ခြေသိမ်းလုပ်ဖို့ အလုပ်သမားကို ဘယ်လိုရှာမလဲ။ ဒါမျိုးတွေ စဉ်းစားကြည့်ရင် မိဘတိုင်း၊ သားသမီးတိုင်းဟာ ကိုယ်ဘယ်နေရာမှာ ဘာဖြစ်မလဲ၊ ဘာလုပ်မလဲဆိုတဲ့ အခံတွေးနဲ့ ခံယူချက်လေးတွေ အရေးကြီးပါတယ်။ ကိုယ့်ရဲ့ ပြုမူဆောင်ရွက်ချက်များက ကိုယ့်ဘဝကို ပြဋ္ဌာန်းမှာပါ။

ကျွန်မမှာ သားသမီးနှစ်ယောက်ရှိတယ်။ အတန်းထဲမှာ အဆင့်တစ် ရရမယ်။ မရရင်နာမယ်။ အမှတ်ပြည့်ပဲ ရခဲ့ပစေ။ ဆရာဝန်ဖြစ်ကို ဖြစ်ရမယ်။ ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ်ဆိုတဲ့ အစွဲမျိုးတွေ တစ်ခါမှမထားခဲ့ဘူး။ သူထက်သာတဲ့သူ တော်တဲ့သူ၊ သူကြိုးစားတာထက် ပိုကြိုးစားတဲ့သူရှိရင် သူအဲဒီလူထက်တော့ တစ်ဆင့်နိမ့်မှာပဲ။ အဲဒီတော့ ကိုယ်က မိဘဖြစ်တာမို့ မိဘဝတ္တရားနှင့်အညီ သမီးလေးစာကြိုးစားပါနော်။ ပညာကိုတတ်အောင်သင်ရမယ်နော်။ သမီးရေစာကျက်ဆိုတဲ့ (Support) လုပ်ပေးရမယ့်အတိုင်းအတာလေးကိုပဲ ကျေကျေပွန်ပွန် ရွက်ဆောင်စေတယ်။ စိတ်ကောင်း နှလုံးကောင်းလေးထားတတ်ဖို့ အဓိက သွန်သင်ရတယ်။ သူများ(ကိုယ့်ထက် တော်သူများကို) မနာလိုမဖြစ်ဖို့နဲ့ ကိုယ့်ထက်နိမ့်ပါးသူများကို မနှိမ်ဖို့၊ အထင်သေးမရှုတ်ချဖို့၊ လူနဲ့လူချင်းကို ရိုးသားဖို့၊ ဘယ်လိုလူကို တန်ဖိုးထားတတ်ဖို့၊ တစ်ဘက်လူကို စိတ်ဓာတ်မှန်ကန်ဖြောင့်မတ်စွာဆက်ဆံတတ်ဖို့ ကျွန်မအမြဲသွန်သင် လမ်းပြဆုံးမနေရပါတယ်။ သမီးလေး အဆင့်ဘယ်လောက်ရတာ မရတာထက် စာတွေကို နားလည်လားသမီး၊ စာသင်တာ အဆင်ပြေရဲ့လား။ သမီးဆရာမသင်တာကို စိတ်ပါဝင်စားစွာ လိုက်မှတ်ပါနော်။ အဲဒီစာတွေကို ရအောင်ကျက်သမီး။ သမီးလေးဟာ စာတွေကိုနားလည်မှ တကယ်တတ်မှ လက်တွေ့ အသုံးချနိုင်မှာ။ သမီး

လေး တစ်နေ့မှာ ဘာဖြစ်မလဲဆိုတာ ကျွန်မ မသိပေမယ့်။

ကျွန်မသဘောပေးဟာ ပန်းစိုက်သူဖြစ်ရင်လည်း ကျွန်မက လေးနက်စွာ လက်ခံမှာပါပဲ။ ပန်းပိုက်တဲ့သူကြောင့် ပန်းပင်လေးတွေ ရှင်သန်ရတယ်။ ပန်းကလေးတွေ ဖူးငုံပွင့်လာကြရတယ်။ အဲဒီပန်းတွေကို ရောင်းချတဲ့ ဈေးသည်ရှိနေပြန်လို့ အများပြည်သူဟာ ဝယ်ခြမ်းပြီး ဘုရားမှာ တင်လှူပူဇော်နိုင်ကြတယ်။ ကုသိုလ်ဒါနများ ပွားများနိုင်ကြတယ်။ တစ်ပါးသူများရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆွမ်းပေးသူအဖြစ် ပန်းစိုက်သူ၊ ပန်းရောင်းသူများလည်း ဒီလောကရဲ့ စည်းချက်ထဲမှာ ပါဝင်ပါတယ်။ အဓိကက ပန်းစိုက်သူဖြစ်ပါစေ၊ ပန်းရောင်းသူ ဖြစ်ပါစေ၊ ကောင်းတဲ့စိတ်နှလုံးလေးနဲ့ ပန်းလေးတွေ လန်းဆန်းလှပပါစေ။ လမ်းခင်းတဲ့သူ ဖြစ်ပါစေ။ လမ်းဖျက်တဲ့သူ မဖြစ်ဖို့ အရေးကြီးပါတယ်။ ဖယ်ရီကား မောင်းတဲ့ သူဖြစ်ချင်ဖြစ်ပါစေ၊ မီတာစည်းစိမ်ကို အသုံးချပြီးပြိုင်ကားတစ်စီးနဲ့ နေ့ညမဟူ အများပြည်သူကို အနှောင့်အယှက်ဖြစ်စေတဲ့ ပေါ့တန်လေလွင့်သူ မဖြစ်ဖို့ လိုပါတယ်လေ။

ဘာပဲဖြစ်ဖြစ် ဒီလောကမှာ လူဆိုတာအဖျက်သမားမဖြစ်ဖို့ အပြုသဘောဆောင်သူ ဖြစ်စေဖို့အရေးကြီးလွန်းလှပါတယ်။ ငါက ဘယ်နေရာမှာ ဘာကောင်ဆိုတာတွေထက် ဒုက္ခဆင်းရဲများကို မျှဝေခံစားကူညီကာယ်ဆယ် တာနာ နားလည်ပေးတတ်တဲ့ လူတော်လူကောင်း တစ်ယောက်ဖြစ်စေဖို့ လူတိုင်း ကြိုးစားရပါမယ်။

ဘယ်နေရာမှာမဆို ကိုယ့်တာဝန်လေးနဲ့ကိုယ် အလုပ်အကိုင် နေရာဒေသတွေ မတူညီနိုင်ကြပေမယ့် လူသားအားလုံးရဲ့ တူညီသော ပန်းတိုင်ကတော့ တစ်ခုတည်းဖို့ ကျွန်မတို့အားလုံး အသက်ရှင်သန်နေကြစဉ်မှာ လူနဲ့လူချင်း သာယာမျှတစွာ တစ်ဦးချင်းစီမှာစ ကောင်းမွန်ဖြောင့်မတ်စွာ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်သွားကြပါစို့လား ဆိုတာ။

**နိုးနှင်းဝေ**



ဒီလိုမိန်းကလေးတချို့ရှိတယ်။ သူတို့က စာဖတ်တာကိုကြိုက်တယ်။ စာအုပ်ဝယ်တယ်။ ဖတ်တယ်၊ ရေးတယ်၊ ဖတ်စရာစာအုပ်တွေက သူတို့အတွက် အသုံးခံတဲ့အသုံးအဆောင်၊ အလှပြင်ပစ္စည်းတွေဖြစ်တယ်။ သာမန်ဖြစ်တဲ့ ဝတ်စားမှု ရိုးရှင်းတဲ့အပြင်အဆင်နဲ့ ဆေးရောင်စုံ မိန်းကလေးတွေကြားမှာ သူတို့ဟာ ဆွဲဆောင်မှုအပြည့်ရှိတယ်။ သူတို့ရဲ့ စိတ်နေသဘောထား၊ ပြုစုပျိုးထောင်မှုတွေဟာလည်း တခြားနဲ့မတူ စာအုပ်ရနံ့တွေသင်းပျံ့တယ်။ အတွင်းစိတ်မှာ အသိ

# အလှဆုံးမိန်းကလေး

နိုင်းနိုင်းစနေ



ရှိရင် အပြင်ပန်းလှနေတယ်''ဆိုတဲ့ စကားက ဒီလိုမိန်းကလေးမျိုးတွေအတွက် အသင့်တော်ဆုံးဖြစ်တယ်။

စာဖတ်ကြိုက်တဲ့ မိန်းကလေးတွေဟာ ဘယ်ရောက်ရောက် လှပတဲ့ရှုခင်းတစ်ခုဖြစ်တယ်။ သူဟာ ရုပ်ရည်မလှချင်နေမယ် ဒါပေမယ့် သူ့မှာလှတဲ့စိတ်နေစိတ်ထားရှိတယ်။ ရည်မွန်တဲ့ အပြောအဆို၊ ကြော့ရှင်းတဲ့ ကိုယ်ဟန်အမူအရာတွေက ပြင်ဆင်နေစရာမလိုဘူး။ ဒါဟာ တည်ငြိမ်တဲ့ ဣန္ဒြေဖြစ်တယ်။ ဒါဟာ လှုပ်ရှားတဲ့ သိမ်မွေ့မှုဖြစ်တယ်။ ဒါဟာ ကျက်သရေဖြစ်တယ်။ ဒါဟာ ငြိမ်းချမ်းမှုဖြစ်တယ်။ ဒါဟာ သဘာဝနဲ့ ရောစပ်ထားတဲ့ ရိုးရှင်းမှုဖြစ်တယ်။ ရေလိုပျော့ပျောင်းတယ်။ လေလိုလူကို ဆွဲဆောင်မှုရှိတယ်။ ပန်းလိုမွှေးကြိုင်ရနံ့သင်းတယ်။

စာဖတ်တာနဲ့ပတ်သက်ပြီး မတူတဲ့ မိန်းကလေးတွေက မတူတဲ့စာတွေကို ကြိုက်ကြတယ်။ မတူတဲ့စာတွေက မတူတဲ့ရွေးချယ်မှုကို ပေးတယ်။ မတူတဲ့ရွေးချယ်မှုတွေက မတူတဲ့အကျိုးရလဒ်ကို ရစေတယ်။

တချို့မိန်းကလေးတွေက စာဖတ်ခြင်းနဲ့ ဗဟုသုတ၊ အသိဉာဏ်ကို ရယူတယ်။ သူတို့ရဲ့အရည်အချင်းကို တိုးမြှင့်တယ်။ သူတို့ကအတွေးအမြင်၊ ဒဿန၊ နက်ရှိုင်းတဲ့ စာအုပ်တွေကို ပိုအာရုံစိုက်တယ်။ စာဖတ်ခြင်းနဲ့ သူတို့ရဲ့ အသိဉာဏ်ကို မြှင့်တင်တယ်။ ဘဝကိုဦးဆောင်လမ်းပြတယ်။ ဒီလိုမိန်းကလေးမျိုးဟာ သူကိုယ်နှိုက စာအုပ်တစ်အုပ်ဖြစ်တယ်။ စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်တစ်အုပ်ဖြစ်တယ်။

တချို့မိန်းကလေးတွေက စာဖတ်ခြင်းနဲ့ စိတ်ပျော်ရွှင်မှုကိုရှာတယ်။ စိတ်ဓာတ်ကို ပျိုးထောင်တယ်။ သူတို့က ရေးကဗျာတွေကြိုက်တယ်။ လှပတဲ့ စကားပြေတွေကို ကြိုက်တယ်။ အားလပ်ချိန်မှာ စာအုပ်တွေဖတ်ပြီး သူတို့ကိုယ်သူတို့ ပြုပြင်ပျိုးထောင်တယ်။ ဘဝကို ငြိမ်ငြိမ်သက်သက်ဖြတ်ကျော်တယ်။ ဒီလိုမိန်းကလေးမျိုးက ကဗျာတစ်ပုဒ်နဲ့တူတယ်။ အေးဆေးတည်ငြိမ်ပြီး ချစ်စရာကောင်းတယ်။

မိန်းကလေးတချို့က ဂီတရုပ်ရှင်နဲ့ဆိုင်တဲ့ ဖျော်ဖြေရေးစာအုပ်တွေ ဖတ်တယ်။ သူတို့ဟာ အနုပညာကိုမြတ်နိုးကောင်းမြတ်နိုးမယ်။ အနုပညာရှင်တွေရဲ့ သတင်း၊ အတင်းကိုစိတ်ဝင်စားလို့လည်း ဖြစ်မယ်။ ဒါမှမဟုတ် အနုပညာရှင်တွေရဲ့ ဘဝကို အားကျလို့လည်းဖြစ်မယ်။ ဒီလို စာတွေဖတ်တဲ့ မိန်းကလေးတွေက ပိုလက်တွေ့ဆန်တယ်။ လေးလေးနက်နက်မရှိဘူးဆိုပေမယ့် အများအမှန်ကိုခွဲခြားနိုင်တဲ့အာရုံခံစားမှု သူတို့မှာရှိတယ်။

စာဖတ်ခြင်းက လူတွေရဲ့စိတ်ဝိညာဉ်ကို အကျိုးသက်ရောက်မှုရှိစေတယ်။ စိတ်ဝိညာဉ်က စိတ်နေသဘောထားကို သက်ရောက်မှုရှိစေတယ်။ လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို ချစ်စရာကောင်းအောင်၊ နှစ်လိုအောင်၊ ဆွဲဆောင်

မှုရှိအောင် ပြင်ဆင်လိုရင် စာများများဖတ်ပေးရတယ်။

စာဖတ်တဲ့ မိန်းကလေးတွေက ကိုယ့်ကိုယ်ကို ဦးဆောင်နိုင်တယ်။ စာဖတ်နှစ်သက်တဲ့ မိန်းကလေးတွေက ပညာအရည်အချင်း မမြင့်လည်း စာပေယဉ်ကျေးမှုတော့ရှိတယ်။ စာပေယဉ်ကျေးမှုရှိတဲ့ မိန်းကလေးတွေဟာ အကျိုးသင့်အကြောင်းသင့် စဉ်းစားတွေးခေါ်တတ်တယ်။ ခေါင်းအေးအေးထား ဆုံးဖြတ်တတ်တယ်။ လူ့သဘောသဘာဝကို နားလည်တယ်။ စာအမြဲဖတ်သူတွေဟာ လူကြားသူကြားမှာ ထင်းထင်းရှိတယ်။ အထူးသဖြင့် ကိစ္စတစ်ခုခုဆောင်ရွက်တဲ့အခါ ပြေရှင်းတဲ့အခါ တည်ငြိမ်တယ်၊ ဣန္ဒြေရတယ်။ စာအမြဲဖတ်သူတွေမှာ အတင်းအဖျင်းမရှိဘူးလို့ လူတချို့က ပုံဖော်ကြတယ်။ သူတို့ဟာ ကျိုးကြောင်းဆင်ခြင်မှုရှိတယ်။ တခြားသူစကားနောက် လိုက်ပါမသွားဘူး။

စာအမြဲဖတ်တဲ့သူဟာ ဘာလုပ်လုပ် တွေးတောတယ်။ အကြံကောင်းတွေကို ရှာတယ်။ သူတို့ စာအသိဉာဏ်မြင့်တာကြောင့် ရှုပ်ထွေးတဲ့ အတွေးတွေကို ခေါင်းထဲအဝင်မခံဘူး။ အခြေအမြစ်ကို အရဖမ်းဆုပ်ပြီး ပြေရှင်းနိုင်တဲ့ လမ်းကိုရှာတယ်။ သူတို့လုပ်တဲ့ အရာတိုင်း၊ လမ်းကြောင်းတိုင်းဟာ စဉ်းစားတွေးတောပြီးမှ လုပ်တဲ့ အရာတွေဖြစ်တယ်။ ဒီလိုအသိဉာဏ်က စာအမြဲဖတ်သူတွေမှာ ရှိတဲ့အသိဉာဏ်ဖြစ်တယ်။

စာဖတ်တာကို နှစ်သက်တဲ့မိန်းကလေးတွေက လှပတယ်။ တမူထူးခြားတဲ့အလှနဲ့လှတယ်။ သူတို့ကလတ်ဆတ်တဲ့ ပန်းတစ်ပွင့်မဟုတ်ဘူး။ ချိုမြိန်တဲ့ ဝိုင်တစ်ခွက်မဟုတ်ဘူး။ သူတို့က ရနံ့သင်းပျံ့ပြီး ရှင်းသန့်တဲ့ရေနွေးကြမ်းတစ်ခွက် ဖြစ်တယ်။

စာဖတ်ခြင်းက စိတ်အားတက်ကြွ ရွှင်လန်းစေတယ်။



စာဖတ်ခြင်းက အသိဉာဏ်၊ ဗဟုသုတကြွယ်ဝစေတယ်။

စာဖတ်ခြင်းက ဆင်ခြင်တွေးတောမှုကို တိုးပွားစေတယ်။

ကျယ်ဝန်းတဲ့၊ ရှင်လန်းတောက်ပြတဲ့ ရင်ခွင်တစ်စုံနဲ့ စာတွေကိုဖတ်မှ စာထဲက သိမ်မွေ့မှု၊ နှစ်လိုမှုတွေကို ခံစားနိုင်မယ်။ အာဟာရတွေကို စုပ်ယူနိုင်မယ်။ စာအုပ်စာပေလူ့မိတ်ဆွေဆိုသလို စာအုပ်ကောင်းတစ်အုပ်ဟာ လူတစ်ယောက်နောက် တစ်သက်လုံးလိုက်တယ်။ စာအုပ်ထဲကနေ တခြားလူတွေရဲ့ ကောင်းကွက်ကို သင်ယူနိုင်တာဟာ အဖိုးတန်တယ်။ စာအုပ်ထဲကနေ တခြားလူတွေရဲ့ဆိုးကွက်ကို သင်ယူနိုင်တာဟာ အသုံးမကျတာ ဖြစ်တယ်။

စာဖတ်များတဲ့ မိန်းကလေးတွေဟာ စာဖတ်ရင်း ကိုယ်တိုင်စာရေးချင်လာတယ်။ ဘဝထဲကချိုမြိန်ခါးသက်တာတွေ၊ နွေမိုးဆောင်းဥတုတွေကို ချရေးတယ်။ အဲဒီမှာတော့ သူ့ရဲ့စာကို တခြားသူတွေက ဖတ်တယ်။

မိန်းကလေးရေးတဲ့စာတွေက နူးညံ့သိမ်မွေ့တယ်။ သွက်လက်ဆွဲဆောင်မှုရှိတယ်။ စကားလုံးတိုင်းမှာ မိန်းကလေးရဲ့ တစ်မူထူးတဲ့စိတ်နေစိတ်ထားနဲ့ စိတ်ဝိညာဉ်တွေကို ခံစားလို့ရတယ်။ စာတွေထဲမှာ သူတို့ဘဝကောက်ကြောင်းတွေ ရှိတယ်။ ရင်သန့်ကြိုးပြင်းတဲ့ ရုန်းကန်မှုတွေရှိတယ်။ လူ့ဘဝတန်ဖိုးနဲ့ ဝတ္တရားတွေ ရှိတယ်။ ဒီကနေ့မှာ မိန်းကလေးတချို့နဲ့ နှိုင်းယှဉ်ရင် သူဟာ လှပတဲ့အတွင်းစိတ်ကို ထိန်းထားနိုင်တဲ့ အသိပညာရှိတယ်။

စာဖတ်တာနှစ်သက်တဲ့ မိန်းကလေးဟာ သူ့အားလပ်ချိန်တော်တော်များများကို စာဖတ်ရင်းနဲ့ ကုန်ဆုံးတယ်။ စာဖတ်တယ်ဆိုတာ သူ့ဘဝရဲ့ တစ်စိတ်တစ်ဒေသဖြစ်တယ်။ ရှင်သန်နည်းတစ်မျိုး ဖြစ်တယ်။ အပြင်ပန်းလှတဲ့ မိန်းကလေးတချို့နဲ့ နှိုင်းယှဉ်ရင်သူဟာလှပတဲ့ အတွင်းစိတ်ကို ထိန်းထားနိုင်တဲ့ အသိပညာရှိတယ်။

စာဖတ်တဲ့မိန်းကလေးတွေဟာ အသိကြွယ်ထက်မြက်တယ်။ ကြံ့ခိုင်သန်မာတယ်။ ရင့်ကျက်တည်ငြိမ်တယ်။ အပြင်ပန်းလှအောင်လုပ်တာထက် အတွင်းစိတ်နူးညံ့သိမ်မွေ့အောင် လုပ်တာက ပိုအရေးကြီးကြောင်း သူတို့သိတယ်။ စာအုပ်စာပေနဲ့အတူရှင်သန်တာက ဘဝကို စိတ်မပျက်စေဘူး။ အားမငယ်စေဘူး။ သက်ပြင်းမချစေဘူး။ ဒါကြောင့် စာများများဖတ်ပါ။ စာအုပ်ကောင်းတွေဖတ်ပါ။ အသိပညာဆိုတာ အကောင်းဆုံး အလှပြင်ပစ္စည်းဖြစ်တယ်။ စာဖတ်ခြင်းက မိန်းကလေးတွေရဲ့ စိတ်နေစိတ်ထား ဖက်ရှင်ဖြစ်တယ်။ စာဖတ်ခြင်းက မိန်းကလေးတစ်ယောက်ကို အမြဲလှပစေနိုင်ပါတယ်။ စာဖတ်တာကို ကျွန်တော်နှစ်သက်တယ်။ စာဖတ်တဲ့ မိန်းကလေးတွေကို ကျွန်တော်ချစ်တယ်။

**နိုင်းနိုင်းစနေ**

# လူနာကို ၂ ဦး (သို့) ၂ ဦးထက်ပိုသော အကူအညီပေးသူများဖြင့် ရွှေ့ပြောင်းခြင်း

ဦးလှမြင့် (ဂန္ဓမာ)



လူနာကို ၂ ဦး ဒါမှမဟုတ် ၂ဦး ထက်ပိုသော လူများဖြင့်ရွှေ့ပြောင်းတာ၊ မ,တာက အများကြီးပိုလွယ်ပါတယ်။ ဒါ့ အပြင် နောက်ထပ် ဒဏ်ရာရဖို့အလား အလာကလည်း ပိုနည်းပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ အရွှေ့အပြောင်း ကို သင်တို့ကပိုပြီး ထိန်းချုပ်နိုင်တဲ့ အပြင် စုပေါင်းအားက ဝန်အလေးချိန်က မျှခံနေ တဲ့သဘောလည်းဖြစ်တယ်။ မတော်တဆ ဖြစ်ရာနေရာမှာ လူနာကို တစ်ဦးတည်းရွှေ့ ပြောင်းဖို့မလုပ်ခင်မှာ ရပ်ကြည့်သူတွေ ရှိရင် သူတို့ရဲ့ အကူအညီကိုတောင်းပါ။ သင် ဘာလုပ်ချင်သလဲဆိုတာ သူတို့ကို တစ် ဆင့်ချင်း တိတိကျကျရှင်းပြပါ။ ရွှေ့လျား မှုတိုင်းမှာ စုပေါင်းရှိုင်းပင်းမှု အရေးပါပုံ ကို သူတို့သိနားလည်ပါစေ။



**သတိမရသော (သို့) လှုပ်ရှားမှုမရှိသောလူနာ**

(Unconscious or Immobile causualty)

လူနာတစ်ဦးက သူ့ဒဏ်ရာများ ကြောင့် သတိလစ်နေရင် ဒါမှမဟုတ် မလှုပ်မယှက်ဖြစ်နေရင် 'ဦးနှင့်ပဲ့ပိုင်းသယ် ဆောင်နည်း'(a fore and aft carry) ကို လုပ်ဆောင်နိုင်ပါတယ်။ အကယ်လို့ လက်မောင်းများ၊ ပခုံးများ (သို့) နံရိုးများ မှာ ထိခိုက်ဒဏ်ရာရနေရင် ယင်းသယ် နည်းကို ရှောင်ကြဉ်သင့်တယ်။ ကူညီသူ (၄) ယောက်ရှိမယ်ဆိုရင် စောင်တစ်ထည် ဒါမှမဟုတ် ပိတ်စတစ်စ အဆင်သင့်ရှိ မယ်ဆိုရင် 'စောင်ဖြင့်မခြင်း' (a blanket lift) က ပိုကောင်းစိတ်ချရ ပါတယ်။ ဒီနေရာမှာ လူနာမှာ ကျောရိုးထိ တယ်လို့ သံသယရှိရင် ဒီနည်းကိုရှောင်ရမှာပါ။

အကယ်လို့ အသက်အန္တရာယ်

အတွက် စိုးရိမ်စရာရှိရင် (ပမာအားဖြင့် မီး၊ ရေ စသည်) အန္တရာယ်မှဝေးရာသို့ လူနာကို လူများများနှင့် ဂရုတစိုက် လိမ့်တွန်းပြီး ရွှေ့ရပါမယ်။ ဒီနေရာမှာ အထိအခိုက်နည်းစေဖို့ ကူညီသူတွေက တတ်နိုင်သမျှ လူနာရဲ့ကိုယ်ကို အထောက်အပံ့ပေး ထိန်းထိန်းသိမ်းသိမ်းနှင့် ရွှေ့ဖို့ဖြစ်ပါတယ်။ လူနာကို လိမ့်တွန်းတဲ့အခါ ကူညီသူအားလုံးက စည်းဝါးကိုက်အားစိုက်တွန်းရပါ့မယ်။

**သတိရ၊ လှုပ်ရှားနိုင်သည့်လူနာ**

အကယ်လို့ လူနာကသတိရပြီး ထိုင်နိုင်ရင် 'လက်နှစ်ဖက်ယှက်မနည်း' (two- hand seat carry) ကို အသုံးပြုနိုင်ပါတယ်။ လူနာက ကိုယ်အလေးချိန်သိပ်များနေရင် ယင်းနည်းဖြင့်မ,မပါနဲ့။ ကျွမ်းကျင်သူများ လုပ်ပါစေ။

**ဦးနှင့်ပဲ့ပိုင်းသယ်ဆောင်နည်း (fore and aft carry)**

လူ၂ ယောက်ဖြင့် သတိလစ်ပြီး မရွှေ့လျားနိုင်သူကို သယ်တဲ့ အခါ ခွန်အားမလလိုကောင်းသူက ဦးပိုင်းမှာ နေရာယူပြီး ကျန်သူက ပဲ့ပိုင်း(ခြေထောက်ပိုင်း)မှာ နေရာယူသင့်တယ်။ သင်တို့ရဲ့ ရွှေ့လျားမှုက စည်းချက်ကိုက်ရမှာဖြစ်သလို ဦးတည်တဲ့ ဘက်ကလည်း ကူရမှာဖြစ်တယ်။ ဖြည်းဖြည်းနှင့် ဂရုတစိုက်ရွှေ့ပါ။ လှေကားထစ်များ၊ လှေကားစတဲ့ အတားအဆီးများကို သတိထားပါ။



▲ လူနာရဲ့ ရင်ဘတ်ကို သင့်လက်မောင်းများဖြင့် သိုင်းဖက်ပါ။ ဒုတိယလူက ခြေထောက်များကို မထားမှသာ သင်က ရွှေ့လျားပါ။

**စောင်ဖြင့်မခြင်း (A blanket lift)**

အကယ်လို့ ကူညီသူ (၄)ယောက်ရှိမယ်ဆိုရင် လူနာထမ်းစင်နှင့် အခြေခံသဘောတရားတူတဲ့ သည်နည်းက သတိလစ်၊ လှုပ်ရှားမှုမရှိတဲ့ လူနာကို သယ်ရွှေ့ရာမှာ ဘေးအကင်းဆုံးနှင့်အလွယ်ကူဆုံးပါ။ နောက်ထပ် ထိခိုက်မှုပိုနည်းစေတဲ့ နည်းပါ။

သည့်အတွက် စောင်၊ အိပ်ရာခင်း၊ ကော်ဇော၊ ကုတ်အင်္ကျီတစ်ထည် လိုအပ်မှာဖြစ်တယ်။ ယင်းကိုဖွင့်ချပြီး လူနာကို သယ်ရာမှာ သုံးမှာဖြစ်တယ်။ ခရီးတို အတွက် ဒါမှမဟုတ် သင့်တော်တဲ့လူနာထမ်းစင်သို့ ပြောင်းလဲပေးဖို့ပါ။ ကူညီသူအားလုံးက တစ်ပြိုင်တည်းချိန်သားကိုက် လှုပ်ရှားရပါမယ်။




▲ လူနာကို တစောင်းထားပြီး စောင်ကို အလျားလိုက်လိပ်လိုက်ပါ။ အလိပ်ကို လူနာရဲ့ကျောနှင့်ထိထားပါ။



▲ ပိုနေတဲ့စောင်သားကို လိပ်လိုက်ပါ။ တစ်ဖက်တစ်ချက်မှာ ကူညီသူ ၂ ဦးစီက လိပ်ထားတဲ့စောင်ကို မြဲမြဲဆုပ်ကိုင်ထားပါ။



▲ လူနာကိုလိပ်ထားတဲ့ အစွန်းပေါ်မှ အခြားတစ်ဖက်ရောက်အောင် ရွှေ့လိုက်ပါ။ လူနာရဲ့ခေါင်းက စောင်အစွန်းနား မကပ်စေပါနဲ့။



▲ ဖြည်းဖြည်းနှင့် ဂရုစိုက်ပြီး လူနာကို မ,ပါ။ ဦးခေါင်းနှင့်လည်ပင်းကို ထောက်ကူထားပါ။ ကူညီသူအားလုံးက တစ်ဖက်တည်း ဦးတည်ရွှေ့လျားရပါမယ်။

## လက်နှစ်ဖက်ယှက်မနည်း (Two-hand seat)

လူနာသတိရနေတဲ့အခါ ယခုနည်းကို သုံးသင့်တယ်။ တစ်ဦးစီက လူနာရဲ့ ဘက်တစ်ဖက်စီမှာ ဆောင့်ကြောင့်ထိုင်ပြီး လူနာရဲ့ ကျောပေါ်လက်မောင်းများ သိုင်းယှက်လိုက်ပါ။ ယင်းလက်များဖြင့် လူနာရဲ့အဝတ်အစားကို ဆုပ်ကိုင်ထားပါ။ ကျန်လက်တစ်ဖက်က လူနာရဲ့ ဒူးခေါင်းများအောက်လျှိုပြီး နောက်တစ်ဦးရဲ့ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ပါ။ လူနာနှင့် ကိုယ်ချင်းကပ်ထားပြီး မ,ပါ။ ဒူးများကို ကွေးထားရပါမယ်။



▲ သင့်လက်များဖြင့် လူနာရဲ့ ရင်ဘတ်ကို သိုင်းဖက်ထားပါ။ အခြားတစ်ယောက်က ခြေထောက်များကို မ, ထားတာ သေချာမှရွှေ့ပါ။



▲ သင့်ကျောပေါ်၊ ခါးပေါ်ဒဏ်ပိခြင်း နည်းစေဖို့ လူနာနှင့် ကပ်နိုင်သလောက်ကပ်ပါ။ ဒူးများကိုကွေးပြီး လက်နှစ်ဖက်ယှက်ထားပြီးမှ လူနာရဲ့ အဝတ်အစားကို တင်ပါး (သို့) ယင်းအထက်နေရာမှာ ဆုပ်ကိုင်ပါ။



▲ ကျန်လက်များဖြင့် လူနာရဲ့ခြေထောက်များကိုထောက်ခံထားပါ။ နောက်တစ်ယောက်ရဲ့ လက်ကောက်ဝတ်ကို မြဲမြဲဆုပ်ကိုင်ပြီး မ,ပါ။ သင့်တို့ရဲ့ ကျောခါးများကို ဖြောင့်ဖြောင့်ထားရပါမယ်။

**ဦးလှမြင့် (ဂန္ဓမာ)**




"I 'm not saying my boyfriend is a nerd, but when I told him I like hip-hop, he gave me a frog,"


SUE HTET AUNG

မနက် (၅)နာရီထိုးလျှင် အိပ်ရာထရမည်ဆိုသောအသိနှင့် မပန်းဥတစ်ယောက် လူမမာမိခင်ကြီး၏ဘေးတွင် ဝင်အိပ်လိုက်သည်။ လောကတွင် အစားထိုးမရနိုင်သော မိခင်မို့ နာမကျန်းဖြစ်နေသော မိခင်ကို ပြုစုလာခဲ့တာ အချိန် တစ်လပင်ကျော်ခဲ့လေပြီ။ မိခင်ကိုပြုစုသည့် ရက်အတွင်း နေ့မအိပ်ရ ညမအိပ်ရနှင့် ဖြတ်သန်းရင်း လောကဓံကိုလည်း အံတုခဲ့ရသည်။

မိခင်ကိုချစ်သည့်စိတ်၊ မိခင်ကို အဆုံးရှုံးမခံနိုင်သေးသည့်စိတ်တွေက မိခင်၏ အသက်ကို သေမင်းလက်တွင်းထဲမှ လုယူနိုင်ခဲ့သည်။ ထိုအတွက် မပန်းဥ ကိုယ့်ကိုယ်ကို ဂုဏ်ယူမိခဲ့သေးသည်။ မိခင်ကို ပြုစုခွင့်ရတာကိုက လောကက ဆုချလိုက်သော တန်ဖိုးမဖြတ်နိုင်သည့် ရတနာတစ်ခု ဖြစ်ခဲ့သည်ဟု မပန်းဥ ယူဆထားသည်။ ထို့ကြောင့်လည်း မိခင်ကို ရက်ပေါင်းများစွာ ကြာသည်အထိ မညည်းမညူ ပြုစုနိုင်ခဲ့ခြင်း ဖြစ်သည်။

“သမီး အမေဆီးသွားချင်တယ်” ထုံးစံအတိုင်း ဆီးသွားချင်လျှင် အမေ နှိုးနေကျမို့ မပန်းဥအတွက် မထူးဆန်းတော့။ သို့သော် ထူးဆန်းတာက မပန်းဥခေါင်းတွေကိုက်နေပြီ။ ခါတိုင်းညများက ညဘက်အိပ်ရေးပျက်လျှင် နေ့ဘက်ပြန်အိပ်လို့ရသော်လည်း မနက်ဖြန်လို့ နေမျိုးဆိုလျှင်တော့ မပန်းဥလုပ်ငန်းခွင်ထဲ ရောက်နေလေပြီ။ ထို့ကြောင့် ဘယ်လိုမှအိပ်ဖို့ အဆင်မပြေ။ မိခင်နေမကောင်းသည့် ကာလအတွင်း ရုံးမှရက်ရှည်ခွင့်ယူထားကာ မိခင်နည်းနည်းသက်သာတာနှင့် ရုံးပြန်တက်ဖို့ စဉ်းစားထားသောကြောင့် မနက်ဖြန်အတွက် စိတ်ပူနေရခြင်း ဖြစ်သည်။

ညက မပန်းဥကို စိတ်ပူပန်ခြင်းတွေနှင့် ပြီးဆုံးစေသည်။ နာရီကိုကြည့်လိုက်တော့ မနက် (၅)နာရီနှင့် (၁၅)မိနစ်ရှိနေပြီမို့ မပန်းဥ မဖွင့်ချင်သေးသော မျက်လုံးကိုအားယူဖွင့်လိုက်ရသည်။ မူးနောက်နေသော ခေါင်းကိုလည်း ခဏမေ့ထားရသည်။ အိပ်ရာထပြီးသည်နှင့် မျက်နှာအရင်သစ်ပြီးသားအမိနှစ်ယောက်စာ ထမင်းကို အရင်ချက်ရသည်၊ ရန်ကုန်မြို့မှာ ရောက်နေသည်မို့ နယ်တွေလို ခြောက်သွေ့နေသော ထင်းစများကို မီးမွှေးပြီးထမင်းအိုးတစ်လုံးကျက်ဖို့ အချိန်ပေးပြီး ထိုင်စောင့်စရာမလို။ ထမင်းပေါင်းအိုးထဲ ဆန်ထည့်ပြီးတာနှင့် ဆန်ကိုလက်နှစ်ဖက်ဖြင့် သေချာရေးဆေးပြီး ရေကိုသင့်သလောက်ထည့်ကာပလပ်ထိုးထားလိုက်ရုံနှင့် ထမင်းကိုလွယ်ကူစွာစားရသည်မို့ မပန်းဥ အတွက် အလုပ်ရှုပ်သက်သာသွားသည်။ ထမင်းအိုးပလပ်ထိုးပြီးသည်နှင့် ဟင်းချက်ဖို့ ပြင်ဆင်ထားလိုက်သည်။ မနေ့ညနေက အဆင်သင့်ဝယ်ထားသော ကြက်သားနှင့် ကျောက်ဖရုံသီးကို ရေခဲသေတ္တာထဲမှ ထုတ်ယူလိုက်သည်။ ကြက်သားကို ညဘက်ကတည်းက ရေတ်သီးနှင့် အနည်းငယ်လုံးထားသောကြောင့် ယခုမနက် အတွက်အဆင်သင့်ဖြစ်နေသည်။ ကျောက်ဖရုံသီးကို အခွံတွေခွာပြီး သေးသေးလေး

> ဝမ်းနည်းခြင်းများထက် ဒေါသဖြစ်ခြင်းကပိုပြီးပြင်းထန်ကာ ပထမဦးဆုံး မပန်းဥမျက်လုံးထဲ ပြေးမြင်သိသည်က မိခင်ဖြစ်သူ၏ မျက်နှာပင်ဖြစ်သည်။ မပန်းဥ အခုလို ဒုက္ခအပေါင်းကို ခါးစည်းခံရသည်မှာ

ဖြစ်အောင် စိပ်လိုက်သည်။ ထမင်းအိုး ကျက်ခါနီးချိန်တွင် ကြက်သားဟင်းတစ်အိုးကျက်သွားခဲ့သည်။ ထို့နောက်ကျောက်ဖရုံသီးဟင်းချိုဆက်ချက်လိုက်သည်။ ချက်စရာကျန်ရှိသေးသော ဟင်းများကိုတော့ ယောက်မဖြစ်သူကိုမှာခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ရုံးသွားဖို့ပြင်ဆင်ရမည်ဖြစ်သောကြောင့် ဖြစ်သည်။ မီးဖိုချောင်ကိစ္စဘက်ပြီး ပြန်တော့ မိခင်ဖြစ်သူ၏ အခန်းဘက်ကို ပြန်လာရပြန်သည်။ တစ်ညလုံးသွားထားသောဆီးများက ဆီးခွက်ထဲတွင် အပြည့်ရှိနေသောကြောင့် ဆီးအပြည့်ရှိနေသော ဆီးခွက်ကိုသွန်ပြီး ဆပ်ပြာနှင့်သေချာ ဆေးကြောရဦးမည်။ ဒါလည်း မပန်းဥ လုပ်နေကျအလုပ်ပင်ဖြစ်သည်။

"သမီး အမေအီးပါချင်တယ်"

ရေချိုးခန်းလွှတ်တုန်း ရေချိုးမည်ဟု စိတ်ကူးနှင့်သွားဖို့ ပြင်ဆင်ပြီးကာမှ အီးပါချင်နေသော မိခင်ကိုအီးတည်ပေးရပြန်ပါသည်။ ပြီးတာနဲ့ အနားတွင်အဆင်သင့်ရှိနေသော တစ်သျှူးလိပ်ကို အနည်းငယ်ဖြတ်ယူကာ အီးပါထားသောနေရာသို့ သန့်ရှင်းရေးလုပ်ပေးလိုက်သည်။ ပိုပြီးသန့်ရှင်းအောင် အဝတ်ရေစိုနှင့်ထပ်သုတ်ပေးလိုက်သည်။ ပြီးလျှင် အဝတ်ခြောက်နှင့် ထပ်သုတ်ပေးလိုက်သည်။ ထို့နောက် Powder မှုန့်အနည်းငယ် လိမ်းပေးလိုက်သည်။ မတ်တပ်ရပ်နိုင်ဖို့ နေနေသာသာ ထိုင်လို့တောင် မပြချင်သော မိခင်ကို အပေါ့အပါးသွားဖို့ အဆင်ပြေအောင်လုပ်ပေးရသည်မှာလည်း သိပ်တော့ မလွယ်လှချေ။ အိပ်ယာထဲတွင်သာ ပက်လက်လှဲပြီး အမျိုးသမီးများအသုံးပြုကြသည့် ဆီးခွက်ပြားပြားလေးကိုသာ မိခင်၏တင်ပါးအောက်သို့ ထိုးခံပေးရသည်။ ပြီးကာမှအိမ်သာသို့သွားသွန်ကာ ဆပ်ပြာနှင့် သေချာဆေးကြောပြီးမှသာ အခန်းထဲသို့ ပြန်ယူလာခဲ့သည်။

မိခင်ကိုနံနက်စာ ဆေးတိုက်ဖို့ရှိသေးသော်လည်း ရေချိုးဖို့က ပိုအရေးကြီးနေသောကြောင့် ရေချိုးခန်းဆီသို့ ပြေးလွှားလာခဲ့ရသည်။ အခန်းထောင့်ရှိ ဇလုံထဲတွင်တော့ မိခင်၏သေးစိုထားသော လုံချည်နှစ်ထည်ကို သတိရမိသော်လည်း အချိန်ကိုအလုအယက် အသုံးချနေရသော အခုလိုအချိန်တွင်တော့ မပန်းဥညနေ ရုံးဆင်းပြီး ပြန်လာမှပင် လျှော်ဖွပ်ဖို့ ကြံတင်စဉ်းစားထားရလေသည်။

ရေချိုးပြီးသည်နှင့် မျက်နှာကို ကြည့်ကောင်းရုံမိတ်ကပ်ပါးပါးလိမ်းပြီး ယူနီဖောင်းကို သေသပ်စွာဝတ်ဆင်ပြီးမှ မိခင်ရဲ့နံနက်စာကို ပြင်ဆင်ပေးရတော့သည်။ နံနက်စာဆိုသည်မှာလည်း အမြဲတမ်းသောက်နေကျ အန်ရှုရ်ပါးကို မသောက်ချင်တော့ဟု ဆိုသောကြောင့် ထမင်းဟင်းပူပူများသည်သာ မိခင်၏နံနက်စာဖြစ်လေသည်။ နာရီကိုကြည့်မိလိုက်တော့ (၇)နာရီထိုးပြီးလို့ (၈)မိနစ်တောင် စွန်းနေလေပြီဖြစ်ရာ မပန်းညိုရင်ထဲပိုပြီး ထိတ်ထိတ်ပျာပျာ ဖြစ်ခဲ့ရချေပြီ။

"သမီးရုံးသွားဖို့ အရမ်းနောက်ကျနေပြီအမေ။ အမေပြီးတဲ့အထိ စောင့်လို့မရတော့ဘူး။ သောက်ရမယ့်ဆေးတွေတော့ သမီးအဆင်သင့်ထုတ်ပေးထားခဲ့မယ်နော်။ အမေစားပြီးရင် ထမင်းပန်းကန်တွေကို ခုံပေါ်မှာဒီအတိုင်းပဲထားလိုက်ပါ။ သမီးသွားတော့မယ်" မိခင်ကိုမှာစရာ ရှိတာမှာပြီးသည်နှင့် မပန်းညိုထိုင်ကန်တော့လိုက်သည်။ မိခင်ဖြစ်သူကတော့ အသွားအပြန်လမ်းခရီးတလျှောက်လုံး အန္တရာယ်ကင်းဘေးရှင်းစေဖို့ ဆုတွေပေးပြီး ကျန်ရစ်ခဲ့ရှာ၏။

မပန်းညိုတက်ရမည့်ရုံးက တာမွေ။ သို့သော် မပန်းညိုရောက်ရှိနေသည်က အင်မတန်မှ ဝေးလွန်းလှပါသော လှိုင်သာယာတွင်ဖြစ်သည်။ မိခင်၏ကျန်းမာရေးက လုံးလုံးမသက်သာသေးတော့ လှိုင်သာယာတွင် ရှိသောအစ်ကိုဖြစ်သူ၏အိမ်တွင် ခဏနားနေရသောကြောင့် မပန်းညိုလည်း လှိုင်သာယာမှ ရုံးတက်ခဲ့ရခြင်း ဖြစ်လေသည်။ မပန်းညိုကားစီးရသည့် စက်မှုဇုန်မှတ်တိုင်သို့ တာမွေကိုရောက်သည့်ကားများ မလာသေးသောကြောင့် မပန်းညိုစောင့်နေရသည်။ သိပ်မကြာလိုက်ပါ။ ခဏကြာတော့ မေတ္တာလှိုင်း (၄)ကားကြီး တစ်စီးက ထိုးရပ်လာခဲ့သောကြောင့် မပန်းညိုလည်း ကားပေါ်တက်ဖို့ မြန်မြန်လျှောက်သွားလိုက်သည်။ သို့သော်လူတွေ ကြပ်ညပ်အောင် တင်ဆောင်လာသောကားက မပန်းညိုတစ်ယောက်စာအတွက် နေရာတောင်မရှိတော့ပါ။

"မရတော့ဘူး မလိုက်ခဲ့တော့နဲ့" ကားပေါ်တက်ဖို့ ခြေလှမ်းပြင်ရုံရှိသေး စပယ်ယာရဲ့ နှင်ချခြင်းကိုခံလိုက်ရသောကြောင့် မပန်းညိုရင်ထဲဝမ်းနည်းကြေကွဲခဲ့ရကာ မျက်ရည်များစို့လာခဲ့သည်။ စာနာခြင်းကင်းမဲ့လှပါသော မေတ္တာလှိုင်း (၄) ကားကြီးကတော့ မပန်းညို၏မျက်ရည်များကို ဥပေက္ခာပြုကာ မပန်းညိုမြင်ကွင်းထဲမှ တစ်စတစ်စနှင့် ပျောက်ကွယ်သွားပါတော့သည်။

"တာမွေ တာမွေ"နာကျင်ခြင်းများဖြင့် ရပ်နေတုန်း 'တာမွေ'ဟု အော်သံကြားရသောကြောင့် မပန်းညိုကားရှိရာသို့ ပြေးလာခဲ့လိုက်သည်။ စံဝေလဆိုသည့်ကားကြီးကတော့ မပန်းညိုကိုတနာနာစွာ တင်ခေါ်သွားနိုင်ပါသော်လည်း ထိုင်ခုံမရတဲ့ ကြပ်ညပ်နေသော လူအများကြား၌သာ အသက်ကို မဝတဝရှူရင်းလိုက်ပါခဲ့ရသည်။ မလှမပနှင့် စတင်ခဲ့သည့် မပန်းညို

၏ နံနက်ခင်းက ညနေခင်းကိုပါ အဖော်ခေါ်ခဲ့သေးသည်။ ထိုနေ့က ရုံးကိုနာရီဝက်နောက်ကျပြီးမှသာ ရောက်ခဲ့ရသည်။ ညနေ ရုံးဆင်းတော့လည်း အဝိုင်းထိပ်မှတ်တိုင်မှ လှိုင်သာယာသို့ ပြန်မည့်ကားများကို စိတ်ရှည်ရှည်စောင့် နောက်ဆုံးတော့ မေတ္တာလှိုင်း (၄)ကားနှင့်ပင် ပြန်ခဲ့ရပေသည်။ အပြန်ခရီးတွင်လည်း ထိုင်ခုံမရ။ အလာတုန်းကလိုပင် တစ်လမ်းလုံးမတ်တပ်ပင် စီးခဲ့ရသည်။ ကားတွေကပိတ်၊ လူတွေကကြပ်နှင့် ခြေထောက်တွေလည်း ညောင်းလာပြီဖြစ်သောကြောင့် မယုန်ညစိတ်တွေ မနှုန်းလာတော့ပေ။ ဝမ်းနည်းခြင်းများထက် ဒေါသဖြစ်ခြင်းက ပိုပြီးပြင်းထန်ကာ ပထမဦးဆုံးမယုန်ည မျက်လုံးထဲ ပြေးမြင်သိသည်က မိခင်ဖြစ်သူ၏ မျက်နှာပင် ဖြစ်သည်။ မယုန်ညအခုလို ဒုက္ခအပေါင်းကို ခါးစည်းခံရသည်မှာ မိခင်ဖြစ်သူက တရားခံဖြစ်ပေသည်ဟုယူဆလိုက်သည်။

မိခင်အပေါ် တစ်ခါမှ စိတ်မကွက်ဖူးသော မယုန်ညတစ်ယောက် ပင်ပန်းမှုဒဏ်တွေ မိစီးလာတော့ စိတ်တွေညစ်ထေးခဲ့ရချေပြီ။ စိတ်မချမ်းမြေ့မှုများနှင့် ပြန်ရောက်လာတော့ ည (၈)နာရီကျော်နေပြီဖြစ်သည်။ အခန်းထဲဝင်လိုက်သည်နှင့် အေးမြလန်းဆန်းသော အပြုံးများနှင့် ကြိုဆိုနေသော မိခင်က သမီးဖြစ်သူ၏ မျက်နှာကို မြင်လိုက်ရသောကြောင့် အင်အားပြည့်ဖြိုးနေသော အမူအယာက မျက်နှာတွင် သိသာထင်ရှားနေပါသည်။

''သမီး ဒီနေ့လေ အမေ့ဘာသာချိုးယို၊ သေးပေါက်တာသိလား။ ဆီးခွက်တွေထားတဲ့နေရာကို အမေဖင်ရွှေ့ပြီးသွားတာလေ။ ပြီးရင် အမေ့သွားထားတဲ့ချိုးတွေ ဆီးတွေကိုသွန်လိုက်ဦးနော်''

ပင်ပန်းမှုများနှင့် စိတ်ညစ်ထေးမှုများက မိခင်ဆိုတာ မယုန်ညအတွက် အရေးပါသောအရာဖြစ်ကြောင်း အမိုင်အမာမထောက်ပြနိုင်ခဲ့တော့။ ထို့ကြောင့် ဒီမှာပင်ပန်းလို့ သေတော့မယ်အမေ၊ အမေ့ဟာတွေကို အရင်လုပ်လို့မရသေးဘူး။ ဆန်ကုန်နေလို့ ဆန်အရင်သွားဝယ်ရဦးမယ်။ ပြီးရင် နောက်နေ့မနက်အတွက် အဆင်သင့်ချက်ထားရဦးမယ်။ ပြီးရင် အမေ့ရဲ့ သေးဝတ်တွေ လျှော်ရဦးမယ်။ အသွားရော အပြန်ရောကားကို မတ်တတ်ပဲစီးရခဲ့တာ။ သေတောင်သေချင်တယ်တကယ်ပဲ''

မိခင်၏ရင်ထဲသို့ နာကျင်စွာစူးနစ်ဝင်သွားစေသော စကားတွေက ရင်ထဲကပါလို့လား အပေါ်ယံလားဆိုတာကို မယုန်ညကိုယ်တိုင် ဝေခွဲ၍မရနိုင်ပါ။ မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ စကားလုံးအရင့်အမာတွေကြောင့် မိခင်ကသမီးဖြစ်သူကို အံ့ဩစွာမော့ကြည့်လို့ နေရှာပါသည်။

''သမီး အေးဆေးနားပြီးမှလုပ်ဖို့အမေပြောတာပါ''

အပျော်များ ပျောက်ဆုံးကုန်သော မိခင်ဖြစ်သူ၏ ရင်ထဲတွင် ဒဏ်ရာတစ်ခုရစေခဲ့ပြီဆိုတာ တုန်ခါနေသော အသံနှင့် သိမ်ငယ်သွားသော မျက်ဝန်းတို့က သက်

သေပြနေပါသည်။ သို့သော် ပင်ပန်းမှုများ ကြီးစိုးပျော်ဝင်နေသော မပန်းညိုကတော့ ရိပ်မိနိုင်မည် မဟုတ်ချေ။ မပန်းညိုလည်း မိမိတန်းစီလုပ်ရမည့် အလုပ်များကိုသာ ခေါင်းထဲထည့်ထားပြီး တစ်ခုပြီးတစ်ခု လုပ်နေသည်။ ကိစ္စဝိစ္စများအားလုံး ပြီးဆုံးသွားသည့်အချိန်က ည (၁၀)နာရီပါ။ သည်တော့မှ မပန်းညိုလည်း ညစာထမင်းကို စားရလေတော့သည်။

"အမေ ထမင်းထပ်စားဦးမှာလား"

"ဟင့်အင်း မစားတော့ဘူး သမီး"

မိခင်၏ ညနေစာကို ယောက်မဖြစ်သူက ကျွေးပြီးဆေးလည်းတိုက်ပြီးပြီဟု ဆိုသော်လည်း ထပ်စားဦးမလားဟု မပန်းညိုမေးရခြင်း ဖြစ်ပါသည်။ ထိုညက သာမန်တိတ်ခြင်းထက်ပို၍ တိတ်ဆိတ်လွန်းကာ အခန်းထဲတွင် အသက်ရှူသံမှ တစ်ပါး ဘာသံမှ မကြားရတော့ချေ။



နောက်တစ်နေ့နံနက် (၅)နာရီ ထိုးသောအခါတွင်လည်း ပုံမှန်ပြန်လည်ပတ်ရပြန်သည်။ သည်တစ်ခါ ရုံးသွားရတာ မပန်းညိုအတွက် ပို၍ပင်ခက်ခဲရောက်စေကာ ရင်တွင်းထဲမှ ဖြစ်ပေါ်နေသော မကျေနပ်ခြင်းတွေက မျက်နှာသို့အရောင်ဟပ်လျက် ရှိလေသည်။ ကားကတော့ ထုံးစံအတိုင်း ကြပ်သည့်အပြင် မိုးတွေက သည်းသည်းမည်းမည်း ရွာနေပြန်တော့ မိခင်၏ဒုက္ခဖိုးကို ခါးစည်းခံနေရသည့် မပန်းညိုဘဝ ပို၍ လူမောစိတ်မော ဖြစ်ရချေပြီဟု တွေးထင်လာကာစိတ်အမျက်ကြီး ပျက်လာခဲ့ပါသည်။

တစ်နေ့တွက် တစ်နေ့ဝင်ဖြင့် အချိန်နှင့်အတူလှုပ်ရှား ရုန်းကန်နေရာ မပန်းညိုရဲ့ အာရုံထဲတွင်မိခင်ကအရေးပါဆုံး သောလူသားဆိုတဲ့အသိက တဖြည်းဖြည်း ပျောက်ကွယ်လာခဲ့သည်။

"စိတ်ညစ်လိုက်တာ ဒီလိုသာဒုက္ခခံနေရမယ်ဆိုတော့သမီးမလွယ်ဘူး အမေရေ"

ရောဂါကြောင့် မဟုတ်တဲ့ ဒေါသကြောင့် အိုမင်းရင့်ရော်နေသည့် မပန်းညို၏မျက်နှာက မိခင်မျက်နှာထက် ပိုပြီးအိုနေသည်ဟုတောင် ထင်ရပါသည်။

"အမေလည်း မသက်သာသေးလို့ နေရတာပါ သမီးရယ်၊ သက်သာရင် အမေ မနေပါဘူး။ အမေနယ်ပြန်မှာပါ"

နာကျင်မှုများ စီးဆင်းပျော်ဝင်နေသော မိခင်၏အသံလှိုင်းတွေက တိုးတစ်လှည့် ကျယ်တစ်လှည့်နှင့် တုန်ခါနေ၏။

မပန်းညူလည်း မိခင်၏စကားကို ဘာမှ ပြန်မတုံ့ပြန်ခဲ့ပါချေ။

တစ်ရက်သောညနေမှာတော့ မပန်းညူဘဝမှာ ဘယ်တော့မှ မမေ့နိုင်တော့သည့်အမှတ်တရများကို လှလှပပလေး ရရှိပိုင်ဆိုင်ခဲ့ရလေတော့သည်။ ထိုညနေကား ကားလမ်းတွေလည်းရှင်းပြီး ကားထဲတွင်လူလည်းချောင်သည်။ ထို့ကြောင့် အိမ်ကို သက်သာစွာဖြင့် ပြန်ရောက်လာခဲ့သောကြောင့် မပန်းညူစိတ်တွေ လန်းဆန်းနေခဲ့သည်။ မိခင်နှင့်အတူနေသော အခန်းထဲသို့ ရောက်သည့်အခါတွင်လည်း ထူးဆန်းစွာဖြင့် အခန်းကရှင်းလင်းလို့ နေပါသည်။ အမြဲတမ်း ဖျိတ်တန်းလန်းနှင့် ရှိနေတတ်သော အဝတ်များလည်း မီးပူသေချာတိုက်ထားတာကို တွေ့လိုက်ရသည်။ အခန်းထောင့်တွင် မပန်းညူအပြန်ကို အမြဲကြိုနေကျဖြစ်သည့် မိခင်၏ ဆီးခွက်များကလည်း သန့်ရှင်းစင်ကြယ်ကာ သေသပ်စွာ ထားခဲ့တာကိုလည်း တွေ့မြင်ခဲ့ရသည်။ ထိုမြင်ကွင်းကို ကြည့်ခြင်းအားဖြင့် မပန်းညူလူရော စိတ်ရော သက်သာစေပါသည်။ ထို့ကြောင့် ရေကိုသာ အရင်ဆုံးချိုးလိုက်သည်။ ရေချိုးပြီးလို့ အေးအေးအနားယူရမည့်အချိန်ရောက်တော့မှ တစ်စုံတစ်ရာကို သတိရမိသွား၍ ထိတ်လန့်စွာ ရှာဖွေကြည့်လိုက်တော့ ရှင်းလင်းနေသော အခန်းလေးက မပန်းညူကို လှောင်ပြောင်နေသလို ခံစားလိုက်ရသည်။ မပန်းညူရင်ထဲ ဆို့နစ်စပြုလာခဲ့ပါသည်။

"အမေ ...။

အမေ ... အမေရော။

အမေ ဘယ်မှာလဲဟင်

သောကတွေ ဆူဝေစွာဖြင့် အစ်ကိုဖြစ်သူ၏ အခန်းတံခါးကို လေးငါးချက်ဆင့်ခေါက်လိုက်သည်။

"ကိုကြီး အမေရော အမေဘယ်မှာလဲ"

"နင် တစ်နေ့ တစ်နေ့လုပ်ရတာပင်ပန်းလို့တဲ့။ အဲဒါကြောင့် နယ်ပြန်သွားပြီ"

"ဟင်"

"အခန်းလည်း အမေပဲရှင်းသွားတာ။ နင်သက်သာအောင်ဆိုပြီး နင့်အဝတ်တွေလည်း မီးပူတိုက်ပေးသွားတယ်"

ယောက်မဖြစ်သူရဲ့ အဖြေကိုကြားလိုက်ရတဲ့အချိန်မှာ မပန်းညူမျက်ဝန်းထဲဝယ် မျက်ရည်များ စုဝေးရောက်ရှိလို့ လာပါသည်။

"အမေက ထိုင်လို့တောင်မမြဲချင်

"အမေ သမီးကို
မွေးခဲ့စဉ်အခါက
သမီးပင်ပန်းတာထက်
အဆများစွာ ပိုပန်းခဲ့မှာပါ
အမေရယ်"

သေးတာ ဒါတွေ ဘယ်လိုလုပ်နိုင်မှာလဲ မကြီးရယ်''

''အံမယ် လုပ်နိုင်လို့ လုပ်သွားတာပေါ့။ နင်မရှိတဲ့အချိန်တွေအားလုံး အမေတဖြည်းဖြည်းကျင့်ပြီး လှုပ်ရှားနေတာလေ''


''လှုပ်ရှားနိုင်တယ်ပဲထားဦး နယ်ပြန်ရလောက်တဲ့အထိမှ မသက်သာသေးပဲလေ။ ပြီးတော့ လကုန်ရင် ဆေးပြန်ပြဖို့ ချိန်းထားတာ ရှိသေးတယ်''

''သက်သာလို့ မပြတော့ဘူးတဲ့။ ငါ့ကို အဲလို ပြောသွားတာပဲ။ နင် အမေနဲ့တွေ့ချင်ရင်တော့ ဒီည မီးခွက်ဈေးက နင့်အစ်မအိမ်မှာ ရှိဦးမယ်။ မနက်ဖြန်မှ နယ်ပြန်မှာ'' စကားတွေကို ဆက်နားထောင်နိုင်စွမ်း မရှိတော့လို့ မပန်းညို အခန်းထဲပြန်ဝင်လာခဲ့သည်။

အမေမရှိတော့သည့် အခန်း။ အမေမရှိတော့သည့် မနက်ဖြန်။ အမေ့ကို ပြုစုခွင့်မရှိတော့သည့် ဘဝဒါတွေအားလုံးဟာ မပန်းညိုအတွက် အဓိပ္ပာယ်ရှိနိုင်ပါဦးမလား။

တွေးရင်း တွေးရင်းဖြင့် မပန်းညို ပါးပြင်ပေါ်သို့ မျက်ရည်ပူများ စီးကျလာခဲ့ပါသည်။ လူမမာ မိခင်ရှေ့တွင် မပြုံးနိုင် မရွှင်နိုင်ဖြစ်ကာ နေ့စဉ်ညည်းညူနေလေတော့ မိခင်ဖြစ်သူ အလွန်အမင်း သိမ်ငယ်သွားခဲ့ပြီဆိုတာ မပန်းညိုစာနာစွာ တွေးတတ်လာခဲ့သည်။

မပန်းညိုမိခင် မပန်းညိုကို ကာလ ရေကြည်သနွှေတည်ကတည်းက လူဖြစ်



အောင် ဘယ်လိုများ ပင်ပင်ပန်းပန်းမွေးခဲ့မလဲဟု တစ်ဆက်တည်းမှာပင် တွေးမြင်လာခဲ့ပေသည်။ ထိုအချိန်မှာပင် မပန်းညိုနေ့စဉ် ပင်ပန်းပါသည်ဟု ညည်းတွားမိခဲ့သမျှကို ပြန်အားနာမိရကာ ချက်ချင်းပင် အခန်းထဲမှ ပြေးထွက်လာခဲ့သည်။ လမ်းထိပ်ရောက်တာနှင့် Taxi ကို တားလိုက်သည်။

''မီးခွက်ဈေးကို သွားချင်လို့ပါ ဦးလေး''

မပန်းညိုရှုံ့က ပြန်လာတိုင်း အေးချမ်းသော အပြုံးဖြင့် ကြိုဆိုနေတတ်သည့် မိခင်မျက်နှာက မပန်းညို၏ မျက်လုံးထဲတွင် ဖယ်ရှားလို့ မရနိုင်အောင် ကြီးစိုးလျက်ရှိပေသည်။

''အမေ သမီးကို မွေးခဲ့စဉ်အခါက သမီးပင်ပန်းတာထက် အဆများစွာ ပိုပန်းခဲ့မှာပါ အမေရယ်''

**ချစ်ခင်လေးစားစွာဖြင့်**
**ကတ္တီပါဖြူ**

## ရသပွင့်သစ် ကဗျာ

ဤအမှတ်တွင်ပါဝင်သော ကဗျာရှင်များအား
မေတ္တာလက်ဆောင်အနေနှင့်
ရိုးမြင့်မည့်ကြိမ်ပါသဖြင့်
YOUTH မဂ္ဂဇင်းတိုက်သို့
လိပ်စာပြည့်ပြည့်စုံစုံပေးပို့၍
ဆက်သွယ်နိုင်ပါသည်။

**နင်သိပါစေ**

နှင်းစက်တွေနဲ့ စွတ်စိုတောက်ပတဲ့
ဆောင်းရဲ့နေ့ရက်တွေတစ်ခေါက်
ပြန်ရောက်လာတဲ့အကြောင်း
နင်သိမှသိပါလေစ
နောက်ဆုံးပေါ်နည်းပညာတွေနဲ့
ခေတ်ပြိုင်ယဉ်ကျေးမှုတွေနဲ့
အထာကျနေတဲ့နင်
မထင်မရှား မြို့ငယ်လေးထဲက
ဝိရိုးဖလာယဉ်ကျေးမှုတွေနဲ့
အရိုးစွဲနေတဲ့ ငါ့ကိုမေ့နေပြီလား
ဖြတ်ရခက်တဲ့ သံယောဇဉ်ကြိုးကို
ရစ်ပတ်ခွေခေါက်လို့ ပြတိုက်ထဲမှာ သိမ်းလိုက်ပြီလား
မနေ့ကထက် ဒီနေ့၊ ဒီနေ့ထက် မနက်ဖြန်
ပိုအောင်မြင်အောင် ကြိုးစားရမယ်ဆိုတဲ့ နင်
ပင်ပန်းနွမ်းလျှမှုတွေအတွက်
ကလပ်ဘားတွေမှာ ပျော်တတ်သွားမှာလည်း စိုးရိမ်တယ်
နင်မသိခဲ့တာတစ်ခုက
ငါနဲ့အရမ်းကွာခြားတဲ့ မြင့်မားတဲ့ အခြေအနေမဟုတ်ရင်
လည်း
နင့်ကို တစ်ဘဝစာအတွက် ရည်ရွယ်ခဲ့ရိုးအမှန်ပါလို့

**ဝိုဝိုအောင်(ဝန်းသို)**



**သစ္စာ**

ပန်မှတ်ကိုထိဖို့
ဆုတောင်းပြီးမှ ဓားနဲ့ပေါက်ပါမောင်
မျက်လုံးမှိတ် ဖျော်ဖြေပွဲမှာ
ကျွန်မက ကိုယ်ဟန်ပြမယ်
မောင်ပစ်တတ်ဖို့
အကြိမ်ကြိမ်သေတယ်။

**ဩဝေတ်မိုင်**

**အတွေးကိုဆင်ဆာဖြတ်လိုက်ပါ**

တာဝန်မကျေသေးဘူးလို့
အတွေးတစ်စဝင်တိုင်း
စိတ်ရိုင်းတို့ခုန်ပေါက်
နောက်
ထောက်ဆိုပြုတ်ကျသွားတယ်
အသုံးမကျဘူးလို့
အတွေးတစ်စဝင်တိုင်း
ပတ်ဝန်းကျင်အကြည့်လှိုင်းက
ကိုယ့်ထံရောက်
နောက်
တောက်လျှောက်
အားငယ်ခြင်းတွေ မွေးဖောက်လာတယ်
အတွေးတွေပြန့်စစ်
ပတ်ဝန်းကျင်သစ်ကိုကြည့်စမ်း
လမ်း.. လမ်း.. လမ်းတွေကများ
ဘဝတွေ ဘဝတွေ ဘဝတွေကများ
အလကား အားငယ်ရှာတွေးတဲ့ကာလ
ဆင်ဆာ မှချဖြတ်လိုက်တော့..

**သရက်တန်းစိုးရွှေ (မြစ်ငယ်)**

**နေသာမှ**

မိုးကာစွေလေကတိုက်
ချမ်းလိုက်လေခြင်း
မိုးတိတ်ကာ နေသာလိုက်မှ
နွေးမယ့်ဖြစ်ခြင်း။

**တီဇက်ဆို (ပေါက်ခေါင်း)**


## ထစ်ချုန်းမိုး

ဘေးပယောဂမပါဘူး
လိုက်လိုက်လှဲလှဲ ရွာခဲ့တယ်
ပြင်းပြတဲ့ အာသာဆန္ဒ
အချစ်ဟာ မိုးလိုလား
ရင်တစ်ခုလုံး ကျွမ်းလောင်ပေမဲ့
သတိရခြင်းတွေကို
ချစ်သူသိအောင်
ဘယ်လိုစာလုံးပေါင်းပြရမလဲ
အဝေးဟာအဝေးကို
မိုင်တိုင်တွေ ရေတွက်မဆုံးနိုင်ဘူး
တမ်းတတဲ့ ဒီရာသီမှာ
အလွမ်းတို့သည်းသည်းမည်းမည်းရွာတယ်
ဘယ်သူဟာ ဘယ်သူ့အတွက်
အရေးကြီးပါစ
ချစ်သူရေ
သိပါလားလေ။

**မိုး (သရက်)**

## ခေတ်

ဒီဘက်ခေတ်အကန့်တွေမှာ
ဒေါသတရားတွေက
စားသုံးကုန်ဖြစ်လိုဖြစ်
မေတ္တာတရားတွေက
ရောင်းကုန်ဖြစ်လိုဖြစ်နဲ့
ကိုယ့်ကိုယ်ကိုယ်
မလုံမခြုံအိပ်တတ်လာတယ်။
စုန်းပြူးတွေ များလာခဲ့တဲ့
အသက်ရှူသံတွေအောက်မှာ
နေနဲ့ညတွေက ခြေလှမ်းကျဲလာတယ်
မြေကြီးနဲ့ ကောင်းကင်ကြားထဲ
သဘာဝတရားအောက်ခြေလွှတ်လာတယ်။
ရိုးသားခြင်း ဖြူစင်ခြင်း
နီးခြင်း ဝေးခြင်း
သက်ရှိနဲ့သက်မဲ့
အာဃာတတွေကို
ပွဲထုတ်ပြနေကြတယ်။
မကြာခဏပဲ
တချို့က ချို (ကျို)ပြတယ်
တချို့က အစွယ်ပြတယ်။
မကြာခဏပဲ
ငါတို့ရဲ့လက်သည်းတွေ
ဝှက်ထားခဲ့ရတယ်။



**ကြယ်စင်မှုး (အောင်လံ)**

## အလွမ်းရောင်ကျဲခဲ့လေသော ရင်ကွဲမိန့်

နှလုံးလွင်ပြင်ကို ဆေးခြယ်ခွင့်မရခဲ့
ဒီလိုနဲ့ပဲ
သူနဲ့ကျွန်မ
ဝေးလွင့်ခြင်းကို စခဲ့တယ်။
ဘယ်အရာကများ
မပြည့်စုံခြင်းတရားကိုဖန်တီး
သူနဲ့ကျွန်မကြားမှာ
စည်းအကြီးကြီးတားခဲ့ပါသလဲ။
အဲဒီညက
ကြယ်စင်တွေ တဖြုတ်ဖြုတ်ကြွေကျရက်နဲ့
ကျွန်မဆုတောင်းသံ တိုးလျလွန်းလို့လား
လမ်းခွဲကြဖို့ စကားနဲ့
အစစအရာရာ မှားခဲ့တယ်။
အလွမ်းတွေကို
ထုပ်ထမ်းရတာချင်းအတူတူ
ရင်ဘတ်ဖြူသူက ပိုခါးသလား
ဘယ်လိုဖြစ်ဖြစ်
ကျွန်မကိုယ်ကျွန်မတော့
တစ်ခါမှမသနားခဲ့မိဘူး။
အတိတ်ကို ဖြုတ်တပ်ခွင့်ရှိရင်
အဲဒီနေ့လို လုပ်ဇာတ်မျိုး
ကျွန်မကိုယ်တိုင် ရိုက်ချိုးပြီး
ကြည်နူးခြင်းသာ ဝင်ပျိုးထားချင်ရဲ့။
အစွန်းနှစ်ဖက်မှာ ကိုယ်စီရပ်ခဲ့ကြသူ
အလယ်တစ်ခုက ဆုံမှတ်ဆိုတာကို
သိပါလျက်နဲ့ ရှေ့မတိုးဖြစ်
ဒီအတိုင်းလေးပါပဲ
နိုးချစ်ရတဲ့ သူ့ရင်ဘတ်ကို
ဝေးဝေးကပဲ ဖတ်ခဲ့တယ်။

**ထုလာတ်ဓသွေး**



**ရှုပ်ရှုပ်**

အပြုံးနဲ့ ကိုင်လှုပ်တယ်
အကြည့်နဲ့ ကိုင်လှုပ်တယ်
အပြောနဲ့ ကိုင်လှုပ်တယ်
အမူအရာနဲ့ ကိုင်လှုပ်တယ်
လှုပ်တာလည်းလှုပ်
တော်ရုံလှုပ်
ဘုရွှေရရနေနိုင်လွန်းတယ် မထင်နဲ့
ဝိန်းကြာထက်က ရေ
အချိန်မရွေး
နေရာမရွေး
ပြိုကျဆင်းသက်လာနိုင်တယ် ....

**ရှိ**

## အကြည့်ချင်းဆုံမိချိန်

ပြူးရိပ်သန်းစွာ၊ သူ့မျက်နှာကို
ရင်မှာစွဲငြိ၊ ငါနိုးကြည့်စဉ်
အကြည့်ချင်းဆုံ၊ သွေးလန့်ကုန်၍
ရင်ခုန်သိမ့်သိမ့်ခါလေတော့။

သူ့မျက်နှာလေး၊ ကလေးလေးနှယ်
ရှက်သွေးစိုဖျန်း၊ နီမြန်းမြန်းနှင့်
ရှက်ရမ်းရမ်းကာ၊ ခေါင်းငုံ့ကာဖြင့်
ဝေးရာထွက်ပြေးသွားတော့တဲ့။

ဪ . . .
သူ့၏ရင်ထဲ၊ စစ်လုံးသည်း၌
သူလည်းကိုယ့်ကို၊ မေတ္တာရှိ၍
ကိုယ့်လိုစိုးကြည့်လေရော့သလား။

**အောင်ဆန်းဝင်း(ရေစကြို)**

## သူငယ်ချင်းသို့

သူငယ်ချင်း
မင်းငါ့ကိုမြှောက်
ငါမမြှောက်ပါ
ဒါပေမယ့်ငါ
ကချာရလိုက်တယ်။
သူငယ်ချင်း
မင်းငါ့ကိုခြောက်
ငါမကြောက်ပါ
ဒါပေမယ့်ငါ
ကချာရလိုက်တယ်။
သူငယ်ချင်း
မင်းငါ့ကိုနှိမ်
ငါမသိမ်ငယ်ပါ
ဒါပေမယ့်ငါ
ကချာရလိုက်တယ်။
သူငယ်ချင်း
မင်းငါ့ကိုပစ်
ငါမညစ်ပါ
ဒါပေမယ့်ငါ
ကချာရလိုက်တယ်။
သူငယ်ချင်း
မင်းငါ့ကိုမုန်း
ငါမရှုံ့ပါ
ဒါပေမယ့်ငါ
ကချာရလိုက်တယ်။

သူငယ်ချင်း
ဘယ်လိုဖြစ်ဖြစ်
ချစ်ခင်စွာနဲ့
အပြစ်မတင်ရက်ပါ
ငါ့မှာကချာ
ရလိုက်တာမို့
ကျေးဇူးတွေတောင်
တင်သေးတာ။

**ဆထ်းအလင်္ကာ**



## ရုပ်အထည်သန့်ဖို့ထက် စိတ်တကယ်သန့်ဖို့လို

တစ်လမ်းမောင်းတွေများလာတယ်ဆိုတော့..
တစ်လမ်းတည်းပြေးရတော့မှာလား
တစ်ကောင်တည်းပြေးတဲ့ မြင်းကပိုမြန်သလား
အရာရာဟာ ဖြည်းဖြည်းမှန်မှန်မသွားတော့ဘူး
စိတ်ကိုစိတ်နဲ့သွားရင် ကောင်းကင်ကမဝေးဘူးဆို
သီအိုရီတွေကို ပြန်သုံးသပ်ကြည့်ဖို့လိုမယ်
ရှေ့ကကောင်းကင်ဟာ
မိုးကုတ်စက်ဝန်းအနားသတ်အထိ ရုပ်တန့်မရဘူး
လမ်းတွေက ကျဉ်းသထက်ကျဉ်းလာ
ဂယ်ကွေ့တွေများလာ
နှလုံးသားကို လေးပေါ်တင်
ပစ်လွှတ်လိုက်တဲ့အခါ
လူသွားလမ်းလေးမထိခိုက်ဖို့ အိပ်မက်ကို
ဆေးကြောသန့်စင်လိုက်ရပါတယ်။

**ဟာရှိန်း (မင်းတပ်)**

## အရောင်တင်ပွဲ

အသိုက်တွေအသိုက်တွေ
အမှိုက်ရွေလို့ ဖွဲ့စည်းကြ
ရှုည့်မှုနဲ့ ငြိမ်သက်ခြင်း
အသိုက်အတွင်းမှာရှိတယ်
တချို့တလေ အသိုက်တွေ
အမှိုက်ကနေ ရွှေဖြစ်
တစ်ချို့တလေ အသိုက်
အမှိုက်က အမှိုက်ပဲဖြစ်
ကူးလူးယှက်တင် အပျံသင်စတွေ
ခဝါမချချင်တဲ့ အားခဲမှုတွေကိုက်ချီ
အသိုက်တွေဆီ သယ်ကြပိုးကြ
ချုံးချုံးကျနေတဲ့ ဘဝဆိုး
တစ်ဆစ်ချိုး ဘဝဆိုး
အားစမ်းပွဲ ကျင်းပနေကြ
သြော် အားလုံးသော အမှိုက်တွေ
ရွှေဖြစ်ကြပါစေ။

**မြူးရဲသန့်**





## ပျိုးပင်

အမေ့ခက်လို့
မမေ့ရက်ခဲ့တာပါ ခင်...။
တစ်နေ့တစ်ရက်
အမေ့ခက်အောင် သူဉာဏ်ဆင်။
မမေ့ရဲ့မမေ့ရက်
နေ့စွဲတွေ လက်ချိုးရေ
တစ်သက်ပျိုးနေတဲ့ မေတ္တာသစ်ပင်
အပြင်မမြင်ဘဲ နားလည်ပေ့ါ။

တစ်စတစ်စ
ခဏခဏ သတိရနေမိုက်
ရှိသမျှ သစ္စာတွေပေး
ဟိုအဝေး မပြေးပါနှင့်တော့...။

**မင်းမြတ်သွေး (ဖောင်းပြင်)**

## ကဗျာထဲက နှုတ်ခမ်းရာပြဋ္ဌာန်းချက်

နှင်းဆီရောင်အိပ်မက် ခပ်ဖွဖွထဲက
နှုတ်ခမ်းရာလေးတစ်ခုဟာ
နောက်ဆုံးတော့
ကဗျာထဲထိရောက်လာတယ်။
အဲဒီနှုတ်ခမ်းရာလေးမှာ
မျှော်လင့်ခြင်းအသစ်တွေ
ပြဋ္ဌာန်းထားပြီးတော့
ယုံကြည်ချက်နဲ့ ခရီးဆက်စေတယ်။
အဲဒီနှုတ်ခမ်းရာလေးမှာ
ရဲရဲတွဲထားတဲ့လက်တွေပါတယ်
သဝန်တိုတတ်တဲ့
ကောင်လေးတစ်ယောက်ပါတယ်
စိတ်ကောက်တတ်တဲ့
ကောင်မလေးတစ်ယောက်ပါတယ်
လွမ်းရင်ကျတဲ့ မျက်ရည်တွေလည်း
ပါသေးတယ်
အဲဒီနှုတ်ခမ်းရာလေးမှာ
မဟော်ဂနီရောင်
ဆံပင်ရှည်တွေပါတယ်
ခပ်ဖြည်းဖြည်းမှိတ်ထားတဲ့
မျက်ဝန်းတွေပါတယ်
ဗီသိုဗင်မကြားခဲ့တဲ့
တေးသွားတွေပါတယ်
အဲဒီနှုတ်ခမ်းရာလေးမှာ
ရင်ခုန်သံနဲ့ ပုံနှိပ်ထားတဲ့
ကျွန်တော်တို့ရဲ့
ဘဝတစ်ခုလုံးပါနေတယ်။

**ဒိုရာဂျူးနေ**

## မြေသြဇာတစ်ထုပ် ကဗျာတစ်ပုဒ်

ဒဏ်ရာတွေများလွန်းတဲ့
စိတ်ကိုက မရှင်းတဲ့အခါ
မြင်ကွင်းတွေကလည်း မရှင်းဘူး
ကိုယ့်ဝေဒနာကိုယ် ပွတ်သပ်နေတာတောင်
အပြစ်တင်ခံရတဲ့ ဘဝရသတွေ
လေထဲက အသံလှိုင်းတို့ဟာ
ကဗျာဆန်ဆန်တုန်ခါနေဆဲပဲ
တာဝန်ဆိုတာ
တာဝန်သိသူအတွက်သာဖြစ်သတဲ့
တာဝန်မသိသူအတွက်
ဘာတာဝန်မှမရှိ
တန်ဖိုးဆိုတာ
တန်ဖိုးသိသူအတွက်သာဖြစ်သတဲ့
တန်ဖိုးမရှိသူအတွက်
ဘာတန်ဖိုးမှမရှိ
အဲဒီဆိုစကားကို နှစ်မြှုပ်လို့
အသစ်စိုက်ပျိုးမယ့်
ပန်းပင်တွေကို ရေလောင်းပေါင်းသင်လို့
တို့ရင်မြေ လယ်ယာများ
အားမာန်ပြည့်ဝပါစေသော။

ဇေယျာလင်းဇေ



## ဘဝအနှစ်ချုပ်

ဆင်ခြေပေးတတ်ရုံနဲ့တော့
ဘဝက
အဆင်မပြေနိုင်ပါဘူး။
ပဋ္ဌလက်ဆန်တဲ့လောကမှာ
ပစ်စလက်ခတ်
နေတတ်သလိုနေပါ
ကိုယ်ကျင့်တရားကိုတော့
မြင့်မြတ်နိုင်ပါစေ။
မာယာတွေ သုံးမနေပါနဲ့
ကမ္ဘာကြီးက မတုံးပါ
အယောင်ဆောင်ကောင်းမှ
အဆောင်အယောင်တွေရမယ်ဆိုတဲ့
ပေါ့ပျက်ပျက်အတွေးနဲ့တော့
ရှင်သန်ခြင်းတွေကို
ဘောင်ခတ်မပစ်လိုက်ပါနဲ့ ။
လှုနိုင်တဲ့သူတွေ့တိုင်း
လန့်သမျှတော့
လူညံ့တစ်ယောက် ဖြစ်နေဦးမှာပေါ့။

ခက်ဆစ်လင်း (မြည်)

# နောက်ဆုံးဖယောင်းတိုင်

ဦးဘုန်း (ဓာတု-မန္တလေး)

'နားလည်မှု၊ စာနာမှု' ဆိုတဲ့
ဖယောင်းတိုင်လေး ရှိနေသေးရင်
'အချစ်' ဆိုတာ ပြန်ဖြစ်နိုင်တယ်။
'သံယောဇဉ်' ဆိုတာ ပြန်ဖြစ်နိုင် တယ်
'မေတ္တာတရား၊ ကရုဏာတရား'
တွေ ပြန်ဖြစ်နိုင်တယ်။
'နားလည်မှု စာနာမှု' ဆိုတဲ့
ဖယောင်းတိုင်လေးသာ မီးငြိမ်းသွားခဲ့ရင် ...



ပုံပြင်တစ်ပုဒ်လောက်ပြောပြပါရစေ။

ဒီပုံပြင်မှာ ရည်ရွယ်ချက်ရှိပါတယ်။

လူဆိုတာ တစ်ယောက်တည်းနေလို့မရဘူး။ အသိုင်းအဝိုင်း။ အပေါင်းအသင်းနဲ့ နေရတယ်။ အနည်းဆုံး ကိုယ့်မိသားစုနဲ့ ပေါင်းရတယ်။ သင်းရတယ်။ အမြဲတမ်း ထိတွေ့ဆက်ဆံနေရတော့ စိတ်ထဲမှာ အဆင်မပြေမှုတွေ၊ ပြဿနာတွေ၊ အားမလိုအားမရ ဖြစ်မှုတွေ ရှိနိုင်ပါတယ်။ ဒီပုံပြင်လေးဟာ အဖွဲ့အစည်းတစ်ခုနဲ့ တစ်ခုအကြား။ မိဘနဲ့သားသမီးအကြား။ ဆရာနဲ့တပည့်အကြား။ လင်မယားနှစ်ယောက်အကြား။ သူငယ်ချင်းနှစ်ယောက်အကြားမှာ ထားသင့်ထားအပ်တဲ့ အတွေးတစ်ခုကို ပေးပါလိမ့်မယ်။

တစ်ခါတုန်းက–

အလင်းမရှိတဲ့ မှောင်မည်းနေတဲ့ အခန်းတစ်ခန်းထဲမှာ ဖယောင်းတိုင်ကလေး (၇) တိုင်ရှိပါတယ်။ အဲ့ဒီဖယောင်းတိုင်တွေမှာ အလင်းကိုယ်စီနဲ့ပေါ့။ ဖယောင်းတိုင် (၇)တိုင်ရဲ့ အလင်းအားကြောင့် မှောင်မည်းနေတဲ့ အခန်းဟာ လင်းထိန်နေတော့တယ်။ ဒီအခန်းထဲကို လေပြေပျော့ပျော့လေးတိုက်ခတ်နေသတဲ့။ တစ်ခါတစ်ခါမှာ လေဟာပြင်းသွားလိုက်၊ တစ်ခါတစ်ခါမှာ လေဟာငြိမ်သွားလိုက်နဲ့ပေါ့။

လေတစ်ချက်အဝှေ့မှာ ဖယောင်းတိုင်တစ်တိုင် မီးငြိမ်းသွားတယ်။ အခန်းဟာ အလင်းအားနည်းနည်းလျော့သွားတယ်။ အဲ့ဒီဖယောင်းတိုင်လေးကို 'အချစ်' လို့ နာမည်ပေးကြည့်ရအောင်။ 'အချစ် ဆိုတဲ့ အလင်းအားလေး' လျော့သွားတော့ အခန်းဟာ နည်းနည်းလေး မှောင်သွားတယ်။

နောက်ထပ်လေအဝှေ့မှာ ဒုတိယဖယောင်းတိုင်လေး မီးငြိမ်းသွားပြန်တယ်။ အဲ့ဒီဖယောင်းတိုင်လေးကို 'သံယောဇဉ်' လို့နာမည်ပေးကြည့်ရအောင်။ ဒီအခန်းထဲမှာ 'အချစ်'ဆိုတဲ့ အလင်းရောင်ရယ်၊ 'သံယောဇဉ်'ဆိုတဲ့ အလင်းရောင်ရယ် မရှိတော့ဘူး။ အခန်းဟာ အမှောင်ထုကြီးစိုးလာတော့တယ်။

ဒီလိုနဲ့နောက်ထပ် 'လေတစ်ချက်' အဝှေ့မှာ တတိယဖယောင်းတိုင်လေး ငြိမ်း သွားပြန်တယ်။ ဒီဖယောင်းတိုင်လေးကိုတော့ 'ကရုဏာတရား'လို့ နာမည်ပေးကြည့်ရအောင်။

ဒီလိုပဲ နောက်ထပ် 'လေတစ်ချက်' အဝှေ့မှာ စတုတ္ထဖယောင်းတိုင်လေး ငြိမ်းသွားပြန်တယ်။ အဲဒီဖယောင်းတိုင်လေးကို 'မေတ္တာတရား'လို့ နာမည်ပေးကြည့်ရအောင်။

ဒီလိုပဲ နောက်ထပ်လေ့အဝှေ့တစ်ချက်မှာ စတုတ္ထဖယောင်းတိုင်လေး ငြိမ်းသွားပြန်တယ်။ ဒီဖယောင်းတိုင်လေးကိုတော့ 'ကရုဏာတရား'လို့ နာမည်ပေးကြည့်ရအောင်။

ဖယောင်းတိုင် (၇)တိုင်လင်းအားရှိတဲ့ ဒီအခန်းဟာ ဖယောင်းတိုင် (၁) တိုင်မျှသာ အလင်းအားရှိတော့တယ်။ ဒီနောက်ဆုံးဖယောင်းတိုင်လေးသာ လေ့အဝှေ့မှာ မီးညွန့်ကလေးငြိမ်းသွားခဲ့ရင်

ဒီတစ်ခန်းလုံး မှောင်မည်းသွားတော့မှာပါပဲ။

ဖြစ်ချင်တော့ ဒီအခန်းထဲကို လူတစ်ယောက် ရောက်လာတယ်။

"အခန်းကြီးက မှောင်မည်းနေတာပဲ။ တော်သေးတာပေါ့။ ဖယောင်းတိုင်လေးတစ်တိုင် လင်းနေသေးလို့"

ပြောပြောဆိုဆို ဖယောင်းတိုင်ရဲ့ မီးညွန့်ကို လက်ဝါးလေးနဲ့ ကာလိုက်တယ်။ အလင်းရောင်မှိန်ပျပျအောက်မှာ မီးငြိမ်းနေတဲ့ ဖယောင်းတိုင် (၄)တိုင်ကို တွေ့သွားတယ်။ ချက်ချင်းဆိုသလိုပဲ နောက်ဆုံးကျန်နေတဲ့ ဖယောင်းတိုင်ရဲ့ မီးညွန့်ကိုကူးပြီး မီးငြိမ်းသွားခဲ့တဲ့ ဖယောင်းတိုင်လေးတွေကို မီးကူးပေးလိုက်တယ်။ ဒီအခန်းက အရင်အတိုင်းပဲ ပြန်ပြီးလင်းထိန်သွားပါတော့တယ်။

++++++

စာဖတ်သူကို မေးပါရစေ။

ဒီနောက်ဆုံးကျန်တဲ့ ဖယောင်းတိုင်လေးကို ကျွန်တော်တို့ နာမည်ပေးကြည့်ကြရအောင်။ စာဖတ်သူလည်း ကြိုက်သလို နာမည်ပေးပါ။ ကျွန်တော်ပေးထားတဲ့ နာမည်လေးတော့ ရှိပါတယ်။ ကျွန်တော်က နောက်ဆုံးဖယောင်းတိုင်လေးရဲ့ နာမည်ကို 'နားလည်ပေးမှု၊ စာနာပေးမှု ဖယောင်းတိုင်'လို့ နာမည်ပေးထားတယ်။

တွေးကြည့်ရအောင်။

လူတစ်ယောက်နဲ့ တစ်ယောက် အကြားမှာ 'နားလည်ပေးမှု၊ စာနာပေးမှု' ဆိုတဲ့ အလင်းအားရှိတဲ့ ဖယောင်းတိုင်လေးသာ ရှိနေသေးရင် 'အချစ်'ဆိုတာ ပြန်ဖြစ်နိုင်တယ်။ သံယောဇဉ်ဆိုတာ ပြန်ဖြစ်နိုင်တယ်။ 'မေတ္တာတရား၊ ကရုဏာတရား' တွေ ပြန်ဖြစ်နိုင်တယ်။ 'နားလည်ပေးမှု စာနာပေးမှု' ဆိုတဲ့ ဖယောင်းတိုင်လေးသာ မီးငြိမ်းသွားခဲ့ရင် အခန်းကြီး မှောင်မည်းသွားသလို အချစ်တွေ၊ မေတ္တာတရားတွေ၊ သံယောဇဉ်တွေ၊ ကရုဏာတရားတွေ ပြန်ဖြစ်ဖို့ မလွယ်တော့ပါဘူး။ လူ့ဘဝရဲ့ အနှစ်သာရလည်း ပျက်စီးသွားတော့မှာပါပဲ။

မိသားစုအချင်းချင်းကြားမှာ သူငယ်ချင်းနှစ်ယောက် အကြားမှာ၊ မောင်နှမနှစ်ယောက်အကြားမှာ၊ လင်မယားနှစ်ယောက်အကြားမှာ အဖွဲ့အစည်းတစ်ခုနဲ့ တစ်ခုအကြားမှာ 'နားလည်ပေးမှု၊ စာနာပေးမှု' ဆိုတဲ့ ဖယောင်းတိုင်လေး လင်းနေဖို့ လိုမယ်ထင်ပါတယ်။ ဒီဖယောင်းတိုင်လေးသာ မီးငြိမ်းသွားခဲ့ရင် လူမှုဆက်ဆံရေးရဲ့ ပျော်စရာကောင်းတဲ့ သဘာဝကို ခံစားနားလည်နိုင်တော့မှာ မဟုတ်ပါဘူး။

ချစ်သူနှစ်ယောက်အကြားမှာ 'နားလည်ပေးမှုနဲ့ စာနာပေးမှု' ရှိရင် ပျော်စရာသိပ်ကောင်းမှာပဲ။

မိဘအပေါ် နားလည်ပေးတတ်တဲ့ သားသမီးတွေကို ပိုင်ဆိုင်ခွင့်ရတဲ့ မိသားစုဟာ ပျော်စရာကြီးပါ။ ဒီလိုပါပဲ နားလည်ပေးတတ်တဲ့ စာနာပေးတတ်တဲ့ မိဘတွေရဲ့ သားသမီးဖြစ်ခွင့်ရရင်လည်း ပျော်စရာပါပဲနော်။

ကိုယ့်ကိုနားလည်ပေးတဲ့၊ စာနာပေးတဲ့ သူငယ်ချင်းတွေသာ ကိုယ့်အနားမှာ ရှိရင် သူငယ်ချင်းတွေနဲ့ ခင်မင်ခွင့်ရတာ ဘုရားပေးတဲ့ လက်ဆောင်ပါပဲ။

ကိုယ့်ကိုနားလည်ပေးတဲ့၊ စာနာပေးတဲ့ ချစ်သူနဲ့သာ အတူနေခွင့်ရရင် အချစ်ဆိုတာ ပျော်စရာပဲလို့ ခံစားမိမှာပါ။

အပြန်အလှန် နားလည်ပေးတဲ့ စာနာပေးတဲ့ လူ့အဖွဲ့အစည်းတွေသာ ကျွန်တော်တို့ ဝန်းကျင်မှာရှိခဲ့ရင် ကျွန်တော်တို့ လူ့ဘောင်လောကကြီးဟာ ဒီထက်ပိုပြီး သာယာလာပါမယ်။ ငြိမ်းအေးလာပါမယ်။ တိုးတက်လာပါမယ်။ ပျော်စရာလည်း ကောင်းလာပါလိမ့်မယ်။

ဒါကြောင့် ဘယ်နေရာမှာမဆို 'နားလည်ပေးမှုနဲ့ စာနာပေးမှု' အပြန်အလှန် ရှိကြမယ်ဆိုရင် လောကကြီးဟာ ငြိမ်းချမ်းနေမှာပါ။

ဒါပေမဲ့ ...

'နားလည်ပေးမှုနဲ့ စာနာပေးမှု' ကိုတော့ အလွဲသုံးစား မလုပ်သင့်ဘူးနော်။

'နားလည်ပေးမှုနဲ့ စာနာပေးမှု'ကို အခွင့်ကောင်းမယူသင့်ဘူး။

'နားလည်ပေးမှုနဲ့ စာနာပေးမှု' ကို တန်ဖိုးမဲ့အောင် မလုပ်သင့်ဘူးနော်။

+++++

စာဖတ်သူလည်း နောက်ဆုံး ဖယောင်းတိုင်လေးရဲ့ နာမည်ကို ဘယ်လိုများမှည့်ခေါ်ချင်ပါသလဲ။

ဒီပုံပြင်လေးကို ဖတ်ပြီး...

"ချစ်သူတွေ၊ သူငယ်ချင်းတွေ၊ မိသားစုတွေ၊ လူသားတွေ၊ အဖွဲ့ အစည်းတွေ"ရဲ့အကြားမှာ 'နားလည်ပေးမှုနဲ့ စာနာပေးမှု' ဆိုတဲ့ အလင်းရောင်ကလေးနဲ့ 'အချစ်တွေ၊ သံယောဇဉ်တွေ၊ မေတ္တာတရားတွေ၊ ကရုဏာတရားတွေ' ပြန့်ပြီး ရှင်သန်ထွန်းလင်းကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

တွေးဆကြည့်ကြဖို့ပါခင်ဗျာ။

**ဦးဘုန်း (ဓာတု-မန္တလေး)**



# ချစ်သူတမ်းချင်း

**စိုးစေမိုး (သပြု)**

## နှလုံးသားဖြင့်သီကုံးသော အချစ်၏မှတ်တမ်း

"နိုင်"

နှလုံးသားရဲ့အကျွရာ၊ အချစ်ရဲ့ ဝိသေသအမှတ်ရစ္ဆာနဲ့ တမ်းတမ်းတတ ရင်ထဲ မှာလွမ်းရတဲ့အခါတိုင်း ဒီအမည်နာမလေးကို နှလုံးသားက ရေရွတ်မိ ပြန်တယ်။

ဒီအချိန်မှာ ခေါ်ခွင့်ရှိမရှိ ဦးနှောက်ရဲ့ဆင်ခြင်တုံတရားကို နှလုံးသား က မဝေခွဲနိုင်သေးခင်မှာ အသည်းဆန်ကာပေါက်က သူ့အလိုအလျောက် ထွက်ကျလာပြီးသားဖြစ်နေလို့ပါ နိုင်။

အခုအချိန်မှာ အသိတရားတွေရဲ့ အစွန်အဖျား ရင်ထဲကစကားတွေကို ပြောဖို့ သင့်တော်သေးရဲ့လား၊ မောင့်စိတ်တွေ ဝေဝါးနေတယ်နိုင်။ လွမ်းစရာ ရှိတော့လည်း နာစရာနဲ့ဖြေတဲ့ ဒီလိုနဲ့ဒဏ်ရာတွေဟာ သွေးမတိတ်ဖို့ဖြစ်လာ ခဲ့လေသလား။

တကယ်တမ်းကျတော့ နားလည်ခြင်းရဲ့အစွန်းတစ်ဖက်စီမှာ ကိုယ်စီ ကိုယ်ငရပ်လို့ ပြုံးပြနှုတ်ဆက်တတ်ဖို့ မောင်ရင့်ကျက်ချင်ခဲ့တာပါ နိုင်။



နာကျင်နေတဲ့ စိတ်နဲ့ ဟိုအရင်ကအတိတ်ကို မဖက်တွယ်ဘဲနဲ့ပေါ့။

ဘဝဆိုတာကလည်း နာရီလက်တံတွေလို တစ်လမ်းသွားတည်းမို့ တရွေ့ရွေ့နဲ့ချုန်ထားရစ် အသစ်အသစ်ဆိုတာဖြစ်နေပေမယ့် သံပတ်ကြောင့် လည်ပတ်နေတဲ့ စက်သွားနဲ့ခံစားချက်ကြောင့် ရှင်သန်နေတဲ့နှလုံးသား အရာရာကွာခြားပါတယ် နိုင်။ ဖြူလွလွစာရွက်တစ်ရွက်လို အဖျက်အရာ ကင်းကင်းနဲ့ အရောင်အစွန်းအထင်းမရှိတဲ့ နှလုံးသားတွေအပေါ်မှာ ကနဦးလန်း ဖြတ်ကြက်ခြေရာဝတ် အချစ်ကအဆိပ်တက်တယ်နိုင်။

စစ်ဖြတ်သန်းရာအရပ်ဒေသကို သက်သေပြပါဆိုလျှင် အနည်းနဲ့ အများ သောကရတက်မီးနဲ့ ဒိုးအိမ်အပျက်အစီးတွေကိုပဲ လက်ညှိုးထိုး ပြရမှာဖြစ်ပေမယ့် အချစ်ဖြတ်သန်းရာ တစ်စိတ်တစ်ဒေသကို ညွှန်းဆိုပြပါဆို လျှင်တော့အနည်းနဲ့အများကွဲအက်သွားတဲ့ဒဏ်ရာအက်ကြောင်းတစ်လျှောက် ဖိတ်စင်ကြေမွနေတဲ့ဝေဒနာအပိုင်းအစတွေက အကောင်းဆုံးသက်သေတွေ ပေါ့ နိုင်ရယ်။

ဘုရားဟောတရားတွေနဲ့မကင်းကွာပေမယ့် ပုထုဇဉ်ဆိုတာက ချစ်ခြင်း၊ မုန်းခြင်း၊ တွယ်တာခြင်းကို ဘယ်မှာကင်းနိုင်ပါ့မလဲနိုင်။ နှလုံးသား၏အလို ဆန္ဒအရလို့ လွယ်လွယ်နဲ့ခေါင်းစဉ်တပ်လို့ ရနိုင်ပေမယ့် ရင်ဘတ်ဆိုတာ လောင်တိုက်တစ်ခုလို ဆို့နင့်ကြေပျက်မချေဖျက်နိုင်သမျှကို သိမ်းဆည်း ရုံသက်သက်အတွက်ဆို ကိုယ်ချင်းစာတတ်ဖို့ မကောင်းဘူးလားနိုင်။

အချစ်ကို ဘဝဆိုတာကြီးနဲ့ ချိန်စက်ကြည့်ကြတိုင်း ချိန်ခွင်လျှာက အတိမ်းအစောင်းတွေဟာ နှလုံးသားတွေအတွက်တော့ ကံမကောင်းလေ့ မရှိခဲ့ကြပါဘူး။

ဒီလိုနဲ့ပဲ ရင်နာစရာကောင်းတဲ့ အစဉ်အလာဟောင်းတွေနဲ့ အချစ်ရဲ့ သမိုင်းကြောင်းဟာ ဦးနှောက်ရဲ့အနိုင်ပိုင်းမှုကြောင့် ဘဝဆိုတာနဲ့ယှဉ်လိုက် တိုင်း သူတို့ရဲ့သမိုင်းဟာ ရှိုင်းမြဲရှိုင်းနေဆဲပါပဲလား နိုင်။ ဦးနှောက်ရဲ့စေစား ရာဟာ ဘဝဖြစ်ချင်ဖြစ်မယ်၊ နှလုံးသားရဲ့ရည်ညွှန်းရာသက်သက်ဟာ ချစ်ခြင်းမေတ္တာဆိုတာကိုတော့ နိုင်လက်ခံမှာပါလေ။

တစ်ချိန်တစ်ခါက တဖွဲဖွဲကျနေတဲ့ မိုးစက်တွေအောက်မှာ ထီး မဆောင်းဘဲ အတူတူလျှောက်သွားရင်း မင်းကိုယ်သင်းနံ့မွှေးမွှေးလေးကို ရှူရှိုက်၊ ဘဝရဲ့အနိုက်အတန့်တွေဟာ ချိုမြိန်ခဲ့ရပါတယ်နိုင်။ ချစ်သူတို့ ဆုံဆည်းရာမြေ ကံ့ကော်တွေဝေတဲ့တောက အခုတော့ ဘယ်လိုပြောရ မလဲ နိုင်။

အဝိပတိလမ်းမထောက်က ခြေရာ သေရာပါမယ့်အမှတ်တရတွေနဲ့ အင်းယားရဲ့လမ်းကို မမောတန်းအတူလျှောက်ခဲ့ကြတာတွေ ပန်းကလေးတွေနဲ့ ခုံတန်းပြာယံ့တစ်းသာပြောရရင် ပုံပြင်တစ်ပုဒ်လိုပေါ့နိုင်ရယ်။ ဟုတ်ပါတယ်လေ။ အခုတော့လည်း အမှတ်မဝင်တဲ့ ပါးစပ်ရာဇဝင်တစ်ခုလို ရေရွတ်မိရုံ သက်သက်ပေါ့နိုင်။

ခမ်းနားခဲ့ပါတဲ့ အချစ်ဆိုတာ သူ့ချည်းသက်သက်ဆိုရင် မနက်ခင်းနေရောင် ခြည်အောက်မှာ အလှအပနဲ့ ဖူးပွင့်တဲ့ပန်း။ ချစ်တဲ့သူတွေ ဆင်မြန်းခွင့်ရှိခဲ့တာပေါ့ နိုင်။ တောက်ပခြင်းမရှိတဲ့ အရောင်မှိန် ပန်းတစ်ဖက်ဟာ မှေးစက်နေကျတဲ့ မွှေ့ရာထက်တော့ နူးညံ့မှုပေးနိုင်မှာမဟုတ်ဘူးဆိုတာ သိပါတယ်နိုင်။

ရင်မှာပေါက်ဖွားလာတဲ့ မေတ္တာတရားကို အင်အားတစ်ခုလို ယုံကြည်ထင်မှတ်ပြီး အသက်ဆက်ရှင်သန်ခဲ့ရတဲ့ ကာလတစ်လျှောက် လွမ်းလောက်စရာ မရှိသေးတဲ့ ဘဝအခြေအနေတစ်ခုမှာ မင်းဆီက ကရုဏာသက်မှုကို မောင်မလိုချင်ပါဘူး နိုင်။


ရယ်ချင်ရယ်နိုင်ပါတယ်နိုင်။ မွေးရာပါမဟုတ်တဲ့ မာနတစ်ခုကို ဖက်တွယ်အဖော်ပြုလို့ မင်းကျောခိုင်းသွားတဲ့နေ့ရက်တွေကို အံတင်းရင်းရှေ့ဆက်သူ မောင်ဟာ သစ္စာမပျက်ခဲ့ပါဘူးလေ။

တစ်ဖက်ကို မျက်နှာမူလိုက်တဲ့အခါ ကျန်တဲ့အခြားတစ်ဖက်ကို အလိုလိုကျောခိုင်းပြီးသား ဖြစ်သွားသလိုပဲ တစ်ခုကို ရွေးချယ်လိုက်တဲ့အခါမှာ ကျန်တဲ့တစ်ခုဟာ အလိုလိုအပယ်ခံဖြစ်သွားတာပါနိုင်။

ပြောစမ်းပါဦး နိုင်။ ရက်စက်တတ်တဲ့ ကံကြမ္မာအကြောင်း။ မမျှော်လင့်တဲ့ အတိမ်းအစောင်းတွေနဲ့ မာယာများတဲ့ လောကကြီးအကြောင်းကိုပေါ့။ အသိစိတ်နိုင်နိုင်နဲ့ အသည်းနှလုံးကိုဖင်ခုထိုင်ပြီး မောင် နားထောင်ချင်လို့ပါ။ အဆုံးသတ်ပဲဖြစ်ဖြစ် အရှုံးအတွက်ပဲဖြစ်ဖြစ်ပေါ့။ ပြေရာပြေကြောင်း စကားကောင်းကောင်းတစ်ခွန်းလောက် နိုင့်မျက်နှာကို ကြည့်ပြီး ပြောခွင့်ရမယ်ဆိုရင် မောင် ပြောချင်ပါသေးတယ်။

ဝေသီအုံ့မှိုင်းလို့ ရစ်သိုင်းနေတဲ့ မျက်ဝန်းကိုယ်စီမှာ တွဲခိုလုလုဖြစ်နေတဲ့ နာကျင်မှုတွေကို ခံနိုင်ရည်အင်အားမရှိရင်တောင် ခံစားချက်ချင်းမတူတဲ့ ဝေဒနာရင်ဘတ်ချင်းမတူတဲ့အတွေး မျက်ရည်မကျကြေးပေါ့ နိုင်။ မျက်ရည်မကျကြေးပေါ့။

စိုးဝေစိုး (သမြ)



# စိတ်မပျက် လက်မလျှော့

အ ၁ က ၁

သူ့ပတ်လည်တွင် လျှပ်စီးများ ဝင်းလက်သွားချိန်တွင် တစ်စုံတစ်ယောက်က သူ့အိမ်သို့သွားကာ ရော်ဗင်နှင့် ကလေးများကို သူတို့ဖခင်ပင်လယ်ထဲတွင် ပျောက်ဆုံးသွားကြောင်း ပြောပြနေပုံကို မြင်ယောင်မိသည်။

“မြင်ရတဲ့ အခြေအနေကို သဘောမတွေ့ဘူး”

ဒါဗီယန် အသက်(၈)နှစ်က အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် ကမ်းရိုးတန်းမှ(၅၅) ကီလိုမီတာ (ရေမိုင်၃၀)ရှိ ကြမ်းထန်နေသော ရေပြင်တွင် (၁၂) မီတာရှည်သော ငါးဖမ်းယော်တော်ကို ပဲ့ကိုင်မောင်းနှင်ရင်း တွေးလိုက်မိခြင်းဖြစ်သည်။ ထိုအချိန်က ည (၁၀)နာရီ ခွဲပါခန့် ရှိပြီ။

ဒါဗီယန် (၃၃)နှစ်တွင် သူ၏ မိတ်ဆွေ နိုက်ကာလယ်စ်စမင်းဖ် (၆၃) နှစ်တို့သည် ၂၀၁၃ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့ ကိတ်ပ် May အဝေးနေ၍ ငါးဖမ်းရန် ပင်လယ်ထဲ ထွက်လာခဲ့သည်။ ထိုအချိန်က အတ္တလန္တိတ်သမုဒ္ဒရာ ရေပြင်သည် အတော်ပင်ငြိမ်သက်လျက် ရှိသည်။ သို့ရာတွင် ကြောက်စရာကောင်းသော မုန်တိုင်းတစ်ခုက ဝင်ရောက်လာနေပြီဖြစ်ပြီး ဒါဗီယန်၏ ဖိုးအမည်ကို အစွဲပြု၍ မှည့်ခေါ်ထားသော Sea Robin အမည်ရှိ ငါးဖမ်းယော်တော်ကလေးကို ၂ မီတာအမြင့်ရှိ လှိုင်းများက တွန်းထိုးလှုပ်ရမ်းစေနေပြီ ဖြစ်သည်။ ယော်တော်တွင်တပ်ဆင်ထားသော ရေဒါကို စစ်ဆေးကြည့်လိုက်ပြီး နောက်မုန်တိုင်းလာနေပြီဆိုသည်ကို သိရသဖြင့် လှိုင်းထန်နေသော ရေပြင်တွင် ယော်တော်ကို တည်ငြိမ်မှုရှိစေရန် ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

ဒါဗီယန်သည် ဝီလျံ(၈)တောင်း မြို့အနီးရှိ အပင်များပြုစုစောင့်ရှောက်မှု လုပ်ငန်းတစ်ခုကို ပိုင်ဆိုင်ထားသည်။ သူသည် အတွေ့အကြုံရင့်သော ယော်တော်သမားတစ်ယောက်ဖြစ်၏။ သို့သော် တိမ်းရှောင်၍ မရနိုင်သော မုန်တိုင်းများက သူ့ကို သောကရောက်စေသည်။

ဒါဗီယန်က နိုက်ကာလယ်စ်ကို ပဲ့စင်တွင် ထားခဲ့ပြီး “ကျွန်တော်ကြိုးတိုင်တွေနဲ့ ညကြည့်မှန်ပြောင်းယူဖို့ ယော်တော်ထဲကို ဆင်းလိုက်ဦးမယ်”ဟု ပြောလိုက်သည်။

ထိုအခါယော်တော် Sea Robin က အဆင့်အမြင့်ဆုံး သေတ်တာမိတာ၊ ယော်တော်တစ်စင်းဖြစ်ပြီး နိုက်ကာလယ်စ်အတွေ့အကြုံနည်းသူဖြစ်ရာ ကောင်းစွာထိန်းသိမ်းနိုင်စွမ်းမရှိခဲ့ ဖြစ်နေသည်။ သို့သော် အလိုအလျောက် ပဲ့ထိန်းစနစ်ဖြင့် ယော်တော်ကလေးက တစ်နာရီလျှင် ရေမိုင် (၂) မိုင် (၃.၇ကီလိုမီတာ) နှုန်းဖြင့် တူနာငါးဖမ်းရန် အကောင်းဆုံးနေရာအဖြစ် သိထားကြသည့် (၁၂၀) ကီလိုမီတာ အကွာ ကမ်းလွန်ရေပြင် ဗီ(၈၀)ဝင်တန် ကင်ညွှန်ဆီသို့ ဦးတည့်လျက် ပေါ့ပါးစွာ ပြေးသွားနေသည်။

ယော်တော်ကလေးက လှိုင်းလုံးများပေါ်တွင် နိမ့်ချည်မြင့်ချည် တသိမ့်သိမ့်ချည် ညာယိမ်းချည် ဖြစ်နေရာ ယော်တော်ထဲတသို့ ဆင်းမည့် ဒါဗီယန်သည် မနည်းကုပ်တွယ်ဆုပ်ကိုင်၍ သွားနေရသည်။

သူက မော်တော်ကုန်းပတ်ကို ဖြတ်သွားနေစဉ် လှိုင်းလုံးကြီးတစ်ခုက Sea Robin ကို ဝင်ဆောင့်လိုက်ရာ ဒါမီယန်သည် ပဲ့ပိုင်းမှလွင့်စင်၍ ပင်လယ်ထဲသို့ ဦးစိုက်ကျွမ်းပြန် ကျသွားတော့၏။

သူက ကြောက်လန့်တကြား အော်လိုက်သည်။

"မိုက် ....မိုက်"

လှိုင်းလုံးများ တစ်လုံးပြီးတစ်လုံး သူ့ကို ဝင်ရိုက်ကာ ရေအောက်သို့ ဆွဲနှစ်နေသည်။ သူကလည်း တစ်ကြိမ်ပြီးတစ်ကြိမ် ရေပြင်ပေါ်သို့ ရုန်းကန်၍ တက်သည်။ ထိုသို့တက်ရင်းမှ Sea Robin ၏ အချက်ပြမီးရောင်ကိုလှမ်းကြည့်လိုက်ရာ မကြာခင်မှာပင် ပျောက်ကွယ်သွားလေ၏။ လျှပ်စီးများက တဝင်းဝင်းဖြင့် သူနှင့် တဖြည်းဖြည်းနီးကပ်လာသည်။ ပြင်းထန်ကြမ်းတမ်းသည့် လှိုင်းလုံးများ အလိပ်လိပ်ထကြွနေသော ကမ်းခြေမှ ရေမိုင် (၄၀)မျှကွာဝေးသည့် မှောင်မိုက်နေသောရေပြင်ကျယ်ကြီးထဲတွင်အသက်ကယ်အင်္ကျီလည်းမပါဘဲ သူတစ်ယောက်တည်း။ သူ့ခေါင်းထဲမှာ အတွေးတစ်ခုက ဖျပ်ခနဲပေါ်လာသည်။ 'ဒီအတိုင်းတော့ အသေမခံနိုင်ဘူး'။

ဗီလာဖဲ(လ)ဗီးယားရှိ ဗီလာဝဲပင်လယ်အော်ကွပ်ကဲရေး ဗဟိုတွင် အငယ်တန်းလက်ဖတင်နင်ခရစ္စတိုဖာရှစ်ဖော့ တာဝန်မှူးအဖြစ် ဆောင်ရွက်နေချိန်တွင် ရေဒီယိုက ရုတ်တရက်အသံထွက်လာသည်။

"မေဒေး မေဒေး (ကယ်ကြပါဦး)၊ လူတစ်ယောက်ပင်လယ်ထဲ ပြုတ်ကျလို့" ရေဒီယိုသတင်းပေးပို့ချက်မှာ အနှောင့်အယှက်သံများဖြင့် ရှုပ်ထွေးလျက်ရှိသည်။ သို့သော်အရေးပေါ် အခြေအနေဖြစ်နေသည်မှာ မုချပင်။ Sea Robin ပေါ်မှ မိုက်ကယ်စခင်းဒါး၏ သတင်းပေးပို့ချက်ဖြစ်သည်။ ဘေးအန္တရာယ်ကြုံတွေ့ရမှုများအတွက် သီးသန့်သတင်းပေးပို့နိုင်သည့် VHF ချန်နယ်(၁၆)မှ သတင်းပို့နေခြင်းဖြစ်သည်။ ထိုသတင်းပေးပို့မှုကို ကွန်တိန်နာတင်သင်္ဘော Maersk Westport ကလည်း ဖမ်းမိပြီး ကမ်းခြေကယ်ဆယ်ရေးအဖွဲ့ထံ တစ်ဆင့်သတင်းပေးပို့ခဲ့သည်။

ရှစ်ဖော့(၂၉)နှစ်က လုပ်ငန်းစတင်ရန် ပြင်လိုက်သည်။ ဤအဖြစ်အပျက်ကို



အရေးပေါ်အဖြစ် သတ်မှတ်လိုက်ပြီး စခင်းဒါးထံ ၎င်း၏တည်နေရာကို ဖော်ပြပေးရန် ရေဒီယိုနှင့် ဆက်သွယ်လိုက်၏။ စခင်းဒါး၏ သတင်းပို့ချက်များက ပြတ်တောင်းပြတ်တောင်း ဖြစ်နေ၏။ ဒေသတွင်းရှိ ကမ်းခြေကယ်ဆယ်ရေးအဖွဲ့ အားလုံးကို အမြင့်ဆုံးတပ်လှန့်မှုပြုလုပ်ထားလိုက်သည်။ ထိုနယ်မြေအတွင်းရှိ ရေယာဉ်အားလုံးကိုလည်း တပ်လှန့် လိုက်သည်။

စခင်းဒါး၏ ကယ်ဆယ်ရန် သတင်းပေးပို့ချက်ကို ကမ်းခြေကယ်ဆယ်ရေးအဖွဲ့၏ ရေဒီယိုစခန်းအားလုံးက ဖမ်းမိကြသည်။ သို့သော် ကြည်ကြည်လင်လင်မရှိသဖြင့် Sea Robin ၏တည်နေရာကို အတိအကျတွက်မရဘဲ ဖြစ်နေသည်။ Maersk သင်္ဘောမှ သင်္ဘောသားများကမူ Sea Robin နှင့် ကြည်လင်ပြတ်သားစွာ ဆက်သွယ်၍ရသည်။ သူတို့ကတစ်ဆင့် ကမ်းခြေကယ်ဆယ်ရေးအဖွဲ့ထံ ရေမိုင် (၄၄)မိုင် ကွာဝေးသော Sea Robin ၏တည်နေရာကို သတင်းပို့ပေးသည်။

'မေ' အငူရှိ ကမ်းခြေကယ်ဆယ်ရေးစခန်းတွင် (၁၀)မီတာရှည်သော မော်တော်ကို ကယ်ဆယ်ရေးအစီအစဉ်အတွက် အသင့်ပြင်ထားသည်။ ထိုစဉ်မြောက်ဘက်ကီလိုမီတာ (၅၀) အကွာရှိ အဗ္ဗာလန်တစ်စီတီရှိ ကမ်းခြေကယ်ဆယ်ရေးအဖွဲ့ လေတပ်စခန်းတွင် အချက်ပေးဥဩသံက မြည်ဟီးလာသည်။ ဟယ်လီကော်ပတာမောင်းနှင်သူ လက်ဖတင်နင်တဲမီဂုလင်နှင့် သူ့မအဖွဲ့သား (၃) ယောက်တို့က အသံချဲ့စက်မှ စူးစူးဝါးဝါး ကြေညာသံကို ကြားလိုက်ကြရသည်။

'မေ' အငူကနေ ရေမိုင် (၄၄)မိုင်အကွာ ပင်လယ်ပြင်ထဲမှာ လူတစ်ယောက် ရေထဲကျသွားတယ်လို့ အစီရင်ခံလာတယ်။ ရဟတ်ယာဉ်ကို အသင့်ပြင်ထားပါ။

ဂုလင်က အဖွဲ့သားများအား အခြေအနေကို အကျဉ်းချုပ်ပြောပြီးချိန်တွင် ထိုဒေသအတွင်း၌ ပြင်းထန်သော မိုးကြိုးမုန်တိုင်းကျရောက်နေသည်ကို သိလိုက်ရသည်။ "ကယ်ဆယ်ရေးလုပ်ရန် အလွန်ဆိုးရွားသော ညပါလား"ဟု တွေးလိုက်မိသည်။ ပို၍ပင် ဆိုးလာဖွယ်ရှိနေသည်။

(၂)မီတာမှ (၂.၅)မီတာအမြင့်ရှိ လှိုင်းလုံးများကြားတွင် ပေါလောပေါ်နေနိုင်ရန် ဒါမီယန်အသည်းအသန် ကြိုးစားနေရသည်။ သူ၏ရှပ်အင်္ကျီ၊ ဘောင်းဘီရှည်နှင့် ဖိနပ်များကို ချွတ်ပစ်လိုက်ပြီး ရေထဲတွင် ကူးခတ်နိုင်ရန်ကြိုးစားနေရင်းက ပင် ပင်လယ်ရေများက အဆုတ်ထဲဝင်လာသည်။

ပင်လယ်ရေများ များများမျိုချမိလေ များများပြန်အန်ရလေဖြစ်လာသည်။ အဆုတ်ထဲသို့ ပင်လယ်ရေများ ဝင်သွားသည့်အခါတိုင်း ရေနစ်သွားမည်ကို စိုးရိမ်ကာ ပြင်းထန်စွာပြန်အန်ထုတ်ရသည်။ ဆားငံရည်ကြောင့် သူ၏လည်ချောင်းတစ်လျှောက်နှင့် အာခံတွင်း၌ မီးလောင်

သလို ခံစားရ၏။ သို့ရာတွင် 'အသက်ရှူ ကူ။ အသက်ရှူ'ဟု သူ့ကိုယ်သူ ပြော ဆိုသတိပေးကာ ဆက်ကူးနေရသည်။

ကြီးမားသော လှိုင်းလုံးကြီးများက သူ့ကိုပင့်မြှောက်တင်လိုက်သည့် အခါ အတော်လှမ်းလှမ်း (၁၆ကီလိုမီတာခန့် ဖြစ်ကောင်းဖြစ်မည်) မှ ရောမသင်္ဘော ကြီးတစ်စင်း၏မီးရောင်များကို သူမြင်ရ သည်။ Sea Robin ၏ရေဒါထဲတွင် ထိုသင်္ဘောကြီးအား မြင်ခဲ့ရသည်ကို အမှတ်ရသွားပြီး ထိုသင်္ဘောကြီးဆီသို့ ကူးသွားရန် သူဆုံးဖြတ်လိုက်သည်။ ထို သင်္ဘောကြီးကား မီတာ (၈၀)အရှည်ရှိ သော ကုန်သေတ္တာတင်သင်္ဘော Maersk Westport ဖြစ်သည်။

ယခုအခါ သူမှာ ရေကူးပြီးသွား ရောက်စရာ ရည်မှန်းချက်ရှိသွားလေပြီ။ သူ၏ဇနီး ရော်ဗင်နှင့်သားများဖြစ်ကြ သော ဘော်ဘီ (၁၅)နှစ်၊ ကိုး(လ) (၁၁)နှစ် နှင့် ဂျော်ဒဲနီ (၁၀)နှစ်တို့ အကြောင်း သတိရသွားသည်။ ဒါမီယန် (၃)နှစ်သား အရွယ်ကပင် သူ့ဖခင်ကို ဆုံးရှုံးခဲ့ရသည်။ ရော်ဗင်တစ်ယောက်တည်း သားများကို ပြုစုပျိုးထောင်ရမည့်အရေးကို သူတွေးပင် မကြည့်ချင်။

သူ့ပတ်လည်တွင် လျှပ်စီးများ ဝင်း လက်သွားချိန်တွင် တစ်စုံတစ်ယောက် က သူ့အိမ်သို့သွားကာ ရော်ဗင်နှင့် ကလေး များကို သူတို့ဖခင်ပင်လယ်ထဲတွင် ပျောက်ဆုံးသွားကြောင်း ပြောပြနေပုံ ကို မြင်ယောင်မိသည်။ "ဘယ်နည်းနဲ့မှ အဲဒီလို မဖြစ်စေရဘူး" သူ့ကိုယ် သူ ပြောလိုက်သည်။ ထိုအတွေးကပင် သူ့ကို ရှေ့ဆက်ရုန်းကန်ရန် ခွန်အားများ ပေး လိုက်၏။

လက်ဖတင်နင် ရှစ်မော့နင့်တာဝန် ကျ အဖွဲ့သားများသည် ပြန်လည်သတင်း ပို့ချက်များကိုရရှိသည်။ ထိုဒေသအတွင်း ရှိငါးဖမ်းသင်္ဘော အများအပြားနှင့် Maersk မှ သင်္ဘောသားများက အကူအညီ ပေးသည့်အနေဖြင့် ရေဒီယိုသတင်းပို့ ကြသည်။ Maersk Westport သည် Sea Robin ရှိရာသို့သွားမည်ဖြစ်ကြောင်း လည်း ရေဒီယိုသတင်းပေးပို့သည်။ May အငှားစခန်းမှ အဖွဲ့သားများက ၁၄မီတာ ရှည်သော ကယ်ဆယ်ရေးမော်တော်ပေါ် တက်ကာ အသင့်ပြင်ထားကြသည်။ အတ္တလန်တစ်စီးတီးရှိ ကယ်ဆယ်ရေး ဟယ်လီကော်ပတာကလည်း အသင့်ပြင် ကာစောင့်ဆိုင်းနေကြ၏။

ဒီလာဝဲပင်လယ်အော် ကွပ်ကဲရေး အဖွဲ့က Sea Robin ၏ တည်နေရာ စသည့် သူတို့သိသမျှ အချက်အလက် များကို ကမ်းခြေရှာဖွေရေးနှင့် ကယ်ဆယ် ရေး ကွန်ပျူတာအစီအစဉ် SAROPS ထဲသို့ ရိုက်ထည့်လိုက်ကြသည်။ အမျိုး သားအတ္တလန္တိတ်နှင့် လေထုကြီးကြပ်ကွပ်ကဲ ရေးဌာနထံမှ လေတိုက်နှုန်း၊ ပင်လယ် ရေအပူချိန်နှင့် လှိုင်းအမြင့်စသည့်အချက် များကို ရယူသည်။

ထို့နောက် SAROPS ကတွက် ချက်၍ ထုတ်ပေးသည်မှာ ထိုရေပြင်တွင်

အကြာဆုံးအသက်ရှင်နေနိုင်ချိန်မှာ (၈၆) နာရီသာ ရှိသည်ဟု ဖြစ်သည်။ သို့သော် ဒါဗီယန်တွင် အသက်ကယ်အင်္ကျီက မပါ။ သူ့ရှိရာ နေရာအတိအကျကိုလည်း ဘယ်သူမျှမသိ။ မုန်တိုင်းကလည်း ဒေါသတကြီး တိုက်ခတ်နေသည့်နေရာ။ ဤသို့သောအခြေအနေမျိုးတွင် ပင်ပန်းခက်ခဲစွာ ရုန်းကန်သည့်တိုင်နာရီအနည်းငယ်သာ အသက်ရှင်နိုင်သည်ကို ရှစ်ဖော့ရောအခြားသူများပါ သိထားကြသည်။ အချိန်များက တရွေ့ရွေ့ကုန်ဆုံးလာနေပြီ ဖြစ်၏။

အတ္တလန်တစ်စီးတီး လေဆိပ်မှ ဟယ်လီကော်ပတာ ပျံတက်လာခဲ့ပြီးနောက် လျှင်မြန်စွာရွေ့လျားနေသော မုန်တိုင်းလွှမ်းခြုံထားသည့် ၂၈၀ စတုရန်းကီလိုမီတာအကျယ်ရှိ ရှာဖွေရမည့် ဧရိယာ၏တောင်ဘက်မှ ရှောင်ကွင်းပျံသန်းသွားရန် ဇာလင်က မျှော်လင့်ခဲ့သည်။ အတ္တလန်တစ်စီးတီးမြို့၏ အထက်ကောင်းကင်ယံတွင် ပျံခဲ့နေရင်း မိုးကြိုးလျှပ်စီးများကို နေရာတကာတွင် တွေ့မြင်နေရ၏။ များပြားပြင်းထန်သော လျှပ်စီးကြောင်းများက ရဟတ်ယာဉ်ပေါ်ရှိ အီထက်ထရွန်းနစ်ကိရိယာများကို ပျက်စီးစေနိုင်သည်။

ဇာလင်က လေကြောင်းပြုပြင်ထိန်းသိမ်းရေးပညာရှင် ပော့ကင်ဘာရီကို "ကျွန်မတို့စွန့်စားလို့မဖြစ်ဘူး" ဟု ပြောပြခဲ့သည်။ ဒီလာဝဲပင်လယ်အော်ရှိ ကမ်းခြေကယ်ဆယ်ရေး ကွပ်ကဲမှုအဖွဲ့သို့ ရေဒီယိုဖြင့် "ရှာဖွေရမယ့် ဧရိယာကို သွားလို့ရောက်နိုင် မရောက်နိုင်သိရအောင် တောင်ဘက်ကနေ May အငူထိပျံသန်းပါ့မယ်" ဟု ပော့ကင်ဘာရီက သတင်းပို့လိုက်သည်။

မုန်တိုင်းက အားပျော့သွားခြင်းမရှိသေး။ အချိန်များက ကုန်ဆုံးသွားနေ၏။ ဇာလင်နှင့် အဖွဲ့သားများက ရာသီဥတုကောင်းလာမည့်အချိန်ကို လေယာဉ်ပြေးလမ်းပေါ်မှ ထိုင်စောင့်နေကြသည်။ အားလုံးက မချင့်မရဲ ဖြစ်နေကြပြီး ပင်လယ်ပြင်ထဲတွင် ဒါဗီယန်အသက်ရှင်နေရန် အခွင့်အရေးက မှေးမှိန်လာပြီဖြစ်သည်ကို ခံစားမိကြသည်။ သူ(မ)၏ အဖွဲ့သားများကို 'ငါတို့တော့ သူ့ကိုသေအောင်လုပ်သလိုဖြစ်နေပြီထင်တယ်' ဟု ဇာလင်က ပြောသည်။

သစ်ပင်တစ်ပင်၏ လုံးပတ်ခန့်ရှိသော မိုးကြိုးလျှပ်စီးများက ဒါဗီယန်ပတ်လည်၌ တဝင်းဝင်းတောက်လက်နေသည်။ သူ့နားကပ်လျက် လျှပ်စီးတစ်ချက်က ပြက်လိုက်သောအခါ ငါတော့ဓာတ်လိုက် သေတော့မှာပဲဟုတွေးမိသည်။ သူက ဆက်လက်၍ ကူးခတ်နေလိုက်သည်။ သူ့ စိတ်မှ၊ ကိုယ်လုံ့တိုက်ခိုက်ရေးပညာလေ့ကျင့်သင်ယူခဲ့သည့် နှစ်ကာလများက သူ့ အတွေးထဲ ရောက်လာသည်။ တိုက်ကွမ် ဒိုသင်တန်းများကို သူတစ်ရက်မျှ အပျက်မခံဘဲ တက်ရောက်ခဲ့သည်။ သူဘယ်တော့မှ အားမလျှော့ နောက်မဆုတ်ဘဲ ခါးပတ်နက်ရသည်ထိ သင်ယူ

လေ့ကျင့်ခဲ့သည်။ တိုက်ကွမ်ဒိုသမားများ ပြောလေ့ရှိသည့် အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ကို ပျိုးထောင်နိုင်ခဲ့သည်။ ဤစိတ်ဓာတ်ကပင် ကြောက်လန့်ခြင်းနှင့် ရှုံးနိမ့်ခြင်းကို ရင်ဆိုင်ကျော်လွှားရန် လမ်းညွှန်ခဲ့သည်။

ဒါမီယန်သည် ရှုံးနိမ့်မှုနှင့်ကြောက်ရွံ့ခြင်းကို ခေါင်းထဲမှ ထုတ်ပစ်လိုက်သည်။ ထိုအခိုက်တွင် လှိုင်းလုံးတစ်လုံးက သူ့ကို ပင့်တင်ပေးလိုက်ရာ သူ့ဆီသို့ နီးကပ်လာနေသော ကုန်သေတ္တာတင်သင်္ဘောကို မြင်လိုက်ရ၏။ "ငါလုပ်နိုင်တယ်ဟ" သူတွေးလိုက်သည်။ ကြီးမားသော မိုးကြိုးလျှပ်စီးက သူ့ဦးခေါင်းထက်တွင် ဗုံးတစ်လုံးလို ကျယ်လောင်စွာ ပေါက်ကွဲသွားသည်။ သူကအပေါ်ကိုမော့ကြည့်ပြီး "မင်းတတ်နိုင်တာဒါပဲလား။ မင်း ငါ့ကိုဘယ်တော့မှ မနိုင်စေရဘူး" ဟု အော်လိုက်သည်။

Maersk Westport သင်္ဘောက မိုက်ကယ်၏ ကယ်ဆယ်ရန်သတင်းပို့ချက်ကိုရသည့်အချိန်ကစပြီး ကမ်းခြေကယ်ဆယ်ရေးအဖွဲ့နှင့် မပြတ်အဆက်အသွယ်ပြုကာ သူတို့ကိုကူညီရန်ကြိုးစားနေသည်ကို ဒါမီယန်ကတော့ သိထားခြင်းမရှိပေ။ Maersk Westport သည် အလိုအလျောက် ပဲ့ကိုင်စနစ်မှ ကင်းလွတ်နေပြီဖြစ်သော Sea Robin ၏တည်နေရာကို နောက်ဆုံးတွင် သိရှိလာတော့သည်။ မိုက်ကယ်ထံ Channel 16 မှ ဆက်သွယ်လိုက်ပြီး Sea Robin အနီးဘေးချင်းယှဉ်မောင်းနှင်ကာ ပင်ပန်းနွမ်းနယ်နေပြီဖြစ်သော မိုက်ကယ်ထံ ကြိုးတစ်ချောင်းချပေးလိုက်သည်။



ဂုာလင်နှင့်အဖွဲ့သားများက အတ္တလန်တစ်စီးတီးသို့ ပြန်၍ရဟတ်ယာဉ်ကိုဆီဖြည့်သည်။ အတ္တလန်တစ်စီးတီးမြို့ပေါ်မှ သည်တစ်ကြိမ်ဖြတ်ပျံစဉ် လေပြင်းများကရဟတ်ယာဉ်ကို တဝုန်းဝုန်းရိုက်ခတ်နေသည်။ မိုးကြိုးမုန်တိုင်းကမူ ရွေ့ဆက်ရွေ့လျားသွားပြီ ဖြစ်သည်။

ဒါမီယန်သည် ရေထဲတွင် သုံးနာရီကျော်ကြာပြီးနောက်အားကုန်လာသည်။ သူ့ရေကူးခြင်းကို.

လည်း ရပ်လိုက်သည်။ (၂၅) မီတာခန့် မြင့်သော လှိုင်းတစ်လုံးက ပင့်တင်လိုက်သောအခါ သူက ဖော့တုံးကလေးပမာ ပင်လယ်ထဲတွင် လွင့်ပါသွား၏။ လေကြောင်းပြောင်းသွားသည်ကို သူသတိထားမိသည်။ သူက Maersk သင်္ဘောဆီသို့ မျောပါသွားနေသည်။ ''သူတို့ ငါ့ကို မြင်ကြမှာပါ''ဟု တွေးလိုက်ပြီး လက်များကို ပူးယှက်လိုက်ပြီး လှိုင်းအသင့်အတင့်ရှိသော ပင်လယ်ပြင်ကို ဖြတ်ကာကူးပြန်၏။

နောက်ထပ်ကီလိုမီတာ အနည်းငယ်ကူးပြီးနောက် လှိုင်းတစ်လုံး၏ထိပ်သို့ ရောက်သွားသောအခါ သူမျက်စိကိုပင် သူမယုံနိုင်အောင်ဖြစ်သွားသည်။ ခပ်လှမ်းလှမ်းတွင် Sea Robin ကို Maersk Westport နှင့် ဘေးချင်းယှဉ်လျက် တွေ့လိုက်ရခြင်းကြောင့် ဖြစ်၏။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသော်လည်း ဆက်လက်ကူးခပ်ပြန်၏။

လက်ဖတင်နင်ဂုလင်က ဟယ်လီကော်ပတာကို မြွေလိမ်မြွေကောက် ပျံသန်း၍ ရှာဖွေတော့မည့်ဆဲဆဲတွင် ရေဒီယိုမှ Maersk သင်္ဘော၏ သတင်းပို့ချက်တစ်ခုကို ကြားလိုက်ရသည်။ ''ကမ်းခြေကယ်ဆယ်ရေးအဖွဲ့သို့၊ သင်္ဘောနားက ရေထဲမှာ လူတစ်ယောက်ရှိနေတယ်''

မည်သို့ပင်ဖြစ်စေ ရေထဲတွင် လေးနာရီနီးပါးကြာအောင် နေခဲ့ရပြီးနောက် ကုန်သေတ္တာတင် Maersk နှင့် Sea Robin အနားသို့ ဒါမီယန်ရောက်ခဲ့လေပြီ။ ဂုလင်က သူရှိရာသို့ ပျံသန်းလာလိုက်သည်။

မိုက်ကယ်က သူနှင့်ကုန်သေတ္တာတင်သင်္ဘောအနီး ပင်လယ်ပြင်ထဲတွင် အဖြူရောင် အစက်ကလေးတစ်စက်ကို မြင်လိုက်ရသည်။ သူက ''မဖြစ်နိုင်ပါဘူး''ဟု တွေးလိုက်သည်။ လှိုင်းပုတ်လျှင် ကုန်သေတ္တာတင်သင်္ဘောနှင့် မိုက်မိမည်စိုးသဖြင့် သူက ကြိုးကိုဖြတ်ကာ မော်တော်ကို လှည့်ပတ်မောင်းနေသည်။ သူငယ်ချင်းဖြစ်သူ ဒါမီယန်ကိုလည်း တွေ့ရနိုးနိုးဖြင့် ရှာမိသည်။ သူကအဖြူရောင်အစက်ကို မြင်လိုက်ပြီးနောက် ''မိုက် မိုက် ငါ့ကို မထားခဲ့နဲ့''ဟူသော လည်ချောင်းသံအက်ကွဲကွဲကို ကြားလိုက်ရသည်။

မော်တော်က ဒါမီယန်အနားသို့ ရောက်သော် မိုက်ကယ်က စက်သတ်လိုက်ပြီး အသက်ကယ်အင်္ကျီနှင့် ကြိုးစကို သူ့ထံပစ်ပေးလိုက်သည်။ ဒါမီယန်က မော်တော်ပဲ့ပိုင်းမှ လှေကားကို ဆွဲလိုက်သည်၊ ရုပ်ပါလူသားတစ်ယောက်၏ အားထုတ်မှုမျိုးဖြင့် ဒါမီယန်က လှေကားကို ဆွဲနိုက်ကာ မော်တော်ပေါ်တက်လာခဲ့သည်။

ခြောက်သွေ့သော အဝတ်အစားများလဲပြီး လီမွှော်ရည်တစ်လီတာကျော် သောက်ပြီးနောက် ဒါမီယန်က အလိုအလျောက် ပဲ့ထိန်းခလုတ်ကိုဖွင့်ကာ အိမ်အပြန်ခရီးကို ဦးတည်လိုက်သည်။ ကမ်းခြေကယ်ဆယ်ရေး အဖွဲ့ကိုလည်း Sea Robin ကိုမောင်း၍ အိမ်ပြန်တော့မည်ဖြစ်ကြောင်း အကြောင်းကြားလိုက်သည်။

လေကြောင်းကယ်ဆယ်ရေး ကျွမ်းကျင်သူနှင့် အသက်ကယ်ရေကူးသမား ခရစ္စတိုဖာလင့်(ချ)က ဒါဗီယန်၏ သတင်းဝိုချက်ကို ကြားသောအခါ "မဖြစ်နိုင်ဘူး" ဟု တွေးလိုက်သည်။ ဒါဗီယန်က ရေထဲတွင် လေးနာရီကြာ နေခဲ့ပြီးဖြစ်ရာ ယခုလို မော်တော်မောင်းပြီးပြန်သွားလို့ အဆင်ပြေပါမလားဟု စဉ်းစားပြီး "ဒီလူကို ကျန်းမာရေးစစ်ဆေးပြီးမှ သွားခွင့်ပြုသင့်တယ်" ဟု ဂုာလင်အားပြောသည်။ အဖွဲ့သားများက သူ့ကို ကမ်းခြေကယ်ဆယ်ရေးအဖွဲ့၏ (၁၄) မီတာရှည်သော မော်တော်ပေါ်သို့ ချပေးလိုက်သည်။ ပင်လယ်ပြင်က လှိုင်းလေကြမ်းဆဲဖြစ်ရာ Sea Robin အနားသို့ ကပ်၍မရချေ။ လင့်(ချ)က ပင်လယ်ထဲ ခုန်ချလိုက်ပြီး ဒါဗီယန်၏ မော်တော်ဆီသို့ ရေကူးလျက်သွားခဲ့ရသည်။

ဒါဗီယန်တစ်ယောက် တစ်ခုခုတော့ဖြစ်နေပြီဆိုတာကို လင့်(ချ)ချက်ချင်းသိလိုက်သည်။ ဒါဗီယန်သည် စတင်၍တုန်လာသည်။ မော်တော်ဝမ်းထဲရှိ အခန်းတွင်းက ဆိုဖာခုံရှည်ပေါ်မှာ ကွေး၍နေရင်းက မထိန်းနိုင်မသိမ်းနိုင် တုန်ရင်နေသည်။ သူ၏ ကြွက်သားများက ဆိုးဆိုးဝါးဝါး ကျုံ့ဝင်နေသည်။ ဒါဗီယန်ကခန္ဓာကိုယ် အပူချိန်ကျဆင်းနေပြီး နှလုံးကိုထိခိုက်မည့်အန္တရာယ် ရှိနေသည်။ လင့်(ချ) ဒါဗီယန်ကို ရဟတ်ယာဉ်ပေါ်သို့ ဆွဲတင်ရန် ခြင်းချပေးဖို့ ဂုာလင်ကို ရေဒီယိုနှင့် ဆက်သွယ်သည်။

Sea Robin မော်တော်၌ ပဲ့၏နောက်တွင် ရှစ်မီတာမြင့်သော ပဲ့စင်တစ်ခုရှိသည်။ ရဟတ်ယာဉ်ပေါ်မှ ခြင်းချလျှင် အနှောင့်အယှက်ဖြစ်နိုင်သည်။ မလှုပ်ရှားနိုင်သော ဒါဗီယန်ကို မတ်တတ်ရပ်နိုင်အောင် လင့်(ချ)က ကူညီပေးရသည်။ ဒါဗီယန် သူ့ခြေထောက်ပေါ် သူရပ်နိုင်သည်နှင့်တစ်ပြိုင်နက်မော်တော်၏ဦး ပိုင်းသို့ သူ့ဘာသာလျှောက်သွား၏။ (၂၈) မီတာမြင့်သော လှိုင်းများနှင့် ရဟတ်ယာဉ်၏ ပန်ကာလည်အား ဂယက်ကြောင့် Sea Robin သည် မတည်မငြိမ်ဖြစ်ကာ ချာချာလည်သွား၏။ သို့ဖြစ်ရာရဟတ်ယာဉ်မှခြင်းကို ပထမအကြိမ်ချပေးစဉ်က လင့်(ချ)လက်လှမ်း မမီသောနေရာသို့ ရောက်သွားသည်။

အခြားပြဿနာ တစ်ခုလည်း ရှိသေး၏။ Sea Robin ၏အထက်လေထဲတွင် ရဟတ်ယာဉ်ကို ရပ်ထားရသည်မှာ လောင်စာဆီသုံးရ၏။ လောင်စာဆီက (၇)မိနစ်စာသာ ကျန်တော့သည်ဟု တွဲဖက်လေယာဉ်မှူး လက်ဖတင်နင်ဂျော်ဒန်ကယ်လင်(စ)က ဂုာလင်အား သတိပေးသည်။ 'နောက်ထပ်တစ်ကြိမ်ပဲကြိုးစားခွင့်ရှိတော့တယ်'ဟု သူက ပြောပြသည်။

ခြင်းကို ဒုတိယအကြိမ်ချပေးရာ မအောင်မမြင် ဖြစ်ပြန်သဖြင့် လင့်(ချ) က ဂုာလင်အား ကြိုးချပေးရန် လက်နှင့်အချက်ပြသည်။ သူ့ခေါင်းပေါ် ကြိုးစရောက်လာလျှင် လှမ်းဆွဲရန် ကြံစည်ထား၏။ ဂုာလင်က မမြင်မကန်းနှင့် ရဟတ်ယာဉ်ကို ထိန်းနေရသည်။ Sea Robin

၏ဦးပိုင်းရှိ လင့်(ချ)၏အထက်တွင် ရှိနေနိုင်ရန် ကျန်ရဟတ်ယာဉ်အဖွဲ့သားများ၏ အကူအညီဖြင့် မောင်းနှင်နေရခြင်း ဖြစ်၏။

ဗာလင်က မော်တော်အထက်တွင် ပျံဝဲလိုက်ရာ ရဟတ်ယာဉ်၏ ပန်ကာဒလက်မှအရှိန်ကြောင့် မော်တော်က လည်ထွက်သွား၏။ ဗာလင်က ရဟတ်ယာဉ်ကို လက်နှစ်ဖက်ခြေနှစ်ဖက်လုံး သုံး၍ ကျင်လည်စွာ ထိန်းချုပ်ထားရင်း (၅)မီလီမီတာတုတ်သော သံမဏိဝန်ချီကြိုးကို ချပေးသည်။ ကြိုးကလင့်(ချ)အပေါ် တည့်တည့်ကျလာရာ လင့်(ချ)က ဖမ်းဆွဲ နိုင်ခဲ့သည်။ ရဟတ်ယာဉ်ပြန်လည်ထွက် ခွာချိန်တွင်ဆိုက ငါးမိနစ်တာသာကျန်တော့၏။ လင့်(ချ)က ဒါဗီယန်ကို သိုင်းကြိုးအတွင်းနေရာချပေးပြီးသူ၏အကျီမှချိတ်ကိုလည်း ဝန်ချီကြိုးတွင်ချိတ်လိုက်သည်။ သူတို့နှစ်ယောက်ကို ရဟတ်ယာဉ်က မ,တင်သွားပြီး တစ်မိနစ်အတွင်း ရဟတ်ယာဉ်ထဲ သူတို့ရောက်သွားကြသည်။ လင့်(ချ)ကဒါဗီယန်အား အနွေးဓာတ်ပေးသော အိတ်ထဲ ထည့်ပေးပြီး ဗာလင်က ရဟတ်ယာဉ်ကို အတ္တလန်တစ်စီးတီးသို့ ဦးတည်ကာ မောင်းထွက်လိုက်သည်။

Sea Robin မော်တော်ပေါ်တွင် ကမ်းခြေကယ်ဆယ်ရေးအဖွဲ့ဝင်များကို အဖော်ပြုလျက် မိုက်ကယ်က အိမ်ပြန်ခရီးနှင်နေသည်။ ဆေးရုံတွင် ဒါဗီယန်ကို ပင်လယ်ရေထဲတွင်ကြာမြင့်စွာ နေခဲ့ရခြင်းကြောင့် ဖြစ်ခဲ့သည့် ကိုယ်အပူချိန် ကျဆင်းခြင်းနှင့် ကြွက်တက်ခြင်းများကို ကုသပေးပြီးနောက် ဆေးရုံမှဆင်းခွင့် ပြုလိုက်သည်။


“ဒါကတော့ မှတ်တမ်းပြုထားရမယ့်ကိစ္စပါပဲ။ ကျွန်မတို့ အရမ်းကို စိတ်လှုပ်ရှားခဲ့ရပါတယ်။ ဝမ်းနည်းခဲ့ရတယ်။ မော်တော်ပေါ်က လူတွေဒီလိုရေထဲ ပြုတ်ကျပြီး အန္တရာယ်နဲ့ရင်ဆိုင်ရတာမျိုး နောက်ထပ် မဖြစ်သင့်တော့ပါဘူး”ဟု ဗာလင်က မှတ်ချက်ပြုသည်။

ဒါဗီယန်ကမူ “ငါ့အသက်ကို မင်းတို့ကယ်လိုက်တာပါပဲကွာ”ဟု ဆိုကာ သူတို့အား ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

စိတ်မပျက်လက်မလျှော့ခဲ့ခြင်း၏ အကျိုးရလဒ်ပါပေ။

Ref: 'Mayday, Mayday.' by Robert Kinener. RD (November, 2016)

အာကာ



အသိပညာဟူသည် နားလည်ခြင်းနှင့် ကျွမ်းကျင်မှု ဖြစ်သည်။ လုပ်ငန်းရပ်များတွင် သတင်းအချက်အလက်များကို လူသားတို့က မိမိ၏အသိပညာကို အသုံးပြုကြမည်ဖြစ်သည်။



# သတင်းအချက်အလက်တော်လှန်ရေးကြီးတွင် အသိပညာစီးပွားရေး ပေါ်ပေါက်လာမည်

ချစ် စံ ဝင်း



**လူသားတို့ခေတ်ရောက်ပြီ**

၂၀ ရာစုတွင် စက်မှုတော်လှန်ရေးကြီး ပေါ်ပေါက်ခဲ့၏။ စက်မှုတော်လှန်ရေးကြီးသည် ၁၉ ရာစုနှစ်တွင် သန္ဓေတည်ခဲ့သည်။ ယင်းကိုသမိုင်းတွင် Industrial Revolution ဟု ခေါ်ခဲ့သည်။ ကျောင်းသူကျောင်းသားများသည် စက်မှုတော်လှန်ရေးကြီးအကြောင်းကို ဆရာများက တခမ်းတနားသင်ကြားခဲ့သည်ကို မှတ်သားခဲ့ရသည်။ စက်မှုတော်လှန်ရေးသည် လူ့သမိုင်း၏ အဝိတ်စာမျက်နှာတွင် ကြီးမားသော အပြောင်းအလဲကြီးဖြစ်၏။

ယခု (၂၁) ရာစု လူ့သမိုင်းတွင် သတင်းအချက်အလက်ဆိုင်ရာ စက်မှုတော်လှန်ရေးကြီး Information Revolution ဖြစ်ပေါ်လာပါမည်။ ထို့ကြောင့် (၂၁) ရာစုကို ကျွန်တော်တို့ Informatin Age 'သတင်းအချက်အလက်ခေတ်' အမည်သမုတ်ခေါ်ဆိုနေ ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် သတင်းအချက်အလက် အစပျိုးခဲ့သည်မှာ အတော်ကြာပြီဖြစ်၏။

အမေရိကန်နိုင်ငံသည် သတင်းအချက်အလက်ခေတ်ထဲသို့ ဒုတိယကမ္ဘာစစ်ကြီးပြီးစီးချိန်မှစ၍ဝင်ခဲ့သည်ဟု ဆို၏။

သတင်းအချက်အလက် တော်လှန်ရေးခေတ်ကြီးကို ကမ္ဘာ့စာတပ်ခုံပေါ်တွင် –

၁။ သတင်းအချက်အလက်များ
Information
၂။ အသိပညာ
Knowledge
၃။ နည်းပညာ
Technology
၄။ လူသား
Human Being

တို့သည် ပါဝင်ကပြအသုံးတော်ခံကြမည် ဖြစ်ပါ၏။

**သတင်းအချက်အလက်**

သတင်းအချက်အလက်ဆိုသည်မှာ စကားရပ်များ၊ စာဖြင့်ရေးထားသော သတင်းစကားများဖြစ်သည်။ သတင်း NEWS ဆိုသည်မှာ အရှေ့ East ၊ အနောက် West ၊ တောင် South ၊ မြောက် North စသည့်အရပ်လေးမျက်နှာမှ ဖြစ်ပေါ်ပြောင်းလဲနေမှုများကို သတင်း NEWS ဟုခေါ်၏။ သတင်းအချက်အလက် သို့မဟုတ် သတင်း၌–

ဘယ်တုန်းက When
ဘယ်မှာ Where
ဘယ်သူ Who
ဘာဖြစ်တယ် What
ဘာကြောင့် Why
ဘယ်နည်းဘယ်ပုံ How

ဖြစ်ခဲ့သည်ဆိုသည်တို့ ပါဝင်သည်။
မြန်မာလို
ဘယ်သူကစ၊
ဘယ်တုန်းက၊
ဘယ်မှာ၊
ဘာကြောင့်မျှ၊
ဘယ်နည်းဘယ်ပုံ၊
ဘာဖြစ်တုံ၊

အစုံရေးဖော်ပြဟူ၍ သတင်းစာဆရာကြီး ဦးစောဦးက 'ဘခြောက်လုံး' ကဗျာဖြင့် သတင်းအချက်အလက်ခေတ်ကို ကြိုဆိုထားခဲ့သည်။




**အသိပညာ**

အသိပညာဆိုသည်မှာ လေ့လာစူးစမ်း သုတေသနပြု၍ရရှိသော အချက်အလက်များ Reserach Datas၊ အမှန်တရားများ Truths ၊ အခြေခံ သဘောတရားများ Principles များကို အကျွမ်းတဝင်သိရှိနားလည် သဘောပေါက်ခြင်းကို အသိပညာ Knowledge ဟုခေါ်သည်။ အနုပညာတစ်ရပ်ရပ်ကို တတ်ကျွမ်းခြင်း၊ သိရှိခြင်းသည်လည်း ပါဝင်၏။ ထို့ပြင် အခြားတစ်စုံတစ်ရာကို ကျွမ်းကျင်၍ လက်တွေ့နားလည်ခြင်း၊ သည်လည်း အသိပညာဖြစ်၏။ (ဥပမာ–စာရေးတတ်ခြင်း၊ ပန်းချီဆွဲတတ်ခြင်း၊ ကားပြင်တတ်ခြင်း၊ ဂဟေဆော် တတ် ခြင်း၊ လေ့လှော်တတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ မန်နေဂျာလုပ်ခြင်း)

**နည်းပညာ**

နည်းပညာဆိုသည်မှာ အလုပ်လုပ်ရန်အတွက် အသိပညာကို အသုံးချခြင်းဖြစ်သည်။ နည်းပညာတိုးတက်လိုပါက ရှေးဦးစွာ အသိပညာကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရမည်ဖြစ်၏။ အသစ်အသစ်သော အသိပညာKnowledge များ၊ မြန်မြန်ဆန်ဆန်တိုးတက်လေလေ နည်းပညာသစ်များ ပိုမိုထွန်းကားလာလေဖြစ်သည်။ လူ၏အသိဉာဏ်ဖြင့် အဆင့်မြင့်နည်းပညာတွေ့ရှိချက်များကို High-Tech ဟုခေါ်သည်။




**လူသား**

သတင်းအချက်အလက်ဆိုင်ရာခေတ်လှုန်းရေးတွင် လူသားသည် အခရာဖြစ်သည်။ ငွေနှင့်မြေကြီးသည် အဓိကမဟုတ်တော့။ အတတ်ပညာရှိသော လူသားသည်ဗဟိုချက်နေရာသို့ ရောက်ရှိလာသည်။ လူသားကို အရင်းအနှီးဟူ၍ ၁၉၆၀ ခုနှစ်ကပင် နိုဗယ်ဆုရစီးပွားရေးပညာရှင် Theodore W Schultz က ဖော်ထုတ်ခဲ့ပါ၏။

သတင်းအချက်အလက်ခေတ်ဟုဆိုသော်လည်း၊ သတင်းအချက်အလက်သည် လူသားမပါလျှင် အချည်းနှီးသာဖြစ်၏။ သတင်းအချက်အလက်ကို လူကသာလျှင် အကျိုးရှိထိရောက်အောင် အသုံးချနိုင်စွမ်းရှိသည်။

**အသိပညာ၊ စီးပွားရေးတွင် သံရိုင်းကဲ့သို့မဟုတ်။ အသိပညာသည် သုံးစွဲပြီးသည့်အခါတိုင်း ပိုမိုတိုးတက်လာသည်။**

**အသိဉာဏ်ရှိသောလူသား**

အထက်ရှင်းလင်းချက်တွင် ကျွန်တော်တို့ သတိထားရမည့်အချက်မှာ သတင်းအချက်အလက်သည် အသိပညာ၏ ကုန်ကြမ်းဖြစ်သည်။ သတင်းအချက်အလက်နှင့် အသိပညာကို အလွယ်တကူ ခွဲခြားလိုပါက သတင်းအချက်အလက်ကို စာအုပ်၊ ကွန်ပျူတာစသည့် သက်မဲ့ရုပ်ဝတ္ထုပစ္စည်းများထဲတွင် ရှာဖွေ၍ရသော်လည်း အသိပညာသည် လူသားထံ၌သာ ရှိသည်။

အသိပညာဟူသည် နားလည်ခြင်းနှင့် ကျွမ်းကျင်မှုဖြစ်သည်။ လုပ်ငန်းရပ်များတွင် သတင်းအချက်အလက်များကို လူသားတို့က မိမိ၏အသိပညာကို အသုံးပြုကြမည်ဖြစ်သည်။

ထို့ကြောင့် သတင်းအချက်အလက်သည် အသိဉာဏ်ရှိသော လူသားမပါလျှင် အချည်းနှီးဟု ပြောဆိုခြင်းဖြစ်ပါ၏။

သတင်းအချက်အလက်ခေတ်တွင် သတင်းအချက်အလက်များကို သက်ရှိလူသားကသာလျှင် အကျိုးရှိထိရောက်စွာ အသုံးချနိုင်သည်။ ကွန်ပျူတာများသည် မည်မျှပင် အစွမ်းထက်ပါစေ၊ ကွန်ပျူတာတွင် လူသားတို့ကသာ ဦးဆောင်၍ အစီအစဉ်များ Programme ကိုရေးဆွဲကြမည်ဖြစ်သည်။ အသိပညာနှင့် အချက်အလက်ကို ပေးစွမ်းနေသောအရာသည် လူ၏ဦးနှောက်သာလျှင်ဖြစ်၏။

ထို့ကြောင့် ယခုအခါအသိပညာကို အဖိုးတန်အရင်းအနှီးအဖြစ် စတင်အသိအမှတ်ပြုလာရခြင်း ဖြစ်၏။

**အသိပညာစီးပွားရေး**

အရင်းအနှီး သို့မဟုတ် ရင်းနှီးမြှုပ်နှံခြင်းဟူသော အဓိပ္ပာယ်မှာ ပိုမိုကြွယ်ဝမှု ရရှိစေရန် ရှိရင်းစွဲ ကြွယ်ဝမှုကို ကုန်ထုတ်လုပ်မှုတွင် အသုံးပြုခြင်းဖြစ်၏။ အသိပညာကို ပိုမိုကြွယ်ဝစေရန် ကုန်ထုတ်လုပ်မှုလုပ်ငန်း၌ အသုံးပြုရင်းနှီးမြှုပ်နှံခြင်းကို အသိပညာ စီးပွားရေး Knowledge Economy ဟုခေါ်၏။

ဥပမာ ဆေးပညာဆိုင်ရာ ဆရာဝန်တစ်ဦးက မိမိ၏အသိပညာကို အသုံးပြု၍ ဝင်ငွေရရှိအောင် လုပ်ဆောင်နိုင်သည်။ ဤကိစ္စသည် ဆေးဘက်ဆိုင်ရာ အသိပညာကို အရင်းအနှီးဟုသတ်မှတ်နိုင်၏။


အသိပညာ စီးပွားရေးတွင် လူသားသည် သတင်းအချက်အလက်များကို စုဆောင်းကာ မိမိ၏အသိပညာကို အသုံး

ဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်မည်ဖြစ်ပါ၏။

အသိပညာ စီးပွားရေးအဆင့်သို့ ကူးပြောင်းရန် ကိစ္စသည်လူသားကမ္ဘာအတွက် အရေးကြီးသော ကိစ္စဖြစ်သည်။

**စက်မှုလက်မှုစီးပွားရေး**

ယနေ့ ကျွန်ုပ်တော်တို့ ဖြတ်သန်းလျက်ရှိသော စီးပွားရေးအဆင့်ကို စက်မှုလက်မှုစီးပွားရေးဟုခေါ်၏။ စက်မှုလက်မှုစီးပွားရေးတွင် လူတို့သည် စက်ရုံအလုပ်ရုံများဖြင့် စက်ကို၊ လက်ကိုအသုံးပြု၍ ကုန်ပစ္စည်းများကို ထုတ်လုပ်ကြသည်။ ၂၁ ရာစုတွင် စက်မှုလက်မှုစီးပွားရေးမှ အသိပညာစီးပွားရေးအဆင့်သို့ ကူးပြောင်းကြမည်။ အသိပညာစီးပွားရေး၌ သတင်းအချက်အလက်သည် ထုတ်လုပ်မှုဆိုင်ရာ ကုန်ကြမ်းဖြစ်သည်။




**အသိပညာ၏ဝိသေသများ**

အသိပညာစီးပွားရေးကာလတွင် ကျွန်တော်တို့သည် အသိပညာ၏ သဘောလက္ခဏာများ ယင်း၏ဝိသေသများကိုသိထားရန် လိုအပ်ပါ၏။

**၁။ အသိပညာသည်မည်သည့်အခါမှ သုံး၍မကုန်ပါ။**

အသိပညာသည် သုံးပြီးတိုင်း ပြန်၍ပြည့်နေသည်။ စက်မှုလက်မှု စီးပွားရေးတွင် သံမဏိထုတ်လုပ်ရန် သံရိုင်း Iron Ore ကိုအသုံးပြုရ၏။ အသိပညာ၊ စီးပွားရေးတွင် သံရိုင်းကဲ့သို့ မဟုတ်။ အသိပညာသည် သုံးစွဲပြီးသည့်အခါတိုင်း ပိုမိုတိုးတက်လာသည်။ ခွဲစိတ်ကုဆရာဝန်တစ်ဦးသည် (၁၀) ကြိမ်ခွဲသည်နှင့် တစ်ကြိမ်ခွဲခြင်းမတူ။ (၁၀)ကြိမ်ခွဲပါက အသိပညာပိုမိုပြည့်ဝလာသည်။ ထို့ကြောင့် အသိပညာ စီးပွားရေး knowledge Economy တွင် ကုန်ကြမ်းရှားပါးခြင်း၊ ပြတ်တောက်ခြင်းမရှိဘဲ ကုန်ကြမ်းသည် တိုးပွားသည်ထက် တိုးပွားနေမည်။

**၂။ အသိပညာအစားထိုး၍ရသည်။**

ဥပမာ– မြေကြီး၊ လုပ်သားနှင့် ငွေကြေးတို့နေရာတွင် အသိပညာကိုအစားထိုး၍ရသည်။ ဥပမာ–စိုက်ပျိုးရေးလုပ်ငန်း၌ စပါးအထွက်တိုးစေရန် အသိပညာဖြင့် ဆောင်ရွက်၍ရရှိသည်။

**၃။ အသိပညာကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်၍ရသည်။**

စက်မှုအီလက်ထရွန်းနစ် လူ့အဖွဲ့အစည်းတွင် အသိပညာသည် အလင်း

ရောင်ဖ၏နှုန်းထားဖြင့် ခရီးဆန့်နိုင်၏။

**၄။ အသိပညာကို မျှဝေသုံးစွဲ၍ရသည်**

မိမိတွင်ရှိသော အသိပညာကို အခြားသူ တစ်ဦးဦးအား ခွဲဝေပေးခြင်းဖြင့် မူလပိုင်ရှင်တွင် အသိပညာမဆုံးရှုံး၊ မထိခိုက်၊ လျော့နည်း၍မသွားဘဲ ရှိ၏။

**၅။ အသိပညာကို နည်းလမ်းအဖုံဖုံဖြင့် စုဆောင်း၍ရသည်။**


အသိပညာကို အတွေ့အကြုံ၊ သတင်းနှင့်စာနယ်ဇင်း၊ တယ်လီဗေးရှင်း၊ သင်းတန်းများစသည်တို့မှ ရရှိနိုင်သည်။ ယခင်စိုက်ပျိုးရေးခေတ်က အသိပညာကို အတွေ့အကြုံမှရရှိသည်။

အသိပညာ စီးပွားရေးကာလတွင် မိမိ၏အသိပညာကို အပြည့်အဝထုတ်လုပ်နိုင်ရေးအတွက် လွတ်လပ်စွာအသုံးချနိုင်ရန် အရေးကြီးလာမည်။ တိုင်းပြည်အုပ်ချုပ်သူများလည်း အသိပညာရှိရန် လိုအပ်လာသည်။ လူတန်းစားပြဿနာသည် အဓိက မဟုတ်တော့။ အသိပညာရှင်များသည် အလုပ်သမား၊ လယ်သမားများကို ကိုယ်စားပြုလာကြသည်။

ထို့ကြောင့် သတင်းအချက်အလက်ခေတ်တွင် အသိပညာရှင်များ၏ စူးစမ်းလေ့လာမှုများ၊ မေးမြန်းစုံစမ်းမှုများကို အားပေးကြရမည်။ နိုင်ငံတိုင်းတွင် ထူးချွန်သော အသိပညာရှင်များရှိမှ သာသူများထက် သာလွန်နိုင်မည်ဖြစ်၏။

အသိပညာကြီးစိုးမည့် ၂၁ ရာစုတွင် အသိပညာရှိသောလူသားသည် အရေးကြီးလာမည်။ ယခင်ကကဲ့သို့ ငွေကြေးခနဉ်စွာသည် လည်းကောင်း၊ အခြေခံလူတန်းစားသည် လည်းကောင်း အဓိကနေရာတွင် ဆက်လက်နေရာယူ၍ မရတော့ဘဲ ပညာသည်အဓိကနေရာသို့ ရောက်လာမည်ဖြစ်၏။ ထို့ကြောင့် (၂၁) ရာစုသည် အသိပညာရှိသော လူသားသည် ထိပ်ဆုံးသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ချစ်စံဝင်း**




အောင်မြင်ကျော်ကြားမှုဆီသို့
ခက်ဆစ်လင်း (မြည်)

> စစ်မှန်သောအောင်မြင်မှုအတွက် ရိုးသားခြင်းကလည်း မြေသြဇာကောင်းဖြစ်၏။ အောင်မြင်မှုချင်းအတူတူ ရိုးသားသောအောင်မြင်မှုကသာ ရေရှည်တည်တံ့ခိုင်မြဲသည်။ လူတွေအားလုံး ရိုးသားကြမည်မဟုတ်ပါ။ သို့သော်...

ယနေ့ခေတ်လူငယ်အားလုံး အောင်မြင်ကျော်ကြားမှုကို ရရှိပိုင်ဆိုင်ချင်စိတ်အပြည့်ရှိနေသည်ကို မေးကြည့်စရာပင်မလိုပါ။ မြင်နေသမျှ တွေးကြည့်လိုက်ရုံဖြင့် သိရှိနိုင်ပါပေသည်။ သို့သော် လူငယ်အများစုများလည်းထား၍လုပ်ဆောင်နေသည့်ကိစ္စအားလုံးမှာ အောင်မြင်မှုထက် ကျော်ကြားမှုဘက်ကိုသာ ဦးတည်နေကြသည်။ **အောင်မြင်မှုနှင့်ကျော်ကြားမှုသည်လည်း ကွဲပြားခြားနားနေပြန်၏။** ကျော်ကြားမှုကို လုပ်ယူရသည်မှာ အင်မတန်လွယ်ပါသည်။ ဥပမာ– ရပ်ကွက်ထဲ အရက်မူး၍ ဆဲရေးတိုင်းထွာနေသူတစ်ဦးပင် အမှန်တကယ်ကျော်ကြားနိုင်ပါသည်။ ဤအရာကို နာမည်ဆိုးဖြင့် ကျော်ကြားခြင်းဟုခေါ်၏။

လူမှုကွန်ရက်အင်တာနက်လိုင်းများအပေါ်တွင် အရှက်တရားကင်းမဲ့စွာ၊ ဖော်ချွတ်ဓာတ်ပုံများဖြန့်နေသည့် အမျိုးသမီးတချို့သည် အဟုတ်ကို ကျော်ကြားနေပါသည်။ မစင်ကိုမှ နှစ်သက်တတ်သောလောက်ကောင်များ၏ ရှုစိတ်အားပေးမှုကိုပီတိဖြစ်နေပြီး မစင်ဖြစ်နေသည်ကို ဂုဏ်ယူမက်မောနေကြသည်ကို မြင်နေရရုံဖြင့်ပင် အော့နလုံးနာစရာကောင်းလှပေသည်။ အမှန်စင်စစ် ထိုသူများ၏ ထိုကဲ့သို့ ကျော်ကြားချင်သည့်စိတ်ဆန္ဒရှိနေခြင်းကပင် မှားယွင်းမှုတစ်ခုဖြစ်နေ၏။

ကျော်ကြားမှုကို ရှာဖွေရသည်မှာ လွယ်ကူသကဲ့သို့ အောင်မြင်မှုကို ရှာဖွေရသည်မှာလည်း သိပ်တော့လည်း မခက်ခဲလှပါ။ ထို့အတွက်ကြောင့်လည်း နယ်ပယ်အသီးသီးတွင် အောင်မြင်နေသူများအား မျက်ဝါးထင်ထင်မြင်တွေ့နေကြရခြင်းဖြစ်၏။ ခက်ခဲလွန်း၍ မလုပ်ဆောင်ခဲ့လျှင် ဤကမ္ဘာ့ပေါ်တွင် မြင့်မြတ်သော အသိဉာဏ်၊ ထိုးတက်သောနည်းပညာများ ပေါ်ထွန်းဖြစ်တည်လာစရာ အကြောင်းလည်း

မရှိပါ။ မြင့်မြတ်သော အသိဉာဏ်၊ တိုးတက်သော နည်းပညာများအားလုံးကို လူများကပင် ရှာဖွေတွေ့ရှိလုပ်ဆောင်ခဲ့ကြခြင်းဖြစ်၏။

လူတစ်ဦးတစ်ယောက်တည်းအနေဖြင့် နယ်ပယ်အားလုံးမှာ ကျွမ်းကျင်အောင်မြင်ဖို့ဆိုသည်မှာတော့ လုံးဝမလွယ်ကူနိုင်ပါ။ ထို့အတူ လူတိုင်းတွင်လည်း ပင်ကိုယ်အရည်ချင်းများ ရှိနေတတ်သည်ကိုလည်း သတိပြုရပေမည်။ အောင်မြင်ချင်သူတစ်ယောက်အတွက် အရေးကြီးဆုံးအဓိကအချက်မှာ လောကတွင် **မိမိအမှန်တကယ်ဖြစ်ချင်စိတ်ဆန္ဒ ပြင်းပြနေသောအလုပ်ကို ရွေးချယ်လုပ်ကိုင်**တတ်ဖို့သာလိုသည်။ အောင်မြင်မှု ပန်းတိုင်ဆီသို့ အရောက်သွားမည်ဟု ရည်မှန်းထားပြီးပြီဆိုလျှင်တော့ တိကျသေချာသော ရွေးချယ်မှုတစ်ခုတော့ မဖြစ်မနေ ပြုလုပ်ရပေတော့မည်။

နယ်ပယ်အသီးသီးတွင် အောင်မြင်နေသူများ၏ အောင်မြင်မှုအားလုံးသည် မိမိနှင့်သက်ဆိုင်ခြင်းမရှိနိုင်ပါ။ အောင်မြင်သူတိုင်းတွင်လည်း ချို့ယွင်း ချက်အနည်းငယ်စီတော့ ရှိတတ်ကြစမြဲပင်။ ဥပမာဆိုရလျှင် သားဖွားမီးယပ်ဆရာဝန်တစ်ဦးသည် ဖိနပ်ချုပ်တတ်ပါမည်လား။ ချုပ်တတ်သည်ထားဦး ဖိနပ်ချုပ်သောအလုပ်ဖြင့် ထမင်းစားနေသည့် ဖိနပ်ချုပ်သူလောက်တော့ ကျွမ်းကျင်တိကျသပ်ရပ်နိုင်မှု လုံးဝမရှိနိုင်ပါ။ ဤသည်ကို ကြည့်ခြင်းအားဖြင့် လူတိုင်းတွင် ကိုယ်ပိုင်အရည်အချင်းတစ်ခုစီတော့ ရှိနေသည်မှာ သေချာလွန်းလှပါသည်။

အောင်မြင်သူတစ်ယောက်ဖြစ်ဖို့အတွက် ဘဝရဲ့အခက်အခဲပေါင်းများစွာကိုခဏမေ့ထားပြီး အမှန်တကယ်ဖြစ်ချင်သောဆန္ဒတစ်ခုတည်းကိုသာ **ဦးတည်ချက်တည်ငြိမ်စွာဖြင့် မဆုတ်မနစ် ကြိုးစား** ရပေမည်။ ဖြစ်နိုင်ပါ့မလားဟု မချင့်မရဲအတွေးဝင်လျှင်တော့ လုံးဝမဖြစ်နိုင်တော့ပါ။ ဖြစ်အောင်လုပ်မည်ဟူသော နိုင်မာသော ဆုံးဖြတ်ချက်ကို ချမှတ်ထားလိုက်ပါ။ ယုံကြည်ချက်ရှိနေပြီဆိုလျှင်ပင် အောင်မြင်မှု၏ ခရီးတစ်ဝက်သို့ ရောက်နှင့်ပြီးဖြစ်၏။ ယုံကြည်ချက်ဖြင့် ကြိုးစား၍ ရရှိလာသော သေးငယ်သည့်နေရာလေးတစ်ခုသည်ပင် မိမိအတွက်အောင်မြေဖြစ်သည်။ တစ်နည်းအားဖြင့် ခမ်းနားသော အောင်မြင်မှုပင် ဖြစ်၏။



လောကတွင် မှန်တစ်ချပ်သည် မျက်မမြင်တစ်ယောက်အတွက် အသုံးမဝင်နိုင်ပါ။ ပညာတတ်ခြင်းသည် စိတ်ယုတ်ညံ့သူတစ်ယောက်အတွက် အသုံးမဝင်နိုင်ပါ။ လောကသစ္စာတရားသည် ရိုးသားမှုမရှိသူအတွက် အသုံးမဝင်နိုင်ပါ။ ဘဝအတွေ့အကြုံများသည် သင်ခန်းစာမယူတတ်သူအတွက် အသုံးမဝင်နိုင်ပါ။ ကိုယ်ချင်းစာတရားသည် အတ္တကြီးသူအတွက် အသုံးမဝင်နိုင်ပါ။ မေတ္တာတရားဟူသည် စာနာစိတ်မရှိသူအတွက် အသုံးမဝင်နိုင်ပါ။ အနုပညာသည်လည်း မခံစားတတ်သူအတွက်အသုံးမဝင်နိုင်ပါ။ အတွေးအခေါ်များသည် ဆင်ခြင်နိုင်စွမ်းမရှိသူအတွက် အသုံးမဝင်နိုင်ပါ။ ကုသိုလ်ဟူသည် သဒ္ဓါတရားမရှိသူအတွက် အသုံးမဝင်နိုင်ပါ။ အသက်ရှင်သန်ခြင်းပင်လျှင် ကုသိုလ်မရှိသူအတွက် အသုံးမဝင်နိုင်ပါ။ ထို့နည်းရှင်း ကံတရား၏ပေးမှုများသည်လည်း ကြိုးစားအားထုတ်မှုမရှိသူအတွက် လုံးဝအသုံးမဝင်နိုင်ပါ။ ထို့ အတွက်ကြောင့် အောင်မြင်မှုဆီသို့ အရောက်လှမ်းချင်သူအတွက် ကြိုးစားအားထုတ်မှုဟူသည်ကပင် ဖန်ဆင်းရှင်တစ်ဦးဖြစ်၏။

စစ်မှန်သောအောင်မြင်မှုအတွက် **ရိုးသားခြင်းကလည်း မြေသြဇာကောင်း** ဖြစ်၏။ အောင်မြင်မှုချင်းအတူတူ ရိုးသားသော အောင်မြင်မှုကသာ ရေရှည်တည်တံ့နိုင်မြဲသည်။ လူတွေအားလုံးရိုးသားကြမည်မဟုတ်ပါ။ သို့သော် ရိုးသားသူတိုင်းကိုတော့ လူတွေအားလုံးက နှစ်သက်ယုံကြည်တတ်ကြသည်။ ထို့ကြောင့် ရိုးသားမှုသည် အောင်မြင်မှုဆီသို့ လှော်ခတ်နိုင်ရန်အတွက် အလွန်အသုံးဝင်သော လှော်တက်ကောင်းတစ်လက်ဟု ဆိုရပေမည်။

ကြိုးစားမှုတိုင်းသည် အလွယ်တကူ အောင်မြင်မှုကို ရရှိနိုင်လိမ့်မည်တော့ မဟုတ်။ မိမိဘာသာစကား။ စာပေများ ရေးတတ်ဖတ်တတ်ဖို့ အရေးကိုတောင် ငယ်စဉ်ကတည်းက လေ့လာသင်ကြားရပေသည်။ ဆရာ၊ ဆရာမများ၏ ချော့တစ်ခါ၊ ခြောက်တစ်လှည့် သင်ကြားပေးမှုကပင် ထိုငယ်ရွယ်စဉ်အခါက အခက်အခဲတစ်ခုလို ဖြစ်ခဲ့ရပါသည်။ ဘဝအောင်မြင်မှု ရရှိရန် ကြိုးစားရာတွင်တော့ အခက်အခဲပေါင်းများစွာသည် မဖြစ်မနေ ကြုံတွေ့ရစမြဲဖြစ်သည်။ အရေးကြီးသည်မှာ ဇွဲမလျှော့၊ အရှုံးမပေးဖို့သာ ဖြစ်၏။ လက်ရှိအောင်မြင်မှု ရရှိနေသူများအပေါ်တွင်တော့ မနာလိုစိတ် လုံးဝမမွေးမိပါစေနှင့်။ မခံချင်စိတ်လေးတော့ မွေးရပေမည်။ ထိုသူတို့ မည်သို့မည်ပုံကြိုးစားအောင်မြင်လာရသနည်း။ ဆောင်ရန် ရှောင်ရန်များကို တွေးခေါ် ဆင်ခြင်ခွဲခြား၍ မိမိလည်း မုချအောင်မြင်ရမည်ဟု မလျှော့သောဇွဲဖြင့် ကြိုးစားရပေမည်။ **ဇွဲရှိခြင်း**သည်ပင်လျှင် အောင်မြင်မှု၏ သော့ချက်ဖြစ်နေပြန်၏။


အောင်မြင်မှုပန်းတိုင်ဆီ လျှောက်သော လမ်းတိုင်းသည်လည်း မှန်ကန်တိကျ ဖြောင့်ဖြူးနိုင်ရပေမည်။ သူဌေးဖြစ်ချင်၍ အချစ်ကိုရတုံးလုပ်ပြီး သူဌေးသမီးကို ရ အောင်ယူခြင်း။ သူဌေးမယားအဖြစ်

ဘဝကို ရောင်းစားခြင်းများသည် အပေါ် စားဆန်လွန်းလှပါသည်။ အမှန်တော့ သူဌေးလောင်းတို့၏ အဓိကလက္ခဏာမှာ ဝင်ငွေများခြင်းမဟုတ်ပါ။ ချွေတာစုဆောင်းတတ်ခြင်းသာဖြစ်၏။ စစ်မှန်သော အောင်မြင်မှုတစ်ခုသည် မည်သူ့ကိုမှ မလိုအပ်ပါဘဲ ဦးညွှတ်အရိုအသေပေးနေမည်မဟုတ်သလို လုပ်ကြံဖော်ခင်းပြီး ကြံရာမရ လူလုံးပြမျက်နှာပြောင်တိုက်တတ်ခြင်းလည်း လုံးဝမရှိပါ။

အောင်မြင်မှု စီမံကိန်းတစ်ခု ချမှတ်အကောင်အထည်ဖော်ရာတွင် **ရောင့်ရဲနိုင်မှု** သည်လည်း မရှိမဖြစ်လိုအပ်သော အနေအထားတစ်ခုတွင် ရှိနေတတ်ပြန်သည်။ လူတစ်ယောက်အတွက် ရောင့်ရဲနိုင်မှုသည်ပင် ပျော်ရွှင်ချမ်းမြေ့ခြင်းကို ဖော်ဆောင်နေတတ်၏။ ဥပမာဆိုရသော် အများတကာ အနားယူနေသည့်အချိန်တွင် မိမိသည် အနားယူချိန်များကို လျှော့ချရောင့်ရဲ၍ မိမိ၏အိမ်မက်အတွက် အခွင့်အလမ်းတံခါးပေါက်များကို တွန်းဖွင့်နိုင် ရန် အခွင့်အရေးလှေကားထစ်များကို နင်းတက်ခွင့်ရရှိရန်အတွက် တစ်စိုက်မတ်မတ် ကြိုးစားနေခြင်းကိုဆိုလိုပါသည်။ အများထက်သာလွန်ချင်လျှင်တော့ အများထက် ပိုပြီးကြိုးစားရမည်မှာ တာဝန်တစ်ခုဖြစ်သည်။ ခရီးဝေးတစ်ခုအား လျှောက်လှမ်းခြင်း(သို့မဟုတ်) အမြင့်သို့ တက်လှမ်းခြင်းအတွက်တော့ မလိုအပ်သည့် အပိုအလုပ်များ (ဝန်ထုပ်ဝန်ပိုးများ)ကို ဖယ်ရှားချထားခဲ့ရမည်မှာလည်း အမှန်တရားတစ်ခုဖြစ်၏။

အချုပ်ဆိုရသော် အောင်မြင်မှုဆီ အရောက်သွားခြင်းသည် ထင်သလောက် မလွယ်ကူနိုင်သော်လည်း တွေးသလောက်လည်း မခက်ခဲတတ်ပါ။ တိကျမှန်ကန်သော ရွေးချယ်မှု၊ နည်းစနစ်မှန်ကန်စွာ ဖွဲ့ရှိမှု၊ ရိုးသားစွာ ကြိုးစားမှု၊ ယုံကြည်စိတ်ဖြင့် ရောင့်ရဲနိုင်မှုများကိုသာ ပေါင်းစပ်အားထုတ်မှု ပြုလုပ်ခဲ့မည်ဆိုလျှင် တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ မိမိလိုချင်သော အောင်မြင်မှုသည် မိမိဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် မလွဲမသွေရောက်ရှိလာနိုင်မည်မှာ အမှန်ပါ။ စစ်မှန်သောအောင်မြင်မှုများကို ရရှိပိုင်ဆိုင်ခဲ့ပြီဆိုလျှင်တော့ ကျော်ကြားမှုများသည်လည်း မိမိဆီသို့မိမိမခေါ်ရပါဘဲ အလိုအလျောက်ရောက်ရှိလာတတ်စမြဲ ဖြစ်သည်။ ဤအရာကို အောင်မြင်ကျော်ကြားမှုဟုသာ ဆိုရပေလိမ့်မည်။

**ခက်ဆစ်လင်း (မြည်)**



ဥက္ကာမင်းဆက်



ဘုရင်ကြီးက ဆင်စီးကျွမ်း
မတိုက်ခင်မှာ ချွန်းအုပ်ဖမ်း
ငါမကျွမ်းရင် နင်သေသတယ်
အိုဘုံ့မဆီသည်။
ဆီသည်မက ပြုံးပြီးတော့
သန့်ရာသန့်ရာပေါ့။
ကတော့မပါဘဲ ပုလင်းထဲကို
မဖိတ်မစင် လောင်းပြသကို
လူဆိုတာလုပ်ငန်းအရ
ကျွမ်းကျင်လိမ္မာကြ
ဘုရင်ကြီးလည်း သဘောကျ
သူ့နေရာနဲ့သူပဲဗျ။

နေဆက်နိုင်

ရှေးဟောင်းပုံပြင်များထဲမှာ အလွန်မြန်တဲ့ယုန်ကို အင်မတန်နှေးတဲ့လိပ်က နိုင်နိုင်သွားတဲ့ ပုံပြင်ဟာ ကျော်ကြားလွန်းလှပါတယ်။ ဒီပုံပြင်ကို ကြားရတဲ့ ခေတ်သစ်ယုန်ငယ်တစ်ကောင်ဟာ မခံချိမခံသာဖြစ်ပြီး လိပ်တစ်ကောင်ကို စိန်ခေါ်ပါတော့တယ်။

"ဟေ့ကောင် လိပ်ကြီး။ မင်းတို့လို နှေးကွေးလေးလံတဲ့ လိပ်တွေက ငါတို့လို သွက်လက်လျင်မြန်တဲ့ ယုန်တွေကိုနိုင်တယ်ဆိုတာ မဖြစ်နိုင်တဲ့ ယုံတမ်းစကားပုံပြင်ပဲ။ တကယ်ဆို မင်းတို့လိပ်တွေ ငါတို့ယုန်တွေကိုနိုင်ဖို့မပြောနဲ့ ဘယ်လိုနည်းနဲ့မှ ခြေဖျားကိုတောင် မီမှာမဟုတ်ဘူး"

"သူ့နေရာနဲ့ သူပေါ့"

လိပ်က အေးအေးဆေးဆေးပဲ ပြန်ပြောပါတယ်။

"ဘာမှ သူ့နေရာနဲ့သူ မဟုတ်ဘူး။ ဘယ်နေရာမှာဆို မင်းကိုယှဉ်နိုင်တယ်။ အခုပြေးမလား"

"မပြေးပါဘူး။ မင်းနိုင်တယ်လို့ပဲ မှတ်လိုက်ပါ။ ဒါပေမဲ့ သူ့နေရာနဲ့သူပေါ့"

"အလကားကောင် စကြောက်။ မင်းတို့လို အဖြစ်မရှိတဲ့ကောင်တွေက ဟိုနေရာ ဒီနေရာ ရွေးနေတာ။ ငါတို့ကတော့ ဘယ်နေရာမဆို လာထားပဲ"

"တကယ်လား"

"ဟေ့ကောင် စကားမရှည်နဲ့။ ကြိုက်တဲ့နေရာ ရွေးလိုက်။ အေးဆေးပဲ"

ဒါနဲ့လိပ်က မြစ်ကမ်းနားတစ်ခုကို ခေါ်သွားလေသတဲ့။

"ကဲ ရောက်ပြီ၊ မင်းနဲ့ငါ ဟိုဘက်ကမ်း ဘယ်သူအရင်ရောက်သလဲ၊ ပြိုင်ကြည့်ရအောင်"

ရေကိုတွေ့တော့ ယုန်ရဲ့ထောင်နေတဲ့ နားရွက်တင်မကဘူး။ အမြီးတုလေးပါ တွန့်သွားတော့တာပေါ့။


လိပ်ကပြုံးပါတယ်။


"အဲဒါပြောတာပဲ ငယုန်ရေ။ ကုန်းပေါ်မှာဆို ငါက မင်းခြေဖျားကို မမီနိုင်သလို၊ ရေထဲမှာဆိုရင်တော့ မင်း ငါ့ဖင်ဖျားကိုတောင် မြင်ရမှာမဟုတ်ဘူး။ သူ့နေရာနဲ့သူပေါ့"

ဒီလိုပြောပြီး လိပ်ကလေးဟာ. အသာအယာပဲ ရေကူးနေပါတော့တယ်။

ဉက္ကာမင်းဆက်







ရုရှနိုင်ငံဟာ ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံပါ။ တစ်ချိန်က ဆိုဗီယက်ပြည်ထောင်စုအဖြစ် တည်ရှိလာခဲ့ပြီး သူ့ရဲ့ အင်ပါယာဟာ အရှေ့ဥရောပကနေ အာရှတိုက်အထိ တောင်ကျယ်ပြောခဲ့ပါတယ်။ အဲ့ဒီတုန်းက ရုရှတို့ဟာကွန်မြူနစ်စနစ်ကိုကျင့်သုံးခဲ့ပြီး ကွန်မြူနစ်စနစ်ရဲ့ ဘိုးအေနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ထင်ထင်ရှားရှားရပ်တည်နိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး စစ်အေးခေတ်အတွင်း ကွန်မြူနစ်စနစ်နဲ့သွားနေတဲ့ ဆိုဗီယက်ပြည်ထောင်စုဟာ စစ်အင်အားနဲ့နည်းပညာပိုင်းမှာ အကောင်းဆုံးဖြစ်လာခဲ့ပေမဲ့ နိုင်ငံရဲ့ စီးပွားရေးပိုင်းမှာတော့ အမေရိကန်အပါအဝင် ဒီမိုကရေစီ အင်အားကြီးနိုင်ငံတွေကို ယှဉ်ပြိုင်လို့မရခဲ့ပါဘူး။ ဆိုဗီယက်ပြည်ထောင်စုဟာ ၁၉၈၀ ကျော်ဝန်းကျင်ကာလ သမ္မတဂေါ်ဘာချက်လက်ထက်မှာ အနောက်နိုင်ငံတွေလိုပဲ စီးပွားရေး တံခါးဖွင့်ဝါဒကို ကျင့်သုံးဖို့ တာစူလာခဲ့ပါတယ်။ အဲ့ဒီနောက်တော့ နိုင်ငံဟာ ၎င်းအုပ်ချုပ်ထားတဲ့ ပြည်နယ်တွေကို နိုင်ငံအဖြစ်ခွဲပေးရင်းနဲ့ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲခဲ့ရပါတယ်။ ဆိုဗီယက်ခေါင်းဆောင်ကြီး ဂေါ်ဘာချက် အနားယူသွားပြီးတဲ့နောက်မှာ သမ္မတဘောရစ် ယဲ့လ်ဆင် တက်လာပါတယ်။ သမ္မတဘောရစ် ယဲ့လ်ဆင်လက်ထက်မှာ

# ၂၁ ရာစုခေတ် ရုရှနိုင်ငံရဲ့ အထင်ရှားဆုံးခေါင်းဆောင် ဗလာဒီမာပူတင်

ကျော်မြင့်(မြောင်းမြ)

ရုရှနိုင်ငံဟာ ဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်သွားနေပြီဖြစ်လို့ စီးပွားရေးမှာ အတော်အတန်တိုးတက်မှုရှိလာခဲ့ပါတယ်။ ဒါပေမဲ့ နှစ်ပေါင်းများစွာ ကွန်မြူနစ်စနစ်နဲ့ အသားကျလာခဲ့တဲ့ ရုရှတို့ဟာ ဈေးကွက် စီးပွားရေးစနစ်နဲ့ ချက်ချင်း အသားမကျသေးဘဲ နိုင်ငံရဲ့စီးပွားရေးပိုင်းမှာ ထင်သလောက်အောင်မြင်အောင်မလုပ်နိုင်ခဲ့ပါဘူး။ သမ္မတယဲ့လ်တ်ဆင်လက်ထက်မှာ ဗလာဒီမာပူတင်ဟာ ဝန်ကြီးချုပ်ရာထူး ရရှိခဲ့ပြီး ထိုအချိန်က သူ့ရဲ့ကဏ္ဍဟာ အတော့်ကို အရေးပါပေမဲ့ ယဲလ့်တ်ဆင်ရဲ့လွှမ်းမိုးမှုကိုတော့ ကျော်လွှန်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါပေမဲ့ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့မှာ သမ္မတယဲ့လ်တ်ဆင် မမျှော်လင့်ဘဲ အနားယူသွားခဲ့တာကြောင့် ရုရှနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပူတင်ဟာ ရုရှဖက်ဒရေးရှင်းနိုင်ငံရဲ့ယာယီသမ္မတဖြစ်လာခဲ့ပါတယ်။ ပူတင်ယာယီသမ္မတဖြစ်လာတဲ့အချိန်မှာ ယခင်သမ္မတရဲ့မိသားစုတွေပါဝင်တဲ့လာဘ်စားမှု အရှုပ်အထွေးတွေမှာ ပါဝင်ပတ်သက်မှုရှိခဲ့တယ်လို့ သံသယဖြစ်ခြင်းခံခဲ့ရပါတယ်။ ၂၀၀၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲ မတိုင်ခင်မှာ ပူတင်ဟာ နိုင်ငံရေး အရှုပ်အထွေးတွေနဲ့ စတင်ကြုံတွေ့ခဲ့ရပါတော့တယ်။ သမ္မတဟောင်း ယဲ့လ်တ်ဆင်ရုတ်တရက်နုတ်ထွက်သွားတဲ့ဖြစ်ရပ်ကြောင့် ပူတင်ယာယီသမ္မတတာဝန်ယူပြီး သုံးလအကြာမှာပဲ သမ္မတရွေးကောက်ပွဲကို နောက်သုံးလ



အကြာမှာ ကျင်းပရဖို့ ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့်လည်း ၂၀၀၀ ပြည့်နှစ်ဖွန်လမှာ ပူတင်ဟာ သူ့ရဲ့ ပြိုင်ဘက်တွေနဲ့အတူ သမ္မတရွေး ကောက်ပွဲဝင်ခဲ့ရပါတယ်။ ဒါပေမဲ့ ပူတင်ဟာ မဲအရေအတွက် (၅၃) ရာခိုင်နှုန်းနဲ့ ပြိုင်ဘက်တွေကို အနိုင်ရခဲ့တယ်။ ၂၀၀၀ ပြည့်နှစ် မေလမှာ ပူတင်ဟာ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး ထို့နောက်မှာ ဘဏ္ဍာရေးဝန်ကြီးမီခေးကာက်(စ)ယာနော့(ဗ)ကို ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခဲ့ပါတယ်။

ပူတင် သမ္မတရာထူးကိုရရှိပြီးတဲ့နောက်မှာတော့ ၂၀၀၀ ပြည့်နှစ်ဩဂုတ်လမှာတင် ပထမဦးဆုံး စိန်ခေါ်မှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အဲ့ဒါကတော့ ကာ့(စ)ရေငုပ်သင်္ဘော နစ်မြုပ်သွားတဲ့ ဖြစ်ရပ်အပေါ် ကိုင်တွယ်ပုံညံ့ဖျင်းတယ်လို့ အပြစ်တင်ခံရတာပါပဲ။ ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၄ ခုနှစ်ကြားကာလတွေမှာ ပူတင်ဟာ တိုင်းပြည်ရဲ့ဆင်းရဲမွဲပြာတဲ့အခြေအနေကို ပြန်လည်ဦးမော့လာဖို့ စတင်လုပ်ဆောင်ခဲ့ပါ



တယ်။ အဲ့ဒီအခါ ရုရှနိုင်ငံရဲ့လုပ်ငန်းရှင် သူဌေးကြီးတွေဖြစ်ကြတဲ့ ဂျန်နဒီတင်ရှန်ကို၊ လောဒီမာယာကူနင်၊ ယူရီကိုဗာချက်၊ ဆာဂျီချီမီဇော့တို့အပါအဝင် အခြားလုပ်ငန်းရှင်တွေနဲ့ဖွဲ့စည်းထားတဲ့ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အစည်းသစ်တစ်ခုပေါ်ပေါက်လာပါတယ်။ အဲ့ဒီအဖွဲ့ဟာ သမ္မတနဲ့အတူနိုင်ငံရဲ့စီးပွားရေးကို တည်ဆောက်ရာမှာ အတူတူလက်တွဲခဲ့တာကြောင့် ပုဂ္ဂိုလ်ရေးအရလည်း အတော့်ကိုရင်းနှီးခဲ့ပါတယ်။ ၂၀၀၃ ခုနှစ် ပြည်သူ့ ဆန္ဒခံယူပွဲကို ချေချင်းညာမှာ ကျင်းပခဲ့ပြီး အဲ့ဒီဆန္ဒခံယူပွဲက ချေချင်းညာဒေသဟာ ရုရှနိုင်ငံရဲ့အစိတ်အပိုင်းတစ်ခုအဖြစ် ကြေညာတဲ့ ဖွဲ့စည်းပုံအသစ်အတိုင်း ကျင့်သုံးခဲ့တယ်။ ဒါပေမဲ့ ချေချင်းညာဒေသဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တာမို့ နောက်ပိုင်းမှာ ထိုဒေသဟာ ပူတင် အတွက် ပြဿနာတစ်ခုဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒုတိယအကြိမ် ချေချင်းညာစစ်ပွဲမှာ ရုရှတို့က ချေချင်းညာတော်လှန်ရေးလှုပ်ရှားမှုကို ချိုးနှိမ်သွားအောင် လုပ်နိုင်ခဲ့ပါတယ်။ သို့သော်လည်း ကော့ကေးဆပ် (၈) ပြည်နယ်တောင်ပိုင်း တစ်ခုလုံးမှာတော့ တော်လှန်ပုန်ကန်တဲ့ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပေါ်ခဲ့ပါတယ်။

ပူတင်ဟာ ဒုတိယအကြိမ် သမ္မတ ရွေးကောက်တင်မြှောက်ပွဲကို ထပ်မံဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ပြီး ၂၀၀၄ ခုနှစ် မတ်လ(၁၄) ရက်မှာတော့ မဲအရေအတွက် (၇၁) ရာခိုင်နှုန်းနဲ့ သမ္မတအဖြစ် ထပ်မံအရွေးချယ်ခံခဲ့ရပါတယ်။ ပူတင် ဒုတိယအကြိမ်သမ္မတဖြစ်လာတဲ့အချိန်မှာပဲ ပထမဦးဆုံး ရင်ဆိုင်လိုက်ရတာကတော့ ၂၀၀၄ ခုနှစ် စက်တင်ဘာလမှာ ဖြစ်ပွားခဲ့တဲ့ ဘက်(စ)လန်ကျောင်းတားစာခံ အရေးအခင်းပဲဖြစ်ပါတယ်။ အဲ့ဒီမှာ ပြည်သူရာနဲ့ချီပြီး သေဆုံးခဲ့ပါတယ်။ ရုရှသတင်းစာစောင်တွေနဲ့ နိုင်ငံတကာမီဒီယာတွေကတော့ အဲ့ဒါနဲ့ပတ်သက်ပြီး ပူတင် အစိုးရကို အကြီးအကျယ်ဝေဖန်အပြစ်တင်ခဲ့ပါတယ်။ ဒါပေမဲ့ ထိုတားစာခံကိစ္စ အပေါ် ပူတင်က ကောင်းမွန်စွာကိုင်တွယ်နိုင်ခဲ့ပြီး နောက်မှာတော့ ပြည်သူတွေက ပူတင်နဲ့ ၎င်းပြဿနာအပေါ်ကိုင်တွယ်ဖြေရှင်းပုံကို ကျေနပ်ခဲ့ကြတာ၊ နောက်ဆုံးစစ်တမ်းကောက်ယူလိုက်တဲ့အချိန်မှာ (၈၃) ရာခိုင်

နှုန်းတောင် ထောက်ခံမဲပေးခဲ့ကြတယ်လို့ဆိုပဲ။ ၂၀၀၅ ခုနှစ် ကရင်မလင်မှာပြောဆိုခဲ့တဲ့ ပူတင်ရဲ့မိန့်ခွန်းမှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခြင်းဟာ (၂၀)ရာစုခေတ်ရဲ့ အကြီးကျယ်ဆုံးပထဝီနိုင်ငံရေးပျက်သုဉ်းသွားခြင်းပဲလို့ ထည့်သွင်းပြောဆိုခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာ အမျိုးသားဦးစားပေးစီမံကိန်းများအဖြစ် ရုရှနိုင်ငံရဲ့ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး၊ အိုးအိမ်စီမံကိန်းနဲ့ စိုက်ပျိုးရေးကဏ္ဍတွေကို တိုးတက်အောင်လို့ စတင်ကြိုးပမ်းလုပ်ဆောင်ပါတော့တယ်။ တိုစဉ်က ရုရှနိုင်ငံရဲ့အချမ်းသာဆုံးသူဌေးကြီး မီခေးခိုဒိုကော့စကီးကို ကရင်မလင်ကလွှတ်လပ်ရေးဝါဒီနဲ့ ကွန်မြူနစ်ဆန့်ကျင်သူတွေအပေါ်ငွေကြေးလှူဒါန်းတာနဲ့ပတ်သက်ပြီး အခွန်ငွေ တိမ်းရှောင်မှု၊ လိမ်လည်မှုစတဲ့ပြစ်ချက်တွေရှာပြီး ဖမ်းဆီးလိုက်ပါတယ်။အဲ့ဒီနောက် သူ့ရဲ့ကုမ္ပဏီ ယူကော့(စ)ဟာဒေဝါလီခံခဲ့ရပြီး နောက်ဆုံးမှာ ကုမ္ပဏီပိုင်ပစ္စည်းတွေကို ဈေးကွက်မှာအောက်ဈေးနဲ့ လေလံတင်ရောင်းချခဲ့ရပါတော့တယ်။ ယူကော့(စ)ကုမ္ပဏီရဲ့ကံကြမ္မာကိုကြည့်ရင် ရုရှနိုင်ငံဟာနိုင်ငံတော်ပိုင်အရင်းရှင်စနစ်ကိုဦးတည်နေတယ်ဆိုတာ ထင်ရှားခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် အောက်တိုဘာလ (၇) ရက်နေ့မှာ အန်နာပိုလစ်ကိုဗက်စကာယာဆိုတဲ့ သတင်းထောက်တစ်ဦးဟာ ရုရှစစ်တပ်ရဲ့ အကျင့်ပျက်ခြစားမှုနဲ့ချေချင်းညှာမှာ ၎င်းတို့ရဲ့အပြုအမူတွေကို ဖော်ပြခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ သူမဟာ နေအိမ်ဝရန်တာမှာ သေနတ်နဲ့ပစ်ခတ်လုပ်ကြံခြင်းခံခဲ့ရပါတယ်။ သူမသေဆုံးရတာနဲ့ပတ်သက်ပြီးနိုင်ငံတကာရဲ့ဝေဖန်မှုတွေများပြားလာခဲ့တယ်။ ပူတင်ဟာ နိုင်ငံရဲ့လွတ်လပ်တဲ့သတင်းမီဒီယာအသစ်ကို ကာကွယ်ဖို့ပျက်ကွက်ခဲ့တဲ့အကြောင်း ပြင်းပြင်းထန်ထန်ပြောဆိုခဲ့ကြတာပေါ့။ ဒါ့ကြောင့်လည်း ပူတင်ကိုယ်တိုင်က သူမလုပ်ကြံခြင်းခံခဲ့ရတာဟာသူမရေးသားတဲ့စာတွေထက်ပိုပြီး ရုရှအစိုးရကို ပြဿနာပိုပြီးကြီးထွားစေတယ်လို့ဆိုခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလမှာ ပူတင်ဟာ ဝန်ကြီးချုပ်မီခေးဖရက်ဒ်ကော့ရဲ့တောင်းဆိုမှုနဲ့ အစိုးရကို ဖျက်သိမ်းလိုက်ပါတယ်။ အဲ့ဒါကတော့ လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပရာမှာ သမ္မတကိုလွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်ပေးလိုက်တာပါပဲ။ အဲ့ဒီနောက်တော့ ဗစ်တာဇူးကော့ဗ်ဟာ ဝန်ကြီးချုပ်အသစ် ဖြစ်လာခဲ့ပါတယ်။



ရုရှနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သမ္မတအဖြစ် သုံးကြိမ်ရွေးကောက်ခွင့် မရှိပါဘူး။ ဒါ့ကြောင့်လည်း ဒုဝန်ကြီးချုပ် (၁) ဒီမီထရီမီဗီဒက်ကို သူ့နောက်ဆက်ခံသူ သမ္မတအဖြစ် ရွေးချယ်ခန့်အပ်လိုက်ပါတယ်။ မီဒီဗက်ကို အာဏာလွှဲပြောင်းပေးပြီး နောက်တစ်နေ့ ၂၀၀၈ ခုနှစ်၊ မေလ (၈)ရက်နေ့မှာတော့ ပူတင်ကို ရုရှနိုင်ငံရဲ့ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်လိုက်တာကြောင့် ပူတင်ဟာ သူ့ရဲ့နိုင်ငံရေးဩဇာအာဏာကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ပူတင်ကတော့ ကမ္ဘာ့စီးပွားရေး အရေးအခင်းရဲ့ အကျိုးဆက်တွေကို ကျော်လွှားနိုင်ခဲ့တာဟာ သူ့ရဲ့ဒုတိယအကြိမ်ဝန်ကြီးချုပ်သက်တမ်းမှာ အဓိက အောင်မြင်မှု နှစ်ခုထဲက တစ်ခုဖြစ်တယ်လို့ဆိုခဲ့ပါတယ်။ နောက်တစ်ခုကတော့ ၂၀၀၈ ခု နှစ်နဲ့ ၂၀၁၁ ခုနှစ်ကြားကာလမှာ ရုရှနိုင်ငံရဲ့လူဦးရေကို ထိန်းချုပ်နိုင်ခဲ့တာပါပဲ။ ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၂၄) ရက်နေ့ မော်စကိုမှာ ကျင်းပတဲ့ ပြည်ထောင်စု ရုရှကွန်ဂရက်မှာ သမ္မတမီဗီဒက်က ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲကျရင် ပူတင် ဝင်ရောက်အရွေးချယ်ခံဖို့ တရားဝင်အဆိုပြုပြောဆိုခဲ့ပါတယ်။ အဲ့ဒီကမ်းလှမ်းချက်ကို ပူတင်က ချက်ချင်းပဲလက်ခံလိုက်ပါတယ်။



၂၀၁၂ ခုနှစ် မတ်လ (၄) ရက်နေ့ ရုရှနိုင်ငံသမ္မတရွေးကောက်ပွဲမှာ ပူတင်ဟာ မဲအရေအတွက် (၆၃ . ၆) ရာခိုင်နှုန်းနဲ့ အနိုင်ရခဲ့ပါတယ်။ အတိုက်အခံအုပ်စုတွေကတော့ ပူတင်နဲ့ ပြည်ထောင်စုရုရှပါတီကို လူလိမ်လူညာတွေအဖြစ် စွပ်စွဲခဲ့ပါတယ်။ သမ္မတရွေးကောက်ပွဲပြီးဆုံးတဲ့နောက်မကြာခင်မှာပဲ ပူတင်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ နိုင်ငံအနှံ့ပေါ်ပေါက်လာခဲ့တယ်။ အထင်ရှားဆုံးဆန့်ကျင်မှုကတော့ ဖေဖော်ဝါရီလ (၂၁)ရက်နေ့မှာ ပေါ်ပေါက်ခဲ့တဲ့ ပူစီအဓိက ရုဏ်းပဲဖြစ်ပါတယ်။ ဒါပေမဲ့ ချက်ချင်းပဲ အစိုးရက ယင်းအဓိကရုဏ်းကို စီရင်နိုင်ခဲ့တယ်။ ဒါပေမဲ့ မေလ (၆) ရက်နေ့ မော်စကိုမြို့မှာ ဖြစ်ပေါ်ခဲ့တဲ့ ဆန့်ကျင်ဆန္ဒပြမှုကတော့ လူ(၈၀၀၀)နဲ့ (၂၀၀၀၀)ကြားပါဝင်ခဲ့ပြီး ရဲတပ်ဖွဲ့နဲ့ ရင်ဆိုင်ခဲ့ရာမှာ လူရှစ်ဦး ဒဏ်ရာရခဲ့တယ်။ လူပေါင်း (၄၅၀) အဖမ်းခံခဲ့ရပါတယ်။ နောက်တစ်နေ့မှာတော့ လူ(၁၂၀)ထပ်ပြီးအဖမ်းခံရပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ ပူတင်ကိုထောက်ခံတဲ့ လူတစ်သိန်းသုံး သောင်းခန့်ဟာ လုဇ်နီကီအားကစားကွင်းမှာ လာရောက်စုဝေးကြပါတယ်။ အဲ့ဒီဖြစ်ရပ်ဟာပူတင်ကို

ထောက်ခံတဲ့ လူစုလူဝေးထဲမှာတော့ ယနေ့ထက်ထိတိုင်အများဆုံးလို့ ပြောရမှာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် ယူကရိန်းတော်လှန်ရေး စတင်ခဲ့ချိန်မှာ ပူတင်ဟာ ယူကရိန်းနိုင်ငံထဲက ခရိုင်းမီးယားဒေသကို ထိန်းချုပ်ဖို့ ရုရှစစ်တပ်ကို စေလွှတ်ခဲ့ပါတယ်။ အဲ့ဒီနောက် မတ်လ(၂)ရက်နေ့မှာ ရုရှစစ်တပ်ဟာ ခရိုင်းမီးယားဒေသကို လုံးဝထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။ မတ်လ (၁၆) ရက်နေ့မှာတော့ ခရိုင်းမီးယားအရေးနဲ့ ပတ်သက်ပြီး လူထုဆန္ဒခံယူပွဲပြုလုပ်ခဲ့ရာမှာ ခရိုင်းမီယားဒေသဟာ ယူကရိန်းနိုင်ငံကနေခွဲထွက်သင့်ကြောင်း အဆိုကို အဆိုပြုသူ (၉၃)ရာခိုင်နှုန်းမဲအရေအတွက်အထိရရှိခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကတော့ အဲ့ဒီလူထုဆန္ဒခံယူပွဲကို တရားမဝင်ဘူးလို့ မှတ်ယူခဲ့ပါတယ်။ အဲ့ဒီအကျိုးဆက်အနေနဲ့ကတော့ ကမ္ဘာ့နိုင်ငံများစွာက ရုရှနိုင်ငံကို အရေးယူပိတ်ပင်မှုတွေ ပြုလုပ်ခဲ့ကြပါတော့တယ်။ ထိုအရေးယူ ပိတ်ပင်မှုကြောင့် ရုရှနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ သိသိသာသာရပ်တန့် သွားခဲ့တယ်။ ပြီးတော့ ကမ္ဘာ့ရေနံဈေးကွက်ကလည်း ထိုးကျသွားပါတော့တယ်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ (၂၆)ရက်နေ့မှာ ပူတင်ဟာ ယူကရိန်းသမ္မတ ပီထရို ပိုရိုရှန်ကိုနဲ့ ယူကရိန်းနိုင်ငံ မင့်(စ) မြို့မှာ တွေ့ဆုံခဲ့ပါတယ်။ ပိုရိုရှန်ကိုက ရုရှထောက်ခံတဲ့ ခွဲထွက်ရေးသမားတွေကို ရုရှနိုင်ငံအနေနဲ့ စစ်လက်နက်ပစ္စည်းတွေ ထောက်ပံ့ပေးတာရပ်လိုက်ပါလို့ တောင်းဆိုခဲ့ပါတယ်။ သူက သူ့ရဲ့နိုင်ငံဟာ နိုင်ငံရေးစေ့စပ်ဆွေးနွေးမှုကိုလိုချင်ပြီး ယူကရိန်းအရှေ့ပိုင်းဒေသမှာ နေထိုင်တဲ့ရုရှ စကားပြောပြည်သူတွေရဲ့အကျိုးကိုလည်း လေးစားမှုရှိပါ့မယ်လို့ဆိုပါတယ်။ အင်တာဗျူးတစ်ခုမှာတော့ ပူတင်ဟာ "ကျွန်တော်တို့ရဲ့ စစ်တပ်ဟာ ခရိုင်းမီးယားဒေသမှာ ယူကရိန်းတပ်တွေ တပ်စွဲတာကို လက်တွေ့ကျကျ တားဆီးလိုက်တာပါ။ သွေးချောင်းစီးမယ့်ဖြစ်ရပ်ကို တားဆီးလိုက်တာပါပဲ" လို့ ပြောဆိုခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၄)ရက်နေ့ နှစ်ပတ်လည်မိန့်ခွန်းမှာတော့ ပူတင်က ၂၀၁၄ မတ်လက ခရိုင်းမီးယားဒေသကို ဝင်ရောက်ခဲ့တာဟာ သမိုင်းဝင်ဖြစ်ရပ်တစ်ခုဖြစ်ပြီး ခရိုင်းမီးယားဒေသဟာ ရုရှတို့ရဲ့ဝိညာဉ်မြေဖြစ်



တာကြောင့် ဒီလိုဖြစ်ရပ်မျိုး ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်တဲ့အကြောင်း ပြောဆိုခဲ့ပါတယ်။

ရုရှသမ္မတပူတင်ဟာ ကမ္ဘာ့နိုင်ငံရေးမှာလည်း အင်အားကြီးအမေရိကန်နိုင်ငံလို ဝင်ရောက်စွက်ဖက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့မှာ ဆီးရီးယားနိုင်ငံပြည်တွင်းစစ်မှာ ရုရှစစ်တပ်ကို ဝင်ရောက်စွက်ဖက်ဖို့ ပူတင်က အမိန့်ပေးလိုက်ပါတယ်။ ဒီလိုဝင်ရောက်စွက်ဖက်ရတာဟာ ဆီးရီးယားနိုင်ငံထဲမှာ ဖြစ်ပေါ်နေတဲ့ တော်လှန်ပုန်ကန်မှုတွေနဲ့ ဂျေဟာက်အုပ်စုတွေကို နှိမ်နင်းရာမှာ ဆီးရီးယားအစိုးရကို အကူအညီပေးဖို့ပါပဲ။ ရုရှတို့ရဲ့စစ်ရေးလှုပ်ရှားမှုမှာ လေကြောင်းကနေတိုက်ခိုက်တာ၊ ဒုံးကျည်တွေနဲ့ တိုက်ခိုက်တာ၊ မြေပြင်တိုက်ပွဲတွေမှာ ဆီးရီးယားစစ်တပ်ထံကို စစ်ရေးအကြံပေးတွေ စေလွှတ်တာတို့ပဲဖြစ်ပါတယ်။

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးတဲ့နောက်ပိုင်း စစ်ရေး၊ စီးပွားရေးနဲ့ အရှေ့ဥရောပနိုင်ငံတွေအပေါ် ဩဇာလွှမ်းမိုးမှု ကျဆင်းသွားတဲ့ ရုရှနိုင်ငံကို ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် စွမ်းဆောင်ပေးခဲ့တဲ့သမ္မတပူတင်ဟာ ဘာသာရေးဘက်မှာလည်းအတော်အတန် ကိုင်းရှိုင်းတဲ့သူဖြစ်သလို နိုင်ငံတွင်းယုံကြည် ကိုးကွယ်မှုတွေအပေါ် တင်းတင်းကြပ်ကြပ်လုပ်ဆောင်ခဲ့ခြင်းမရှိပါဘူး။ သူ့ရဲ့လက်ထက်မှာ ယခင်ကွန်မြူနစ်အစိုးရက တင်းကြပ်ခဲ့တဲ့



ဘုရားရှိခိုးကျောင်းတွေကို ကြီးကြီးကျယ်ကျယ်တည်ဆောက်တာတို့၊ ပြန်လည်ထိန်းသိမ်းတာတို့ကို ဆက်လက်လုပ်ဆောင်နိုင်ခွင့်ပေးခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ၂၀၁၂ ခုနှစ်မှာတော့ ပူတင်ကို အစ္စရေးနိုင်ငံဘက်သလီဟမ်မြို့မှာ ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး အဲ့ဒီမြို့က လမ်းတစ်လမ်းကို သူ့ရဲ့အမည်မှည့်ခေါ်စေခဲ့ပါတယ်။ ပူတင်ဟာ အော်သိုဒေါက်ခရစ်ယာန်ဘာသာဝင်တွေရဲ့အဓိကအားလပ်ရက်တွေမှာ အရေးကြီးတဲ့ ရုရှအော်သိုဒေါက်ဘုရားကျောင်းကို မှန်မှန်တက်ရောက်လေ့ ရှိခဲ့ပါတယ်။

ပူတင်သမ္မတဖြစ်တဲ့အချိန်မှာ အမေရိကန်အပါအဝင် အနောက်အုပ်စုနဲ့ ဆက်ဆံရေးက နိုးရိမ်စရာဖြစ်ခဲ့ပေမဲ့ ၉/၁၁ စက်တင်ဘာတိုက်ခိုက်မှုဖြစ်ပြီးတဲ့နောက်မှာတော့ ယူအက်(စ)ကို အလျှင်အမြန်ပဲ ထောက်ခံခဲ့လို့ နောက်ပိုင်းမှာ ၎င်းတို့နဲ့ အဆင်ပြေလာခဲ့ပါတယ်။ ဒါပေမဲ့ အမေရိကန်ပြည်ထောင်စုက အီရတ်စစ်ပွဲမှာ

ပါဝင်လာပြီးတဲ့နောက်ပိုင်း ၂၀၀၃ ခုနှစ်ကစပြီး ရုရှနိုင်ငံဟာ အနောက်အုပ်စုနဲ့ ဝေးကွာသွားခဲ့ပါတယ်။

ရုရှနိုင်ငံကို (၁၆)နှစ်ကြာ အုပ်ချုပ်လာခဲ့တဲ့ပူတင်ဟာ နိုင်ငံရဲ့အားကစားကိုလည်း အားပေးခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့လက်ထက်မှာရုရှနိုင်ငံဟာ၂၀၁၄ဆောင်းရာသီအိုလံပစ်နဲ့ ၂၀၁၄ ဆောင်းရာသီ မသန်စွမ်းအိုလံပစ်ကို ကျင်းပနိုင်အောင်စွမ်းဆောင်ပေးခဲ့ပါတယ်။ တကယ်တော့ ၂၀၁၄ ဆောင်းရာသီ မသန်စွမ်းအိုလံပစ်ဟာ ပထမဦးဆုံးကျင်းပတာဖြစ်ပြီးရုရှနိုင်ငံဟာ ၎င်းကို ပထမဦးဆုံးကျင်းပတဲ့နိုင်ငံအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၇ ဖီဖာ ကွန်ဖက်ဒရေးရှင်းဖလားနဲ့ ၂၀၁၈ ဖီဖာ ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ရုရှနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခွင့်ရခဲ့ပါတယ်။ အားကစားကိုအားပေးတဲ့ပူတင်ဟာ ငယ်စဉ်ကတည်းက အားကစားဝါသနာပါသူတစ်ယောက်ဖြစ်ခဲ့ပြီး (၁၄) နှစ်အရွယ်မှာ ဆမ်ဘိုအားကစားကို လေ့ကျင့်ခဲ့သလို ဂျူဒိုအားကစားကိုလည်း လိုက်စားခဲ့ပါတယ်။ သူဟာ ထိုအားကစားနှစ်မျိုးစလုံးမှာ ဆုတွေရရှိခဲ့ဖူးသူဖြစ်ပါတယ်။ အားကစားနဲ့ပတ်သက်ပြီး စာအုပ်တွေလည်း ရေးသားထုတ်ဝေခဲ့ပါတယ်။ ပူတင်ဟာ ၁၉၈၃ ခုနှစ် ဇူလိုင်လ(၂၈) ရက်နေ့မှာ လျူဒ်မီလာရှကရက်နီဗာနဲ့ လက်ထပ်ခဲ့တယ်။ သူတို့ဟာ ၁၉၈၅ ခုနှစ်ကနေ ၁၉၉၀ ခုနှစ်အထိ ဂျာမနီနိုင်ငံမှာ အတူ တူနေထိုင်ခဲ့ပါတယ်။ သူတို့မှာသမီးနှစ်ယောက်ရှိပြီး သမီးကြီးမာရီယာ ပူတီနာကို ၁၉၈၅ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့ ရုရှနိုင်ငံလီနင်ဂရက်မြို့ (ယခု စိန့်ပီတာစဘက်မြို့) မှာမွေးဖွားခဲ့ပါတယ်။ သမီးငယ် ယီကာတီရီနာပူတီနာကိုတော့ ၁၉၈၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့၊ အရှေ့ဂျာမနီနိုင်ငံ၊ ဒရက်(စ)ဒန်မြို့မှာ မွေးဖွားခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဇွန်လ(၆) ရက်နေ့မှာ ပူတင်တို့ရဲ့အိမ်ထောင်ရေးဟာ ပြီးဆုံးခဲ့ပြီး ၂၀၁၄ ဧပြီ (၁)ရက်နေ့မှာတော့ တရားဝင်ကွာရှင်းပြတ်စဲပြီး ကြောင်းကို ကရင်မလင်က အတည်ပြုခဲ့ပါတယ်။

ယခုအချိန်မှာ အသက် (၆၄) နှစ်အရွယ်ရှိပြီဖြစ်တဲ့ပူတင်ဟာ နိုင်ငံအတွက် စွမ်းစွမ်းတမံဆောင်ရွက်နေဆဲဖြစ်ပြီး ကမ္ဘာ့အရေးတွေမှာလည်း တက်တက်ကြွကြွ ပါဝင်နေလျက်ရှိပါတယ်။

**ကျော်မြင့်(မြောင်းမြ)**



# Cartoon






# မြန်မာဇာတ်ကားနဲ့ လူငယ်တွေရဲ့ အနာဂတ်

**ဒေါက်တာညိမ်းညိမ်း**

**မြန်မာဇာတ်ကားနဲ့ လူငယ်တွေရဲ့ အနာဂတ်**

ကျွန်မရဲ့ ခေါင်းစဉ်က ကြီးကျယ်လိုက်တာလို့ ပြောလို့ရပါတယ်။ လူငယ်တွေရဲ့ အနာဂတ်ကို မြန်မာဇာတ်ကားတွေက ဘာလုပ်မှာမို့လို့လဲလို့ တွေးချင်တွေးနိုင်ပါတယ်။ တကယ်ပြောမှာက ကျွန်မရဲ့ သားကိုယ်တိုင် မြန်မာရုပ်ရှင်တွေကြောင့် ဘဝမှာ အချိုးအကွေ့ ခံစားခဲ့ရတာကို ပြောမှာပါ။

လတ်တလောမှာ မြန်မာကားတွေရဲ့ အပြစ်အနာအဆာတွေကို ဝေဖန်နေကြတာကြားပေမယ့် ကျွန်မက အဲဒီနယ်ပယ်ကို မကျွမ်းကျင်တဲ့အတွက် ကိုယ်သိတဲ့အပိုင်းကလေးကိုပဲ ပြောပြချင်တယ်။ ကျွန်မရဲ့သား ငယ်စဉ်က ကျွန်မက သူနဲ့ အတူနေထိုင်ခဲ့ရတဲ့အတွက် ကာတွန်းရုပ်ရှင်တွေထဲက နတ်သမီးပုံပြင်၊ စနိုးဝှိုက်၊ တောတွင်းသား၊ မြန်မာကလေးတွေရဲ့ မင်္ဂလာပုံပြင်တွေလောက်ပဲ ပြသခဲ့ပါတယ်။ သူ (၅)နှစ်အရွယ်မှာ ကျွန်မ ကျောက်ဆည်တက္ကသိုလ်ကို တာဝန်နဲ့ ပြောင်းရွှေ့ခဲ့တယ်။ ခဏပဲ ပြန်လာရမှာ၊ ကလေးက ငယ်သေးတာပဲဆိုတဲ့ နှစ်သိမ့်စကားတွေ၊ အတွေးတွေကို အားပြုပြီး မိသားစုနဲ့ ခွဲနေခဲ့တယ်။ အဲဒီအချိန်မှာ ကလေးရဲ့ အပြောင်းအလဲ ကြီးကြီးမားမားဖြစ်မယ်လို့လည်း မတွေးခဲ့ဘူး။

တစ်လမှာ (၂) ကြိမ်လောက် ကျွန်မအိမ်ကို ပြန်လာခဲ့တယ်။ သူက အိမ်မှာရှိတဲ့ အလုပ်သမားတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေထိုင်နေတာတွေ့တော့ ငါရာထူးယူတာ မမှားဘူးလို့ လက်ခံခဲ့ပြီး လုပ်ငန်းခွင်မှာ ကျင်လည်နေတယ်။ ကျွန်မအိမ်


ပြန်လာတိုင်း သူကအလုပ်သမားတွေနဲ့ အတူ ရုပ်ရှင်တွေ ဗီဒီယိုတွေကြည့်နေတာကို ခွင့်ပြုခဲ့တယ်။ မြန်မာကား ကြည့်တာတော်သေးတယ် မကောင်းတဲ့ကားတွေ ကြည့်နေတာထက် စာရင်လို့တွေးမိတယ်။

တစ်နေ့မှာ ကျွန်မ ရန်ကုန်ရောက်တုန်း ဆရာတစ်ယောက်နဲ့တွေ့ဖို့သွားတယ်။ သူနဲ့အတူ တစ်နေရာကိုခေါ်သွားမယ်လို့ ပြောပြီးမှ ကြားဖြတ်ကိစ္စတစ်ခုပေါ်လာလို့ပါ။ ပြန်လာတော့ သူစိတ်ဆိုးပြီးဆဲတဲ့ စကားတွေ ပြောနေတယ်လို့ ထမင်းချက်တဲ့ အလုပ်သမားက ပြောပြတယ်။ ကျွန်မအံ့ဩသွားတယ်။ အိမ်က အလုပ်သမားတွေက ကျွန်မနဲ့ မိသားစုလိုနေကြတာမို့ သူတို့မဆဲတတ်တာ ကျွန်မသိတယ်။ သားကိုခေါ်လိုက်တော့ သူက ခပ်တည်တည်ပဲ။ ကျွန်မက သူ့ကိုခေါ်မသွားဖြစ်တဲ့အကြောင်း ရှင်းပြပြီးဘာကြောင့် ဆဲတာလဲလို့ မေးတော့ ရုပ်ရှင်မင်းသားတစ်ယောက်က ဒီလိုပဲဆဲတာလေလို့ပြန်ပြောတယ်။ စိတ်ဆိုးရင် အဲဒီလိုဆဲရတာပဲလို့ သူခံယူထားတယ်။

နောက်မကြာပါဘူး ညဘက်သူ ကျူရှင်တက်တဲ့ ဆရာမကိုကျိန်ဆဲစကားတွေရေးတယ်တဲ့။ ပြောတယ်တဲ့။ သူ့ကို ည ၁၁ နာရီအထိ စာဖတ်ခိုင်းလို့တဲ့။ စာနှစ်ကြောင်းလောက်ကို သူရအောင် မကျက်နိုင်ဘူး။ ဒေါသတွေဖြစ်ပြီး ကျိန်ဆဲတဲ့စကားတွေ ဆရာမကို ပြန်ပြောတယ်။ ကျွန်မ အဲဒီစကားကို ကြားရတော့ ထိတ်လန့်ပြီး အဲဒီစကားတွေ ဘယ်ကတတ်လာသလဲ မေးပြန်တော့ ရုပ်ရှင်ထဲမှာ အပြောက်တွေ ဒီလိုပဲပြောတယ်တဲ့။

ကျွန်မတို့ ကလေးတွေရဲ့ ဘဝဟာ ဘယ်လောက်တောင် ဆိုးရွားခဲ့ပါသလဲ။ ကျွန်မပြုစုခဲ့တဲ့ မင်းသားရုပ်ဟာ ဘီလူးအဖြစ် ပြောင်းလာခဲ့တာ ကျွန်မကိုယ်တွေ့ပဲ။ နောက်တစ်ခါ ကျောင်းကားပေါ်မှာ ရန်ဖြစ်တယ်တဲ့။ ဘာဖြစ်လို့လဲဆိုပြန်တော့ သူငယ်ချင်းက စတယ်တဲ့။ အချင်းချင်းသည်းခံရမယ်လေဆိုတော့ ရုပ်ရှင်ထဲမှာ ဟိုမင်းသားက ''ငါ့ကိုစလာရင် ငါက ပြန်တိုက်ခိုက်ရမှ ကျေနပ်တာ''လို့ ပြောတာကို အတုခိုးပြီး သူလည်း ပြန်တိုက်ခိုက်တာပေါ့လို့ ပြောပြန်တယ်။





ကျွန်မ ဘယ်သူ့ကို အပြစ်တင်ရမလဲ။ အတုနိုးမှားပြီး အဆိုးအကောင်းမခွဲခြားတတ်တဲ့ သားကို အပြစ်တင်ရမလား။ နိမ့်ကျတဲ့ အပြုအမူတွေနဲ့ စရိုက်ဆိုးတွေကို ရှက်ရမှန်းမသိ ကြောက်ရမှန်းမသိ ငွေရရင်ပြီးရော ပျော်ပျော်ကြီး သရုပ်ဆောင်နေကြတဲ့ သူတွေကို အပြစ်ဆိုရမလား။ ကျွန်မပြောပြနေတာဟာ သာမန်ကိစ္စကလေးတွေပဲ ရှိပါသေးတယ်။ တခြားအတုနိုးမှားစရာတွေ အများကြီးရှိပါသေးတယ်။ ကျွန်မတို့ငယ်စဉ်က မိဘတွေက အင်္ဂလိပ်ကားတွေ မကြည့်နဲ့ အဖော်အချွတ်တွေနဲ့ မျက်စိရှက်စရာကောင်းတယ်တဲ့။ အဖေနဲ့သမီး မောင်နဲ့နှမ မသင့်တော်ဘူးတဲ့။ အခုတော့ မျက်စိရောနားရော ရှက်စရာကောင်းတဲ့ စကားတွေကို အကယ်ဒမီမင်းသား မင်းသမီးဆိုတဲ့ သူတွေက အားရပါးရ ပီပီပြင်ပြင် ဆဲဆိုပြောနေတာတွေကို မိသားစုတွေက ဝိုင်းကြည့်ပြီး တဝါးဝါး တဟားဟားနဲ့ ဘာလို့ရယ်နေကြတာလဲ၊ ဘယ်လိုစိတ်တွေနဲ့နား ထောင်နေပြီး သဘောတကျ လက်ခံပြောဆိုနေကြတာလဲ။

ရန်တွေ့ကောင်းတဲ့ မင်းသမီးလေးက အဖေဖြစ်သူကို "နေပါဦးဖေဖေ ဒီကိစ္စကို သမီးက ရှင်းပြရမှာကျေနပ်မှာပေါ့။ ဖေဖေက လူကြီးဆိုပြီး အနိုင်နဲ့ မပိုင်းပါနဲ့" ဆိုပြီး ကက်ကက်လန် ပြန်ပြောနေတာ အတုယူနေတဲ့ ကလေးတွေရှိတယ်ဆိုတာ ဇာတ်လမ်းတွေဇာတ်ညွှန်းတွေရေးတဲ့သူတွေက ဘာကြောင့် မတွေးတာလဲ။ ရသစာပေရေးတဲ့သူဟာ အနည်းဆုံးစိတ်ကောင်းလေးတော့ ရှိရမယ်လို့ ကျွန်မကြားဖူးတယ်။ ငါရေးတဲ့စာဖတ်ပြီး မမြတ်တိုင်စေ မရှုံးစေနဲ့ဆိုတဲ့ စကားတွေနဲ့ ကြီးပြင်းလာရတဲ့ ကျွန်မတို့ အဖို့တော့ လောကနီတိရဲ့ အခြေခံအချက်ကလေးတောင်မရှိတဲ့ ဒီလိုအနုပညာတွေ ကျဆင်းလာတာဟာ ဘယ်သူ့မျက်နှာကိုမှ မထောက်တတ်တဲ့ လောကသဘာဝတရားရဲ့ အဆုံးအဖြတ်လို့ပဲ ခံယူမိပါတယ်။

**ဒေါက်တာညိမ်းညိမ်း**

# YOUTH Magazine Facebook Page ကံစမ်းလက်ဆောင်

## ၂၀၁၇၊ မတ်လ ကံထူးရှင်များ



ဦးငြိမ်းချမ်းသာ
ကလောင်အမည် -
(ကြယ်စင်ယဉ်းမုံရွာ)
လ/ထ(၃) မုံရွာတက္ကသိုလ်
စာကြည့်တိုက်၊ မုံရွာမြို့။



ဝေယျာလင်းဝေ
(အချစ်ရှာတဲ့မေနှင့်တအုပ်ချုပ်)
ဘောလုံးကွင်းနှင့် အထက
အနီး ကားလမ်းတောင်ဘက်၊
ရွှေချိုရွာ ချောက်မြို့နယ်။



ထက်အောင်ကာဝင်း
အမှတ် (၁) ရပ်ကွက်၊
မင်းဘူး (စကု)မြို့နယ်၊
မကွေးတိုင်းဒေသကြီး။



မောင်စည်သူ(အဖျောက်)
အထက ကျောင်းဝင်း၊
(၂) ရပ်ကွက်၊ အဖျောက်မြို့၊
ရန်ကုန်တိုင်း။




မချစ်မိုးဝါ
အမှတ် ၉၂/ဘောဂလမ်း
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။



မခင်ခေရွှေလွင်
ထိန်ကုန်းကျေးရွာ၊
တွံတေးမြို့နယ်၊ ရန်ကုန်တိုင်း။

■

YOUTH Magazine Facebook Page ကံစမ်းလက်ဆောင်ကဏ္ဍသို့ ကံစမ်းလိုသူများသည် အမည်၊ နေရပ်လိပ်စာအပြည့်အစုံနှင့် အဆင်ပြေမည့်ဓာတ်ပုံရိုက်ယူ၍ Message Box သို့ ပေးပို့ကံစမ်းနိုင်ပါသည်။ တစ်လတစ်ခါရွေးချယ်ပေးမှာဖြစ်ပြီး ရွေးချယ်ခြင်းခံရသူကို အယ်ဒီတာချုပ်ဆရာကောင်းသန့်၏ လက်မှတ်နှင့် ကောင်းသန့်စာပေတိုက်ထုတ် စာအုပ်လက်ဆောင်ချီးမြှင့်သွားမည် ဖြစ်ပါသည်။


Trade Onli
Plus50

# အန်တိုနီဂရစ်ဇ်မန်း သို့မဟုတ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားထဲက တစ်ယောက်

ကျော်မြင့်အေး

၂၀၁၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု Ballon d'Or 2016 Award နောက်ဆုံးစကာတင် (၃) ယောက်စာရင်းမှာ စီရိုနယ်ဒို၊ မက်ဆီတို့နဲ့ အတူပါဝင်ခဲ့တဲ့ ဘောလုံးသမားလေးကတော့ ပြင်သစ်လက်ရွေးစင်အသင်းရဲ့ တိုက်စစ်မှူးလည်းဖြစ်၊ စပိန်လာလီဂါ အက်တလက်တီကိုမက်ဒရစ်အသင်းက တိုက်စစ်ကစားသမားလည်းဖြစ်တဲ့ အန်တိုနီဂရစ်ဇ်မန်း ပဲ ဖြစ်ပါတယ်။

အန်တိုနီဂရစ်ဇ်မန်းကို ၁၉၉၁ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ သူ့ရဲ့မွေးရပ်မြေကတော့ ပြင်သစ်နိုင်ငံ၊ မာကွန်းမြို့ဖြစ်တယ်။ ဂရစ်ဇ်မန်းရဲ့ဖခင်ဟာ မြို့တော်အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ယောက်ဖြစ်ပြီး အယ်လ်ဆိန်းနွယ်သားတစ်ယောက်ဖြစ်ပါတယ်။ မိခင်ကတော့ ပေါ်တူဂီနွယ်ဖွား ဆေးရုံသန့်ရှင်းရေးအလုပ်သမားတစ်ယောက် ဖြစ်ပါတယ်။ ဂရစ်ဇ်မန်းရဲ့ဖခင် အလီနီးနဲ့မိခင်အစ္စဘဲလာတို့ဟာ ပြင်သစ်နိုင်ငံမှာ တွေ့ဆုံလက်ထပ်ခဲ့ကြတယ်။ အစ္စဘဲလာရဲ့ဖခင် အမာရိုလိုပက်(စ)ဟာ သူ့ရဲ့ ဇနီးကာရိုလိုင်းနားနဲ့ ၁၉၅၇ ခုနှစ်မှာ ပြင်သစ်နိုင်ငံကိုသောက်လုပ်ရေးလုပ်ငန်းမှာ လုပ်ကိုင်ဖို့ ရောက်ရှိလာခဲ့ကြတာပါ။ ပြင်သစ်နိုင်ငံမှာ အစ္စဘဲလာကို မွေးဖွားခဲ့တယ်။ သူဟာ သူ့ရဲ့မြေး ဂရစ်ဇ်မန်း တစ်နှစ်သားအရွယ် ၁၉၉၂ ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ အမာရိုလိုပက်(စ)ဟာ တစ်ချိန်က ပေါ်တူဂီဘောလုံးသမားတစ်ယောက်ဖြစ်ပြီး အက်(ဖ)စီပါကို့(စ)ဒီဖာရီယာအသင်းရဲ့ ကစားသမားတစ်ယောက်ပါ။ ဂရစ်ဇ်မန်းဟာ

အဘိုးဖြစ်သူရဲ့သွေးပါခဲ့တာကြောင့် ငယ်ရွယ်စဉ်ကတည်းကပဲ ဘောလုံးကစားရတာကို အလွန်အမင်းနှစ်ခြိုက်ခဲ့တာပေါ့။ ဂရစ်ဇ်မန်းဟာ သူ့ရဲ့ပထမဦးဆုံးဘောလုံးသမားဘဝကို မွေးရပ်မြေက ကလပ်ယူအက်(ဖ) မေကွန်းမှာစတင်ကစားခဲ့ပါတယ်။ ထိုအသင်းမှာ ရှိနေစဉ်ကာလတစ်လျှောက်လုံး ပရိုဖက်ရှင်နယ်ကလပ်အသင်းကြီးတွေအတော်များများနဲ့ ခြေရည်သွေးခွင့်ရခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာတော့ သူဟာ ပြင်သစ်ကလပ်အသင်းကြီးတစ်သင်းဖြစ်တဲ့ မောင့်ပယ်လီယာအသင်းထဲမှာ ခြေစွမ်းခြေသွေးခွင့်ရတုန်း ပဲရစ်မြို့မှာ ပဲရစ်စိန့်ဂျာမိန်း လူငယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရလို့ ကလပ်အသင်းတော်တော်များများရဲ့ စိတ်ဝင်စားမှုကိုခံခဲ့ရပြီး အထူးသဖြင့်စပိန်ကလပ်အသင်း ရီးရဲလ်ဆိုစီဒက်အသင်းရဲ့အထူးစိတ်ဝင်စားမှုကိုခံခဲ့ရပါတယ်။ အဲ့ဒီနောက်မှာတော့ ဂရစ်ဇ်မန်းဟာ ဘဝရဲ့အချိုးအကွေ့တစ်ခုနဲ့ရင်ဆိုင်ခဲ့ရပါတော့တယ်။ သူဟာ ၂၀၀၉ ခုနှစ် သူ့အသက် (၁၈) နှစ်မှာပဲ ရီးရဲလ်ဆိုစီဒက်အသင်းကို ရောက်ရှိလာခဲ့ပါတော့တယ်။ ၂၀၀၉ ခုနှစ် စက်တင်ဘာလ (၂)ရက်နေ့မှာ ကိုပါဒယ်ရေးဖလားပွဲစဉ်တစ်ခုအဖြစ် ရာယိုဗလက်ကာနိုအသင်းနဲ့ပွဲမှာ အရန်ကစားသမားအဖြစ်စတင်ပွဲထွက်လာခဲ့ပါတယ်။ ဒုတိယပိုင်း (၇၇)မိနစ်မှာ လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ကစားခွင့်ရခဲ့ပေမဲ့ အဲ့ဒီပွဲမှာ ဆိုစီဒက်အသင်းဟာ (၂) ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ (၄) ရက်ကြာပြီးတဲ့နောက်မှာတော့ စပိန်လာလီဂါအမှတ်ပေးပွဲကို ပထမဦးဆုံးဝင်ရောက်ကစားခွင့်ရခဲ့ပါတယ်။ အဲ့ဒီပွဲမှာလည်း သူဟာ လူစားဝင်ကစားသမားတစ်ယောက်အဖြစ်နဲ့သာ ကစားနိုင်ခဲ့ပြီး ထိုပွဲက ဂိုးမရှိသရေပွဲတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ အဲ့ဒီနောက် စက်တင်ဘာလ (၂၇)ရက်နေ့မှာတော့ သူဟာ ပထမဦးစားပေးကစားသမား တစ်ယောက်အဖြစ် စတင်ကစားခွင့်ရခဲ့ပြီး ပြိုင်ဘက်အသင်းဖြစ်တဲ့ အက်(စ)ဒီဟော့စကာ အသင်းဘက်ကို ပရိုဖက်ရှင်နယ်ကစားသမား ဘဝရဲ့ပထမဦးဆုံး သွင်းဂိုးတစ်ဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။

အဲ့ဒီနောက်တော့ ၂၀၁၀ ခုနှစ် ဧပြီလ (၈) ရက်နေ့မှာ ဂရစ်ဇ်မန်းဟာ ရီးရဲလ်ဆိုစီဒက်အသင်းနဲ့ ပထမဦးဆုံးပရိုဘောလုံးသမားတစ်ဦးအဖြစ် (၅)နှစ် သက်တမ်းစာချုပ်ကို ချုပ်ဆိုခဲ့ပါတော့တယ်။





ထင်ပေါ်လို့ စင်တော်ကအကောက်ခံရတဲ့ ဂရစ်ဇ်မန်းဟာ ၂၀၁၀ ခုနှစ် ဩဂုတ်လ (၂၉) ရက်နေ့မှာ စပိန်အဆင့်မြင့်တန်းပြိုင်ပွဲတွေမှာ စတင်ပါဝင်ကစားနိုင်လာပါတော့တယ်။ ၂၀၁၀ ရာသီကာလရဲ့ ပထမဦးဆုံးကစားပွဲအပြီးမှာတော့ သူ့ကို အင်တာဗျူးခဲ့ရာမှာ သူက "ကလေးဘဝကအိပ်မက်တွေ အကောင်အထည်ဖော်နိုင်ခဲ့ပြီ" လို့ ပြောဆိုခဲ့ပါတယ်။ ရီးရဲ့ဆိုစီဒက်အသင်းမှာ လေးရာသီကစားခဲ့စဉ် ပွဲတိုင်းနီးပါး ပါဝင်ကစားနိုင်ခဲ့ပြီး ၂၀၁၀-၁၁ ရာသီကာလ ပြိုင်ပွဲစုံကစားခဲ့ရာမှာ (၃၉) ပွဲကစား (၇) ဂိုးသွင်းယူနိုင်ခဲ့သလို ၂၀၁၁-၁၂ ရာသီ ကာလမှာလည်း (၃၈) ပွဲကစား (၈) ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ၂၀၁၂-၁၃ ရာသီ ကာလမှာ (၃၅) ပွဲကစား (၁၁) ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ၂၀၁၃-၁၄ ရာသီကာလမှာတော့ ပွဲ (၅၀)ကစား သွင်းဂိုး (၂၀) အထိသွင်းယူပေးလာနိုင်ခဲ့ပါတယ်။

ဂိုးသွင်းစွမ်းရည်ထက်မြက်တဲ့ ဂရစ်ဇ်မန်းကို စပိန်လာလီဂါကလပ်အ သင်းတစ်သင်းဖြစ်တဲ့ အက်တလက်တီကို မက်ဒရစ်အသင်းက ၂၀၁၄ ခုနှစ် ဇူလိုင်လ (၂၈)ရက်နေ့မှာ ဆိုစီဒက်အသင်းနဲ့ သဘော တူညီချက်ရယူပြီး ယူရိုသန်း(၃၀) (ပေါင် ၂၄ သန်း) နဲ့ ခေါ်ယူခဲ့ပါတယ်။ ၂၀၁၄-၁၅ ရာသီကာလမှာ ဂရစ်ဇ်မန်းဟာ ပြိုင်ပွဲစုံပွဲပေါင်း (၅၃) ပွဲကစားနိုင်ခဲ့ပြီးသွင်းဂိုး(၂၅)ဂိုးအထိသွင်းယူနိုင်လောက်အောင် ခြေစွမ်းထက်လာခဲ့ပါတယ်။ ၂၀၁၅-၁၆ ရာသီကတော့ ဂရစ်ဇ် မန်းရဲ့ ခြေစွမ်းအပြဆုံးရာသီတစ်ခုလို့ ဆိုရမှာဖြစ်ပြီး (၅၄) ပွဲကစားခဲ့ရာမှာသွင်း ဂိုး(၃၂) ဂိုးအထိတောင်သွင်းယူပေးနိုင်ခဲ့ပါတယ်။

အသင်းအတွက်ဂိုးတွေသွင်းယူပေးနိုင်ခဲ့သလို ကစားဖော်တွေဂိုးသွင်းနိုင်အောင်လို့လည်း အကောင်းမွန်ဆုံးဖန်တီးပေးနိုင်တဲ့ ဂရစ်ဇ်မန်းကို ၂၀၁၆ ခုနှစ် ဇွန်လ (၂၃) ရက်နေ့မှာ စာချုပ်အသစ်ချုပ်ဆိုပြီး သူ့ကို အသင်းမှာ ၂၀၂၁ ခုနှစ်အထိ ဆက်လက်ထားရှိဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူဟာ ၂၀၁၅-၁၆ ခုနှစ်မှာလာလီဂါ အကောင်းဆုံးဘောလုံးသမားဆုကို စီရော်နယ်ဒို၊ မက်ဆီတို့ကိုဖြတ်ကျော်ပြီး ထိုက်ထိုက်တန်တန်ရရှိခဲ့ပါတယ်။

ဂရစ်ဇ်မန်းဟာ ပြင်သစ်လက်ရွေးစင်အသင်းကြီးကိုမရောက်ခင် ၂၀၁၀ ယူ-၁၉ ပြိုင်ပွဲကြီးမှာ ပါဝင်ကစားခွင့်ရခဲ့ပြီး အိမ်ကွင်းမှာဗိုလ်စွဲခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ (၂၅) ရက်နေ့မှာတော့




ပြင်သစ်လက်ရွေးစင်အသင်းကြီးက သူ့ကို ခေါ်ယူခဲ့ပါတယ်။ စပိန်လာလီဂါမှာ ခြေစွမ်းပြနေတဲ့သူဟာ လက်ရွေးစင်အသင်းကြီးမှာ အချိန်တိုအတွင်းအသင်းနဲ့ အံဝင်ခဲ့ပြီး ပွဲထွက်ကစားသမားဘဝကို မကြာခင်မှာပဲရရှိခဲ့ပါတယ်။ ၂၀၁၄ မေလ (၁၃) ရက်နေ့မှာ ပြင်သစ်လက်ရွေးစင် အသင်းရဲ့ နည်းပြဒက်ချမ့်က ၂၀၁၄ ဗီဇာ ကမ္ဘာ့ဖလားပွဲမှာ သူ့ကိုရွေးချယ်ခဲ့ပါတယ်။ သူဟာ ထိုပြိုင်ပွဲကြီးမှာ ဝင်ရောက်ခြေစွမ်းပြနိုင်ခဲ့ပေမဲ့ ပြင်သစ်အသင်းကတော့ ကွာတားဖိုင်နယ်မှာ ထိုနှစ်ချန်ပီယံ ဂျာမနီအသင်းကို ရှုံးနိမ့်သွားခဲ့ပါတယ်။ ၂၀၁၆ ယူရိုပြိုင်ပွဲမှာတော့ ဂရစ်ဇ်မန်းရဲ့ အကောင်းဆုံးခြေစွမ်းကို မြင်တွေ့ခွင့်ရခဲ့ပြီး ထိုပြိုင်ပွဲမှာ သူဟာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကို ရရှိခဲ့ပါတယ်။ ဒါ့အပြင်သူဟာ ဂိုးသွင်းအများဆုံးရွှေဖိနပ်ဆုကိုလည်း ရရှိခဲ့ပါတယ်။

အက်တလက်တီကိုမက်ဒရစ်အသင်းရဲ့အားထားရတဲ့ ရှေ့တန်းတိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ယခု၂၀၁၆–၁၇ ရာသီကာလမှာလည်း အသင်းအတွက် သွင်းဂိုးများစွာသွင်းယူထားနိုင်ခဲ့ပြီး (၂၈) ပွဲကစားပြီးခဲ့ရာမှာ (၁၄) ဂိုးအထိ သွင်းယူပေးထားနိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း တစ်နေ့နေ့တစ်ချိန်ချိန်ကျရင်တော့ အသက် (၂၅) နှစ်အရွယ်သာရှိသေးတဲ့ ပြင်သစ်တိုက်စစ်မှူးလေးဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိနိုင်မယ်လို့ မြင်ယောင်နေမိပါတော့တယ်။

Youth လူငယ်မဂ္ဂဇင်းစာဖတ် ပရိသတ်များ ရွှင်လန်းချမ်းမြေ့ကြပါစေ။


**ကျော်မြင့်အေး**



# Cartoon




SUE
HTET
AUNG



၁၉၆၀ ပြည့်နှစ်။

ကျွန်တော် ခုနစ်တန်းတက်သောနှစ်တွင် ချမ်းသာနှင့်စတင်ပြီး ဆုံဆည်းမိပါသည်။

"မောင်သာအောင် ဒီကျောင်းသားသစ်ကို မင်းရဲ့ဘေးမှာထားလိုက်။ သူနောက်ကျနေတဲ့စာတွေ ကူးဖို့လည်းစာအုပ် ပေးလိုက်ဦး"

ဂဲ့ညွှမြေကြီးပူစွာတစ်ပုဒ်အစတွက်ကြိုက်ပုံရေးဆွဲနေစဉ် အတန်းပိုင်ဆရာက ကျွန်တော်၏ဘေးသို့ ကျောင်းသားသစ်တစ်ဦးကိုခေါ်လာပါသည်။ အသားညိုညိုမျက်နှာဝိုင်းဝိုင်းနှင့် ဆံပင်တိုတိုညှပ်ထားသော သူ့မျက်နှာလေးသည် ခုနစ်တန်းကျောင်းသားနှင့် မတူဘဲ ပိုပြီးငယ်ရွယ်နုနေဟန်ရှိပါသည်။

"မင်းနာမည်က သာအောင်တဲ့လား"

ဆရာထွက်သွားတော့ သူက ကျွန်တော့်ကို ခပ်တိုးတိုးလှမ်းမေးသည်။

"အေးဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

ကျွန်တော်ကလည်း တိုးတိုးပြန်ဖြေရင်း သူ့ကိုစူးစမ်းသလိုကြည့်မိသည်။

သူက သူ၏ဆံပင်တိုတိုလေးကို ညာလက်နှင့်ကုတ်ရင်း ဟက်ခနဲရယ်သည်။

"သာအောင်ဆိုတော့ ကောက်စိုက်သမားနာမည်ကြီးနော်"

"ဟ ဘာဆိုင်လို့လဲ"

ကျွန်တော်၏အသံက ရုတ်တရက် ကျယ်သွားပါသည်။

"ဟိုသီချင်းထဲမှာပါတယ်လေ။ ဖိုးသာအောင်ရေ ဖျို့ ဖျို့ ကောက်စိုက်ဖို့ လိုက်မလား။ လိုက်မလားဆိုတာလေ"

သူက အသံနေအသံထားနှင့် ခပ်တိုးတိုးဆိုပြရင်း ရယ်နေသည်။ ကျွန်တော့်ကို လှောင်များလှောင်နေတာလားဟု တွေးကာ စိတ်တိုချင်ချင်ဖြစ်သွားသည်။

"ငါ့နာမည်ကတော့ ချမ်းသာတဲ့"

သူက ဆက်ပြောသည်။

"အင်း.. သူဌေးနာမည်ပေါ့"

ကျွန်တော့်စကားကြားတော့ သူပြုံးသွားပါသည်။

"ဒါပေမဲ့ မင်းကိုကြည့်ရတာတော့ ဌေးပုံလည်းမရဘူး။

ကျွန်တော်က နောက်ဆက်တွဲစကားကိုဆက်ပြီး ပြောလိုက်တော့ သူ၏ပြုံးနေသောမျက်နှာလေးသည် ရှုံ့မဲ့မဲ့ဖြစ်သွားသည်။

"ငါ မဌေးပေမယ့် ငါ့အဖေကတော့ သူဌေးကွ"

"မင်းအဖေ သူဌေးဆိုရင် မင်းလွယ်ထားတဲ့ လွယ်အိတ်ကြီးက ဘာလို့ပေါက်နေစုတ်နေရတာလဲ။ မင်းကို ဘာလို့ လွယ်အိတ်အသစ်ဝယ်မပေးနိုင်တာလဲကွဲ"

ကျွန်တော် ငယ်ငယ်က တော်တော်ဆိုးပါသည်။ စိတ်လည်းအလွန်ဆတ်ပါသည်။ ကိုယ့်ကိုရန်စလာသည်ဟု ထင်လျှင်လည်း ခံလေ့မရှိပါ။ လက်တုံ့ပြန်ရန်ရန်ဖြစ်ရန်လည်း နည်းနည်းမျှ ဝန်မလေးတတ်ပါ။

သို့သော်သူကတော့ ကျွန်တော့်လို ကမူးရှူးထိုးသမား မဟုတ်ပေ။ သူ့ကိုရန်စလာသော ကျွန်တော့်ကိုပြန်လှန်ပြီး ရန်စကားပြောရန်လည်း စိတ်ဝင်စားပုံမရပေ။

"အေး ဟုတ်တယ်၊ ဒီတစ်ခါ အဖေလာရင် လွယ်အိတ်အသစ်ဝယ်ပေးဖို့ ပြောရမယ်" သူက သူ၏လွယ်အိတ်ဟောင်းကြီးကို စိုက်ကြည့်ရင်း ခပ်တိုးတိုးပြောသည်။ ထို့နောက် ကျွန်တော့်ကို လှမ်းကြည့်ပြီး မပွင့်တပွင့်ပြုံးပြသည်။

"ငါ့အဖေက သူဌေးဆိုပေမယ့် ငါတို့ဆီအမြဲလာတာမဟုတ်ဘူးကွ။ သူမှာ မိန်းမတွေမှ အများကြီးပဲ"

"ဟင် ..."

သူ၏စကားကို ကြားရတော့ ကျွန်တော်ရုတ်တရက် အံ့ဩပြီး အားနာသွားမိပါသည်။ သူ့မျက်နှာကို လက်သီးနှင့် တစ်ချက်လောက် ထိုးထည့်လိုက်ချင်သော စိတ်ကူးလည်း ပျောက်သွားသည်။

"မိန်းမတွေကလည်း မွေးလိုက်ကြတဲ့ကလေးတွေဆိုတာ ပြောမနေပါနဲ့တော့။ ငါ့အမေ တစ်ယောက်တည်းကတင် ခြောက်ယောက်။ ဒီပြင် မိန်းမတွေကလည်း အပြိုင်အဆိုင်ကို တရွတ်ရွတ်နဲ့ မွေးလိုက်ကြတာ။ ဟောတစ်ယောက် ဟောတစ်ယောက်ပဲ။ အဖေသေရင် အမွေအမှုကို မိန်းမတစ်ကျိပ်လောက်နဲ့ သားသမီးသုံးကျိပ်လောက်က ခွဲယူကြရမှာ ဟင်း ... ဟင်း"

သူက အခုမှတွေ့သော ကျွန်တော့်ကို ပွင့်လင်းစွာပြောသည်။ သူ၏ဆံပင်

"ငါမရခဲ့တဲ့ မေတ္တာ၊ ငါမရခဲ့တဲ့ အခွင့်အရေးတွေကို အပြည့်အဝ ပေးချင်တယ်။ သူဌေးသား နာမည်ခံပြီးလွယ်အိတ်စုတ်နဲ့ ခြေကျင်ကျောင်းတက်ရတဲ့ ဘဝမျိုးကို ငါမပေးဘူး"

တိုတိုလေးကို ညာလက်နှင့်ကုတ်ရင်း ရယ်ပြန်သည်။ ဒီတစ်ခါတော့ ကျွန်တော်ပါ သူနှင့်အတူလိုက်ပြီး ရယ်မောမိသည်။

"မိန်းမတွေကလည်း ကဲပါတယ်ဗျာ။ သူတို့က ဂုဏ်တွေ၊ ငွေတွေ မက်တတ်တာကိုး။ မင်းအဖေက သူဌေးမဟုတ်လား"

ကျွန်တော် စိတ်ပြေသွားပြီမို့ ကျွန်တော်ဖတ်ခါစ အချစ်ဝတ္ထုထဲမှ စကားများကို ပြောမိသည်။ သို့သော် ချမ်းသာက ကျွန်တော့်စကားကို လက်မခံ၊ ခေါင်းခါလေသည်။

"ဂုဏ်မက်တာကတော့ မိန်းမမှ ယောက်ျားမှ မဟုတ်ပါဘူးကွာ။ လူတွေဟာ ဂုဏ်မက်တာပါပဲ။ ဂုဏ်ကို တကယ်မမက်တဲ့သူ ငွေကိုတကယ်မမက်တဲ့သူ ရှိနိုင်ပါ့မလား"

"ရှိနိုင်တာပေါ့ကွ"

"ငါကတော့ တယ်မထင်ပါဘူး"

"ကဲ ဒီလိုဆို မင်းရော ဂုဏ်မက်သလား။ ငွေမက်သလားပြော"

ကျွန်တော်က အကျကောက်ပြီး မေးမိပြန်သည်။ သူ့ကိုရန်လိုသော မျက်နှာထားနှင့် ကြည့်မိပြန်သည်။ သူကတော့ ကျွန်တော့်ကို 'မသိနားမလည်ရှာကော' ဟူသော အကြည့်မျိုးနှင့် ပြန်ကြည့်ကာ ပြုံးနေသည်။

အခုမှတွေ့သော ကျွန်တော်တို့နှစ်ယောက်သည် ငယ်ငယ်ကတည်းက ပေါင်းလာသောသူများလို ချက်ချင်းရင်းနှီးသွားကြပါသည်။ သူက သူ့အကြောင်းကို မကွယ်မဝှက်ဘဲ ပွင့်လင်းစွာ ပြောပြခဲ့သည့်အတွက်ကြောင့် ဖြစ်မည်ထင်ပါသည်။

"ငါ့အဘိုးက ပြောဖူးတယ်သိလား။ သူက ဂုဏ်လည်းမက်တယ်တဲ့။ ဒါကြောင့် ဂုဏ်ရှိအောင်လည်း နေတယ်၊ ငွေရှိအောင်လည်း လုပ်တယ်တဲ့။ အေး ငါလည်း ငါ့အဘိုးလိုပဲ ဂုဏ်လည်းမက်တယ်။ ငွေလည်း မက်တယ်။ ဂုဏ်ရှိအောင်လည်း ကြိုးစားမယ်၊ ငွေရှိအောင်လည်း ကြိုးစားမယ်"

ဒီတစ်ခါတော့ ကျွန်တော်မျက်နှာရှုံ့ရမည့်အလှည့်ဖြစ်သည်။ ကျွန်တော်ဖတ်ဖူးသော အချစ်ဝတ္ထုထဲမှ ဇာတ်လိုက်များကတော့ ထိုသို့ပြောလေ့မရှိကြပါ။ ဂုဏ်နှင့်ငွေသည် ချစ်ခြင်းမေတ္တာ၏ ရန်သူတော်များဖြစ်ကြပါသည်။

ကျွန်တော့်မျက်နှာ ခပ်ရှုံ့ရှုံ့ဖြစ်သွားတော့ သူက ဘာမျှဆက်မပြောတော့ဘဲ သူ့နောက်ကျနေသော စာများကို ကူးရန် ပြင်ဆင်သည်။ သူ့ကိုတစ်စုံတစ်ရာ ချေပစကားပြောလိုသော်လည်း ဘာပြောရမှန်းမသိ၍ ငြိမ်နေလိုက်ရသည်။ တကယ်တွေးကြည့်တော့လည်း သူပြောသည်မှာ ဟုတ်သလိုလိုဟု အတွင်းစိတ်ကတွေးနေမိပြန်သည်။

"ကူးရမယ့်စာတွေ တော်တော်များတယ်။ မင်းစာအုပ်တွေ အိမ်ကိုတစ်ရက်လောက် ငှားလိုက်ပါလား"

"အင်း ယူသွားလေ၊ တချို့စာအုပ်တွေလည်း ငါ့ကိုပေးလိုက်မယ်။ ကူးပြီးပေးပါ့မယ်၊ ငါက လက်ရေးတော့ မလှဘူးနော်"

"ကျေးဇူးပါပဲ ဖိုးသာအောင်ရာ"

ထိုနေ့ ထိုအချိန်ကစပြီး သူနှင့် ကျွန်တော်သည် တကျက်ကျက်ရန်ဖြစ်လေ့ရှိကြသော်လည်း အခင်မင်ဆုံးအတွဲမိဆုံး သူငယ်ချင်းနှစ်ဦး ဖြစ်ခဲ့ကြပါသည်။

+++++

၁၉၆၄- ၆၅ ခုနှစ် စာသင်နှစ်တွင် ကျွန်တော်တို့နှစ်ဦးလုံး စက်မှုတက္ကသိုလ်သို့ တက်ရောက်ခွင့်ရခဲ့ကြသည်။

"ငါက အစိုးရလခစားလုပ်ဖို့တော့ ဝါသနာ မပါဘူးကွ။ ဒါပေမဲ့ ဘီအီးဘွဲ့ဟာ ရှိုးရိုးဘီအက်စီဘွဲ့ထက်တော့ ပိုပြီးဂုဏ်ရှိတာအမှန်ပဲ"

ချမ်းသာသည် သူ၏နိယာမအတိုင်း ပို၍ဂုဏ်ရှိသည်ဟု ထင်သောဘွဲ့ကို ရယူရန် ရွေးချယ်ခဲ့ပါသည်။

''ငါ့အဘိုးက ဦးသိန်းတဲ့။ သူ့လက်ထက်မှာ သိန်းနဲ့ချီပြီး ချမ်းသာခဲ့တယ်တဲ့။ ဟော ငါ့အဖေနာမည်ကျတော့ ဦးသန်းတဲ့။ သိန်းချီပြီး အရင်းတည်လိုက်တာ သန်းနဲ့ချီပြီး ပိုးမွားလာတယ်။ ကဲ ငါ့နာမည်ကျတော့ အဖေက မှည့်ပေးလိုက်တာချမ်းသာတဲ့။ ဒါပေမဲ့ ခုထက်ထိမချမ်းသာသေးဘူး''

သူက မကြာခဏပြောတတ်သည်။ ကြားရဖန်များတော့ အတန်ငယ် နားကြားပြင်းကပ်မိသည်။

''အခု ငါ့လက်ထဲမှာ ငွေတစ်ထောင်ပြည့်အောင်တောင် တစ်ခါမှ မကိုင်ဖူးသေးဘူး။ ဒါပေမဲ့ ငါ့အသက်လေးဆယ်ပြည့်တဲ့အခါကျရင် အိမ်ပိုင်နဲ့ကားပိုင်နဲ့ ငွေဆယ်သိန်းထက်မနည်း ချမ်းသာနေရမယ်ကွ။ အဲဒါဟာ ငါ့ရဲ့အဓိဋ္ဌာန်ပဲ''

''ဒီမှာချမ်းသာ မင်းကိုငါ အားမနာတမ်းမေးမယ်နော်။ မင်းက ဘာလို့ ဒီလောက် ချမ်းသာချင်နေရတာလဲ။ ဘာလို့ဒီလောက်တောင် ငွေစကားပြောနေရတာလဲ''

သည်တစ်ခါတော့ ကျွန်တော်က ငြိမ်မနေတော့ဘဲ ပြောင်ဖွင့်မေးမိသည်။ သူသည် သိပ်ပြီးမသုံးနိုင်မစွဲနိုင်သော်လည်း သူဌေး သားတစ်ဦးမင်ဖြစ်သည်။ မပေါ်များသော်လည်း ပါးရှားနွမ်းပါးသူတော့ မဟုတ်ပါ။

''ငါချမ်းသာချင်တာက အချက်သုံးချက်ကြောင့်ပဲ။ ပထမဆုံးအချက်က ငါ့အမေအတွက်''

သူက ကျွန်တော့်ကို ခပ်စူးစူးကြည့်ပြီး လေအေးလေးနှင့်ပြောသည်။

''ငါ့အမေဟာ သူဌေးမယားသာလုပ်နေရတယ်။ သူ့ဘဝဟာ အလကားပဲ''

သူနှင့်ကျွန်တော် တတွဲတွဲနှင့်ခင်ကြသော်လည်း သူ့အိမ်သို့ကျွန်တော် တစ်ခါမျှ မရောက်ဖူးပါ။ သူကလည်း အိမ်လည်လာရန် ဖိတ်ခေါ်ခြင်း လုံးဝမရှိခဲ့ပေ။

''အိမ်ကောင်းကောင်းနဲ့နေ ထမင်းကောင်းကောင်း ဟင်းကောင်းကောင်းတွေ စားနေရပေမယ့် သူ့စိတ်နဲ့သူကိုယ် ဘာကိုမှ စီမံပိုင်ခွင့်လုပ်ပိုင်ခွင့် ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး။ သူဌေးကတော်နဲ့တူအောင် စိန်တွေရွှေတွေတော့ ဝတ်စားထားရပါတယ်။ ဒါပေမဲ့ ဒါတွေကို သူတကယ်ပိုင်တာမဟုတ်



ဘူး။ တစ်လတစ်လ အမေတိုင်းပြီးပေးတဲ့ ဈေးဖိုးကလွဲလို့သူ့လက်ထဲမှာ ငွေပိုငွေလျှံ လည်း မရှိဘူး''

ချမ်းသာက သက်ပြင်းရှိုက်သည်။ ကျွန်တော့်ကို မချိပြုံး ပြုံးပြသည်။

''ငါလေ ငါ့အမေကို ငွေတွေပုံပြီး ပေးချင်တယ်။ ရော့အမေ အမေလုပ်ချင်တာလုပ်ဖို့ လှူချင်တာလှူဖို့ ပေးချင်တာ ပေးဖို့လို့ အားရပါးရကြီးပြောချင်တယ်။ ပြုံးသွားမယ့် အမေ့မျက်နှာကို ကြည့်ချင်တယ်''

သူ့ကို ကျွန်တော်တအံ့တသြကြည့်နေမိသည်။ သူ့အမေကို သူဒီလောက်ချစ်လိမ့်မည်ဟု ကျွန်တော်မထင်ခဲ့မိပါ။

''ဒုတိယအချက်ကတော့ ငါ့ဆီ ငါ့ဘဝထဲကို ရောက်လာမယ့် ငါ့ရဲ့သားသမီးတွေအတွက်ပဲ''

''ဟာ အဲဒါက အဝေးကြီးလိုသေးတာပဲ''

''အေး ဒါပေမဲ့ သူတို့အတွက် ငါက အစစအရာရာကြိုတင်ပြီး ပြင်ဆင်ထားချင်တယ်။ ငါမရခဲ့တဲ့ မေတ္တာ၊ ငါမရခဲ့တဲ့အခွင့်အရေးတွေကို အပြည့်အဝပေးချင်တယ်။ သူဌေးသား နာမည်ခံပြီး လွယ်အိတ်စုတ်နဲ့ ခြေကျင်ကျောင်းတက်ရတဲ့ဘဝမျိုးကို ငါမမေ့ဘူး''

သူ့အသံက အတန်ငယ်တုန်ရီသွားသည်။ ကျွန်တော်လည်း အတော်လေးမျက်နှာပူသွားသည်။ သူစပြီးကျောင်းတက်သည့်နေ့တွင် ''မင်းအဖေ သူဌေးဆိုရင် မင်းလွယ်ထားတဲ့လွယ်အိတ်ကြီးက ဘာဖြစ်လို့ ပေါက်နေ စုတ်နေရတာလဲ'' ဟု မေးခဲ့ဖူးသော ကျွန်တော့်စကားကို သူမေ့ပုံမရပါ။

''တတိယအချက်ကတော့ ငါ့အတွက်ပဲ ဆိုပါတော့ကွာ။ ချမ်းသာတဲ့လူတစ်ယောက်ဟာ ဆင်းရဲတဲ့လူတစ်ယောက်ထက် ပိုပြီးလုပ်ချင်တာကို လုပ်ခွင့်ရှိတယ်၊ လုပ်နိုင်တယ်မဟုတ်လား'' တတိယအချက်ကတော့ သူက ခပ်ပေါ့ ပေါ့ပင်ပြောသည်။

ချမ်းသာသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူမျှော်မှန်းသလို ချမ်းသာလာရမည်ကို ကျွန်တော် ရာနှုန်းပြည့်ယုံကြည်မိသည် သူသည် ငွေရှာရန် ဝါသနာကိုပါ သူတစ်ဦးဖြစ်သည်။ တစ်နေရာမှ တစ်နေရာသို့ အပျော်ခရီးသွားလျှင်ပင် ဘယ်တော့မှ လက်လွတ်သွားလေ့မရှိပေ။ ထိုဒေသတွင်ထင်ရှားသော ကုန်ကိုဝယ်သွားပြီး ပြန်လာလျှင် ဤဒေသတွင်ရှားသော ကုန်ကိုပြန်ပြီး သယ်လာတတ်သူဖြစ်သည်။ ထို့ကြောင့် သူဘယ်ခရီးသွားသွား ဘယ်တော့မှ အရှုံးမရှိတတ်ပေ။ အနည်းဆုံး ခရီးစရိတ်လောက်တော့ ကျေမြဲဖြစ်သည်။

''အခုနေသာ ငွေကလေး သုံးလေးငါးသိန်းလောက်ရှိရင် သိပ်ကောင်းမှာပဲ''

၁၉၇၀ ပြည့်နှစ် ကျွန်တော်တို့ ပထမနှစ်တက်သော အချိန်တွင်ချမ်းသာက ခပ်ညည်းညည်းပြောနေတတ်သည်။ ရန်ကုန်မြို့မြေပုံကို သူ့စားပွဲပေါ်တွင် ဖြန့်ချရင်း

စူးစိုက်ပြီး ကြည့်နေတတ်သည်။

''သုံးလေးငါးသိန်းဆိုတာ နည်းတဲ့ ငွေလားဟ ချမ်းသာရေး မင်းက ရန်ကုန်မြို့ကို ဝယ်မလို့လား''

ထိုစဉ်က ကျွန်တော်တို့၏ အဆောင်ကြေးမှာ တစ်လလျှင် ငါးဆယ့်ခုနစ်ကျပ်သာ ဖြစ်သည်။ ထိုငါးဆယ့်ခုနစ်ကျပ်နှင့် အဆောင်က နံနက်တွင် လက်ဖက်ရည်ကော်ဖီတိုက်နိုင်သည်။ မုန့်ကျွေးနိုင်သည်။ ထမင်းစားချိန်တွင် ကြက်သား၊ ဝက်သားကျွေးနိုင်ပါသည်။ မုန့်ဟင်းခါးတစ်ပွဲကို အကြော်မပါ တစ်မတ်၊ ဘူးသီးကြော်နှင့်မှ ပြားလေးဆယ်၊ ဆီချက်ခေါက်ဆွဲ တစ်ထုပ် သုံးမတ်၊ ကြာဇံကြော် ခေါက်ဆွဲကြော်ငါးမတ်ဆိုတော့ သိန်းသောင်း မပြောနှင့် ရာထောင်ဟူသော ငွေကြေးသည်ပင်လျှင် ကျွန်တော်တို့အတိုင်းအတာအနေနှင့် အလွန်များပြားနေပြီ ဖြစ်သည်။ တစ်သိန်းဟူသော ငွေပမာဏကို စားပွဲပေါ်တွင် ပုံကြည့်လျှင် ထိုငွေပုံကြီးသည် မည်မျှမြင့်တက်နေမည်ကို ကျွန်တော် မှန်းဆ၍ပင် မကြည့်တတ်ပါ။

''ကမ္ဘာနဲ့ ယှဉ်ကြည့်လျှင် အဲ တခြားတိုင်းပြည်က မြို့တော်ကြီးတွေနဲ့ ယှဉ်ကြည့်လျှင် ငါတို့ရန်ကုန်မြို့က မြေဈေးတွေက သိပ်နည်းနေသေးတယ် ဗိုးသာအောင်ရေ။ တကယ့်နေရာကောင်းတွေမှာတောင် သောင်းဂဏန်းနဲ့တောင်ရတယ်။ အခု ငါတွေ့ထားတာ သုံးလေးငါးနေရာလောက်ပဲရှိတယ်။ ငါလောင်းရဲတယ်ကွာ။ အဲဒီမြေတွေကိုဝယ်ပြီး ပစ်ထားလိုက်၊



နှောင် လေးငါးဆယ်နှစ်နေရင် ရောင်းစား ဆယ်ဆ ဆယ့်ငါးဆမကဘူး မြတ်စေရမယ်''

''ဒါဆိုဝယ်ပေါ့''

''ဩ ဘယ်မလဲပိုက်ဆံ''

''မင်းအဖေဆီကတောင်းပေါ့''

''သားသမီး သုံးကျိပ်တောင် ကျော်နေပြီ မောင်၊ အဖေ့ငွေကို မှန်းရင် စိတ်ဆင်းရဲရမှာပေါ့။

''ဒါဆို ယောက္ခမငွေနဲ့ ဝယ်ကွာ''

ကျွန်တော်က အပြောင်အပျက် ပြောလိုက်ခြင်း ဖြစ်သည်။ သူရယ်မောလိမ့်မည်ထင်သော်လည်း သူကမရယ်ပါ။ ကျွန်တော့်ကို ခပ်တွေတွေ ကြည့်နေပါသည်။

"အင်း အခု ငါ့အသက်က နှစ်ဆယ့်သုံး။ အခုနေ မိန်းမယူရင် ငါ့အသက်လေးဆယ်ဆိုရင် ငါ့သားလူပျိုပေါက်ဖြစ်နေပြီ။ သိပ်တော့ မဆိုးဘူး။ ကျောင်းပြီးမှ ယူရင်တောင် နည်းနည်းနောက်ကျသွားနိုင်တယ်။ အင်း ကောင်းတယ်၊ သားဦးနဲ့ အဖေနဲ့ အသက်အစိတ်ထက် ပိုကွာရင် မကောင်းဘူး"

သူ့ဘေးတွင် ကျွန်တော် ရှိနေသည်ကိုပင် သူက ရုတ်တရက် မေ့သွားဟန်ရှိသည်။ သူ့ဟာသူ တစ်ဦးတည်းရေတွက်ကာ တွက်ချက်နေသည်။

"နေပါဦး မင်းက မိန်းမယူရအောင် ကြိုက်တဲ့သူရှိလို့လား"

ကျွန်တော်က မေးလိုက်တော့ သူက ကျွန်တော့်ကို ခပ်ကြောင်ကြောင် လှမ်းကြည့်သည်။ "ငါ ဘယ်မိန်းမကိုမှ ကြိုပြီး ကြိုက်မထားဘူးလေ။ ငါ့မိန်းမဖြစ်လာမယ့် သူကိုပဲ အဆင်သင့်ကြိုက်လိုက်ရုံပေါ့"

"သူ့ကို ကြိုက်မလာရင်ရော"

"ဟ ငါကြိုက်မလာနိုင်တဲ့သူဆိုရင် ငါက ဘာလို့ယူရမှာလဲ"

သူက ခပ်လွယ်လွယ်ပင် ပြောသည်။

သုံးလလောက်နေတော့ သူ့ဆီမှ မင်္ဂလာဆောင်ဖိတ်စာ ရောက်လာသည်။

သတို့သမီးက စက်သူဌေးတစ်ဦး၏ တစ်ဦးတည်းသော အမွေစားအမွေခံသမီးလေးဖြစ်သည်။

+++++

၁၉၈၀ ပြည့်နှစ်။

သူသည် ကျွန်တော်၏အလုပ်စားပွဲဘေးသို့ ရောက်လာလေသည်။ ရုတ်တရက်မော့မကြည့်ဖြစ်သော ကျွန်တော်၏ဘေးတွင် လက်နှစ်ဖက်ကိုနောက်သို့ ပစ်ကာ ခပ်ရှိုးရှိုးရပ်ရင်း "ကျွန်တော် ဆရာဦးသာအောင်နဲ့ ခဏလောက် တွေ့ချင်လို့ပါခင်ဗျာ"ဟု ရိုကျိုးစွာ ပြောသည်။

"ဟာ ချမ်းသာ မင်းကွာ"

အမှတ်တမဲ့ မော်ကြည့်လိုက်သော ကျွန်တော်က ဝမ်းသာအားရ အော်လိုက်တော့မှ သူက အားရပါးရရယ်သည်။ ကျွန်တော်၏ပခုံးကို မနာမကျင်ထိုးသည်။

"မင်းကွာ ဝလာလိုက်တာ၊ ကျောင်းတုန်းကလို ပိန်ပိန်သေးသေးလေး မဟုတ်တော့ဘူး။ အဆောက်အအုံပုံစံတွေ တအားဆွဲပြီး အရမ်းထောနေပြီ မဟုတ်လား ဗိသုကာကြီးရဲ့"

"အမေ ခုသိပ်ပြီး စိတ်ချမ်းသာနေတယ်။ အမေ့ကိုပြုစုတဲ့ ဂုဏ်ကျေးဇူးကြောင့်ပဲလို့ ငါ ယုံကြည်တာပဲ။ ငါလုပ်သမျှ အလုပ်တွေလည်း အမြဲ အောင်မြင်တယ် သိလား။ ဖိုးသာအောင်"

''ကျွန်တော်တို့မှာ လက်လှုပ်မှ ပါး စပ်လှုပ်ရတဲ့ဘဝဆိုတော့ ဒီလက်ကလေး နှစ်ဖက်ကို အနားမပေးရဲဘဲ တစ်ချိန်လုံး နိုင်းနေရတယ် သူဌေးမင်းရဲ့။ အားချိန်မရှိ နားချိန်မရှိ အားကစားလည်း မလုပ်နိုင်၊ ဂေါက်သီးရိုက်ဖို့ဆို ဝေလာဝေး။ ဒီတော့ လည်း အဆီစုပြီးတော့ ဝလာတာပေါ့ ဗျာ။ မချမ်းသာ၍ ဝသောဝခြင်းပါ''

''ဟ မင်းက အသက်သာကြီးလာ တယ်။ လျှာကတော့ အရင်လျှာအတိုင်း ပါပဲလား။ ကဲ ... ကဲ ဒီလိုဆို ကြည့်ပါ ဦး။ ချမ်းသာဆိုတဲ့အကောင် သူဌေးနာ မည်နဲ့အကောင်၊ တကယ်ရော သူဌေးပုံ ပေါက်ပြီလားလို့''

သူမေးတော့ ကျွန်တော်ရော သူ ရော ငယ်ဘက်ကို ပြန်သတိရကာ ဟက် ဟက်ပက်ပက် ရယ်မိကြသည်။

''မင်းအသက်လေးဆယ် မပြည့် သေးပေမယ့် မင်းမျှော်မှန်းသလို အိမ်ပိုင်၊ ကားပိုင်ရှိနေပြီ မဟုတ်လား။ ငွေလည်း ဆယ်သိန်းမကဘူးရှိမယ်ဆိုတာ ငါသိပါ တယ်ကွာ။ မင်းအမေကြီးရော နေကောင်း ရဲ့လား''

သူက ခေါင်းညိတ်သည်။

''အမေ ခုသိပ်ပြီး စိတ်ချမ်းသာနေ တယ်။ အမေ့ကိုပြုစုတဲ့ ဂုဏ်ကျေးဇူး ကြောင့်ပဲလို့ ငါယုံကြည်တာပဲ။ ငါလုပ် သမျှ အလုပ်တွေလည်း အမြဲအောင်မြင် တယ် သိလား။ ဖိုးသာအောင်''

''ကဲ အခုရော မင်းတစ်ခုခုလုပ်ဖို့ ငွေးစားပြီး ငါ့ဆီရောက်လာတာ မဟုတ် လား။ မင်း ငါ့ကို ဘယ်လောက်ခင်ခင် အလည်သက်သက်တော့ မလာအားဘူး ဆိုတာ ငါသိတယ်''

''အေး ဟုတ်တယ်၊ မင်းကို အိမ်ပုံစံ တွေ ဆွဲခိုင်းဖို့''

''ဘယ်နေရာမှာလဲ''

''နေရာတွေမှုံလို့၊ လွန်ခဲ့တဲ့ဆယ် နှစ်လောက်က ဝယ်ထားတဲ့မြေတွေ။ ''ဝင် ဒါဝီယာ၊ ရွှေတောင်ကြား။ တံတားဖြူ၊ ခြောက်မိုင်ခွဲ ခုနစ်မိုင်ခွဲ စွပ်ကျယ်စက် လမ်း ကန်လမ်း'' တိုမြေနေရာများသည် တကယ့်နေရာကောင်းများ ဖြစ်သည်။ လွန် ခဲ့သောဆယ်နှစ်က ရန်ကုန်မြို့ မြေပုံလေး ကို စားပွဲပေါ်တင် ချပြီးကြည့်ရင်း စိတ် ကူးယဉ်ခဲ့သော သူ၏စိတ်ကူးသည် အ ကောင်အထည်ပေါ်လာပြီ ဖြစ်သည်။

''မင်း သံရုံးငှားမှာလား''

''အင်း ငှားလို့ရတဲ့နေရာလည်း ငှား။ ငှားမရတဲ့နေရာဆိုရင်လည်း အိမ်ဆောက် ပြီးမှရောင်းတော့ ဈေးပိုရတာပေါ့။ မြေ အနေအထားကို လိုက်ကြည့်ပြီး မင်းစိတ် ကြိုက် ဆွဲချင်သလိုဆွဲ၊ ကောင်းရင် ပြီး ရော။ ဘယ်လောက်ကုန်ကုန် ငါဆောက် မယ်''

''နိုဝ်ဟ''

ကျွန်တော်လည်း ဝမ်းသာသွားပါ သည်။ ''ဈေးသက်သက်သာသာလေး လုပ်ပေးပါနော် ဝိုက်ဆံသိပ်မရှိပါဘူး။ ချွေ ချွေတာတာလေး ဆောက်ရမှာ''ဟူသော အလုပ်ရှင်များ၏စိတ်ကြိုက် အသက်သာ ဆုံးကိုသာ အမြဲစဉ်းစားနေရသော ကျွန်

တော့်ချော ဗိသုကာဘဝကိုပင် ငြီးငွေ့ချင်နေပြီ ဖြစ်သည်။ ချမ်းသာလို အလုပ်ရှင်မျိုးကိုကား အလွန့်အလွန် ကံကောင်းသောအခါကျမှ တစ်ယောက်တလေ တွေ့ရတတ်ပါသည်။

“အိမ်ဈေးတွေ မြေဈေးတွေက မင်းမှန်းခဲ့သလို တရိပ်ရိပ်တက်လာနေပြီ သူငယ်ချင်း။ မင်းတော့ နာမည်နဲ့လိုက်အောင် ချမ်းသာဦးမယ်။ အခုချမ်းသာတာထက် အများကြီး ပိုချမ်းသာဦးမယ်”

“ဟေ့ ဟေ့ ချမ်းသာသောချမ်းသာ ဖြစ်ဦးမယ်ပေါ့ ဟုတ်လား”

ထိုနေ့က ကျွန်တော် အလုပ်အတော်ပျက်သွားပါသည်။ သူနှင့်အတူ ရောက်တတ်ရာရာ စကားလေးတွေ ပြောရင်း ငယ်ဘဝကို ပြန်လွမ်းရင်း နေ့တစ်ဝက်ခန့် ကုန်သွားသည်။

“တစ်ခုတော့ ငါ့ဘဝကို ငါမကျေနပ်ဘူးကွသိလား၊ ဖိုးသာအောင်။ ငါက သားသမီး လေးငါးခြောက်ယောက် လိုချင်တာ။ ဒါပေမဲ့ အခု သားလေးတစ်ယောက်ပဲ ရတယ်”

“မပူနဲ့ အဲဒီသားလေးက မင်းအဖေနဲ့တူနေရင် ပြီးတာပဲ။ မင်းအတွက် သမီးချွေးမတွေ တစ်ကျိပ်လောက် ခေါ်လာပေးလိမ့်မယ်”

“ခွေးကောင် မဦးမချွတ်မပြောနဲ့”

ချမ်းသာက ကျွန်တော့်ကိုဆဲသည်။

“ငါ့သားက ကိုးနှစ်ပြည့်ခါနီးပြီကွ၊ ဒီအကောင် တသိပ်တော်တယ်မောင်။ အတန်းထဲမှာဆို အမြဲပထမချည်းပဲ။ ဉာဏ်လည်း သိပ်ကောင်းတယ်။ စာကျက်လိုက်ရင်လည်း ခဏနဲ့ရသွားတာပဲ။ ဒါပေမဲ့ ဝီရိယတော့ နည်းနည်းမှမရှိဘူး။ သိပ်ပျင်းတယ်။ ဉာဏ်ကောင်းလွန်းလို့သာ သူဟာသူတော်နေတာ”

သူ့သားအကြောင်း ပြောနေစဉ် သူ၏မျက်လုံးများသည် အရောင်ရှန်းလက်ကာ ပြုံးပြက်လာသည်။ သားသမီးအတွက်ကြိုတင်ပြီး ချမ်းသာချင်ခဲ့သော ချမ်းသာသည် ယခုအခါတွင် သူ့သားအား မည်မျှချစ်ပြီး မည်မျှအလိုလိုက်နေမည်နည်းဟု ကျွန်တော် စဉ်းစားနေမိသည်။ သူ့ဘဝကိုသူ စီမံကိန်းချလာခဲ့သော ချမ်းသာသည် သူ့သားအတွက်လည်း စီမံကိန်းတွေ ကြိုတင်ပြီးချနေလောက်ပေပြီ။

“မင်းကလေးကို သိပ်လွှတ်ပြီး အလိုလိုက်မနေနဲ့နော်”

“ငါ အလိုလိုက်ချင်တာတော့ လိုက်စရာမကျန်တော့လို့ စိတ်ညစ်နေရတယ် သူငယ်ချင်း” သူက ခပ်ပြုံးပြုံးပြောသည်။

“ငါ့အမေကရော ငါ့မိန်းမကရော ဟိုဘက် အဘွားကရော သဲသဲလှုပ်နေကြတာ။ သူဘာလိုချင်လိုချင် ချက်ချင်းပဲ။ ဪ မင်းကို ငါ့သားနာမည် ပြောရဦးမယ်။ သားနာမည်က ‘ပြည့်စုံ’တဲ့ သိလား။

သူ့သား၏ဘဝကို အစစအရာရာ ပြည့်စုံစေရန် ရည်ညွှန်းပြီး ‘ပြည့်စုံ’ဟု မှည့်ကြောင်းကိုကား ရှင်းပြစရာ မလိုတော့ပါ။ ကျွန်တော် နားလည်ပါသည်။

''သားကလေးပြည့်စုံ၊ ပြည့်သည်ထက်ပြည့်၊ စုံသည်ထက် စုံဖို့ အဖေဦး ချမ်းသာကြီးက ကြိုးစားနေတာပေါ့ ဟုတ်လား''

ကျွန်တော်က ပြောလိုက်တော့ သူက သဘောကျစွာနှင့် တဟားဟား ရယ်နေသည်။

''ရန်သူမျိုးငါးပါးက မဖျက်ဆီးလို့ကတော့ ငါ့သားတစ်သက်မကဘူး။ ဆယ်သက်စားမကုန်အောင် ရှာဖွေစုပုံပေးခဲ့မယ်ကွ။ သိလား''

ဖခင်တစ်ဦး၏ မေတ္တာ၊ စေတနာ၊ မျှော်လင့်ခြင်း။ တက်ကြွခြင်း ရောင်ခြည်များ ယှက်သန်းနေသော သူ့မျက်နှာသည် ရွှင်ကြည်လန်းဆန်းပြီး နုပျိုနေပါသည်။

+++++

၁၉၉၀။

အခါတိုင်း သူက ကျွန်တော့်ဆီ အမြဲလာမြဲဖြစ်သော်လည်း ဒီတစ်ခါတော့ သူ့ဆီကို ကျွန်တော် သွားနေပါသည်။

''ချမ်းသာ ငွေကြေးချမ်းသာခဲ့ရပေမယ့် စိတ်မချမ်းသာခဲ့ရပါလား ချမ်းသာရယ်''

စကားပန်းဖြူဖြူလေးတွေ ကြွေကျနေသော တောင်ကြောလမ်းကလေးမှ ဖြေးလေးစွာ လျှောက်လှမ်းတက်နေရင်း ကျွန်တော်စိတ်ထဲမှ ရေရွတ်နေမိသည်။ လူသူဝေးရာ စစ်ကိုင်းချောင်သို့ ရှောင်ပြေးနေသူမို့ ကျွန်တော့်ကို တွေ့မှတွေ့ချင်ပါ့မလားဟုလည်း တွေးတောစိုးရိမ်နေမိသည်။

သူနှင့်ကျွန်တော် မတွေ့ဖြစ်သည်မှာ နှစ်နှစ်ကျော်ကျော်ရှိပေပြီ။ ၁၉၈၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျွန်တော် နယ်သာလင်နိုင်ငံသို့ ဘွဲ့လွန်အတွက် ပညာတော်သင်သွားရသည်။ ထိုစဉ်က ချမ်းသာရော သူ၏သား ပြည့်စုံကလေးရော လေဆိပ်သို့ လိုက်လံပို့ဆောင်ကြသေးသည်။ ကျွန်တော်က ''မင်းဘာလိုချင်လဲ ပြည့်စုံ၊ ဦးဦးဘာဝယ်ခဲ့ရမလဲ''ဟုမေးတော့ ခေတ္တမျှ မျက်မှောင်လေးကုတ် စဉ်းစားပြီးမှ ရယ်ကြကြနှင့် ခေါင်းခါသည်။ ''ကျွန်တော်



ဘာလိုချင်မှန်းတောင် မသိဘူး ဦးဦးရဲ့''
ဟု ပြောသည်။ အစစအရာရာ ပြီးပြည့်စုံ
နေသည်မှာ ထင်ရှားသည့်သဘောမို့ ချမ်းသာက ကျွန်တော်အား မျက်စပစ်ပြရင်း ကျေနပ်စွာ ပြုံးနေသည်။

''အခု ငါ့သား ဆယ့်ခုနစ်နှစ်ပြည့်တော့မယ်သိလား ဖိုးသာအောင်။ ဆယ့်ရှစ်နှစ် ပြည့်တဲ့နေ့ကျရင် ငါသူ့ကို ငွေအရင်းအနှီး ထုတ်ပေးမယ်။ သူလုပ်ချင်တဲ့ စီးပွားရေးအလုပ်ကိုလုပ်၊ ဒါမှ သူ့အစွမ်းအစ ဘယ်လောက်ရှိလဲ သိရမယ်။ တိုးလာရင် တော်လို့ပဲ။ လျော့သွားရင်တော့ ညံ့လို့ပဲပေါ့ကွာနော်''

''ဟုတ်လား ငါ့သား''

''ငယ်ပါသေးတယ် ချမ်းသာရာ''

''ဆယ့်ရှစ်နှစ်ဆိုတာလူလားမြောက်ပြီ သူငယ်ချင်းရ။ စီးပွားရေးနယ်ထဲ တစ်ရက်စောရောက်ရင် တစ်ရက်စောပြီး ချမ်းသာဖို့ပဲ မဟုတ်လား။ ငါက သူ့ကို တမင်လွှတ်ပေးတာပါ။ ဒါမှလည်း ကိုယ်စွမ်းကိုယ်စတွေ တိုးတက်လာမှာ''

''ပြည့်စုံတဲ့ဘဝမှာ ချမ်းသာဖို့ လိုသေးလို့လားကွာ''

''ချမ်းသာဖို့တော့ အမြဲလိုနေမှာပေါ့ ဖိုးသာအောင်ရာ။ ငါက သူ့အတွက် အလုပ်လုပ်ခဲ့တယ်။ သူကလည်း သူ့ဆီလာမယ့် သားသမီးတွေအတွက် အလုပ်ဆက်လုပ်ရမှာပေါ့'' ချမ်းသာက သူ၏ခံယူချက်များကို သူ့သား၏ခေါင်းထဲသို့ ရိုက်သွင်းနေခဲ့သည်။ သူ့သားသည် သူလိုလူစားဟုတ်မဟုတ်ကိုမူ စဉ်းစားမိပုံမရပေ။

''ကဲ သွားတော့ သူငယ်ချင်း။ ငါစာရေးပျင်းတယ်ကွာ။ မင်းဆီကို စာရေးဖြစ်မှာတော့ မဟုတ်ဘူး။ စာမမျှော်နဲ့။ ဒါပေမဲ့ မင်းပြန်လာရင် အိမ်ပုံစံဆွဲဖို့ မြေတစ်ကွက် နှစ်ကွက်လောက်တော့ ရှာဝယ်ထားမယ်။ ဒီတစ်ခါ နယ်သာလင်စတိုင်လေးပေါ့ကွာ။ ဟုတ်လား''

လေဆိပ်အတွင်းခန်းထဲသို့ ဝင်ခါနီးတော့ သူက ရယ်ရယ်မောမောနှင့် နှုတ်ဆက်သည်။ သူ့အကျင့်အတိုင်း ကျွန်တော်၏ပခုံးကို မနာမကျင် ထိုးလိုက်သေးသည်။

''အဲဒါဟာ သူ့ကိုငါ လူဝတ်နဲ့ နောက်ဆုံးတွေ့ရတာ ဖြစ်နေပြီပေါ့''

တိတ်ဆိတ်ငြိမ်သက်နေသော တောင်ခါးပန်းတွင် ခေတ္တမျှရပ်ကာ အမောဖြေရင်း ကျွန်တော်က စိတ်မချမ်းမြေ့စွာ တွေးမိသည်။ သူက သူ့စကားအတိုင်း ကျွန်တော့်ဆီကို စာမရေးခဲ့ပေ။ ကျွန်တော်ကလည်း သူ့ဆီကစာကို လုံးဝမမျှော်မိ။ ၁၉၈၈ နှစ်ကုန်ပိုင်းလောက်တွင်မှ ခရစ်စမတ်ကတ်ကလေးတစ်ခု ရောက်လာသည်။

''မြေဝယ်ထားပြီးပြီ နေကောင်းရဲ့လား သူငယ်ချင်း''ဟု တိုတိုတုတ်တုတ် ရေးထားသည်။ ဒီနောက်တော့ သူ့ဆီမှ ဘာသတင်းစကားကိုမျှ မကြားခဲ့ရပေ။

၁၉၉၀ ပြည့်နှစ်ဦးပိုင်းတွင် ကျွန်တော် မြန်မာပြည်ပြန်ရောက်တော့ လေဆိပ်တွင် လာကြိုသူများထဲ၌ သူများပါလေမလားဟု ထင်မိသေးသည်။ သို့

သော် ပါမလာချေ။ အိမ်ရောက်သော အခါကျမှ ကျွန်တော့်ဇနီးက အေးအေး ဆေးဆေးပြောပြသည်။

''ကိုချမ်းသာကြီးတော့ ဘုန်းကြီး ဝတ်သွားပြီ''

''ဟ ဘယ်လိုဖြစ်တာလဲ''

''သူ့သားလေးဆုံးသွားလို့လေ''

''ဟယ် ပြည့်စုံလား''

''ဟုတ်တယ် ပြည့်စုံလေးကို သူက ငွေအရင်းအနှီးသုံးသိန်း ထုတ်ပေးတယ်။ စီးပွားရေး တစ်ခုခုလုပ်စမ်းကွာဆိုပြီး မြှောက်ပေးတယ်။ ပြည့်စုံက ငွေထုပ်ပိုက်ပြီး ရှမ်းပြည်ဘက် တက်သွားတယ်လေ။ ကျောက်တူးမလိုလို ကုန်ကူးမလိုလိုပေါ့။ သုံးလလောက်နေတော့မှ ပြန်ရောက်လာတယ်တဲ့။ ငွေလည်းတစ်ပြားမှ မကျန်တော့ဘူး။ လူကလည်း ဘိန်းဖြူစွဲလာတယ်တဲ့''

''ဟာကွာ''

''သူ့ခမျာလည်း အဲဒီတော့မှ အထိတ်တလန့်နဲ့ ယူကျုံးမရဖြစ်ရတော့တာပဲ။ သူ့သားကို ချော့ပြောလိုက်၊ ခြောက်ပြောလိုက်၊ ငိုပြောလိုက်နဲ့ ဒါပေမဲ့ သူ့သား အဘိုး၊ အသွားရော၊ အဖေ၊ အမေရော ဘယ်သူ့ကိုမှ ဂရုမစိုက်တော့ဘူး။ သူလုပ်ချင်တာ၊ သူလိုချင်တာကို အမြဲရခဲ့တဲ့ကလေးမဟုတ်လား အစ်ကိုရယ်၊ တစ်သက်လုံးအတားအဆီးခံဖူးတဲ့သူမှမဟုတ်တာ။ အဲဒါနဲ့ တစ်နေ့ကျတော့ သူက ဆွမ့်ကြိမ်းမောင်းပြီး ဆရာဝန်အိမ်ခေါ်လာ၊ အခန်းထဲသော့ခတ်ပြီး ဆေးဖြတ်နိုင်းဖို့ စီစဉ်တယ်။ အဲဒီမှာတင် သူ့သား ထွက်ပြေးတော့တာပဲ။ နောက်တစ်နေ့ကျတော့ မကောင်းတဲ့မိန်းမအိမ်မှာ ဆေးထိုးအပ်တန်းလန်းနဲ့ သေနေတာ တွေ့ရတော့တာပဲတဲ့။ ဆေးလွန်သွားတာဆိုလား။ ဘာလား မသိပါဘူး အစ်ကိုရယ်။ စိတ်မချမ်းသာစရာကြီးပါ။ အစ်ကို စိတ်မကောင်းမှာစိုးလို့ စာထဲတောင် ထည့်မရေးတော့တူး။ လာမှပဲ သိပါစေတော့လို့''

''ဖြစ်မှ ဖြစ်ရလေကွာ''

ထိုနေ့ညက အိပ်မရတော့သဖြင့် အိပ်ဆေးသောက်ပြီး အိပ်ခဲ့ရသည်။ သူ့ဏီသားကို သူမည်မျှချစ်ကြောင်း၊ အားထားကြောင်း၊ မျှော်လင့်ကြောင်း ကျွန်တော်အသိဆုံး ဖြစ်ပါသည်။ သူ့သားငယ် ဆုံးပါးသွားခြင်းသည် သူစနစ်တကျ တည်ဆောက်ခဲ့သော သူ့ဘဝတစ်ခုလုံး၊ အစိတ်

ဦးဇင်းက မျက်ရည်သုတ်ရင်းတုန်ရီစွာပြောသည်။ ''သူ့ကိုကျုပ်က မှာလိုက်တယ်။ ပစ္စည်းဥစ္စာဆိုတာ ရန်သူမျိုးငါးပါး မဖျက်ဆီးရင် မပျက်စီးဘူးကွ။ အစွမ်းရှိရင် ရှိသလို တိုးဖို့ချည်းပဲလို့ မှာလိုက်တယ်''

စိတ်အမြွာမြွာကြေမွသွားခြင်းပင် ဖြစ်သည်။

"အရှင်ဘုရား ဒီကျောင်းမှာ ဦးဇင်း ဦးချမ်းသာများ ရှိပါသလားဘုရား။ သူ့ရဲ့ ရဟန်းဘွဲ့အမည်ကိုတော့ တပည့်တော် အသေအချာမသိဘူး ဘုရား"

မြန်မာကုက္ကိုပင်ကြီးအောက်တွင် တံမြက်စည်းလှည်းနေသော ဦးဇင်းတစ်ပါးကို ဝတ်ဖြည့်ရင်း မေးလျှောက်မိစဉ် ကျွန်တော်၏နောက်ဘက်မှ ခေါ်သံကိုကြားရသည်။

"ဒကာကြီးဖိုးသာအောင်"

ကျွန်တော် ကမန်းကတန်း လှည့်ကြည့်မိတော့ ကျွန်တော့်ကိုရီဝေစွာ ကြည့်နေသော ဘုန်းကြီးအိုကြီးတစ်ပါးကို တွေ့ရသည်။ ဘုရား ဘုရား ကျွန်တော်တို့ ကွဲနေသည့် နှစ်နှစ်ကျော်ကျော် သုံးနှစ်နီးပါး အချိန်လေးအတွင်း သူ့ဤမျှအိုပြီး ဤမျှပိန်သွားနိုင်လိမ့်မည်ဟု ကျွန်တော် လုံးဝမထင်ခဲ့မိပါ။ စိတ်၏အေးချမ်းရာ အေးချမ်းကြောင်းအတွက် တရားရိပ်တွင် လာရောက် ခိုလှုံနေသော်လည်း သူ့ရင်ထဲမှ မီးအပူကို တရားရေမှုဖြင့် အမှန်တကယ် မငြိမ်းနိုင်သေးကြောင်းလည်း သိသာ ထင်ရှားနေပါသည်။

"ဦးဇင်းအကြောင်းတွေ အကုန်ကြားပြီးပြီမဟုတ်လား"

"တင်ပါ့ဘုရား"

ကျွန်တော် ခေါင်းငုံ့ထားမိသည်။ ရင်ထဲတွင် ဆို့နစ်ကာ မျက်ရည်တွေ စို့တက်လာသည်။ သူနှင့်တွေ့ချင်လွန်းသောကြောင့် တစ်မျှော်တစ်ခေါ်ကြီး အပင်ပန်းခံကာ လာရောက်ခဲ့သော်လည်း တကယ်တွေ့တော့ ကျွန်တော့်တွင် ပြောစရာစကားမရှိတော့ပါ။ သူ့ရင်ထဲတွင် အလျှံတညီးညီး တောက်လောင်နေသော မီးပုံကြီးကို ငြိမ်းသတ်နိုင်ရန်လည်း ကျွန်တော့်တွင် အစွမ်းအစမရှိပါ။

"ဘာလီရည်နဲ့ ဗီးဖျော်ရည်ပါ ဘုရား"

"ကောင်းတယ် ဦးဇင်းညတိုင်ကျရင် လေနာနေတတ်တာနဲ့ အတော်ပဲ"

"ကျန်းမာရေး ဂရုစိုက်ပါဘုရား"

"သေချိန်မတန်သေးဘဲနဲ့ သေမှာ မဟုတ်ပါဘူးဗျာ။ အချိန်တန်တော့လည်း သွားရမှာပေါ့"

ကျွန်တော်တို့နှစ်ဦးသည် စကားကို ပြတ်တောင်းပြတ်တောင်း ပြောရင်း ပြည့်စုံကို သတိမရချင်ယောင် ဆောင်နေမိကြသည်။ နှစ်ဦးလုံး မျက်ရည်ဝဲနေသော်လည်း တစ်ဦးနှင့်တစ်ဦး သတိမထားမိသလို ဟန်ဆောင်နေမိကြပါသည်။

"ကဲ ဦးဇင်းလည်း တရားထိုင်လိုက်ဦးမယ်"

နားရိပ်ကဲမိကြာတော့ သူက ကျွန်တော့်ကို မသိမသာနှင်သည်။ ကျွန်တော်လည်း အလိုတသိနှင့် ဝတ်ဖြည့်ပြီး ပြန်ရန် ပြင်ရသည်။ ပြန်ခါနီးကျမှ "စိတ်ကို အေးချမ်းအောင် စိတ်နဲ့ပဲ ပြုပြင်ပါဘုရား" ဟု လျှောက်မိသည်။

"မီးဆိုတာ လောင်မိရင် ချက်ချင်းတော့ ဘယ်ငြိမ်းပါ့မလဲ ဒကာကြီးရယ်"

"ဦးဇင်းရင်ထဲက မီးကို ဦးဇင်းတစ်

ပါးတည်းကသာ ငြိမ်းနိုင်မှာမို့ ကြိုးစားပြီး ငြိမ်းပါဘုရား''

ဒီတစ်ခါတော့ သူရော ကျွန်တော်ရော မျက်ရည်ကျရသည်။ လက်ရှိ အခြေအနေအရတော့ သူ့ရင်ထဲက မီးကိုမငြိမ်းနိုင်ဘဲ ကျွန်တော်ပါ သူနှင့်အတူရောပြီး လောင်နေသည်။

''တကယ်တော့ ကျုပ်ညံ့တာပါဗျာ။ ကျုပ်သားဟာ ကျုပ်လိုပဲ စိတ်ဓာတ်နိုင်မာလိမ့်မယ်လို့ ထင်ခဲ့မိတာကိုး''

ဦးဇင်းက မျက်ရည်သုတ်ရင်း တုန်ရီစွာပြောသည်။ ''သူ့ကို ကျုပ်ကမှာလိုက်တယ်။ ပစ္စည်းဥစ္စာဆိုတာ ရန်သူမျိုးငါးပါး မဖျက်ဆီးရင် မပျက်စီးဘူးကွ။ အစွမ်းရှိရင် ရှိသလို တိုးဖို့ချည်းပဲလို့ မှာလိုက်တယ်''

သူက ကျွန်တော်နှင့်အတူ ကျောင်းဝသို့ လျှောက်လှမ်းပြီး လိုက်လာသည်။

''အခုတော့ ခြောက်ပါးမြောက် ရန်သူကနှိပ်စက်လိုက်တာ ပစ္စည်းကုန်ရုံတင် မကဘူး လူ . . . ပါ . . .''

ဦးဇင်း၏ အသံကတိမ်ဝင်သွားသည်။

''ကဲ . . . ကဲ သွားတော့ ဒကာကြီး''

သူက ကျွန်တော့်ကိုသွားတော့ဟု ပြောသော်လည်း ကျွန်တော်က ရပ်လျက် ကျန်ခဲ့ကာ သူက ကျောင်းဝင်းထဲသို့ ပြန်လှည့်ဝင်သွားသည်။ ကမ္မဋ္ဌာန်းကျောင်းလေးဘက်သို့ ဖြည်းညင်းစွာ ဒလျှောက်သွားသည်။

ကျွန်တော်သည် မူလနေရာတွင်ပင် ရပ်ရင်း သူ၏ကျောပြင်ကို ငေးကြည့်နေမိသည်။ ကျွန်တော်၏နားထဲတွင် သူဆို့နင့်ကြေကွဲစွာ ပြောခဲ့သောစကားက ပဲ့တင်ထပ်ပြီး ကျန်ခဲ့သည်။

''ခြောက်ပါးမြောက်ရန်သူက နှိပ်စက်လိုက်တာ ပစ္စည်းကုန်ရုံတင်မကဘူး လူပါ''

''ခြောက်ပါးမြောက် ရန်သူက
နှိပ်စက်လိုက်တာ ပစ္စည်းကုန်ရုံ
တင်မကဘူး လူ . . . ပါ''

**မူးယစ်မဂ္ဂဇင်း။**
**အမှတ် (၆)**
**မစန္ဒာ**



စံ-ဇာထိဘို

YOUTH
MAGAZINE



# ဟောကိန်း



## ၁ ဂဏန်းသမားများ

မည်သည့်လတွင်မဆို(၁၊၁၀၊၁၉၊၂၈) ရက်နေ့တွင် မွေးသောသူများကို (၁) ဂဏန်းသမားများဟု ခေါ်သည်။

ပြဿနာများ၊ ရန်အတိုက်အခံများ နှင့် ထိပ်တိုက်တွေ့မည်။ စာရွက်စာတမ်း ကိစ္စ၊ ငွေကြေးကိစ္စ စကားများရမည်။ ဆုံးဖြတ်ထားပြီးသား ကိစ္စအား တစ်ပါးသူစကားနားယောင်၍ ဦးတည်ချက်ပြောင်းဆောင်ရွက်ရာမှ အမှားအယွင်းကြုံကာ စိတ်အနှောင့်အယှက်ဖြစ်ရမည်။ အိမ်တွင်းရေး ပဋိပက္ခဖြစ်မည်။ အမှုပြဿနာများငြိတွယ်လာတတ်သည်။ အထင်မှား ခံရတတ်သည်။ နာမည်သိက္ခာ ထိခိုက်အောင် လိုက်လံချောက်တွန်းနှောင့်ယှက် သူပေါ်မည်။ ပစ္စည်းပျောက်တတ်သည်။ အငြင်းပွားရခြင်း စကားများရန်ဖြစ်ရခြင်း ရှိမည်။ ရုံးရောက်၊ ဂါတ်ရောက်လိုက်လံ ကူညီပေးရမည်။



## ၂ ဂဏန်းသမားများ

မည်သည့်လတွင်မဆို (၂၊၁၁၊၂၀၊၂၉) ရက်နေ့တွင်မွေးသောသူများကို (၂)ဂဏန်းသမား များဟုခေါ်သည်။

မင်္ဂလာကိစ္စများ၊ စိတ်ချမ်းသာစရာများ ကြုံရမည်။ စုပေါင်း လုပ်ငန်းအကျိုးပေးမည်။ မိတ်ကောင်း၊ ဆွေကောင်း အကူအညီရမည်။ အချစ်ရေး စန်းပွင့်မည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆုံစည်းမည်။ အရပ်ဝေးမှ ကောင်းသောသတင်းစကားရရှိမည်။ မိသားစု ကိစ္စအတွက် အချိန်ကုန်ငွေကုန်ခံပြီး ဆောင်ရွက်ရမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများ ပြေရှင်းရမည်။ ကျန်းမာရေးအညံ့ရှိမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း လက်လွှန်ထားသောငွေများ ပြန်လည်ရရှိမည်။ တစ်ပါးသူနှင့်ယှဉ်ပြိုင်လုပ်သောကိစ္စများတွင် ထူးခြားစွာအောင်မြင်မည်။




## ၃ ဂဏန်းသမားများ

မည်သည့်လတွင်မဆို (၃၊၁၂၊၂၁၊၃၀) ရက်နေ့တွင်မွေးသောသူများကို(၃)ဂဏန်း သမားများဟုခေါ်သည်။

အပြောင်းအလဲကိစ္စ၊ ခရီးကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ အိုး၊ အိမ်၊ မြေ၊ ကားအဟောင်းထွက်၍ အသစ်ဝင်ခြင်း ကြုံမည်။ ပစ္စည်းပျောက်တတ်သည်။ မိသားစုကျန်းမာရေးအညံ့ရှိသည်။ တစ်ပါးသူကဝတီ ယုံစား၍မရ။ ဆောင်ရွက်သမျှကိစ္စတိုင်းတွင် ဦးတည်ချက်ပြောင်းပြီးမှ လိုရာပြည့်စုံသည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ ဆက်ဆံရသော ဝန်းကျင်တွင်လည်းကောင်း နိုင်ငံခြားခရီးရှိမည်။ တန်ဖိုးမကြီးလင့်ကစား တန်ဖိုးထားသော ပစ္စည်းတစ်ခု ပျက်စီးခြင်းပျောက်ဆုံးခြင်း များ ဖြစ်တတ်သည်။ စကားကတိမတည်သောသူများ၏ ငွေကြေးအရှုပ်အထွေးများကြား ဝင်ရောက်ပတ်သက်ရတတ်သည်။



## ၄ ဂဏန်းသမားများ

မည်သည့်လတွင်မဆို (၄၊၁၃၊၂၂၊၃၁) ရက်နေ့တွင်မွေးသောသူများကို (၄) ဂဏန်းသမားများဟုခေါ်သည်။

အလုပ်အကြံအစည် ရည်ရွယ်ချက် မှန်သမျှ ရဲရဲရင့်ရင့်တိုးဆောင်ရွက်သင့်သည်။ မည်မျှခက်ခဲသော အကြောင်းအရာနှင့်ကြုံစေ ဖြေရှင်းနိုင်ခြင်း။ ကူညီဖြေရှင်း အဆင်ပြေခြင်းရှိမည်။ အလုပ်တစ်ခုအား လက်ခံရန် စကားကျွံပြီးမှ ပိုမိုကောင်းမွန်သောအလုပ်အခွင့်အရေးများ ပေါ်ပေါက်မည်။ ဆိုင်းငံ့ရပ်တန့်တော့မည်ဟု ဆုံးဖြတ်ထားသော ကိစ္စများအား ဆက်လက်ဆောင်ရွက်ရခြင်း ရှိမည်။ ငွေအစုလိုက် ဝင်မည်။ စန်းပွင့်ခြင်း။ လာဘ်ပွင့်ခြင်း စုပေါင်းလုပ်ငန်း အကျိုးပေးခြင်းများ ရှိမည်။ ရသင့်ရထိုက်သည်များ ပြန်လည်တောင်းခံသင့်သည်။



## ၅ ဂဏန်းသမားများ

မည်သည့်လတွင်မဆို (၅၊၁၄၊၂၃) ရက် နေ့တွင်မွေးသောသူများကို (၅) ဂဏန်းသမားများဟု ခေါ်သည်။

မှန်းသည်နှင့် လက်တွေ့ကွာခြားမည်။ အခက်အခဲများ၊ ပြဿနာများဆက်တိုက်ဖြေရှင်းရမည်။ အပျက်အစီး အပျောက်အရှများမည်။ စီမံထားသည်များ တလွဲတချော် ဖြစ်မည်။ ရင်းနှီးသူများနှင့် စကားများရမည်။ တွက်ဆမထားသော ပြဿနာများ ဖြစ်ပေါ်မည်။ လုံးဝမထင်မှတ်ထားသောသူမှ ဒုက္ခပေးမည်။ မတော်တဆ အန္တရာယ်အထူးဂရုစိုက်ရမည်။ နံပါတ် (၈) ဂဏန်းပါသော ကားများကို လူ (၄)ယောက်တွဲစီးခြင်း မပြုရ။ အနီအနက် တွဲဖက်ဝတ်ဆင်၍ ယာဉ်ကားမောင်းနှင်ခြင်းမပြုရ။ ကျန်းမာရေးအား အထူးဂရုစိုက်ရမည်။



## ၆ ဂဏန်းသမားများ

မည်သည့်လတွင်မဆို (၆၊၁၅၊၂၄) ရက်နေ့တွင် မွေးသောသူများကို (၆) ဂဏန်းသမားများဟု ခေါ်သည်။

အညှိအဆိုးများ ကင်းစင်၍ ပြည့်စုံခြင်း။ ရည်ရွယ်ချက်အောင်မြင်ခြင်း ရှိမည်။ ကြိုးပမ်းဆောင်ရွက်ထားသည်များမှ ထင်ရှားသော အောင်မြင်မှုများရမည်။ ဆုံးဖြတ်ထားသည့်အတိုင်း ရှေ့တိုးပြီးလုပ်ပါ။ ပုံမှန်ထက်ငွေပိုဝင်မည်။ လမ်းသစ်တွင်၍ ဆောင်ရွက်ခြင်းမှ အဆင့်မြင့်အောင် မြင်ခြင်းကိုရမည်။ သူတစ်ပါးကြောင့် နှောင့်နှေးနေသော ကိစ္စများ အဆင်ပြေအောင် ဆောင်ရွက်နိုင်သည်။ တစ်ပိုင်းတစ်စဖြစ်နေသောကိစ္စများ အပြီးသတ်အောင် ဆောင်ရွက်နိုင်မည်။ လမ်းသစ်တွင်၍ စိတ်ကူးသစ်နှင့် ဆောင်ရွက်သောကိစ္စများ ထူးခြားစွာအောင်မြင်မည်။



## ၇ ဂဏန်းသမားများ

မည်သည့်လတွင်မဆို (၇၊၁၆၊၂၅) ရက်နေ့တွင် မွေးသောသူများကို (၇) ဂဏန်းသမားများဟု ခေါ်သည်။

ပဋိပက္ခများမည်။ စာချုပ်စာတမ်းများ။ ကတိစကားများ ပြန်လည်ပြင်ဆင် ဆောင်ရွက်ရမည်။ မြှုပ်နှံထားသော ငွေကြေးမှ အကျိုးအမြတ်ရမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ တွဲဖက်ဆောင်ရွက်သူများနှင့် ပဋိပက္ခဖြစ်မည်။ အလောတကြီး ဆုံးဖြတ်ခြင်းကြောင့် အမှားအယွင်းများကြုံမည်။ မိသားစုလိုက် ခရီးကိစ္စများ စီစဉ်ဆောင်ရွက်ရမည်။ လူမျိုးကွဲကပြားများနှင့် အလုပ်ကိစ္စများ လုပ်ကိုင်အဆင်ပြေမည်။ အမွေအနှစ်ဆန်သော ပိုင်ဆိုင်မှုကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ အမှုအခင်းများရှိက မိမိဘက်မှအနိုင်ရရှိမည်။



## ၈ ဂဏန်းသမားများ

မည်သည့်လတွင်မဆို (၈၊၁၇၊၂၆) ရက်နေ့တွင် မွေးသောသူများကို (၈) ဂဏန်းသမားများဟု ခေါ်သည်။

ဦးတည်ချက်ပြောင်းလဲပြီး ဆောင်ရွက်သော ကိစ္စများမှ အထင်အရှားအဆင်ပြေခြင်း၊ အောင်မြင်ခြင်းများ ရရှိမည်။ အလုပ်တိုးတက်မည်။ ငွေကြေးကိစ္စပြော ဆိုမှုများ အဆင်ပြေမည်။ မှန်းသည့်နှင့် လက်တွေ့ကွာဟမည်။ သူတစ်ပါး ဆောင်ရွက်ထားသော ပြဿနာများ ဖြေရှင်းရမည်။ အမှုအခင်းများ သက်သေခံလိုက်ရသည်။ ကိုယ့်အတွက် ရရှိထားသော အခွင့်အရေးများကို တစ်ပါးသူက လုယူသွားတတ်သည်။ ဖြစ်လိုသော ဆန္ဒပြင်းပြလေ အလွဲလွဲအချော်ချော် ဖြစ်လေဖြစ်မည်။ အကျိုးအမြတ်မမျှော်မကိုးဘဲ ဆောင်ရွက်သော ကိစ္စများမှ ထူးခြားသောအကျိုးရရှိမည်။



## ၉ ဂဏန်းသမားများ

မည်သည့်လတွင်မဆို (၉၊၁၈၊၂၇) ရက်နေ့တွင်မွေးသောသူများကို (၉) ဂဏန်းသမားများဟု ခေါ်သည်။

ဘဝအဆင့်ပြောင်းလဲသွားမည်။ ရုတ်ချည်း အပြောင်းအလဲများ ဖြစ်ပေါ်မည်။ မကြုံတွေ့ဖူး မရသေးသော အခွင့်အရေးများရရှိမည်။ ရပိုင်ခွင့်အခွင့်အလမ်းတို့ကို အလွဲသုံးရ၊ မတော်တဆထိခိုက်မှုများ ဖြစ်တတ်သည်။ ခရီးကိစ္စအဆင်ပြေမည်။ တိုင်းတစ်ပါးနှင့် ဆက်စပ်သော ကိစ္စများမှ ထူးခြားသော အကျိုးဆက်များ ရရှိမည်။ တစ်ခုထက်မကသော အလုပ်ကိစ္စများ တစ်ပြိုင်နက်တည်း လုပ်ကိုင်ရမည့် နာရေးကိစ္စများ တစ်ခုပြီးတစ်ခု ဆက်တိုက်သွားရတတ်သည်။ လုပ်ငန်းဟောင်းများရပ်၍ ဦးတည်ချက်သစ်၊ အကြံသစ်များ လက်တွေ့အကောင် အထည်ဖော်နိုင်မည်။

ချမ်းမြေ့မေတ္တာတို့ပြန့်ပါသည်

စံ–ဇာထီ